# ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်
# အထူးအစည်းအဝေး(၁/၂၀၁၆)(ပထမနေ့)မှတ်တမ်း
# ၁၃၇၈ ခုနှစ်၊ ကဆုန်လဆုတ် ၁၂ ရက်
# ( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၇ ရက် )
# (တနင်္လာနေ့)

မွန်ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော်အထူးအစည်းအဝေး(၁/၂၀၁၆)(ပထမနေ့)ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

**အချိန်။ ၁၀း၀၀။**

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ယခုအချိန်ကစပြီး ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်အထူးအစည်းအဝေး (၁/၂၀၁၆)(ပထမနေ့)ကိုစတင်ပါတော့မယ်။ အစည်းအဝေးအစီအစဉ် များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံသို့ ဖြန့်ဝေထားပြီးဖြစ်တဲ့ အတွက် အစီအစဉ်အတိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ယနေ့ကျင်းပပြုလုပ်သည့်အစည်းအဝေးကတော့ ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော်အထူးအစည်းအဝေး(၁/၂၀၁၆)(ပထမနေ့) ဖြစ်ပါတယ်။ အစည်းအဝေးမှာအခမ်းအနားမှူးအဖြစ်ကျွန်တော် မွန်ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မွန်ပြည်နယ်လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူး ဦးနေမျိုးအောင်ကဆောင်ရွက်သွားမှာဖြစ်ပြီး တွဲဘက်

အခမ်းအနားမှူးအဖြစ် မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မွန်ပြည်နယ်လွှတ်တော်ရုံး၊ ဦးစီးအရာရှိဦးသန်းထွဋ်နိုင်တို့က ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** အစီအစဉ်အရ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်းဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။

အားလုံးဘဲထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ မွန်ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ ယနေ့အစည်းအဝေးပွဲသို့ မွန်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးစုလွှတ်တော်ကိုယ်စားလှယ်များနှင့်တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များ စုစုပေါင်း(၃၁)ဦးတက်ရောက်ခွင့်ရှိသည့်အနက် ကိုယ်စားလှယ် (၃၁)ဦးတက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ဦးရေစုစုပေါင်းရဲ့(၁၀၀) ရာခိုင်နှုန်းတက်ရောက်တဲ့အတွက် ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်အထူးအစည်းအဝေး(၁/၂၀၁၆)အထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်းကြေညာအပ်ပါတယ်ရှင်။

အစည်းအဝေးကို ဖြန့်ဝေထားတဲ့အစီအစဉ်အတိုင်း ကျင်းပသွားမှာ ဖြစ်ပါတယ်ရှင်။

## ခွင့်ပန်ကြားခြင်းနှင့် ပြည်နယ်လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ ရှိရင်းကိုယ်စားလှယ် (၃၁) ဦး၊ ခွင့်ပန်သူ (-)ဦး၊ အစည်းအဝေးတက်ရောက်သူ(၃၁)ဦးဖြစ်ကြောင်း ကိုယ်စားလှယ်စိစစ်ရေးကော်မတီမှ တင်ပြလာပါတယ်။ အစည်းအဝေး တက်ရောက်မှုအခြေအနေကို ပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်အတည်ပြုရန် အတွက်သဘောတူပါသလားရှင်ဟု (၃)ကြိမ်မေးမြန်းခဲ့ရာပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အားလုံးကသဘောတူသည့်အတွက် ဒုတိယအကြိမ်မွန်ပြည်နယ် လွှတ်တော်အထူးအစည်းအဝေး(၁/၂၀၁၆)သို့ အစည်းအဝေးတက်ရောက်မှု အခြေအနေကို ပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာအပ် ပါတယ်ရှင်။

## ပြည်နယ်ဝန်ကြီးချုပ်မှမိန့်ခွန်းမြွက်ကြားခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ ပြည်နယ်ဝန်ကြီးချုပ်မှ မိန့်ခွန်း မြွက်ကြားခြင်းဖြစ်ပါတယ်။ပြည်နယ်ဝန်ကြီးချုပ်ခင်ဗျား၊ မိန့်ခွန်းမြွက်ကြား ပေးပါရန် ပန်ကြားအပ်ပါတယ်။

**ဦးမင်းမင်းဦး(ပြည်နယ်ဝန်ကြီးချုပ်)။** ဒီကနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော်အထူးအစည်းအဝေးကိုတက်ရောက် လာကြတဲ့ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်

တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ် ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊လွှတ်တော်သို့ လာရောက်လေ့လာသူများ၊ ဖိတ်ကြားထားသူများနှင့် မီဒီယာများအားလုံး ကာယသုခ၊ စိတ္တသုခနှစ်ဖြာသောသုခတွေနဲ့ပြည့်စုံပြီး မင်္ဂလာအပေါင်းနှင့် ပြည့်ဝကြပါစေလို့ ပဏာမအနေနဲ့နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့် အနေနဲ့ ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်အထူးအစည်းအဝေးမှာ ယခုလိုစကားပြောခွင့်ရတဲ့အတွက်လည်း များစွာဂုဏ်ယူဝမ်းမြောက်မိ ပါကြောင်း တစ်ဆက်တည်း ပြောကြားလိုပါတယ်။

ယနေ့ဟာဆိုရင်ပြည်သူလူထုတွေရဲ့ဆန္ဒနဲ့အညီ ရွေးချယ်တင်မြှောက် လိုက်တဲ့ ကျွန်တော်တို့အစိုးရအဖွဲ့ရဲ့သက်တမ်းဟာ(၂)လပြည့်မြောက်ခဲ့ပြီး ဖြစ်ပါတယ်။အစိုးရသက်တမ်း(၂)လတာကာလအတွင်းမှာ ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ မွန်ပြည်နယ်အတွင်းမှာရှိကြတဲ့ ပြည်သူလူထုအကျိုးကို ကာလတိုအတွင်းထိရောက်စွာ ဖြည့်ဆည်းဆောင်ရွက်နိုင်ဖို့အတွက် ရည်ရွယ်ပြီးတော့ နိုင်ငံတော်သမ္မတရဲ့လမ်းညွှန်ချက်နဲ့အညီ သက်ဆိုင်ရာ ဝန်ကြီးဌာနအားလုံး ပထမရက်(၁၀၀)စီမံကိန်းရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ အစိုးရအဖွဲ့ရဲ့ မူဝါဒဖြစ်တဲ့အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ထွန်းပေါ်ပေါက်ရေးနဲ့ ပြည်သူလူထုများရဲ့လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေး စတဲ့လုပ်ငန်းစဉ်တွေ အပေါ်အခြေခံပြီးအကောင်အထည်ဖော် ဆောင်ရွက်နေတာဘဲဖြစ်ပါတယ်။

ပထမအချက်ဖြစ်တဲ့အမျိုးသားရင်ကြားစေ့ရေးနဲ့ ပြည်တွင်း ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ ပြည်ထောင်စုအစိုးရအဖွဲ့ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့်သမ္မတရုံးဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ကဦးဆောင်ပြီး မကြာမီ (၂၁)ရာစု၊ ပင်လုံညီလာခံကို ပြုလုပ်ကျင်းပသွားဖို့ စီမံဆောင်ရွက်လျက် ရှိနေတယ်ဆိုတာအားလုံးလည်း သိရှိပြီးသားဖြစ်လိမ့်မယ်လို့ ယုံကြည်ပါတယ်။

ဒုတိယအချက်ဖြစ်တဲ့တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်တဲ့နေရာမှာ ဥပဒေရဲ့အထက်မှာမည်သူမျှမရှိစေရဆိုတဲ့စကားအတိုင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းပြဋ္ဌာန်းထားတဲ့ ဥပဒေများနဲ့အညီ အစိုးရ၊ လွှတ်တော်နဲ့ ပြည်သူလူထုအားလုံး တရားဥပဒေရဲ့အောက်မှာ နေထိုင်လုပ်ကိုင်ဆောင်ရွက်ရမှာဖြစ်သလို တရားဥပဒေရဲ့အကာအကွယ်ကိုလည်း သာတူညီမျှ ရရှိခံစားနိုင်ခွင့်ရအောင် အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ မွန်ပြည်နယ် အစိုးရအဖွဲ့အနေနဲ့ အနာဂတ်လူငယ်လူရွယ်များရဲ့အကျိုးကိုရှေးရှုပြီး မွန်ပြည်နယ်အတွင်း မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရေးနဲ့ ပြည်သူလူထုကို မျက်နှာမူတဲ့အစိုးရဖြစ်တာနဲ့အညီ ပြည်သူ့ဘဏ္ဍာငွေများကို အလေအလွင့်မရှိရလေအောင် စနစ်တကျနဲ့ ပွင့်လင်းမြင်သာစွာအသုံးပြုသွားမှာဖြစ်သလို လာဘ်ပေးလာဘ်ယူကင်းစင်ရေးကိုလည်း ကြပ်မတ်ကိုင်တွယ်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

တတိယအချက်ဖြစ်တဲ့ ဖက်ဒရယ်ပြည်ထောင်စုဖြစ်ထွန်းပေါ်ပေါက်ရေးနဲ့ပတ်သက်လို့ ပထမအချက်မှာဖော်ပြခဲ့တဲ့ အမျိုးသားရင်ကြားစေ့ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် အခြေခံပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမယ့် လုပ်ငန်းစဉ်ဖြစ်ပါတယ်။ စတုတ္ထအချက်ကတော့ ပြည်ထောင်စုအစိုးရအဖွဲ့မှာရှိတဲ့ ဝန်ကြီးဌာနများနဲ့တစ်နိုင်ငံလုံးကတိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေကနေပြီး ပြည်သူလူထုများရဲ့

အခြေခံလိုအပ်ချက်တွေဖြစ်တဲ့ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ကို နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နဲ့အညီ အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်နဲ့ပတ်သက်လို့ လက်ရှိအချိန်မှာတော့ ပြည်သူလူထုရဲ့အခြေခံလိုအပ်ချက်တွေကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ဖို့အတွက် ရက်ပေါင်း(၁၀၀)အတွင်း အားကြိုးမာန်တက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

ဒီနေရာမှာ ကျွန်တော်အနေနဲ့ ပြည်နယ်ဝန်ကြီးချုပ်ရဲ့ လုပ်ငန်းတာဝန်တွေအပြင် စည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနကို တိုက်ရိုက်စီမံကိုင်တွယ်လျက်ရှိတာကြောင့် ဒီဌာနတွေရဲ့ရက်ပေါင်း(၁၀၀) အတွင်းမှာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေတဲ့လုပ်ငန်းစဉ်တွေကို အကျဉ်းချုပ်အနေနဲ့ တင်ပြလိုပါတယ်။

ပထမအနေနဲ့လမ်းဦးစီးဌာနကနေပြီးတော့ ရက်ပေါင်း(၁၀၀)အတွင်းမှာ မော်လမြိုင်ခရိုင်အတွင်းမှာ ရန်ပုံငွေကျပ်သန်းပေါင်း(၃၂၉၃. ၁၅)သန်းနဲ့ သထုံခရိုင်အတွင်း ရန်ပုံငွေကျပ်သန်းပေါင်း (၆၃၅. ၇) သန်း၊ စုစုပေါင်း ရန်ပုံငွေကျပ်သန်းပေါင်း(၃၉၂၈. ၈၅)သန်းကို အသုံးပြုသွားမှာ ဖြစ်ပါတယ်။ ဆောင်ရွက်မယ့် လုပ်ငန်းတွေကတော့ ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာခင်းခြင်း၊ တာဘောင်မြှင့်၍ လမ်းသစ်ခင်းခြင်း၊ ချဉ်းကပ်လမ်း ကတ္တရာခင်းခြင်း၊ ကတ္တရာလမ်းချဲ့ခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ မြေသားတာဘောင်ချဲ့ခြင်း၊ တောင်ဖြိုလမ်းချဲ့ခြင်း၊ သံကူကွန်ကရစ်တံတား၊ သံကူ ကွန်ကရစ်ရေထွက်ပေါက်၊ Guard Rail၊ တံတားအတက်အဆင်း ဖြေခြင်းနဲ့ သတိပေးဆိုင်းဘုတ်ပြုလုပ်ခြင်း စတဲ့လုပ်ငန်းတွေဘဲဖြစ်ပါတယ်။ ဒီစီမံကိန်းလုပ်ငန်းတွေအားလုံးကို လမ်းဦးစီးဌာနကနေပြီးတော့ (၂၀၁၆-၂၀၁၇)ခု၊ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကနေကျခံသုံးစွဲပြီးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာမှာ

လုပ်ငန်းအားလုံး (၁၅%)ကနေ (၅၀%)အထိ ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါတယ်။

နောက်ဌာနတစ်ခုဖြစ်တဲ့ စည်ပင်သာယာရေးအဖွဲ့ရဲ့လုပ်ငန်းစဉ်တွေကိုတင်ပြရမယ်ဆိုရင် ၂၀၁၅ ခုနှစ်၊ မွန်ပြည်နယ်စည်ပင်သာယာရေးဥပဒေအရ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များက လုပ်ငန်းတာဝန်(၄၆)ချက်နဲ့ စည်ပင်သာယာရေးလုပ်ငန်းတွေကိုဆောင်ရွက်လျက်ရှိပါတယ်။မွန်ပြည်နယ်အတွင်းရှိ မြို့နယ်/ မြို့စည်ပင်သာယာရေးအဖွဲ့တွေရဲ့ ၂၀၁၆-၂၀၁၇ခုနှစ်၊ အခွန်နှင့်သာမန်ရငွေလျာထားချက်မှာ ကျပ်သန်းပေါင်း (၅၁၃၆. ၇၀)သန်းဖြစ်ပြီး ၂၀၁၆ခုနှစ်၊ ဧပြီလကုန်အထိကျပ်(၁၁၄၆. ၃၈၉)သန်းရရှိခဲ့ပြီးဖြစ်ပါတယ်။ ဘဏ္ဍာရေးနှစ်အတွင်း သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက်ငွေကျပ်(၂၇၈၇. ၀၇)သန်း၊ ငွေလုံးငွေရင်းဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် ငွေကျပ်(၄၃၀၂. ၀၀၉)သန်းဖြင့် ဆောင်ရွက် သွားမည်ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း မြို့တွင်းလမ်းအဆင့်မြှင့်တင်ခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းအတွက် စုစုပေါင်း(၃၁မိုင်၊ ၄. ၅၈ ဖာလုံ)ကို ငွေကျပ်(၂၆၉၅. ၀၆၁)သန်းဖြင့် ဆောင်ရွက်သွားမှာဖြစ်ပြီး ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့တွင်းတံတား(၅၃)စင်း ပြုပြင်တည်ဆောက်ခြင်းကို ငွေကျပ်(၉၉. ၅၆၅သန်း)ဖြင့် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မြို့ပြသောက်သုံးရေရရှိရေးအတွက် လုပ်ငန်း(၄၅)ခုကို (၁၈၃. ၄၃)သန်းဖြင့် ဆောင်ရွက်နိုင်ရန် ထည့်သွင်းလျာထားပြီးဖြစ်ကြောင်း တင်ပြလိုပါတယ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပထမရက်(၁၀၀) အတွင်းမှာ စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ငွေလုံးငွေရင်းအသုံးစရိတ်ကို (၁၅၉၁. ၃၄၄)သန်း၊ သာမန်အသုံးစရိတ်ကို (၇၉၃. ၅၀၆)သန်းတို့ဖြင့် စီမံဆောင်ရွက်လျက်ရှိပါတယ်။ ဆောင်ရွက်မည့်လမ်း၊ တံတားနှင့် ရေပေးရေးလုပ်ငန်းတွေကတော့

မြို့တွင်းလမ်းများဖြစ်တဲ့ ကွန်ကရစ်လမ်းသစ်(၉)လမ်း အရှည်(၁မိုင်/ ၀. ၁၅ဖာလုံ) ကို (၈၇. ၇၆၅)သန်းဖြင့်လည်းကောင်း၊ ကတ္တရာလမ်းသစ် (၁၁)လမ်းအရှည် (၁မိုင်/၆. ၈၆ဖာလုံ)ကို (၁၇၇. ၈၈၉)သန်းဖြင့် လည်းကောင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း (၂၂)လမ်းအရှည် (၇မိုင်/ ၇. ၉၈ဖာလုံ)ကို (၅၀၅. ၁၅၅)သန်းဖြင့်လည်းကောင်း၊ ကျောက်လမ်း (၁)လမ်း (၂. ၆၅ဖာလုံ)ကို ငွေကျပ်(၁၀)သန်းဖြင့်လည်းကောင်း၊ မြို့တွင်း လမ်းပေါက်များ ပြုပြင်ခြင်းနှင့် အခြားတည်ဆောက်ရေးလုပ်ငန်းများ အတွက် (၁၀၁. ၀၅၃)သန်းဖြင့်လည်းကောင်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မိုးမကျမီ ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့တွင်းတံတား (၂၆)စင်းတည်ဆောက်ခြင်းကို ငွေကျပ်(၄၅. ၀၅၅)သန်းဖြင့် ဆောင်ရွက် သွားမည်ဖြစ်ပြီး မြို့ရေပေးရေးလုပ်ငန်း(၁၆)ခုအတွက် (၆၅. ၁၃၈)သန်း တို့ဖြင့် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ရက်ပေါင်း(၁၀၀)အတွင်း မြို့တွင်း လမ်း၊ တံတား၊ ရေးရရှိလုပ်ငန်းများအားလုံးအတွက် စုစုပေါင်း (၉၉၂. ၀၅၅) သန်းဖြစ်ပြီး ယခုအချိန်ထိ(၇၀%)ကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း တင်ပြလိုပါတယ်။ စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် မြို့တွင်းရေစီး ရေလာကောင်းမွန်ရေးကိုအထူးအလေးထားဆောင်ရွက်လျက်ရှိရာ မိုးမကျမီ ကာလမှစတင်၍ မြို့၏ပင်မရေထွက်မြောင်းများဆယ်ယူရှင်းလင်းခြင်း၊ လမ်းသွယ်၊ မြောင်းသွယ်များရှင်းလင်းခြင်း၊ လမ်းဖြတ်တံတားများအောက် ပိတ်ဆို့မှုများရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ ယခုအချိန်အထိ မြို့နယ်များအားလုံးတွင် စုစုပေါင်းပင်မမြောင်းအရှည် (၂၅၇၇၅)ပေနဲ့ မြောင်းသွယ် (၁၂၄၄၄)ပေ၊ တံတား/ ရေပြွန် (၁၁)ခုတို့ကို ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။

မြို့သန့်ရှင်းစိမ်းလန်းရေးလုပ်ငန်းတွေကိုလည်း ယခုရက်(၁၀၀)အတွင်း အထူးအားဖြည့် ဆောင်ရွက်လျက်ရှိပါတယ်။ ကျူးကျော်နဲ့ပတ်သက်ပြီး

ရှင်းလင်းရေးလုပ်ငန်းကိုလည်း စီမံချက်နဲ့ဆောင်ရွက်လျက်ရှိပြီး ဥပဒေနဲ့အညီ စစ်ဆေးအရေးယူခြင်းအားဖြင့် မြို့သာယာလှပရေးကို အထောက်အကူပြုဖြစ်စေပြီး ပြည်သူတွေယာဉ်အန္တရာယ်ကင်းရှင်းစွာနဲ့ သွားလာနိုင်အောင် ဆောင်ရွက်လျက်ရှိကြောင်းတင်ပြအပ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောလိုတာကတော့ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ဖို့ဆိုရာမှာ လမ်း၊ တံတား၊ ရေ၊ မီးစတဲ့လုပ်ငန်းစဉ်တွေက အခြေခံလိုအပ်ချက်တွေဖြစ်ပါတယ်။ ကျွန်တော်တို့အစိုးရအနေနဲ့ ပြည်သူလူထုရဲ့ဆန္ဒနဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းအကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ နိုင်ငံတော်ရဲ့ပကတိအခြေအနေအရ စိန်ခေါ်မှုများစွာ ရှိနေတယ်ဆိုတာကိုလည်း အားလုံးသိရှိကြလိမ့်မယ့်လို့ ထင်ပါတယ်။ ဘယ်လိုဘဲဖြစ်ပါစေ ကျွန်တော်တို့အစိုးရသစ်အနေနဲ့ ပြည်သူလူထုနဲ့ထပ်တူ ပြည်သူလူထုကို မျက်နှာမူပြီးတော့ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ အတတ်နိုင်ဆုံးနဲ့ အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားမှာဘဲဖြစ်ပါတယ်။ ဒီလိုကြိုးပမ်းဆောင်ရွက်တဲ့နေရာမှာ ပြည်သူလူထုရဲ့ ယုံကြည်မှုနဲ့ပူးပေါင်းပါဝင်မှုက အလွန် အဖိုးတန်ပြီး အရေးကြီးတဲ့အခန်းကဏ္ဍတစ်ရပ်အနေနဲ့ပါဝင်နေပါတယ်။ ဒါကြောင့်ကျွန်တော်တို့ရဲ့အစိုးရသစ်လက်ထက်မှာ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်သူများအနေနဲ့ မွန်ပြည်နယ်အတွင်းမှီတင်းနေထိုင်ကြတဲ့ ပြည်သူလူထုတစ်ရပ်လုံးရဲ့အကျိုးကိုရှေးရှုပြီးတော့ စေတနာအရင်းခံနဲ့ ကျွန်တော်တို့အစိုးရနဲ့အတူ ဒီမိုကရေစီစနစ်ထွန်းကားစည်ပင်လာအောင် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ပေးကြပါလို့ တိုက်တွန်းရင်းနဲ့နိဂုံးချုပ်အပ်ပါတယ်။

## ပြည်နယ်ဝန်ကြီးချုပ်မြွက်ကြားသောမိန့်ခွန်းအား ပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ ပြည်နယ်ဝန်ကြီးချုပ်မြွက်ကြားသော မိန့်ခွန်းအား ပြည်နယ်လွှတ်တော်မှမှတ်တမ်းတင်ကြောင်း ကြေညာခြင်း ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌခင်ဗျား၊ ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းအား ပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ပေးပါရန် ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်ဝန်ကြီးချုပ်မြွက်ကြားသောမိန့်ခွန်းအားပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာအပ်ပါတယ်ရှင်။

**အချိန်။ ၁၀း၂၀။**

## မေးခွန်းမေးမြန်းခြင်းနှင့်ဖြေကြားခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ ကြယ်ပွင့်ပြမေးခွန်းများကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာဝန်ကြီးများမှ ပြန်လည်ဖြေကြားခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ပထမဦးစွာကျိုက်ထိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာအေးဇံကို မေးခွန်းမေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာအေးဇံ(ကျိုက်ထိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၂)။** လေးစား အပ်ပါသောပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား၊ ကျွန်တော်ကတော့ ကျိုက်ထိုမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးဇံ ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုသော မေးခွန်းကတော့ ကျိုက်ထိုမြို့နယ် အတွင်းတည်ရှိသော ကမ္ဘာတွင်ကျော်ကြားလှတဲ့ကျိုက်ထီးရိုးစေတီနှင့် စေတီတော်တည်ရှိသော ပေါင်းလောင်းတောင်တန်း စိမ်းလန်းစိုပြည်ရေး၊ သဘာဝပတ်ဝန်းကျင် ဂေဟစနစ်ပျက်စီးမှုမရှိစေရေး၊ သစ်တောများထပ်မံ မဆုံးရှုံးစေရေး၊ သစ်ပင်များအစားထိုးစိုက်ပျိုးရေး၊ အမှိုက်များ၊ ပလပ်စတစ် အိတ်များ၊ စားကြွင်းစားကျန်များပပျောက်၍သန့်ရှင်းသော၊ သဘာဝအတိုင်း တည်ရှိသောတောင်တော်ဖြစ်ရေးအတွက် မွန်ပြည်နယ်အစိုးရအနေဖြင့် မည်သို့ဆောင်ရွက်ထားသည်ကို သိရှိလိုပါတယ်။

ကျိုက်ထီးရိုးစေတီတော်သို့ နှစ်စဉ်ဘုရားဖူးဧည့်သည်ဝင်ရောက် နေမှုမှာ သိန်း(၂၀)နှင့်(၂၅)သိန်းကြားလာရောက်ကြပါတယ်။ နိုင်ငံခြားသား ဘုရားဖူးများမှာ နှစ်စဉ်တစ်နှစ်ကိုတစ်သိန်းနှစ်သောင်းကျော် လာရောက် လည်ပတ်ပါတယ်။ထိုနိုင်ငံခြားသားဘုရားဖူးများထံမှတစ်ဦးလျှင် ငွေကျပ် ခြောက်ထောင်ကောက်ယူရရှိပါတယ်။ ထိုခြောက်ထောင်နှင့်ပင်တွက်ကြည့်လျှင် ဘုရားဖူးများထံမှရရှိသောငွေ စုစုပေါင်းသိန်းပေါင်း (၇၂၀၀)ခန့်ရရှိပါတယ်။ မြန်မာပြည်မှာ ဘုရားသွားဖူးမယ်ဆိုလို့ရှိရင် ကျိုက်ထီးရိုးကိုအများဆုံး လာရောက် ကြတဲ့အတွက်ကြောင့် နိုင်ငံခြားပြည်တွင်းဘုရားဖူးတွေ အနေနဲ့ နှစ်တစ်နှစ်လျှင် လူဦးရေ(၂၂)သိန်းကျော်လာရောက်ကြပါတယ်။ အဲဒီဘုရားဖူး တွေထဲမှ တစ်ဦးလျှင်(၂)သောင်းကျပ်စီနှင့်တွက်လျှင်ပင်သိန်းပေါင်း(လေးသိန်း လေးသောင်း)ကျော်ရရှိပါတယ်။ (၂)သောင်းကျပ်ဆိုတာက အနည်းဆုံး လာရောက်တဲ့ ဘုရားဖူး လူတစ်ဦးအတွက်အနိမ့်ဆုံးဈေးနှုန်းဘဲ ဖြစ်ပါတယ်။

ဘုရားဖူးများသည် ပထမဆုံးတောင်ခြေကင်ပွန်းစခန်းရွာကို ရောက်ရှိပြီးမှ တောင်ပေါ်သို့တက်ရပါတယ်။ ကင်ပွန်းစခန်းကျေးရွာမှာ အစိုးရကဖွင့်လှစ်ထားတဲ့လျှပ်စစ်ဌာနရုံးလည်းမရှိပါဘူး။ ကင်ပွန်းချောင်းကျေးရွာမှာ ကိုယ်ထူကိုယ်ထလျှပ်စစ်မီးရှိပါတယ်။ တစ်ယူနစ်(၃၅)ကျပ်ပါ။ နောက်ပြီးတော့ ဂေါပကမီးရှိပါတယ်။ အဲဒါတွေကျတော့လည်း ကျွန်တော်တို့ လျှပ်စစ်ဌာနကပေးတဲ့ လျှပ်စစ်မီးတွေဖြစ်ပါတယ်။ ဂေါပကမီးကျတော့ တစ်ယူနစ်(၃၅)ကျပ်နဲ့ဝယ်ပြီးတော့(၁၀၀)ကျပ်နဲ့ရောင်းပါတယ်။ ကင်ပွန်းချောင်း ချောင်းမှာလည်း နှစ်စဉ်အမှိုက်စွန့်ပစ်မှုကြောင့် မြင်မကောင်းအောင် ညစ်ပတ်ပြီး၊ မိုးကြီးပါကချောင်းရေလျှံခြင်း၊ လူနေဆိုင်ခန်းများအတွင်းသို့ ညစ်ညမ်းသော ရေပုပ်၊ ရေသိုးများ ဝင်ရောက်နေပါတယ်။ ထိုကျေးရွာသို့ ပြည်တွင်းဘုရားဖူး(၂၂)သိန်းကျော်နှင့် နိုင်ငံခြားသားဘုရားဖူးများ တစ်နှစ်ကို(တစ်သိန်းနှစ်သောင်း)ကျော်လာရောက်လည်ပတ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံအတွက်အကြီးမားဆုံးဘုရားဖူးလုပ်ငန်းနှင့်ခရီးသွားလုပ်ငန်းကြီးဖြစ်ပါတယ်။

ဤမျှကြီးမားသော တစ်နိုင်ငံလုံးတွင်ထင်ရှားလှသည့် စေတီတော်ကြီးနှင့် တောင်တန်းများသဘာဝအတိုင်းရှိနေစေရန်မှာ လွန်စွာအရေးကြီးပါတယ်။ ထိုပေါင်းလောင်းတောင်တန်းကြီးတွင် စေတီတော်ကြီးနှင့် ထိုတောင်တန်းတွင်ရှိသော ရသေ့တောင်၊ဝိဇ္ဇာတောင်၊စွန်တောင်၊မြစိမ်းတောင်၊ စကြ်နတောင်များတွင်လည်း အဆောက်အအုံများ ထပ်မံ၍ဆောက်လုပ်နေသည်ကိုတွေ့ရှိကြရတဲ့အတွက်ကြောင့်ဆောက်လုပ်ခြင်းဖြင့်တောင်တန်း၏ကြံ့ခိုင်မှုနှင့်သဘာဝပတ်ဝန်းကျင်ပျက်စီးမှု၊ ဂေဟစနစ်ပျက်စီးမှုကြောင့် ယခုအခါ ငှက်သံများပင်လျှင်မကြားရတော့ပါ။ ထို့ကြောင့် မွန်ပြည်နယ်အစိုးရအနေဖြင့် ကျိုက်ထီးရိုးတောင်တော်နှင့်ကျန်ရှိသောပေါင်းလောင်းတောင်တော်ကြီး၏ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လာရောက်လည်ပတ်သည့်

ကင်ပွန်းချောင်းကျေးရွာအား မည်ကဲ့သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာဝန်ကြီးမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်ရှင်။

**ဒေါက်တာမင်းကြည်ဝင်း (သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး)။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာအေးဇံမေးမြန်းထားသော မေးခွန်းနှင့်ပတ်သက်၍ မွန်ပြည်နယ်အစိုးရအဖွဲ့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ကျွန်တော် ဒေါက်တာမင်းကြည်ဝင်းမှ အောက်ပါအတိုင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ကျိုက်ထီးရိုးတောင်တော်နှင့် ကျန်ရှိနေသော ပေါင်းလောင်းတောင်တော်ကြီးသဘာဝပတ်ဝန်းကျင်ထိခိုက်မှု၊ လာရောက်လည်ပတ်တဲ့ကင်ပွန်းချောင်းကျေးရွာက မည်ကဲ့သို့စီမံဆောင်ရွက်ထားတဲ့မေးခွန်းနှင့်ပတ်သက်ပြီးတော့က ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်နှင့် ကျိုက်ထီးရိုးဒေသအား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုနှင့်ပတ်သက်၍(၂၆. ၄. ၂၀၁၆) မှ (၂၇. ၄. ၂၀၁၆)ရက်အထိ ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးဆောင်ပြီး၊ သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဂေါပကအဖွဲ့နှင့် အခြားဆက်စပ်ဌာနများ ပူးပေါင်းကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။ ၎င်းဆောင်ရွက်ချက်များကို အကြံပြုချက် (၁၄)ချက်နှင့်အတူ (၂၉. ၄. ၂၀၁၆)ရက်နေ့နှင့် (၄. ၅. ၂၀၁၆)ရက်နေ့ရက်စွဲဖြင့် ပြည်နယ်အစိုးရအဖွဲ့ရုံးသို့ တင်ပြထားပြီးဖြစ်ပါတယ်။

မွန်ပြည်နယ်အစိုးရအဖွဲ့သည် (၂၈. ၄. ၂၀၁၆)ရက်နေ့တွင်ကျိုက်ထီးရိုး တောင်တော်စီမံးလန်းစိုပြည်ရေးကော်မတီဖွဲ့စည်းခဲ့ရာ မွန်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပြည်နယ်မှူးမှ အဖွဲ့ဝင်အဖြစ်လိုက်ပါ ဆောင်ရွက်ပြီး ကွင်းဆင်းဆောင်ရွက်ခဲ့ပါတယ်။

မွန်ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့်ကျိုက်ထီးရိုး တောင်တော်နှင့် ကင်ပွန်းချောင်းကျေးရွာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု လုပ်ငန်းများအနေဖြင့် ဟိုတယ်များ၊ ဈေးဆိုင်များ၊ ဘုရားဖူးပြည်သူများ၊ တောင်တက်မော်တော်ယာဉ်တို့ကို ပတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးခြင်း၊ အမှိုက်စွန့်ပစ်ခြင်းနှင့် မိလ္လာစနစ်ကောင်းမွန်ရေးအတွက် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ပါတယ်။

ကျိုက်ထီးရိုးသဘာဝကြိုးဝိုင်းသစ်တောအား သစ်တောရေးရာဝန်ကြီး ဌာန၏၂၀၀၁ခုနှစ်၊ ဇူလိုင်လ(၆)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၇/၂၀၀၁)အရ ဧရိယာ (၃၈၆၀၆) ဧကဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး အဆိုပါ ဧရိယာမှ ကျိုက်ထီးရိုးသာသနာ့နယ်မြေအဖြစ် ဧရိယာ(၆၆၉၈) ဧကအား ဆိုင်ရာဆိုင်ခွင့်အဖြစ် သတ်မှတ်ပေးခဲ့ပါတယ်။ ကျိုက်ထီးရိုးသဘာဝ ကြိုးဝိုင်းတောမူလဧရိယာ(၃၈၆၀၆)ဧကမှ ကျိုက်ထိုဟိုတယ်နှင့်ဇုန်ဝင်ကြေး ကောက်ခံရေးဂိတ်မြေဧရိယာ(၆. ၀)ဧကမှ မိုးဘောနတ်စင်ကျေးရွာ၊ ကော်ကပ်ကျေးရွာ၊ ချောင်းစောက်ကျေးရွာနှင့် ခမောက်ခွေကျေးရွာ(၄)ရွာ၏ ရွာမြေ/သာသနာမြေ/အများပိုင်မြေ(၄၆. ၃၉)ဧက စုစုပေါင်း (၅၂. ၃၉)အား ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ခွင့်ပြုခဲ့သဖြင့် လက်ရှိတွင် ကျိုက်ထီးရိုး သဘာဝကြိုးတောဧရိယာမှာ (၃၈၅၅၃. ၆၀)ဧကဖြစ်ပါတယ်။

ကျိုက်ထီးရိုးဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းအတွက် ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်း(၁၀)မျိုးအတွက် ကုန်ကျစရိတ်ငွေ ကျပ်သန်းပေါင်း(၂၁. ၉၆၅)သန်းအား ပြည်နယ်သစ်တောဦးစီးဌာန၏

(၄. ၅. ၂၀၁၆)ရက်စွဲပါစာအမှတ်၊ ၆၁၀-၁၁/ဘ(ခ)၇ ဖြင့် တွက်ချက်၍ ပြည်နယ်အစိုးရအဖွဲ့ရုံးထံ တင်ပြတောင်းခံထားပြီး ခွင့်ပြုရန်ပုံငွေ ရရှိမှုပေါ်မူတည်၍ ကျိုက်ထီးရိုးတောင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

မွန်ပြည်နယ်၊ သထုံခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ကင်ပွန်းချောင်းကျေးရွာအနီးတွင် လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ(၃၃/၁၁)ကေဗွီ (၅)အမ်ဗွီအေ ဓါတ်အားခွဲရုံတည်ဆောက်ပြီး ၎င်းခွဲရုံမှတစ်ဆင့် (၁၁) ကေဗွီလိုင်း(၇. ၄)မိုင် တည်ဆောက်၍ ကျိုက်ထီးရိုးတောင်ပေါ်ဒေသ အပါအဝင် ကင်မွန်းချောင်းကျေးရွာအား ဓါတ်အားပေးထားပါတယ်။ကင်မွန်းချောင်းကျေးရွာမီးလင်းရေးကော်မတီမှ (၂၀၀)ကေဗွီအေ ထရန်စဖော်မာ(၁)လုံး၊ (၃၁၅)ကေဗွီအေ ထရန်စဖော်မာ(၂)လုံးတို့ဖြင့် မီးသုံးသူ(၂၄၁)ဦးကိုလည်းကောင်း၊ ဂေါပကအဖွဲ့မှ(၃၁၅)ကေဗွီအေထရန်စဖော်မာဖြင့် မိန်းမီတာတပ်ဆင်ပြီး ဂေါပကပိုင်အဆောက်အဦများနှင့် ဈေးဆိုင်ခန်းများကိုလည်းကောင်း ဓါတ်အားပေးထားကြောင်း ပြန်လည်တင်ပြအပ်ပါတယ်။

ကင်မွန်းချောင်းကျေးရွာ၊ အမှိုက်ကင်းစင်ရေးနှင့်ပတ်သက်၍ဆောင်ရွက်ထားရှိမှုအား အောက်ပါအတိုင်းတင်ပြအပ်ပါသည်-

(က) ကျိုက်ထိုမြို့နယ်၊ ကင်ပွန်းချောင်းကျေးရွာသည် ကျိုက်ထီးရိုးဆံတော်ရှင်စေတီ၏ တောင်ခြေရင်းတွင်တည်ရှိသော ကျေးရွာတစ်ရွာ ဖြစ်ပါတယ်။ ကင်ပွန်းချောင်းကျေးရွာအုပ်စုတွင် ကင်ပွန်းချောင်း၊ တကေးချောင်းဖျား စသည့် ကျေးရွာ(၂)ရွာပါရှိပြီး ကင်ပွန်းချောင်းကျေးရွာအုပ်စုအတွင်း၌ ဇရပ်ကွင်း(၁)(၂)၊ ရောင်ခြည်ဦးအလယ်စု၊ ကျောင်းစု၊ ရင်ပြင်တော်စခန်း၊ ရသေ့တောင်စခန်း စသည့်ရပ်ကွက်များ ပါဝင်ပါတယ်။

ကင်ပွန်းချောင်းကျေးရွာသည် ယခင်နှစ်ပေါင်းများစွာကပင် ဘုရားဖူးပြည်သူများနှင့်သီတင်းကျွတ်လပြည့်နေ့မှ ကဆုန်လပြည့်နေ့အထိ စည်ကားလျက်ရှိသော ကျေးရွာတစ်ရွာဖြစ်ပါတယ်။ ဘုရားဖူးပြည်သူများမှစွန့်ပစ်ခဲ့သည့် အမှိုက်များသည် ယခင်အချိန်မှ ယခုအချိန်အထိ ကင်ပွန်းချောင်းကျေးရွာ၏ မြောင်းများ၊ ချောင်းများအတွင်းတည်ရှိနေခဲ့ပါတယ်။ ၎င်းအမှိုက်များနှင့်ပတ်သက်ပြီး ၂၀၁၆ခုနှစ်၊ မေလမှစတင်၍ ကျေးရွာအုပ်ချုပ်ရေးမှူးဦးဆောင်ပြီး ကျေးရွာအတွင်း အုပ်ချုပ်ရေးအဖွဲ့များ၊ အင်ဂျီအိုအဖွဲ့များ၊ အသင်းအဖွဲ့များ စုပေါင်း၍ အမှိုက်ကောက်ယူဖျက်ဆီးခြင်း၊ ကင်ပွန်းချောင်းကျေးရွာ စခန်းကြီးချောင်းအတွင်း ပိတ်ဆို့တည်ရှိနေသည့်အမှိုက်များ ရှင်းလင်းခြင်း၊ ကျေးရွာအတွင်း ကိုယ်ထူကိုယ်ထအမှိုက်သိမ်း ယာဉ်တည်ထောင်ပြီး ယာဉ်နှင့်ပတ်သက်သည့် ဆောင်ရွက်ရမည့်ကိစ္စများအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပူးပေါင်းပြီး ကျေးရွာအတွင်းနေ့စဉ် အမှိုက်သိမ်းယာဉ်(၃)ကြိမ် လှည့်လည်အမှိုက်သိမ်းခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ကျေးရွာတွင်း ရေနစ်မြုပ်ရခြင်းမှာ ကျေးရွာအတွင်း ဖြတ်သန်းစီးဆင်းသည့် စခန်းကြီးချောင်းအတွင်း ဈေးဆိုင်များ၊ နေအိမ်များမှ အမှိုက်များစွန့်ပစ်မှုကြောင့် ချောင်းပိတ်ဆို့လာခြင်း၊ ချောင်း၏ဘေးရှိခြံမြေများ၏ ချောင်းအတွင်းကျူးကျော်မြေထိန်းနံရံတည်ဆောက်ခြင်း၊ ခြံစည်းရိုးကာရံခြင်းများကြောင့် ရေစီးရေလာပိတ်ဆို့ပြီး မိုးသည်းထန်စွာရွာသွန်းသည့်အချိန်များတွင် ကျေးရွာအတွင်း ရေနစ်မြုပ်ခြင်းဖြစ်ပေါ်ရခြင်းဖြစ်ပြီး

အမှိုက်များစနစ်တကျစွန့်ပစ်ခြင်း၊ မြောင်းဆယ်ခြင်းလုပ်ငန်းများအား ဆောင်ရွက်သွားမည်ဖြစ်ပြီး ယခုနှစ်အတွင်း ချောင်းမြောင်းပိတ်၍ ရေလျှံခြင်းမဖြစ်ပေါ်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

(ခ) ကင်ပွန်းချောင်းကျေးရွာသည် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်၏ တောင်ခြေရင်းဖြစ်သည်နှင့်အညီ ကျိုက်ထီးရိုးစေတီတော်သို့ တက်ရောက်သည့် ခြေလျင်လမ်း၊ တောင်တက်မော်တော်ယာဉ်လမ်းစသည့် မြို့နယ်လမ်းဦးစီးဌာနပိုင် လမ်းမြေများပေါ်တွင် စျေးဆိုင်များ ယခင်ကပင်တည်ရှိသကဲ့သို့ ယခုအချိန်တွင်လည်း ဆက်လက်စည်ကားသိုက်မြိုက်စွာ တည်ရှိနေပါတယ်။ လမ်းဘေးနှင့် စျေးဆိုင်များနှင့် စျေးဆိုင်များ၏အနောက်ရှိ ခြံမြေများ၏ ပြဿနာသည်လည်း ယခုအချိန်တွင် ပိုမိုကြီးထွားစွာ ဖြစ်တည်လျက်ရှိရာ ယင်းကိစ္စအား ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးရန် စီစဉ်ပြီးဖြစ်ပါတယ်။

(ဂ) ကင်ပွန်းချောင်းကျေးရွာတွင် ဆောင်ရွက်လျက်ရှိသည့်ကိစ္စများဖြစ်သည့် ကျေးရွာစခန်းကြီးချောင်းအတွင်း ကျူးကျော်ထားသည့် ခြံမြေများ၏ခြံစည်းရိုး၊ မြေထိန်းနံရံများ၊ မြို့နယ်လမ်းဦးစီးဌာနပိုင်လမ်းမြေအတွင်းရှိ စျေးဆိုင်များအား တားမြစ်ဖယ်ရှားရမည့်ကိစ္စများအား အထူးအလေးပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါက်တာအေးဇံ(ကျိုက်ထိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၂)။** ဥက္ကဋ္ဌကြီးခင်ဗျား၊ထပ်ဆင့်မေးခွန်းမေးမြန်းခွင့်ပြုပါခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား၊ ကျွန်တော်ကတော့ ကျိုက်ထိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာအေးဇံ ဖြစ်ပါတယ်။

ဝန်ကြီးဖြေကြားချက်မှာပါတဲ့ ကိုယ်ထူကိုယ်ထလုပ်ငန်းကို အစိုးရက ဘယ်လိုကူညီပေးနိုင်မလဲ၊ ဒုတိယတစ်ချက်က ခြေလျင်တောင်တက်လမ်း(၅)မိုင်မှာရွာတွေက သစ်တောမြေမှာ ကျူးကျော်ဝင်ရောက်နေတာသိရှိပါတယ်။ ဘယ်လိုဆောင်ရွက်နေပါသလဲဆိုတာသိရှိလိုပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဒေါက်တာမင်းကြည်ဝင်း(သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ခင်ဗျား၊ ကျွန်တော်တို့ ကျူးကျော်မြေနဲ့ပတ်သက်ပြီးတော့ သက်ဆိုင်ရာဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်းဥပဒေအရ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားလိုပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး သထုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သူကို မေးခွန်းမေးဖို့ ဖိတ်ခေါ်ပါတယ်ရှင်။

**ဦးအောင်ကျော်သူ(သထုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၂)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား၊ ကျွန်တော်ကတော့ သထုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးအောင်ကျော်သူဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား၊ မေးမြန်းလိုတာကတော့ မွန်ပြည်နယ်အတွင်းရှိ နှစ်စဉ်နွေရာသီရောက်တိုင်း သောက်ရေ၊ သုံးရေရှားပါးပြတ်လပ်နေသည့်ကိစ္စရပ်နှင့်ပတ်သက်ပြီး ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်သူလူထု၏အခက်အခဲကို မည်သို့မည်ပုံဖြေရှင်းဆောင်ရွက်ပေးနိုင်သည့် အစီအစဉ်များရေးဆွဲထားခြင်း ရှိ/မရှိ၊ ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးမှ ဖြေကြားပေးပါရန် ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား၊ ကျွန်တော်တို့ မွန်ပြည်နယ်အတွင်းရှိ ဒေသအတော်များများတွင် နှစ်စဉ်နွေရာသီရောက်တိုင်း ရာသီဥတုဖောက်ပြန်ခြင်း၊ အပူချိန်မြင့်မားခြင်း၊ မြေအောက်ရေရှားပါးလာခြင်းတို့ကြောင့် ပြည်သူလူထုမှာသောက်သုံးရေ ရှားပါးပြတ်လပ်မှုများကြုံတွေ့နေရပါတယ်။ ဆည်မြောင်းများ၊ တာတမံများရှိနေသော်လည်း အဆိုပါရေအရင်းအမြစ်များကို ထိရောက်စွာအသုံးချနိုင်ခြင်းမရှိသည်ကိုလည်း တွေ့နေရပါတယ်။ ဥပမာ- သထုံမြို့နယ်တွင်ဝါးပါးဆည် တည်ရှိပြီး ရေအရင်းအမြစ် လုံလောက်စွာရှိသော်လည်း ရေပေးဝေရေးစနစ် လိုအပ်ချက်များကြောင့် ရေဖြန့်ဝေပေးနိုင်မှုအလုံအလောက်မရှိခဲ့တာကိုလည်း တွေ့ရပါတယ်။ အဲဒီအကျိုးဆက်အနေနဲ့ လူလုပ်အား အင်မတန်တန်ဖိုးရှိတဲ့အချိန်တွေ ကုန်ဆုံးခဲ့ရပါတယ်။

ထို့ကြောင့် မွန်ပြည်နယ်တစ်ပြည်နယ်လုံးရှိ ပြည်သူလူထုတစ်ရပ်လုံး၏ အဓိကအခက်အခဲ ဖြစ်နေသည့် သောက်ရေသုံးရေရှားပါးပြတ်လပ်မှု အခက်အခဲကို ပြေလည်စေရန် မည်သို့သောအစီအမံများထားရှိဆောင်ရွက်နေသလဲဆိုတာကို တိကျသေချာစွာဖြေကြားပေးစေလိုပါတယ်ခင်ဗျား။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာဝန်ကြီးမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်ရှင်။

**ဦးထွန်းငွေး(စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး)။** မွန်ပြည်နယ်တစ်ပြည်နယ်လုံး၏ အဓိကအခက်အခဲဖြစ်နေသည့်သောက်သုံးရေရှားပါးပြတ်လပ်နေသော အခက်အခဲကို ပြေလည်စေရန် မည်သို့စီမံထားရှိမှုများကို သိရှိလိုခြင်းမေးခွန်းနှင့်ပတ်သက်၍ မွန်ပြည်နယ် အစိုးရအဖွဲ့ဝင် စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြန်လည်ဖြေကြားလိုပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ မွန်ပြည်နယ်အတွင်းရှိ ဝါးပါးရေလှောင်တမံ၊ ရွှေနတ်တောင်ရေလှောင်တမံ၊ အဇင်းရေလှောင်တမံ၊ ဝင်းဖနုံရေလှောင်တမံနှင့် ကတိုက်ရေလှောင်တမံတို့မှ စိုက်ပျိုးရေးနှင့် မြို့တွင်းသောက်သုံးရေတို့အား နှစ်စဉ်ပေးဝေလျက်ရှိပါတယ်။ ရေလှောင်တမံများမှ သောက်သုံးရေကို ရေထုတ်ပြွန်မှတစ်ဆင့် ထုတ်လွှတ်ပေးပြီး စည်ပင်သာယာရေးအဖွဲ့မှ မြို့ရေပေးရေးစနစ်ဖြင့် မြို့အတွင်း သောက်ရေ/သုံးရေများကို ဖြန့်ဝေပေးလျက်ရှိပါတယ်။

ရေလှောင်တမံများမှ ရေပေးဝေမှုအနေဖြင့် သထုံမြို့နယ်ရှိ ဝါးပါး ရေလှောင်တမံမှ တစ်နှစ်လျှင်ပျမ်းမျှသောက်သုံးရေဂါလံသန်းပေါင်း (၂၀၅)သန်း၊ မော်လမြိုင်မြို့နယ်ရှိ ရွှေနတ်တောင်ရေလှောင်တမံမှ ပျမ်းမျှ သောက်သုံးရေ ဂါလံသန်းပေါင်း(၅၁၇)သန်း၊ မုဒုံမြို့နယ်ရှိ အဇင်းရေလှောင် တမံမှ ပျမ်းမျှဂါလံသန်းပေါင်း (၁၂၆)သန်းကို မြို့တွင်းရပ်ကွက်များသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အစီအစဉ်ဖြင့် နှစ်စဉ်ပေးဝေလျက်ရှိပါတယ်။

ထို့အပြင် ရွှေနတ်တောင်ရေလှောင်တမံမှ ဝွေးကုန်းကျေးရွာ သောက်သုံးရေ ဖြန့်ဖြူးရေးကော်မတီ၏ အစီအစဉ်ဖြင့် တစ်နှစ်လျှင်ပျမ်းမျှသောက်သုံးရေ ဂါလံသန်းပေါင်း (၁၅)သန်း ပေးဝေလျက်ရှိပါတယ်။ မုဒုံမြို့နယ်ရှိ ဝင်းဖနုံ ရေလှောင်တမံမှလည်း နီးပဒေါကျေးရွာသောက်သုံးရေဖြန့်ဖြူးရေးကော်မတီ အစီအစဉ်ဖြင့် တစ်နှစ်လျှင်ပျမ်းမျှသောက်သုံးရေဂါလံသန်းပေါင်း(၅. ၆၁)သန်း ပေးဝေလျက်ရှိပါတယ်။

၂၀၁၆ခုနှစ်တွင်လည်း ဇန်နဝါရီလမှ မေလအထိ ဝါးပါးရေလှောင် တမံမှသောက်သုံးရေ ဂါလံသန်းပေါင်း(၁၅၁)သန်း၊ ရွှေနတ်တောင် ရေလှောင်တမံမှ (၂၈၉)သန်း၊ အဇင်းရေလှောင်တမံမှ (၆၆. ၅)သန်း၊ ဝင်းဖနုံရေလှောင်တမံမှ (၂. ၅၀)သန်း ပေးဝေခဲ့ပြီးဖြစ်ပါတယ်။

ရေရှည်အစီအစဉ်အနေဖြင့် -

(က) ဝင်းဖနုံရေလှောင်တမံမှ စည်ပင်သာယာရေးအဖွဲ့အစီအစဉ်ဖြင့် သံဖြူဇရပ်မြို့နယ်ရှိရပ်ကွက်များသို့ သောက်သုံးရေတစ်နေ့လျှင် ရေဂါလံ (၁၂)သိန်းခန့် ရေပေးဝေနိုင်ရန်အစီအစဉ်ရေးဆွဲလျက် ရှိပါသဖြင့် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန အနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်။

(ခ) ပေါင်မြို့နယ်ရှိကတိုက်ရေလှောင်တမံမှ ပေါင်မြို့နယ်၊ သပြုချောင် ကျေးရွာသို့ ရေသွယ်ယူခြင်းလုပ်ငန်းကို ပြည်နယ်စည်ပင် သာယာရေးအဖွဲ့အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိပြီးဆည်မြောင်း နှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

(ဂ) ဘီးလင်းမြို့နယ်၊ ကဇိုင်းဆည်မှ သောက်သုံးရေဖြန့်ဝေမည် ဆိုပါက ဆည်၏သင့်လျော်သောနေရာတွင် ရေစုပ်စက်များ တပ်ဆင်ထားရှိပြီး ရေသန့်စင်ရန် ရေစစ်ကန်/ကလိုရင်း ဆေးခပ်ကန်နှင့် အခြားလိုအပ်ချက်များကို တည်ဆောက်လျက် ရေပိုက်စနစ်ဖြင့် ဖြန့်ဝေသည့်နည်းလမ်းကို အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ ဆည်အတွင်း သိုလှောင်ထားသောရေများအား ဘီးလင်းမြို့နှင့် ရပ်ကွက်/ ကျေးရွာများသို့ သောက်သုံး ရေဖြန့် ဝေရာတွင် သက်ဆိုင်ရာစည်ပင်သာယာရေးနှင့် အဖွဲ့အစည်း အသီးသီးမှ ညှိနှိုင်းလာပါက ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

မွန်ပြည်နယ်အတွင်း သောက်သုံးရေခက်ခဲမှုမရှိစေရန် ရေလှောင် တမံများရှိ ရေထုတ်ပြွန်များမှ ယခင်နှစ်ကထက် ပိုမိုရေထုတ်လွှတ်ပေးလျက် ရှိပါတယ်။ ယခုနှစ်ကာလတွင်လည်း ရေထုတ်ပြွန်မှသာမက ရေလွှဲဆည်နှင့် ရေပေးဝေသည့်လက်တန်းမြောင်းများမှပင် သက်ဆိုင်ရာရေလိုအပ်သည့် အဖွဲ့အစည်းအသီးသီးအနေဖြင့် ရေစုပ်စက်များဖြင့်စုပ်တင်၍ ရေသယ် ကားများဖြင့် လိုချင်သလောက်လာရောက်သယ်ယူသုံးစွဲလျက်ရှိပြီး ဌာန မှလည်း သယ်ယူသုံးစွဲခွင့်ပြုထားပါတယ်။

မွန်ပြည်နယ်အတွင်းရှိ ရေလှောင်တမံအသီးသီးမှ အထက်တွင် ဖော်ပြထားသကဲ့သို့ ပုံမှန်ရေပေးဝေလျက်ရှိပြီး ရေရှည်တွင်လည်း ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များရှိနေပါတယ်။ ပုံမှန်အစီအစဉ်နှင့်ရေရှည်အစီအစဉ်များအတွက် သောက်သုံးရေပေးဝေနိုင်ရန် မွန်ပြည်နယ်အတွင်းရှိ ရေလှောင်တမံများတွင် ဆည်ရေအလုံအလောက်ရှိပါကြောင်း ပြန်လည်ဖြေကြားရင် နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးအောင်ကျော်သူ(သထုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၂)။** ဥက္ကဋ္ဌကြီးခင်ဗျား၊ ထပ်ဆင့်မေးခွန်းမေးမြန်းခွင့်ပြုပါခင်ဗျား။လေးစားအပ်ပါသောပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား၊ကျွန်တော်ကတော့ သထုံမြို့နယ် ၊မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သူဖြစ်ပါတယ်။

ခုနကကျွန်တော်မေးတဲ့မေးခွန်းမှာပါပါတယ်။ အဓိကတော့ကျွန်တော်တို့ မွန်ပြည်နယ်မှာဆည်မြောင်း၊ တာတမံ၊ အမြောက်အများ ရှိနေသည့်အတွက် ရေအရင်းအမြစ်မှာ လုံလောက်စွာရှိနေပါတယ်။သို့ပေမဲ့ ရေဖြန့်ဝေရေးကို ဦးစီးဆောင်ရွက်တဲ့ဌာနကတော့ စည်ပင်သာယာရေးဌာန ဖြစ်ပြီးတော့ ရေဖြန့်ဝေမှုစနစ်တွင် အားနည်းချက်၊ အားသာချက်နှင့် ရေရှည်အတွက် မည်သို့မည်ပုံစီစဉ်ဆောင်ရွက်သည်ကို သိရှိလိုပါတယ်။နောက်တစ်ချက်ကတော့ ကျွန်တော်တို့ သထုံမြို့တွင်ပင်လျှင် ဝါးပါးဆည်ရေဖြန့်ဝေရေးစနစ်ဖြင့် ရောက်ရှိနေသောရေပိုက်လိုင်းများ၏ နံပါတ်(၁)ချက် ပြည်သူလူထု၏ ကျန်းမာရေးအတွက် သန့်ရှင်းမှုရှိ/မရှိ၊ နံပါတ်(၂)ချက်က ရေဖြန့်ဝေရေးစနစ်၏ အရင်းအမြစ် ဖြစ်သော ဝါးပါးဆည်အတွက် ရေသန့်မှုတစ်ဆင့်

ဖြန့်ဝေ ရာတွင် ကျွန်တော်တို့ ကျန်းမာရေးနှင့်ညီညွတ်သောရေဖြစ်နိုင်ရန် (ကလိုရင်း)ဆေးခတ်ထားခြင်း ရှိ/မရှိအဲဒီအချက်များကို ထပ်မံသိရှိလို ပါတယ်။

ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာဝန်ကြီးမှ ဖြေကြားပေးပါအုံးရှင်။

**ဦးထွန်းဌေး(စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား၊ ကျွန်တော်ကတော့ သထုံ မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးအောင်ကျော်သူ မေးမြန်းသွားတဲ့ ထပ်ဆင့်မေးခွန်းကိုဖြေကြားသွားမှာဖြစ်ပါတယ်။

လက်ရှိ ကျွန်တော်တို့ မွန်ပြည်နယ်အတွင်းမှာရှိသော ဆည်များအနေနဲ့ ရေအရင်းအမြစ်ကလုံလောက်တဲ့ အခြေအနေရှိပါတယ်။ သို့သော်ရေအရင်း အမြစ်အနေဖြင့် မွန်ပြည်နယ်အတွင်း မြို့နယ်တော်တော်များများတွင် တည်ဆောက်ထားသော ဆည်မြောင်းများမှတစ်ဆင့် မွန်ပြည်နယ်အတွင်း လုံလောက်သော ရေအရင်းအမြစ်များရရှိရေးအတွက် အဆင်သင့်အလုံ အလောက်ဖြန့်ဝေပေးနိုင်မှုအတွက် ကြိုတင်အစီအမံများလည်း လိုအပ် လျက်ရှိတာကိုလည်း လက်ခံပြီးလည်းဖြစ်ပါတယ်။ လက်ရှိအခြေအနေဖြင့် ကျွန်တော်တို့ မွန်ပြည်နယ်မှာဆို မုဒုံမြို့နယ်တွင် ဝင်းဖနုံဆည်သည် ရေသိုလှောင်မှုပမာဏ အလားအလာအကောင်းဆုံး ရေအရင်းအမြစ် ဆည်တစ်ခုလဲ ဖြစ်ပါတယ်။ သို့သော် လက်ရှိဝင်းဖနုံဆည်ရေကို အမှီပြု ပြီးတော့ စိုက်ပျိုးရေးလုပ်ကိုင်ဆောင်ရွက်နေကြသော လယ်ယာစိုက်ပျိုးရေး

လုပ်ငန်းများ၊ နွေစပါးစိုက်ပျိုးရေးလုပ်ငန်းများကို လယ်ယာလုပ်သားရှားပါးကာ လယ်ယာလုပ်ငန်းခွင်ကို စွန့်ခွာနေကြတာတွေ့ရှိ ရပါတယ်။

ဒါကြောင့် ဒီရာသီမှာကျွန်တော်တို့ရဲ့ ဝင်းဖနုံဆည်ရေရဲ့အနေအထားက ကျွန်တော်တို့ ပတ်ဝန်းကျင်ကျေးရွာများနှင့်မြို့နယ်များကို ဖြန့်ဖြူးပေးနိုင်ရန် လုံလောက်တဲ့အတွက်ကြောင့် လာမည့်နှစ်ပိုင်းမှစတင်ပြီး ကျွန်တော်တို့ အနေနဲ့ စည်ပင်သာယာရေးရဲ့ စီမံခန့်ခွဲမှုအောက်တွင် ပူးပေါင်းတွဲဖက်၍ ဂျပန်နိုင်ငံ၊ JACA မှ ODA ချေးငွေဖြင့် သံဖြူဇရပ်မြို့နယ်ထိ ရေမြောင်းသွယ်ခြင်း လုပ်ဆောင်တဲ့လုပ်ငန်းကို မကြာခင်စတင်နိုင်မှာဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့်မွန်ပြည်နယ်တောင်ဘက်မှာရှိတဲ့ သံဖြူဇရပ်နှင့် ရေးကဲ့သို့သော ရေအရင်းအမြစ်လုံးဝမရှိဘဲနဲ့ နွေရာသီအခက်အခဲအလွန်တရာကျရောက်နေသော ဒေသများသို့လည်း ရေရှည်မှာအစီအစဉ်များကို ရေးဆွဲချမှတ်ထားပြီးလည်းဖြစ်ပါတယ်။

သံဖြူဇရပ်မြို့ကို ရောက်ရှိလာတဲ့ ရေသွယ်မြောင်းမှတစ်ဆင့်ရောက်လာမဲ့ (သို့မဟုတ်)ရေပိုက်လိုင်းမှတစ်ဆင့် ရောက်လာမဲ့သောက်သုံးရေများကိုလည်း သံဖြူဇရပ်မှတစ်ဆင့် ရေရှားပါးသော ရေငန်ဝင်ရောက်သော ကျေးရွာများဖြစ်တဲ့ ကျိုက္ခမီ၊ ကျုံကဒတ်ကဲ့သို့သောကျေးရွာမြို့ရွာသို့ ဆက်လက်သွယ်တန်းမည့် အစီအစဉ်လဲရှိပါတယ်။ အဲဒီမှာကိုယ်စားလှယ်မေးမြန်းသွားတဲ့ ဆည်ရေသောက် အရင်းအမြစ်ကတစ်ဆင့် ကျေးရွာများကို ဖြန့်ဝေပေးပို့တဲ့အခါ လိုအပ်နေတဲ့ရေသွယ်မြောင်းနှင့်ပတ်သက်နေတဲ့ ပိုက်လိုင်းတွေ အနေအထား အတွက်လည်း ဒီကိစ္စကို မြို့ရွာများကို သွယ်ယူတဲ့အခါ အဓိကအားဖြင့် မြို့နယ်နှင့်သက်ဆိုင်တဲ့ မြို့နယ်စည်ပင်သာယာရေးဌာနအနေနဲ့ ဦးဆောင် ပူးပေါင်းဆောင်ရွက်ပြီးလုပ်ကိုင်နေတဲ့ အစီအစဉ်ဆောင်ရွက်ဖို့ ရှိပါတယ်။ မြို့ရွာများနှင့်လွဲပြီးတော့ ကျေးရွာဒေသများဆို ကျေးလက်ဒေသ

ဖွံ့ဖြိုးရေး ဦးစီးဌာနကနေတစ်ဆင့် တွဲဖက်ဆောင်ရွက်သွားဖို့လည်း ရှိပါတယ်။ ကျန်းမာရေးနှင့်ညီညွတ်သော သောက်သုံးရေဖြစ်ဖို့(ကလိုရင်း) ဆေးခပ်သောဆည်ရှိသကဲ့သို့ တစ်ချို့ဆည်တွေမှာရှိ/မရှိဆိုတာ သေချာ ကြည့်ပြီး ဆောင်ရွက်သွားရပါမယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမင်းအောင်ကို မေးခွန်းမေးဖို့ ဖိတ်ခေါ်ပါတယ်ရှင်။

**ဦးထွန်းမင်းအောင်(ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၁)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ကြွရောက်လာကြသော လူကြီးမင်းများခင်ဗျား၊ ကျွန်တော်ကတော့ ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမင်းအောင် ဖြစ်ပါတယ်။

ကျွန်တော်မေးမြန်းလိုတာကတော့၊ ပေါင်မြို့နယ်၊ အလှပ်ကျေးရွာမှာ ဖြစ်ပေါ်နေတဲ့သဘာဝဘေးအန္တရာယ်မကျရောက်မီ ယာယီရေငန်တားတမံ အချိန်မီပြီးစီးရေး၊ ကြံ့ခိုင်မှုရှိစေရေးနှင့်စပ်လျဉ်းပြီးတော့ မေးမြန်း သွားဖို့ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့မေးမြန်းချက်ကို ပိုပြီး Highlight ဖြစ်စေဖို့အတွက် အနည်းငယ်ရှင်းပြပါရစေ။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား၊ အလှပ် ကျေးရွာဟာဆိုရင် ပင်လယ်နှင့်ထိစပ်လျက်ရှိပြီးတော့ ပင်လယ်ဒီလှိုင်း တက်သောရက်များတွင် အချိန်မရွေး အန္တရာယ်ကျရောက်နိုင်သော ဧရိယာ

ရှိနေပါတယ်။ အဲဒီဧရိယာကတော့ ပေ(၃၀၀၀)ခန့်ရှိပါတယ်။ အဲဒီဧရိယာကို ပြည်သူများ ၂၀၁၃-၂၀၁၄မှာဆိုရင် ကိုယ်ထူကိုယ်ထစနစ်နဲ့ တားဆီးခဲ့ရပါတယ်။ ၂၀၁၅မှာဆိုရင်လည်း ကိုယ်ထူကိုယ်ထစနစ်၊ မြို့နယ်စည်ပင်မှ (၁၅)သိန်းတန် ထောက်ပံ့ကြေးတစ်ခေါက်ရရှိခဲ့ပါတယ်။ ၂၀၁၆မှာဆိုရင်လည်း မတ်လကနေစပြီးတော့ ကျေးရွာနေပြည်သူလူထုက ထည့်ဝင်ငွေသိန်း (၇၀)တန် မြေသားဖို့ခဲ့ပါတယ်။ ဧပြီလမှဆိုရင်လည်း ကျောက်ကြီး(၂၅) သိန်းခန့်ဝယ်ပြီးတော့ ကိုယ်ထူကိုယ်ထလုပ်ခဲ့ရပါတယ်။ မေလမှာ မြို့နယ် စည်ပင်ကနေပြီးတော့ (၂၅)သိန်းကျောက်ဖိုး ရရှိခဲ့ပါတယ်။ သို့ပေမဲ့လည်း ယခုအချိန်ထိ ပြီးစီးမှုမရှိသေးပါဘူး။ ဘာကြောင့်လဲဆိုတော့ ပြည်သူများ ခက်ခက်ခဲခဲနဲ့ ရေင်တားတမံကို လူအားနဲ့ ပေ(၂၀၀)လောက်ကို ကြီးတဲ့ ကျောက်တွေနဲ့ တစ်ယောက်ချင်းတစ်ယောက်ချင်းသယ်နေရတဲ့ အတွက်ကြောင့် ပြည်သူတွေအခက်အခဲ တော်တော်လေး ဖြစ်နေပါတယ်။ အဲဒီအခက်အခဲ တွေကို ပြည်သူတွေလုပ်နေတဲ့ပုံကို Projector နဲ့ တင်ပြပါမယ်။ လောလောဆယ်တော့ အခက်အခဲကြောင့် Tea Break ပြီးမှ Video File နဲ့ထိုးပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား၊ဥက္ကဋ္ဌကြီး မှတစ်ဆင့် ကျွန်တော့်မေးမြန်းလိုတာကတော့ ကျေးရွာပြည်သူလူထု၏ အသက်အိုးအိမ်များ စိတ်ချလုံခြုံမှုရှိစေရေးအတွက် ယခုနှစ် မိုးရာသီမတိုင်မီ သဘာဝဘေးအန္တရာယ်မကျရောက်မီ **(ယာယီရေငန်တားတမံ)**အချိန်မီ ပြီးစီးရေးနှင့် ကြံ့ခိုင်မှုရှိစေရေးတို့တွင် ပြည်နယ်အစိုးရအနေဖြင့် မည်ကဲ့သို့ ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်မည်ကို သိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာဝန်ကြီးမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးထွန်းဌေး(စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ပေါင်မြို့နယ်၊ အလှပ်ကျေးရွာ အနောက်ပိုင်းနှင့်ကပ်လျက်ရှိသော ယာယီရေငန်တားတမံအား အချိန်မီပြီးစီးရေးနှင့် ကြံ့ခိုင်မှုရှိရေးတို့တွင် မည်ကဲ့သို့ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်မည့်အခြေအနေကို ဖြေကြားပေးရန် မေးထားသောမေးခွန်းအား မွန်ပြည်နယ်စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဌာနအနေဖြင့် ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

ပေါင်မြို့နယ်၊ အလှပ်ကျေးရွာ၊ ရေငန်တားတမံတည်ဆောက်ခြင်းလုပ်ငန်းအား ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်၊ လာမည့်ပွင့်လင်းရာသီတွင် မွန်ပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ်(၄၅၆)သန်းဖြင့် အရှည်ပေ(၁၂၀၀) တည်ဆောက်သွားမှာဖြစ်ပါတယ်။ ၎င်းလုပ်ငန်းတွင် လက်ရှိတာ အကျယ်တိုးချဲ့ခြင်း၊ မျောရိုက်ကျောက်ဖြည့်လှိုင်းကာတန်းများ တည်ဆောက်ခြင်းလုပ်ငန်းများ ပါဝင်ပါတယ်။ လုပ်ငန်းဆောင်ရွက်ရန် အချိန်(၃)လခန့်ကြာမြင့်မှာဖြစ်ပါတယ်။ ဤလုပ်ငန်းကို အခုအချိန်မှာ မိုးရာသီကာလသို့လည်း ရောက်ရှိနေပြီဖြစ်ပါသဖြင့် တာတမံအား အချိန်မီ ပြီးစီးအောင်နှင့်ခိုင်ခံ့အောင် ဆောင်ရွက်သွားနိုင်မည်မဟုတ်ပါ။ ဤလုပ်ငန်းကိုလာမည့်ပွင့်လင်းရာသီတွင် အချိန်ယူပြီးသေချာစွာစီမံဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်မေးမြန်းထားတဲ့ ပေါင်မြို့နယ်၊ အလှပ်ကျေးရွာ၊ ယာယီရေငန်တားတမံတည်ဆောက်ခြင်းလုပ်ငန်းအား ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ယခုလောလောဆယ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိသေးပါ။ ယာယီရေငန်တားတမံဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်/ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ သို့မဟုတ် ဒေသအစီအစဉ်

ဖြင့်သာ ဆောင်ရွက်သင့်ပါကြောင်း ပြန်လည်ဖြေကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးထွန်းမင်းအောင်(ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၁)။** ဥက္ကဋ္ဌကြီးခင်ဗျား၊မွန်ပြည်နယ်လွှတ်တော် အခြေခံဥပဒေပုဒ်မ၁၀၈ ပုဒ်မခွဲ(က)အရ ဖြေကြားသောအဖြေကို ရှင်းလင်းစေရန်အလို့ငှာ တစ်ဆက်တည်း မေးခွန်းမေးမြန်းနိုင်ပါတယ်လို့ ဖော်ပြထားပါတယ်။ ထပ်ဆင့်မေးမြန်းခွင့်ပြုပါ။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား၊ ကျွန်တော်ကတော့ ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမင်းအောင် ဖြစ်ပါတယ်။

သက်ဆိုင်ရာဝန်ကြီးဖြေကြားသွားတဲ့ လာမည့်ပွင့်လင်းရာသီမှာ နိုင်ငံတော်က ကျပ်သန်းပေါင်း(၄၅၆၀)ကုန်ကျခံပြီးတော့ နှစ်စဉ်အန္တရာယ်ရှိနေတဲ့အချိန်မရွေးကျရောက်နိုင်တဲ့ရေငန်တားတမံကိစ္စကို လုပ်ဖို့အတွက် ကျွန်တော်လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ သိရှိထားပြီးဖြစ်ပါတယ်။ ကျေးရွာလူကြီးကနေတစ်ဆင့်သိရှိထားပြီးဖြစ်ပါတယ်။ကျွန်တော်အခုမေးတဲ့ မေးခွန်းကနှစ်စဉ်ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့်တကွ စာသင်ကျောင်း၊ ဆေးရုံကအစ တစ်ရွာလုံးအချိန်မရွေး ဒုက္ခရောက်နိုင်တဲ့ အတွက်ကြောင့် မိုးတွင်းမှာအစိုးရရဲ့ဘတ်ဂျက်နဲ့လုပ်မည့် နွေရာသီမှာ မလုပ်ခင် မိုးရာသီအတွက် ရွာသားတွေခက်ခက်ခဲခဲ ပင်ပင်ပန်းပန်းနှင့် လုပ်နေရတဲ့ကိစ္စကို ကျွန်တော့်အနေနဲ့ ပြည်နယ်အစိုးရကနေပြီးတော့ တတ်နိုင်တဲ့ဘက်က ပံ့ပိုးဖို့အတွက် မေးခွန်းမေးရခြင်းဖြစ်ပါတယ်။

ရည်ရွယ်ချက်က သူတို့ရဲ့လိုလားချက်၊ တောင်းဆိုချက်ကအကျဉ်းချုပ် တင်ပြရရင်အစိုးရအနေဖြင့် အခက်အခဲသိပ်ရှိမယ်မထင်ပါဘူး။ ကျောက်သယ်ကားတွေ၊ဘက်ဟိုးအငယ်တစ်စီး၊ ဘိလပ်မြေ သိန်း(၅၀)ဖိုး၊ အိတ်(၁၀၀၀)က လောလောဆယ် ဒီမိုးတွင်းမှာ တစ်ရွာလုံးဒုက္ခမရောက် အောင် ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ဒုက္ခမရောက်အောင် ပြည်နယ်အစိုးရမှာ တာဝန်ရှိတဲ့အတွက်ကြောင့် အစိုးရကိုအားကိုးတကြီး အစိုးရကပံ့ပိုးပေးနိုင်မဲ့ အတိုင်းအတာကိုယာယီရေငန်တားတမံ အချိန်မီ ပြီးစီးဖို့ မိုးတွင်းမှာဒုက္ခမရောက်ဖို့အတွက်ကို မေးမြန်းလိုခြင်းဖြစ်ပါတယ်။ အဲအတွက်ကြောင့် ရှင်းရှင်းလင်းလင်း ဘာမေးချင်လဲဆိုတော့ ပြည်နယ် အစိုးရအနေနဲ့ ယာယီရေငံတားတမံကို မိုးတွင်းမှာပြုလုပ်ဖို့ကိစ္စမှာ ပံ့ပိုး ကူညီနိုင်မလား၊ ပံ့ပိုးမပေးနိုင်ဘူးလားဆိုတာ ရှင်းရှင်းလင်းလင်း ဖြေကြား ပေးစေလိုပါတယ်။

ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာဝန်ကြီးမှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးထွန်းငွေ(စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် အပေါင်းတို့ခင်ဗျား၊ကျိုက်ထိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးထွန်းမင်းအောင်မေးမြန်းသွားတဲ့ ထပ်ဆင့်မေးခွန်းကိုဖြေကြားသွားမှာဖြစ်ပါတယ်။

ဆက်စပ်မေးခွန်းနှင့်ပတ်သက်ပြီး မွန်ပြည်နယ်စိုက်ပျိုးမွေးမြူရေးနှင့်ပို့ဆောင် ဆက်သွယ်ရေးဌာနအနေဖြင့် ပြန်လည်ဖြေကြားအပ်ပါတယ်။ လက်ရှိအလုပ် ကျေးရွာ ရေငန်တားတမံဆောင်ရွက်ရန်ကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော့်

အနေဖြင့် ကြီးကြပ်ကွပ်ကဲမှုဌာနတစ်ခုအနေဖြင့် ဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့်လည်း အကြိမ်ကြိမ်ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ပြည်သူများမှ တင်ပြသော ၎င်းရေငန်တားတမံအတွက် လိုအပ်နေသော ယခုမိုးရာသီအတွင်း ကြုံတွေ့လာနိုင်တဲ့လှိုင်းရိုက်တဲ့ဘေးအန္တရာယ်၊ ဒီရေတက်လာမည့်ဘေးအန္တရာယ်များနှင့်လည်းကြုံတွေ့လာမည်ဆိုရင် အရန်အတားသဘောဖြင့် ကျေးရွာအတွက်လိုအပ်သော အထောက်အပံ့များရရှိစေရန်အတွက်လည်း ကျွန်တော့်အနေဖြင့် မေးမြန်းဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

သို့သော်ဆည်မြောင်းဦးစီးဌာနအနေဖြင့် ရေငန်တားတမံကိုဘတ်ဂျက်သုံးငွေအဖြစ် တည်ဆောက်မည့်ကာလသည် မိုးတွင်းကာလတွင်လည်း စတင်ရန်လွယ်ကူတဲ့ အခြေအနေမဟုတ်ကြောင်း ၎င်းတို့အနေဖြင့်ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ပါတယ်။

မိုးတွင်းမှာတည်ဆောက်မည်ဆိုပါက ၎င်းရေငန်တားတမံရဲ့ ကြံ့ခိုင်မှုနှုန်းကိုလည်း လုံးဝအပြည့်အဝရရှိမည်မဟုတ်ကြောင်း၊ ဒါကြောင့် ပွင့်လင်းရာသီမှာ ပြီးမြောက်အောင်ဆောင်ရွက်သွားဖို့လည်း (၃)လအတွင်း တင်ပြထားပြီးဖြစ်ပါတယ်။ နှစ်စဉ်ကြုံတွေ့နေကျ အမြင့်ဆုံးဒီရေတက်ကာလဖြစ်တဲ့ သီတင်းကျွတ်ကာလအတွင်းမှာဆိုရင် အကယ်၍ ဒီလိုအခြေအနေမျိုးမှာ ကျွန်တော်တို့ ဒီရေငန်တားတမံကို ငွေကြေးတစ်စုံတစ်ရာဖြင့် တည်ဆောက်ထားမည်ဆိုပါကလည်း လှိုင်း၏ရိုက်ခတ်မှုဒဏ်ကြောင့် ရေငံတားတမံယာယီအနေအထားကြောင့် ကြံ့ခိုင်မှုမရှိတာကြောင့် ကုန်ကျခံထားသောငွေကြေးသည်လည်း အလဟဿဆုံးရှုံးသွားမှာကို တွက်ဆထားပြီးဖြစ်ပါတယ်။

ဒါကြောင့်မိုးတွင်းကာလကုန်ပြီးမှ လာမည့်ပွင့်လင်းရာသီမှာအမြန်ဆုံး အခိုင်မာဆုံးအနေအထားနှင့် အကောင်းဆုံးဖြစ်အောင်တည်ဆောက်သွားဖို့ရှိပါတယ်။ လတ်တလောမှာ တည်ဆောက်ရေးအခက်အခဲကြောင့်

ယာယီရေငံတားတမံအတွက် သုံးစွဲမည့်ငွေကြေးများလည်း အလဟသသ မဆုံးရှုံးစေချင်တဲ့အတွက်ကြောင့် လတ်တလောယာယီရေငန်တားတမံ အတွက် ဆောင်ရွက်ဖို့အစီအစဉ်မရှိသေးကြောင်း ပြန်လည်ဖြေကြား ပါတယ်။

ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဇော်ထူးကို မေးခွန်းမေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဇော်ထူး(ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၂)။** လေးစားအပ် ပါသောပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား၊ ကျွန်တော်ကတော့ ပေါင်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဇော်ထူးဖြစ်ပါတယ်။ ကျွန်တော်တို့ ပေါင်မြို့နယ်သည် မြန်မာနိုင်ငံတွင်ရေအရှားပါးဆုံးမြို့နယ် များတွင် တစ်မြို့ပါဝင်ပါတယ်။ နှစ်စဉ်နှစ်တိုင်း ရေအလှူရှင်များ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများ နှစ်စဉ်နှစ်တိုင်း သွားရောက်လှူဒါန်း နေကြရပါတယ်။

သို့သော်လည်း ပြည်သူလူထု၏ရေလိုအပ်ချက်ကို နှစ်စဉ်ဖြေရှင်း ဆောင်ရွက်နေရသည်ကို တွေ့ရှိရပါတယ်။ ဒီလိုသာနှစ်စဉ်ဖြေရှင်းနေမည် ဆိုပါက ငွေသာကုန်ပြီး လူထုအတွက်ရေရှည် အကျိုးစီးပွားမဖြစ်ထွန်းနိုင်ပါ။

ကိန်းဂဏန်းအချက်အလက်များကိုကြည့်လျှင် တစ်နှစ်ငွေကြေး မြောက်များစွာကုန်ကျနေမည်ကို တွေ့ရမည်ဖြစ်ပါတယ်။ ဒါကြောင့် ဒီကိစ္စမျိုးကို ရေရှည်ဖြည့်ဆည်းဆောင်ရွက်ရန်လိုပါတယ်။ တစ်ခါ အကုန်

အကျခံရုံဖြင့်ရေရှည်အကျိုးစီးပွားကိုအားပေးသည့် အဝီစိတွင်းတူး၊ ရေစင် ဆောက်၍ပေးဝေခြင်းဖြင့်ဆောင်ရွက်ပါက ငွေကြေးများကို တစ်ခြား လိုအပ်သည့်နေရာတွင် အကျိုးရှိစွာသုံးနိုင်မည်ဖြစ်သကဲ့သို့ ရေလိုအပ် လျက်ရှိသော ကျေးရွာများတွင်လည်း နှစ်စဉ်အသုံးပြုနိုင်မည်ဖြစ်ပါသဖြင့် ခုချိန်ရက် (၁၀၀) စီမံကိန်းတွင် ထည့်သွင်းရေးဆွဲ သင့်ပါကြောင်း အစိုးရ အဖွဲ့အား တိုက်တွန်းအကြံပေးလိုပါသည်ခင်ဗျာ။ ဒါကြောင့် (ရက်၁၀၀) စီမံကိန်းတွင် ထည့်သွင်းဆောင်ရွက်မှုအခြေအနေကို ပြန်လည်ဖြေကြား ပေးစေလိုပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာဝန်ကြီးမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးထွန်းဌေး(စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး)။** ပြည်သူလုထု၏ ရေလိုအပ်ချက်ကို နှစ်စဉ်ဖြေရှင်းဆောင်ရွက်နေရသဖြင့် ရေရှည်ဖြည့်ဆည်းဆောင်ရွက်ရန် ရက်(၁၀၀)စီမံကိန်းတွင် ထည့်သွင်း ဆောင်ရွက်မှုအခြေအနေကို ဖြေကြားပေးရန် မေးထားသောမေးခွန်းအား မွန်ပြည်နယ်စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန အနေဖြင့် ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ပေါင်မြို့နယ်၊ ၂၀၁၂-၂၀၁၃ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ(၄)ရွာ၌ အဝီစိတွင်းနက်(၁)တွင်း၊ မြေသားရေကန်(၁)ကန်၊ လက်တူးတွင်း(၂)တွင်း၊၂၀၁၃-၂၀၁၄ခု၊ ဘဏ္ဍာရေးနှစ်တွင်ကျေးရွာ(၂)ရွာ၌

အဝီစိတွင်းနက်(၁)တွင်း၊ မြေသားရေကန်(၁)ကန်၊ ၂၀၁၄-၂၀၁၅ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ(၆)ရွာ၌ မြေသားရေကန်(၆)ကန်၊ ၂၀၁၅-၂၀၁၆ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ(၄)ရွာ၌ အဝီစိတွင်းနက်(၃)တွင်း၊ မြေသားရေကန်(၁)ကန်၊ စုစုပေါင်းရေပေးဝေရေးလုပ်ငန်း(၁၆)ခုကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။

၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်တွင် ရေတွင်းကုန်းကျေးရွာတွင် အဝီစိတွင်းနက်(၁)တွင်းနှင့် နတ်ကြီးချောင်း-ဥက္ကံ စိမ့်စမ်းရေသွယ်တန်းခြင်း လုပ်ငန်း(၁)ခု၊ လုပ်ငန်းတန်းဖိုးပေါင်း(၄၆. ၅)ကျပ်သန်းတို့ ဆောင်ရွက်မည် ဖြစ်ပါတယ်။ ထို့ပြင်ရက်(၁၀၀)စီမံချက်တွင် ရေရှားပါး၍ရေပေးဝေနေရသည့် ကျေးရွာ(၄)ရွာ၌ မြေသားရေကန်(၄)ကန်ကို ဆောင်ရွက်လျက်ရှိပါတယ်။ ရေရှည်ဆောင်ရွက်မှုအနေဖြင့် ရေပေးဝေခဲ့သည့်ကျေးရွာများ၌ နှစ်စဉ်ရေပြတ်လပ်မှုအခက်အခဲမရှိစေရေးအတွက် ရေတွင်းရေကန်များ အနက် ထပ်မံချဲ့ထွင်တူးဖော်ပေးခြင်း၊ ကျေးရွာရှိလူဦးရေနှင့်လုံလောက်သည့် ရေရရှိနိုင်ရန်အတွက် မြေသားရေကန်များအသစ်တူးဖော်ဆောင်ရွက်ခြင်း အစီအမံများရေးဆွဲလျက်ရှိပြီး ရန်ပုံငွေရရှိရေးအတွက်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)သို့ ဆက်လက်တင်ပြတောင်းခံသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ပေါင်မြို့ပေါ်တွင် ကဒုံစီး၊ ကဒါ၊ ပေါင်းရပ်ကွက်နှင့် မိုးနိုင်းရပ်ကွက်ဟူ၍ ရပ်ကွက်(၄)ရပ်ကွက်ရှိပြီး အိမ်ခြေ စုစုပေါင်း(၄၄၀၀)ခန့်ရှိပါတယ်။ ပေါင်မြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့ အနေဖြင့် မြို့ပေါ်ရပ်ကွက်များရေရရှိရေးအတွက် ကုလားမတောင်ပေါ်ရှိ ဂါလန်(၁၀၀၀၀၀)ဆန့် ရေလှောင်ကန်မှ စိမ့်စမ်းရေကို အလိုအလျောက် စီးဆင်းသော (Gravity Flow)စနစ်ဖြင့် ရေပေးဝေလျက်ရှိပြီး ပြည်သူ လူထုမှ ကိုယ်ပိုင်လက်တူးတွင်း၊ အဝီစိတွင်း၊ အများသုံးမိုးရေလှောင် ကန်များမှရေကို ရယူသုံးစွဲလျက်ရှိပါတယ်။

ပေါင်မြို့ပေါ် ရပ်ကွက်များအနက် မိုးနိုင်းရပ်ကွက်သည် နွေရာသီ ရေရှားပါးမှုမရှိဘဲ ကဒုံစီးရပ်ကွက်၊ ဒေးဗိန်စုတွင် အိမ်ခြေ(၂၀၀)ခန့်၊ ကဒါ ရပ်ကွက်၊ ကဒါမြို့သစ်တွင် အိမ်ခြေ(၄၀၀)ခန့်နှင့် ပေါင်းရပ်ကွက်၊ ထန်းတောစုတွင် အိမ်ခြေ(၂၀၀)ခန့်၊ စုစုပေါင်းအိမ်ခြေ(၈၀၀)ခန့်သည် ဧပြီလဆန်းမှ မေလလယ်အထိ သောက်သုံးရေရှားပါးမှုနှင့်ကြုံတွေ့ရလေ့ရှိသဖြင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ အလှူရှင်များမှ တစ်ရက်လျှင် ရေဂါလန် (၁၀၀၀၀)ခန့် နေ့စဉ်ကူညီပေးလျက်ရှိပါတယ်။

ပေါင်မြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့အနေဖြင့် လက်ရှိဆောင်ရွက်နေသော ရေအရင်းအမြစ်သည် စိမ့်စမ်းရေဖြစ်၍ နွေရာသီတွင်ရေလုံလောက်စွာပေးဝေနိုင်မှုမရှိပါ။ ရေအရင်းအမြစ်ခိုင်မာသော ကတိုက်ဆည်မှ ရေသွယ်ယူသုံးစွဲမည်ဆိုပါက ခရီးအကွာအဝေးအရ ကုန်ကျစရိတ်များပြားနိုင်ပါတယ်။ ဒုတိယစီမံကိန်းအနေဖြင့် မြို့ပေါ်ရေရရှိနိုင်မည့်မြေနေရာများတွင် (၄)စက်ရေတွင်းတူးဖော်၍ ၎င်းတို့မှထွက်ရှိသောရေကိုစုဆောင်းကာ အမြင့်တင်ရေစင်များမှတစ်ဆင့် မြို့ပေါ်ရပ်ကွက်များသို့ ရေပေးဝေနိုင်ရေးကိုလည်း စီမံချက်ရေးဆွဲထားပြီးဖြစ်ပါတယ်။ စည်ပင်သာယာရေးအဖွဲ့များသည် စည်ပင်သာယာနယ်နမိတ်အတွင်းရရှိသော အခွန်၊ အခ၊ အကောက်များဖြင့် ဝန်ဆောင်ရွက်ပေးရသည်ဖြစ်ရာ ငွေကြေးအကုန်အကျများသောစီမံကိန်းများ အကောင်အထည်ဖော်နိုင်ရေးအတွက် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် အခက်အခဲရှိပါ၍ နိုင်ငံတော်မှကူညီထောက်ပံ့မှု၊ အလှူရှင်၊ ချေးငွေများဖြင့်သာ ဆောင်ရွက်နိုင်မည်ဖြစ်ပါတယ်။

၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်တွင်ပေါင်မြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့မှ ပေါင်းရပ်ကွက်ရှိပျက်စီးနေသော ရေပိုက်လိုင်းဟောင်းများလဲလှယ်ခြင်းလုပ်ငန်းကို ငွေကျပ်(၂၄)သိန်းဖြင့်ဆောင်ရွက်ရန်လျာထားခဲ့ပြီး ယခုရက်ပေါင်း(၁၀၀)အတွင်း မိုးမကျမီရေစီးရေလာကောင်းမွန်ရေးနှင့်

လမ်းများပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်နေရသဖြင့် နောင်ပွင့်လင်းရာသီတွင် ရေပိုက်လိုင်းအစားထိုးလဲလှယ်ခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

မွန်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးအနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်သည့်မြို့နယ်များတွင် ဒေသလိုအပ်ချက်များအား စီမံကိန်းများရေးဆွဲလျာထား၍ ပြည်နယ်အစိုးရအဖွဲ့နှင့် နယ်စပ်ရေးရာဝန်ကြီးဌာနသို့ တင်ပြ၍ခွင့်ပြုချက်ရရှိသောလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျန်မြို့နယ်များအတွက် ဒေသခံများ၊ တိုင်းရင်းသားအဖွဲ့အစည်းများ၊ မြို့နယ်ဌာနအဖွဲ့အစည်းများ တင်ပြသည့်လုပ်ငန်းများအပေါ် အလားတူတင်ပြခွင့်ပြုချက်ရရှိပါက အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ချောင်းဆုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ဒေါ်ကြည်ကြည်မြကို မေးခွန်းမေးဖို့ ဖိတ်ခေါ်ပါတယ်ရှင်။

**ဒေါ်ကြည်ကြည်မြ(ချောင်းဆုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၂)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ရှင်၊ ကျွန်မကတော့ ချောင်းဆုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြည်ကြည်မြဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်၊မေးမြန်းလိုတာတော့ ဘီလူးကျွန်းချောင်းဆုံမြို့နယ် အတွင်း ကိုယ်ထူကိုယ်ထမီးလင်းရေးကိစ္စနှင့်ပတ်သက်ပြီး မေးခွန်းမေးမြန်း သွားမှာ ဖြစ်ပါတယ်ရှင်။

ဘီလူးကျွန်းချောင်းဆုံမြို့နယ်ဟာ ပြီးခဲ့တဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေး နှစ်အတွင်း မဟာဓါတ်အားပေးလိုင်းမှတစ်ဆင့် မြစ်ကူးလျှပ်စစ်မီး သွယ်တန်းမှုဆောင်ရွက်နိုင်ခဲ့ပြီး ချောင်းဆုံမြို့နယ်၊ လျှပ်စစ်ဓါတ်အားခွဲရုံမှ တစ်ဆင့် ကျေးရွာအသီးသီးသို့ ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် (11KV) လိုင်းနှင့်ထရန်စဖော်မာများ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ သို့ရာတွင် ထိုထရန်စဖော်မာများမှတစ်ဆင့် ကျေးရွာတွင်(400V)လိုင်းများကို ကိုယ်ထူကိုယ်ထ စနစ်အားဖြင့် ဆောင်ရွက်ခဲ့ရပါတယ်။ဤသို့ ဆောင်ရွက် ရာတွင် ကျေးရွာအသီးသီးမှ မီးလင်းရေးကော်မတီများကို ဖွဲ့စည်းဆောင်ရွက် ခဲ့ကြပါတယ်။ ယခုအခါ ကျေးရွာအများစုကနေအိမ်သွယ်တန်းရေးနှင့် မီးလင်းရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပါသော်လည်း တစ်ချို့ကျေးရွာများတွင် မီးလင်းရေးကော်မတီများနှင့် ရွာသူ၊ ရွာသားများ အကြား ငွေကြေးကောက်ခံသုံးစွဲစာရင်း ပြုစုရှင်းလင်းချပြမှုအပိုင်းတွင် ပြဿနာများ ဖြစ်ပေါ်လျက်ရှိနေပါတယ်။

ဥက္ကဋ္ဌကြီးရှင်၊ လုပ်ငန်းတိုင်းတွင်ဒီမိုကရေစီစနစ်၏ အနှစ်သာရ ဖြစ်သော တာဝန်ယူမှုတာဝန်ခံမှုပွင့်လင်းမြင်သာမှုများရှိရန်လိုအပ်ပေသည်။ သို့ဖြစ်ပါ၍ ကျေးရွာအသီးသီးတို့၏ မီးလင်းရေးကော်မတီများမှ လိုက်နာ ဆောင်ရွက်ရမည့် မီးလင်းရေးမူပါသတ်မှတ်ချက်များနှင့် စည်းမျဉ်း၊ စည်းကမ်းများကို တိကျလိုက်နာကျင့်သုံးနိုင်ရေးအတွက် ကြီးကြပ်ပေးရန် အရေးကြီးပါတယ်။ ပြည်သူလူထုထည့်ဝင်ငွေများဖြင့်အကောင်အထည်ဖော် ဆောင်ရွက်နေသော ကျေးရွာမီးလင်းရေးကော်မတီအသီးသီး၏ တာဝန်ခံမှု နှင့် ပွင့်လင်းမြင်သာမှုအားနည်းခြင်းတို့ကြောင့် ပြဿနာများ တိုင်တန်းမှုများ

ဖြစ်ပေါ်လျက်ရှိရာ သက်ဆိုင်ရာအစိုးရအဖွဲ့ဝင်ဝန်ကြီးအနေဖြင့် မည်သို့ တာဝန်ယူကူညီဖြေရှင်းပေးမည်ကို ရှင်းလင်းတိကျစွာ ဖြေကြားပေးစေလို ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာဝန်ကြီးမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမင်းထင်အောင်ဟန်(လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီး)။** လေးစား အပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား၊ ကျွန်တော်ကတော့ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီး ဦးမင်းထင်အောင်ဟန်ဖြစ်ပါတယ်။ ကျွန်တော်က ချောင်းဆုံမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဒေါ်ကြည်ကြည်မြ မေးမြန်းသွားတဲ့မေးခွန်းနှင့်ပတ်သက်ပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား၊ မွန်ပြည်နယ်ကျေးရွာများ မီးလင်းရေးအတွက် (၁၁)ကေဗွီလိုင်း နှင့် ထရန်စဖော်မာများ တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့ပြီး ကျေးရွာများတွင် (၄၀၀)ဗို့ လိုင်းများကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်စေခဲ့ပါတယ်။

သို့ရာတွင် အချို့ကျေးရွာများမှ (၁၁)ကေဗွီလိုင်းနှင့် ထရန်စဖော်မာ များကိုပါ မီးလင်းရေးကော်မတီကဘဲ ကိုယ်ထူကိုယ်ထစနစ်ဖြင့်တည်ဆောက် လိုကြောင်း လျှောက်ထားလာပါက ပြည်ထောင်စုလျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာနမှ မီးလင်းရေးကော်မတီများ ဝန်ခံကတိပြုလိုက်နာရမည့်အချက် များကို ယခင်(၂၄)ချက်သတ်မှတ်ပေးခဲ့ပြီး(၁၇. ၆. ၂၀၁၄) ရက်နေ့တွင်

ဖြေလျော့မှုများကို ပြုလုပ်၍ (၁၂)ချက်သတ်မှတ်ခွင့်ပြုဆောင်ရွက်စေခဲ့ပါတယ်။ ၎င်းအချက်များမှာ အောက်ပါအတိုင်းဖြစ်ပါတယ်။-

(က) ဓာတ်အားလိုင်းတိုင်များသည် အောက်ပါအတိုင်း သတ်မှတ်ထားသော ကွန်ကရစ်တိုင်များဖြစ်ရမည် -

(၁) ၃၃ကေဗွီလိုင်းအတွက် အရည်အသွေးပြည့်မီသော ၁၂ မီတာကွန်ကရစ်တိုင်၊

(၂) ၁၁ကေဗွီလိုင်းအတွက် အရည်အသွေးပြည့်မီသော ၁၀ မီတာကွန်ကရစ်တိုင်၊

(၃) ၄၀၀ဗို့လိုင်းအတွက် အရည်အသွေးပြည့်မီသော ၉ မီတာကွန်ကရစ်တိုင်၊

(ခ) ဓာတ်အားလိုင်းကြိုးများသည် အောက်ပါအတိုင်း သတ်မှတ်ထားသည့် လိုင်းကြိုးများဖြစ်ရမည် -

(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနပိုင် (၃၃)ကေဗွီဓာတ်အားလိုင်းများမှ ဓာတ်အားရယူပါက ACSR 120mm$^2$ သို့မဟုတ် 150mm$^2$ ကြိုးကို အသုံးပြုရမည်၊

(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနပိုင် (၁၁)ကေဗွီဓာတ်အားလိုင်းများမှ ဓာတ်အားရယူပါက ACSR 95mm$^2$ကြိုးကို အသုံးပြုရမည်၊

(၃) ကျေးရွာအတွင်း (၄၀၀)ဗို့ဓာတ်အားလိုင်းများတည်ဆောက်မှုကို ဓာတ်အားပျောက်ဆုံးမှုလျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် အောက်ပါသတ်မှတ်ချက်များအတိုင်း ABC Cable များဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ABC Cable ဝယ်ယူရန်

ခက်ခဲမှသာ HDBC Wire များဖြင့် တည်ဆောက်သွားရပါမည်-

- (၃)သွင်(၅)ကြိုး (၄၀၀)ဗို့လိုင်းအတွက် ABC Cable 92mm², HDBC No.4
- (၃)သွင်(၄)ကြိုး (၄၀၀)ဗို့လိုင်းအတွက် ABC Cable 92mm², HDBC No.4
- (၃)သွင်(၃)ကြိုး (၂၃၀)ဗို့လိုင်းအတွက် ABC Cable 70mm², HDBC No.6
- (၁)သွင်(၂)ကြိုး (၂၃၀)ဗို့လိုင်းအတွက် ABC Cable 50mm², HDBC No.6
- လမ်းမီးကြိုးကို ABC Cable 35mm², HDBC No.8

(ဂ) သတ်မှတ်လက်တန်းနှင့် သတ်မှတ်အဆင့်မီကြွေသီးဖြစ်ရမည်၊

(ဃ)သတ်မှတ်ပုံစံအတိုင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက သတ်မှတ်ခွင့်ပြုထားသော ပြည်တွင်းလုပ်အဆင့်မြင့်ထရန်စဖော်မာကို အသုံးပြုရမည်။ နိုင်ငံခြားမှတင်သွင်းသော ထရန်စဖော်မာကို အသုံးပြုပါက လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ အရည်အသွေးစစ်ဆေးမှု ခံယူရမည်။ မီးကြိုး၊ မီးခလုတ်၊ မီးငုတ်များကို နီ၊ ဝါ၊ ပြာ(Red, Blue, Yellow Footing)အရောင်မှန်ကန်စွာ အသုံးပြုရမည်။ အခြားအရောင်လုံးဝမသုံးရ။ ထရန်စဖော်မာခွဲရုံငယ်အား သတ်မှတ်ထားသော ပုံစံအတိုင်းတည်ဆောက်ပြီး နှစ်တိုင်စင်ဖြင့် တည်ဆောက်၍ တိုင်ပတ်လည်အမြင့်(၅)ပေ သံဇာကာဖြင့် ကာရန်ကာအင်္ဂတေကြမ်းခင်းလောင်းထားရမည်၊

(င) လမ်းမီးများ ထည့်သွင်းဆောင်ရွက်ရမည်ဖြစ်ပြီး လမ်းမီးခ ကျခံရပါမည်၊

(စ) ဓာတ်အားပျောက်ဆုံးမှုလျော့နည်းရေးအတွက် သတ်မှတ်ချက်များအတိုင်း ကျေးရွာမှ ဆောင်ရွက်ရပါမည်။ ကျေးရွာအတွင်း ဓာတ်အား ပျောက်ဆုံးမှု(၁၀%)ကို ဌာနမှကျခံပေးမည်။ (၁၀%) ထက်ကျော်လွန်သော ဓာတ်အားပျောက်ဆုံးမှုကို ကျေးရွာမီးလင်းရေး ကော်မတီက ကျခံရမည်၊

(ဆ)မီးတိုင်၏အောက်ခြေတွင်သတ်မှတ်စံချိန်စံညွှန်းနှင့်ကိုက်ညီသော အုတ်ဖိနပ်(Footing)ကို (၂ပေ×၂ပေ×၂. ၅ပေ)အမြင့်တည်ဆောက်ရမည်ဖြစ်ပြီး မြေပေါ်တွင်(၆)လက်မ၊ မြေအောက်တွင် (၂)ပေ၊ ထားရမည်၊

(ဇ) ဓာတ်အားလိုင်းတစ်လျှောက်နှင့် ဓာတ်တိုင်ပတ်ဝန်းကျင် သတ်မှတ်အကွာအဝေးများအတိုင်း သစ်ပင်၊ ခြုံနွယ်များကို အပြောင်ရှင်းလင်းရမည်-

(၁) (၁၁)ကေဗွီလိုင်းတွင် ဗဟိုမှလက်ဝဲ (၁၀)ပေ၊ လက်ယာ (၁၀)ပေ၊ စုစုပေါင်း (၂၀)ပေအပြောင်ရှင်းရန်၊

(၂) (၄၀၀)ဗို့လိုင်းတွင် ဗဟိုမှလက်ဝဲ (၅)ပေ၊ လက်ယာ(၅)ပေ၊ စုစုပေါင်း (၁၀)ပေအပြောင်ရှင်းရန်၊

(ဈ) ဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံများ ရေရှည်တည်တံ့ခိုင်မြဲရေးကို ကျေးရွာမီးလင်းရေးကော်မတီမှ ဆက်လက်ဆောင်ရွက်ရမည်၊

(ည)ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို ပြင်ပလျှပ်စစ်ကျွမ်းကျင်သူများဖြင့် ဆောင်ရွက်မည်ဖြစ်ပါက ၎င်းလျှပ်စစ်ကျွမ်းကျင်သူများသည် စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ လျှပ်စစ်ကျွမ်းကျင်မှတ်ပုံတင်လက်မှတ် ပထမအဆင့်ရရှိပြီးသူဖြစ်ရမည်။ တည်ဆောက်

မည့်လုပ်ငန်းများအတွက် သုံးစွဲမည့်ပစ္စည်းစာရင်းနှင့်တည်ဆောက်မည့်ဓာတ်အားလိုင်းမြေပုံ၊ ဓာတ်အားခွဲရုံပုံစံတို့ကို ယူဆောင်ပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာန၊အင်ဂျင်နီယာချုပ်ထံလာရောက်ရှင်းလင်း၍ ခွင့်ပြုချက်ရယူရမည်၊

(၄) မီးလင်းရေးအတွက် ဓာတ်အားရယူရာတွင် အခြားဝန်ကြီးဌာန၊ အဖွဲ့အစည်း၊ ပုဂ္ဂလိကပိုင်ဓာတ်အားလိုင်းများမှ ဆက်သွယ်ရယူခြင်းဖြစ်ပါက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၊ ပုဂ္ဂလိကတို့၏ သဘောတူညီချက်ရယူရမည်၊

(၅) မီးလင်းရေးကော်မတီမှ တည်ဆောက်ပြီးသော (၁၁)ကေဗွီဓာတ်အားလိုင်း၏ စီမံခန့်ခွဲမှုကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသို့ အပ်နှံရမည်။ ၎င်း(၁၁)ကေဗွီ ဓာတ်အားလိုင်းမှတစ်ဆင့် ဓာတ်အားဆက်သွယ်ရယူမှုများကို ခွင့်ပြုရမည်။

ကျေးရွာအတွင်း (၄၀၀)ဗို့ဓာတ်အားလိုင်းများ တည်ဆောက်သည့်အခါတွင်လည်း ဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းအရည်အသွေး၊ စံချိန်စံညွှန်းတို့ကိုသာကိုက်ညီစေရေး ကြီးကြပ်ဆောင်ရွက်ပြီး လုပ်ငန်းအတွက်ငွေကြေးကောက်ခံ၊ စီမံခန့်ခွဲသုံးစွဲခြင်း၊ တည်ဆောက်ရေးလုပ်ငန်းများကို လျှပ်စစ်လုပ်ငန်းလုပ်ပိုင်ခွင့်လက်မှတ်ရ ကျွမ်းကျင်လုပ်ငန်းဆောင်ရွက်သူထံသို့ အပ်နှံခြင်း၊ စာရင်းစစ်ဆေးခြင်းကိစ္စရပ်များကို ကျေးရွာမီးလင်းရေးကော်မတီမှသာ တာဝန်ယူဆောင်ရွက်စေပါတယ်။ ကော်မတီများမှ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် ကျေနပ်မှုမရှိခြင်းများ ဖြစ်ပေါ်လာပါက ပြည်သူ့စာရင်းကိုင်လက်မှတ်ရ စာရင်းစစ်အဖွဲ့ဝင်ဌာနမှ စစ်ဆေးပြီး အလွဲသုံးစားမှု ပေါ်ပေါက်လာပါက ကျေးရွာပြည်သူများမှ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ဥပဒေအကျိုးဆောင်များငှားရမ်း၍သော်လည်းကောင်း

ကော်မတီအား တရားစွဲဆိုဆောင်ရွက်နိုင်အောင် ကျွန်တော်တို့ဆုံးဖြတ်ထားပါတယ်။ အဲဒီတော့ တရားစွဲဆိုဖို့ဆိုတာကလည်း ပြည်သူတွေအားလုံးရဲ့တာဝန်ဖြစ်နေတာပေါ့။ ကျွန်တော်တို့က ဒီလုပ်ထုံးလုပ်နည်းတွေကို မှန်မှန်ကန်ကန်ဖြစ်ဖို့ မီးလင်းရေးအဖွဲ့တွေဖွဲ့တဲ့အခါမှာလည်း နောက်နောင်လိုအပ်တဲ့နည်းဥပဒေတွေကိုလည်း ပြည်နယ်လွှတ်တော်နဲ့အစိုးရအဖွဲ့တို့ညှိနှိုင်းတိုင်ပင်ပြီးတော့ ဥပဒေရေးဆွဲပြဋ္ဌာန်းသင့်ပါတယ်လို့ ဖြေကြားအပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကျိုက်မရောမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မျိုးမြင့်ကိုမေးခွန်းမေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်မျိုးမြင့်(ကျိုက်မရောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၁)။**လေးစားအပ်ပါသောပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များရှင်၊ ကျွန်မကတော့ ကျိုက်မရောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မျိုးမြင့်ဖြစ်ပါတယ်ရှင်။

ယနေ့ကျင်းပသောလွှတ်တော်အစည်းအဝေးပွဲတွင် ကျွန်မမေးမြန်းလိုတာက ကျိုက်မရောမြို့မ၊ ရှင်စောပုရပ်ကွက်(၂)မှ စံပွါယ်ဂူဆိပ်ကမ်းမှတစ်ဆင့် အတ္ထရံမြစ်အရှေ့ဘက်ကမ်းမှာရှိတဲ့ မယ်ကရိုကျေးရွာသို့ ဆက်သွယ်နိုင်ရန် တံတားတစ်စင်းဆောက်လုပ်ပေးရန်အစီအစဉ် ရှိ/မရှိ မေးမြန်းလိုပါတယ်ရှင်။

လေးစားရပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးရှင့် ကျွန်မတို့၏ ကျိုက်မရောမြို့သည် ပထဝီအနေအထားအရ အတ္ထရံမြစ်ကြီးသည်

အရှေ့တောင်မှ အနောက်မြောက်သို့ ကွေ့ဝိုက်စီးဆင်းမှုကြောင့် ကျိုက်မရော မြို့ကြီးသည် (၂)ခြမ်းကွဲလျက်ရှိပါတယ်။

သို့ပါ၍ အတ္တရံမြစ်၏အရှေ့ဖက်ကမ်းရှိ ကျေးရွာများနှင့်ကျိုက်မရော မြို့မတို့မှာ လမ်းပန်းဆက်သွယ်ရေးအရ အလွန်ရှည်လျားသော အတ္တရံ မြစ်ကြီးကို ကွေ့ပတ်ပြီးသွားလာနေရသဖြင့် ရုံးလုပ်ငန်းကိစ္စရပ်များ၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုကိစ္စရပ်များကို ဆောင်ရွက်ရာတွင် အချိန်ကြန့်ကြာမှုကြောင့် နှောင့်နှေးခြင်း၊ ကျန်းမာရေးကိစ္စရပ်များတွင် မလိုလားအပ်သော အလေအလွင့်အပျက်အစီးများကို အမြဲလိုကြုံတွေ့နေခဲ့ ရပါတယ်ရှင်။

သို့ဖြစ်ပါ၍ အတ္တရံမြစ်ကမ်းအရှေ့ဖက်ကမ်းရှိ တိုင်းရင်းသားအများစု အဖက်ဖက်မှတိုးတက်ရန် ရုံးလုပ်ငန်းများနှင့် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကို ယခုလိုတိုးတက်နေသောကာလတွင် အခြားမြို့နယ်များ နည်းတူဖွံ့ဖြိုးတိုးတက်လိုပါသဖြင့် စံပွါယ်ဂူဆိပ်ကမ်းနှင့် မယ်ကရိုကျေးရွာကို ဆက်သွယ်သောတံတား(၁)စင်း ဆောက်လုပ်ပေးစေလိုပါတယ်။၎င်းတံတား ဆောက်လုပ်ပြီးစီးသွားပါက အတ္တရံအရှေ့ဘက်ကမ်းမှထွက်ရှိသော ဒေသ ထွက်ကုန်စည်များသည် ကျိုက်မရောမြို့ပေါ်သို့ အချိန်မီရောက်ရှိပါက ကျွန်မတို့အရှေ့ဘက်ကမ်းမှာရှိတဲ့ကျေးလက်နေလူထုတို့အတွက် စီးပွားရေး ကောင်းမွန်လာပြီး လူနေမှုအဆင့်အတန်းလည်း တိုးတက်လာမည်။

အလားတူပင် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးလည်း တိုးတက်လာ နိုင်မည်ဖြစ်ပါတယ်။သို့ဖြစ်ပါ၍ ဒေသဖွံ့ဖြိုးရေးကိုရှေးရှုပြီး စံပွါယ်ဂူ- မယ်ကရိုတံတားတစ်စင်းကို ဆောက်လုပ်ပေးပါရန် အစီအစဉ်ရှိ/မရှိ မေးမြန်းတင်ပြအပ်ပါတယ်ရှင်။

အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာဝန်ကြီးမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးထွန်းဌေး(စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ဒေသဖွံ့ဖြိုးရေးကိုရှေးရှုပြီး စံပွါယ်ဂူ-မယ်ကရိ တံတားတစ်စင်းကို ဆောက်လုပ်ပေးပါရန်အစီအစဉ်ကို ဖြေကြားပေးရန် မေးထားသောမေးခွန်းအား စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေး ဌာနအနေဖြင့် ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် စံပွါယ်ဂူဆိပ်ကမ်းမှတစ်ဆင့် အတ္တရံမြစ်အရှေ့ဘက်ကမ်းရှိမယ်ကရိကျေးရွာသို့ ဆက်သွယ်နိုင်ရန်အတွက် စံပွါယ်ဂူ-မယ်ကရိ တံတားဆောက်လုပ်ရန်မှာ အတ္တရံမြစ်ပြင်အကျယ်မှာ ပေ(၆၀၀)ကျော်ရှိပြီး စီမံကိန်းဝင်မြစ်ကူးတံတားဖြစ်သောကြောင့် ကျွမ်းကျင်မှုနည်းပညာပိုင်း လိုအပ်ခြင်း၊ စက်ယန္တရားကြီးများနှင့် တံတားအထူးပြုတည်ဆောက်နိုင်သည့် ပညာရှင်များလိုအပ်မည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါမြစ်ကူးတံတားအား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနရှိ တံတားအထူးအဖွဲ့များကသာ တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်းနှင့် ကျေးလက်ဦးစီးဌာန အနေဖြင့် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

ကျိုက်မရောမြို့နယ်၊ စံပွါယ်ဂူ-မယ်ကရိဆက်သွယ်သည့်လမ်းသည် လမ်းဦးစီးဌာနပိုင်လမ်းမဟုတ်၍ မွန်ပြည်နယ်၊ လမ်းဦးစီးဌာနအနေဖြင့်လည်း ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်စီမံကိန်းနှင့် ဘတ်ဂျက်စာရင်းတွင် တင်ပြတောင်းခံထားခြင်းမရှိပါသဖြင့် တည်ဆောက်ပေးရန်အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီးမုဒုံမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြသိင်္ဂီမော်ကို မေးခွန်းမေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်မြသိင်္ဂီမော်(မုဒုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၁)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ ကျွန်မကတော့ မုဒုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြသိင်္ဂီမော်ဖြစ်ပါတယ်။ မုဒုံမြို့နယ်အတွင်း ရပ်ကွက်လူနေအိမ်များအကြား ပတ်ဝန်းကျင်ထိခိုက်နေသည့်ကိစ္စနှင့် စပ်လျဉ်းပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်၊ မုဒုံမြို့နယ်၊ မြောက်ပိုင်းအတွင်း ကြက်မွေးမြူလုပ်ငန်း၊ ဝက်မွေးမြူရေးလုပ်ငန်းများတစစ များပြားလာသည်နှင့်အမျှ ကျေးရွာအတွင်း၊ ရပ်ကွက်အတွင်း လူနေအိမ်များအကြား အဆိုပါကြက်ခြံများမှ စွန့်ပစ်အညစ်အကြေးများနှင့် အနံ့ဆိုးများဖြင့် ပတ်ဝန်းကျင်ထိခိုက်မှုများမှတစ်ဆင့် လူမှုရေးပြဿနာများဖြစ်ပေါ်လာခဲ့ရာ စနစ်တကျကြီးကြပ်သွားရမယ့် အခြေအနေများကို လေ့လာတွေ့မြင်ခဲ့ပါတယ်။မွေးမြူရေးလုပ်ငန်းဟာ ကုန်ထုတ်လုပ်မှုများနှင့် အလုပ်အကိုင်အခွင့်အလမ်းများအတွက် ကောင်းမွန်ပါသော်လည်း တစ်ဖက်တွင် အများပြည်သူလူထုတို့၏ သန့်ရှင်းသော သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စများ ထိခိုက်မှုမရှိစေရေးအတွက် ပီပြင်စွာထိန်းကျောင်းကြီးကြပ်ပေးနိုင်ရေးသည် အရေးကြီးသောကိစ္စတစ်ခု ဖြစ်ပါတယ်။

မုဒုံမြို့နယ်၏ မြောက်ပိုင်းကျေးရွာအများစုတို့တွင် ရွာအလိုက်ကြက်မွေးမြူရေးလုပ်ငန်းသာမက ဝက်မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်သူများပြားလာခဲ့ပြီး စနစ်ကျစွာ လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိသည့်အတွက် အဆိုပါမွေးမြူရေးခြံများမှ ကြက်ချေး၊ ဝက်ချေးတို့မှတစ်ဆင့် အညစ်

အကြေးများ၊ ရေညစ်များ၊ အနံ့ဆိုးများ ဖြစ်ပေါ်ခဲ့ရာ အနီးနားရှိလူနေအိမ်များ ခံစားနေရပါတယ်။ အဲဒီအပြင် ရေညစ်များမှတစ်ဆင့် ပေါက်ဖွားလာသည့် ယင်များ၊ ခြင်များကြောင့် အရင်ကမခံစားခဲ့ရသည့်ပတ်ဝန်းကျင်ထိခိုက် ပြဿနာများကိုကောင်းကောင်းခံစားနေကြရပါတယ်။

ဒါကြောင့် ယခုအစည်းအဝေးမှာ -

(၁) ပြည်နယ်အစိုးရအနေနဲ့ဒီကိစ္စအား ရက်(၁၀၀)အတွင်းဘယ်လို ကူညီဖြေရှင်းပေးမလဲ။

(၂) မည်သည့်ဌာနများက စဉ်ဆက်မပြတ် ကြီးကြပ်မှု ပြုပေးနေပါ သလဲ။

(၃) မွေးမြူရေးခြံများ လုပ်ငန်းဆောင်ရွက်ခွင့်ကို နောက်နောင် လူနေ အိမ်များနဲ့ အနည်းဆုံး မည်သည့်အကွာအဝေးသတ်မှတ်ချက်ဖြင့် ဆောင်ရွက်စေမလဲ။

(၄) သတ်မှတ်စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်းမရှိတဲ့ မွေးမြူရေးခြံကို အတိအကျတိုင်ကြားမည်ဆိုပါက ဘယ်လို တာဝန်ယူ ကူညီဖြေရှင်းပေးမလဲဆိုတာဖြေကြားပေးစေလိုပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာဝန်ကြီးမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးထွန်းဌေး(စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး)။** မုဒုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြသီတာမော်ရဲ့ မုဒုံမြို့နယ်အတွင်း ကြက်မွေးမြူရေး၊ ဝက်မွေးမြူရေး လုပ်ငန်းများကြောင့် ရပ်ကွက်လူနေအိမ်များအကြား ပတ်ဝန်းကျင်ထိခိုက်

နေသည့်ကိစ္စနှင့်စပ်လျဉ်းပြီး မေးမြန်းသွားသောမေးခွန်းအား စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ မွန်ပြည်နယ်၊ တိရစ္ဆာန်မွေးမြူရေးနှင့်စနစ်တကျထိန်းကျောင်းရေးဥပဒေအရ မွန်ပြည်နယ်မွေးမြူရေးလုပ်ငန်းများကြီးကြပ်ဆောင်ရွက်ရန်အတွက် မွန်ပြည်နယ်တိရစ္ဆာန်မွေးမြူရေးနှင့်စနစ်တကျထိန်းကျောင်းရေးကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းထားပါတယ်-

(က) ဝန်ကြီး၊ စိုက်ပျိုးရေးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး — ဥက္ကဋ္ဌ

(ခ) ညွှန်ကြားရေးမှူး၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ — အဖွဲ့ဝင်

(ဂ) ပြည်နယ်ဦးစီးဌာနမှူး၊ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန — အဖွဲ့ဝင်

(ဃ) ညွှန်ကြားရေးမှူး၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(င) ပြည်နယ်ဦးစီးဌာနမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန — အဖွဲ့ဝင်

(စ) ပြည်နယ်ဦးစီးဌာနမှူး၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာန — အဖွဲ့ဝင်

(ဆ) ပြည်နယ်ဦးစီးဌာနမှူး၊ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန — အဖွဲ့ဝင်

(ဇ) ခရိုင်ဦးစီးဌာနမှူး၊ မော်လမြိုင်ခရိုင်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန — အဖွဲ့ဝင်

(ဈ) ခရိုင်ဦးစီးဌာနမှူး၊ သထုံခရိုင်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန — အဖွဲ့ဝင်

(ည) ပြည်နယ်မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(ဋ) ပြည်နယ်ဦးစီးဌာနမှူး၊ ပြည်နယ်မွေးမြူရေး နှင့်ကုသရေးဦးစီးဌာန — အတွင်းရေးမှူး

ထို့အပြင် မြို့နယ်အလိုက်မွေးမြူရေးလုပ်ငန်းများကို ကြီးကြပ်နိုင်ရန် အတွက် မြို့နယ်အလိုက် ကြီးကြပ်ရေးအဖွဲ့များကို အောက်ပါအတိုင်း ဖွဲ့စည်းထားပါတယ်-

(က) မြို့နယ်ဦးစီးဌာနမှူး၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန — အဖွဲ့ခေါင်းဆောင်

(ခ) အရာရှိကိုယ်စားလှယ်၊ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ — အဖွဲ့ဝင်

(ဂ) မြို့နယ်ဦးစီးဌာနမှူး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန — အဖွဲ့ဝင်

(ဃ) ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(င) အရာရှိကိုယ်စားလှယ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး — အဖွဲ့ဝင်

(စ) မွေးမြူရေးလုပ်ငန်းကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(ဆ) အရာရှိကိုယ်စားလှယ်၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာန — အဖွဲ့ဝင်

မေးခွန်း(၁)နှင့်ပတ်သက်၍ရက်(၁၀၀)အတွင်း ကြက်၊ဝက်မွေးမြူရေးခြံများအား မြို့နယ်ကြီးကြပ်ရေးအဖွဲ့များဖြင့်သွားရောက်စစ်ဆေး လမ်းညွှန်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

မေးခွန်း(၂)နှင့်ပတ်သက်၍ မွေးမြူရေးတိရစ္ဆာန်များအား ကူးစက်ရောဂါကာကွယ်ကုသခြင်းကိုမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှဆောင်ရွက်လျက်ရှိပြီး ကူးစက်ရောဂါများကာကွယ်ထိန်းချုပ်ခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ပြည်သူလူထုကျန်းမာရေးများနှင့်ပတ်သက်၍ စည်ပင်သာယာရေးအဖွဲ့၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနစသည့် ဆက်စပ်ဌာန/အဖွဲ့အစည်းများမှပူးပေါင်း၍ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။

မေးခွန်း(၃)နှင့်ပတ်သက်၍ မွေးမြူရေးခြံအများစုသည် လက်ရှိအခြေအနေတွင် တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများသာ ဆောင်ရွက်နေမှုများပြားပြီး မွေးမြူရေးခြံကြီးများ တည်ဆောက်ကာစီးပွားဖြစ်မွေးမြူရေးလုပ်ငန်းအနည်းအကျဉ်းသာရှိကြောင်း၊ တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြစ်သဖြင့် မိမိ၏အိမ်ခြံဝင်းအတွင်းရှိ မြေကွက်လွတ်များတွင်သာ ခြံငယ်ကလေးများ တည်ဆောက်မွေးမြူလျက် ရှိကြပါတယ်။ မွေးမြူရေးခြံများ လုပ်ငန်းဆောင်ရွက်ခွင့်ကို လူနေအိမ်များနှင့်အနည်းဆုံးပေ(၁၀၀)အကွာအဝေး သတ်မှတ်ချက်ဖြင့် ဆောင်ရွက်စေပါမည်။

မေးခွန်း(၄)နှင့်ပတ်သက်၍ သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများကိုလိုက်နာခြင်းမရှိတဲ့ မွေးမြူရေးခြံကို အတိအကျတိုင်ကြားမည်ဆိုပါကမြို့နယ်ကြီးကြပ်ရေးအဖွဲ့ဖြင့် တိုင်ကြားသောခြံအား သွားရောက်စစ်ဆေးပြီးလိုအပ်သလိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ရေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမင်းစိုးလင်းကို မေးခွန်းမေးဖို့ ဖိတ်ခေါ်ပါတယ်ရှင်။

**ဒေါက်တာမင်းစိုးလင်း(ရေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၁)။** လေးစားအပ်ပါသောပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ကျွန်တော်ကတော့ ရေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမင်းစိုးလင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယခုအစည်းအဝေးတွင် စည်ပင်သာယာရေးကော်မတီပြန်လည်ရွေးချယ်ဖွဲ့စည်းသည့်ကိစ္စနှင့်စပ်လျဉ်းသည့် မေးခွန်းကိုမေးမြန်းသွားမှာ ဖြစ်ပါတယ်။

မွန်ပြည်နယ်စည်ပင်သာယာရေးဥပဒေပြဋ္ဌာန်းချက်အရ ပြည်နယ်အဆင့်၊ မြို့နယ်အဆင့် စည်ပင်သာယာရေးကော်မတီများကို ဖွဲ့စည်းဆောင်ရွက် သွားရန် ပြဋ္ဌာန်းထားပါတယ်။ ထို့အတူ သက်ဆိုင်ရာ ပြည်နယ်အဆင့်၊ မြို့နယ်အဆင့်၊ စည်ပင်သာယာရေးကော်မတီအသီးသီးတို့၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကိုလည်း ပြဋ္ဌာန်းထားပါတယ်။ **သို့ပါသော်လည်း ၂၀၁၅ ခုနှစ်၊ မွန်ပြည်နယ်စည်ပင်သာယာရေးဥပဒေကို ပြန်လည်ပြင်ဆင်ရေးဆွဲသည့် ဥပဒေပြဋ္ဌာန်းချက်ဥပဒေပုဒ်မ၁၃အရ ပြည်နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍(၅)နှစ်ဖြစ်သည်ဟုသတ်မှတ်ပြဋ္ဌာန်းထားပါသည်။**

ရန်ကုန်တိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီးတို့၌ စည်ပင်သာယာရေးဥပဒေနှင့်စပ်လျဉ်း၍ နည်းဥပဒေများအချိန်မီ ရေးဆွဲပြဋ္ဌာန်းခဲ့ရာ စည်ပင်သာယာရေးကော်မတီအသီးသီးတို့ကို လူထုဆန္ဒများဖြင့် ဒီမိုကရေစီ

နည်းကျကျရွေးချယ်ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ မွန်ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းခဲ့သည့်စည်ပင်သာယာရေးဥပဒေအရ စည်ပင်သာယာရေးနည်းဥပဒေကို ယနေ့တိုင်ရေးဆွဲပြဋ္ဌာန်းနိုင်ခြင်းမရှိသည့်အတွက် သက်ဆိုင်ရာစည်ပင်သာယာရေးကော်မတီများကို စနစ်တကျရွေးချယ်ဖွဲ့စည်းဆောင်ရွက်နိုင်စွမ်း အားနည်းခဲ့သည်ဟု ကျွန်တော့်အနေဖြင့်ယူဆမိပါတယ်။

ယခုအခါရန်ကုန်တိုင်းဒေသကြီးနှင့်မန္တလေးတိုင်းဒေသကြီးတို့၌ စည်ပင်သာယာရေးကော်မတီအသီးသီးတို့ကို အစိုးရသစ်သက်တမ်း အစတွင် ပြန်လည်ဖွဲ့စည်းမှုများ ဆောင်ရွက်နေပြီလို့ ကြားသိရပါတယ်။ ထို့ကြောင့် ဥပဒေအရ မွန်ပြည်နယ်အစိုးရအဖွဲ့သည် လိုအပ်သောနည်းဥပဒေများ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်နှင့်အညီ ကျွန်ုပ်အနေဖြင့် မွန်ပြည်နယ်၊ ပြည်နယ်စည်ပင်သာယာရေးနည်းဥပဒေကို ပြည်နယ်အစိုးရမှ မည်သို့မည်ပုံအချိန်မီရေးဆွဲပြဋ္ဌာန်းပေးရန် အစီအစဉ် များနှင့် ပြည်နယ်အဆင့်၊မြို့နယ်အဆင့်စည်ပင်သာယာရေးကော်မတီများ ပြန်လည်ရွေးချယ်ဖွဲ့စည်းခြင်းကို အချိန်မီဆောင်ရွက်နိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ ရှင်းလင်းတိကျစွာပြန်လည်ဖြေကြားပေးနိုင်ပါရန် လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာဝန်ကြီးမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမင်းမင်းဦး(ပြည်နယ်ဝန်ကြီးချုပ်)(စည်ပင်သာယာရေးနှင့်ဆောက်လုပ်ရေး ဝန်ကြီးဌာန)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား၊ ရေးမြို့နယ်၊ မဲဆန္ဒနယ်

အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာ မင်းစိုးလင်း မေးမြန်းထားသည့် မေးခွန်းနှင့်စပ်လျဉ်း၍ စည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေးဝန်ကြီးအနေဖြင့် ဖြေကြားပေးပါမယ်ခင်ဗျား၊ ၂၀၁၅ခုနှစ်၊ မွန်ပြည်နယ် စည်ပင်သာယာရေးဥပဒေကို ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ(၂၉) ရက်နေ့တွင် မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၇ ဖြင့် ပြဋ္ဌာန်းခဲ့ပါတယ်။ ယင်းဥပဒေ ပုဒ်မ ၁၀၉အရ ၂၀၁၂ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော် ဥပဒေ အမှတ် ၆၊ မွန်ပြည်နယ်စည်ပင်သာယာရေးဥပဒေနှင့် ၂၀၁၃ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၅၊ မွန်ပြည်နယ်စည်ပင်သာယာရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေတို့ကို ရုပ်သိမ်းလိုက်ပါတယ်။

အသစ်ရေးဆွဲပြဋ္ဌာန်းခဲ့သည့် မွန်ပြည်နယ်စည်ပင်သာယာရေးဥပဒေ အခန်း(၄)ဖြင့်၊ ပုဒ်မ ၅၊၆၊၇၊၈၊၉၊၁၀တို့တွင် မွန်ပြည်နယ်စည်ပင်သာယာရေး ကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဖွဲ့စည်းမှု၊ ကော်မတီ ဥက္ကဋ္ဌရွေးချယ်မှု၊ ကော်မတီအတွင်းရေးမှူးခန့်အပ်မှုတို့ကို ပြဋ္ဌာန်းထား ပါတယ်။ ပုဒ်မ ၁၁ အရ စည်ပင်သာယာရေးကော်မတီဖွဲ့စည်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ရမည်ဟုပြဋ္ဌာန်းထားပြီး ပြည်နယ် စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ တို့၏သက်တမ်းနှင့်ပတ်သက်၍ ပုဒ်မ၁၃တွင် ကော်မတီစတင်ဖွဲ့စည်းသည့် နေ့မှစ၍ (၅)နှစ်ဖြစ်သည်ဟူ၍ ပြဋ္ဌာန်းထားပါတယ်။ ထို့အပြင် ဥပဒေ အခန်း(၆)တွင် ပြည်နယ်စည်ပင်သာယာရေးကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုလည်းကောင်း၊ အခန်း(၈)တွင် မြို့နယ်စည်ပင်သာယာရေး ကော်မတီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကိုလည်းကောင်း၊ ပုဒ်မအသီးသီးဖြင့် ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။

၂၀၁၅ခုနှစ်၊ မွန်ပြည်နယ်စည်ပင်သာယာရေးဥပဒေ၊ ဥပဒေအခန်း (၄)၊ ပုဒ်မ ၅၊ ၆အရ မွန်ပြည်နယ်စည်ပင်သာယာရေးကော်မတီကို

မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၏ (၂၉. ၂. ၂၀၁၆)ရက်စွဲပါစာအမှတ်၊ ၂၀၀/၃-၃/၀ခရ(မွန်) အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၁၆ဖြင့် အတည်ပြုဖွဲ့စည်းပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီများကိုလည်း မြို့နယ်အသီးသီးတွင် ဖွဲ့စည်းထားရှိပြီးဖြစ်ပါတယ်။ မြို့နယ်အဆင့် စည်ပင်သာယာရေးကော်မတီများ ရွေးချယ်ဖွဲ့စည်းခြင်းအတွက် ဥပဒေပုဒ်မ ၁၁ အရ မြို့နယ်စည်ပင်သာယာရေးကော်မတီများဖွဲ့စည်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်ရေးအတွက် မူကြမ်းရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးထွန်းမင်းအောင်ကို မေးခွန်းမေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးထွန်းမင်းအောင်(ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၁)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြသော လူကြီးမင်းများခင်ဗျား၊ ကျွန်တော်ကတော့ ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမင်းအောင် ဖြစ်ပါတယ်။

ပေါင်မြို့နယ်၊မုတ္တမကျေးရွာအုပ်စုတွင်ထွန်းညှိထားသော စည်ပင်လမ်းမီးများ၏ မီတာခများကို ကျေးရွာပြည်သူများပေးဆောင်နေခဲ့ရသည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပြီဖြစ်သည်။၂၀၁၀ခုနှစ်မှစ၍ ၂၀၁၅ ခုနှစ်ထိ တစ်လလျှင်ပျမ်းမျှ (၁၅၀၀၀ဝိ/-) ခန့် ပေးဆောင်နေခဲ့ပါတယ်။ငွေ

များကို စည်ပင်ဌာနမှလာရောက်ကောက်ခံခြင်းမရှိဘဲ ကျေးရွာအုပ်ချုပ်ရေးမှူးမှ ကောက်ခံပြီး လျှပ်စစ်ဌာနသို့ လစဉ်ပေးသွင်းခဲ့ပါတယ်။ ဧပြီလ ၂၀၁၅ မှစ၍ အောက်တိုဘာ ၂၀၁၅ ထိ ပြည်သူများမှကောက်ခံ ရရှိခြင်းမရှိခဲ့၍ ကျေးရွာအုပ်ချုပ်ရေးမှူးမှ လျှပ်စစ်ဌာနသို့မပေးသွင်းနိုင်ခဲ့ပါ။ နိုဝင်ဘာ ၂၀၁၅မှစ၍ လျှပ်စစ်ဌာနမှလမ်းမီးများအား ဖြတ်တောက်လိုက်ပါတယ်။

ကျေးရွာအုပ်ချုပ်ရေးမှူးအသစ်သည် ၄င်းလက်ထက်(၁-၄-၂၀၁၆) မှစ၍ လမ်းမီးများပြန်လည်လင်းစေရန်အလို့ငှာ မုတ္တမလျှပ်စစ်အင်ဂျင် နီယာနှင့်ညှိနှိုင်း၍ (မုတ္တမ ကျေးရွာအုပ်စုလမ်းမီးများအတွက်) တစ်လလျှင် ပျှမ်းမျှ (၁၇၀၀၀၀ိ/-) ကျပ် ပေးဆောင်ရန် ညှိနှိုင်းချက်အရ လမ်းမီးများ ပြန်လည်ဖွင့်ပေးခဲ့သည်။ ယခင်အကြွေးဟောင်းကိုလည်း အဆင်ပြေသလို ဖွဲ့ဆပ်ရန် ညှိနှိုင်းခဲ့ရပါတယ်။

ကျွန်တော်မေးမြန်းလိုတာကတော့ -

(၁) လျှပ်စစ်ဌာနမှ ကျေးရွာနေပြည်သူလူထု၏ ဝန်ထုပ်ဝန်ပိုး ဖြစ်နေသောစည်ပင်လမ်းမီးအကြွေးဟောင်း (၇-လစာ) အား ဖြေလျှော့ကင်းလွတ်ခွင့် ပြုပေးရန်အစီအစဉ်ရှိ/မရှိ၊

(၂) စည်ပင်ဌာနမှ စည်ပင်လမ်းမီးများကို စည်ပင်သာယာရေးမှ အမြန်ဆုံးတာဝန်ယူဆောင်ရွက်ရန်အစီအစဉ် ရှိ/မရှိ သိလို ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာဝန်ကြီးမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမင်းမင်းဦး(ပြည်နယ်ဝန်ကြီးချုပ်)(စည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာန)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး

ဌာန၏ သတ်မှတ်ညွှန်ကြားချက်စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်ပြီး မုတ္တမမြို့၊ လျှပ်စစ်အင်ဂျင်နီယာရုံးတွင် မုတ္တမကျေးရွာမီးလင်းရေး၏ လစဉ်သုံးစွဲယူနစ်နှင့် တောင်းခံငွေစာရင်းများတွင် ထည့်သွင်းပေးပို့ထားခဲ့ပြီး ဖြစ်၍ ဌာနမှရရန်ရှိကြွေးကျန်ဖြစ်ပေါ်နေပါတယ်။ သို့ဖြစ်ပါ၍ ဓာတ်အားခ ကြွေးကျန်များအား ဝန်ကြီးဌာနသို့ အမြန်ဆုံးပေးဆောင်ရန်သာဖြစ်ပြီး ဖြေလျှော့ကင်းလွတ်ခွင့်ပြု၍ မရပါ။

ပေါင်မြို့နယ်၊ မုတ္တမမြို့အား မြို့စည်ပင်သာယာရေးနယ်နိမိတ်အဖြစ် သတ်မှတ်ပြီးနောက်ပေါင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ(၂၀၁၁-၂၀၁၂)ခု၊ ဘဏ္ဍာရေးနှစ်မှ (၂၀၁၃-၂၀၁၄)ခု၊ ဘဏ္ဍာရေးအထိ ပစ္စည်းခွန် (၄)မျိုးအနက် အဆောက်အအုံနှင့်မြေခွန်တစ်မျိုးတည်းကိုသာ ကောက်ခံခဲ့ပြီး ဝန်ဆောင်မှုလုပ်ငန်းများအတွက် ပေးချေရမည့်အခွန်(၃)မျိုးဖြစ်သည့် လမ်းမီးခွန်၊ ရေခွန်၊ အမှိုက်နှင့်အညစ်ကြေးခွန်များ ကောက်ခံခြင်းမရှိခဲ့ပါ။ (၂၀၁၄-၂၀၁၅)ခုဘဏ္ဍာရေးနှစ်မှစ၍ မုတ္တမမြို့တွင် ကောက်ခံသည့် ပစ္စည်းခွန်(အဆောက်အအုံနှင့်မြေခွန်)ကို ကောက်ခံခြင်းအား ယာယီ ရပ်ဆိုင်းထားခဲ့ပါတယ်။

သို့ဖြစ်ပါ၍ ယခင်ကမုတ္တမမြို့လမ်းမီးဓါတ်အားခများကို သက်ဆိုင်ရာ ရပ်ကွက်(၁၀)အိမ်မှူးများမှ ၎င်းတို့၏အစီအစဉ်ဖြင့် ကောက်ခံပေးသွင်း နေခြင်းဖြစ်ပါကြောင်းနှင့် ပေါင်မြို့နယ်စည်ပင်သာယာရေး အဖွဲ့၏ဘတ်ဂျက် လျာထားချက်တွင်လည်း မုတ္တမမြို့လမ်းမီးအတွက်ထည့်သွင်းလျာထားခဲ့ခြင်း မရှိပါသဖြင့် တာဝန်ယူဆောင်ရွက်ပေးနိုင်မည့်အစီအစဉ်မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးထွန်းမင်းအောင်(ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၁)။** ဥက္ကဋ္ဌကြီး ခင်ဗျား၊ တစ်ဆက်တည်း မေးခွန်းမေးမြန်းခွင့်ပြုပါ။လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အပေါင်းတို့ခင်ဗျား၊ကျွန်တော်ကတော့ ပေါင်မြို့နယ် ၊မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးထွန်းမင်းအောင် ဖြစ်ပါတယ်။

ကျွန်တော်တို့ နိုင်ငံတော်ဟာဆိုလို့ရှိရင် ပြည်သူရဲ့ဝန်ဆောင်မှု ဖြစ်ပါတယ်။ ကမ္ဘာအရပ်ရပ်မှာအစိုးရဆိုတာ ပြည်သူလုပ်ကျွေးဖို့ ပြည်သူ့ ဝန်ထမ်းတွေဖြစ်ပါတယ်။ပြည်သူလူထုဟာဆိုရင် သူတို့ရဲ့ငွေတွေ၊ ဘတ်ဂျက် တွေနဲ့ ပြည်သူ့ပိုက်ဆံနဲ့ အစိုးရယန္တရားကို လည်ပတ်ဖို့အတွက် အစိုးရကို တာဝန်ပေးထားတာဖြစ်ပါတယ်။ကျွန်တော့်မေးခွန်းမှာဆိုရင် ကျွန်တော်တို့ စည်ပင်သာယာရေးဌာနရဲ့လမ်းမီးဟာ စည်ပင်ဌာနကမကောက်ခံဘဲနဲ့ ကျေးရွာ အုပ်ချုပ်ရေးမှူးကကောက်တဲ့အတွက်ကြောင့်လွဲမှားနေတဲ့ ကိစ္စရပ်ဖြစ်နေ ပါတယ်။ စည်ပင်ဌာနဟာဆိုရင် သူ့ဝန်ထမ်းရှိပါတယ်။ စည်ပင်ဌာနက ဝန်ထမ်းဟာ စည်ပင်လမ်းမီးကိုမကောက်တဲ့အတွက်ကြောင့် ၂၀၁၀ မတိုင်ခင်မှာ တစ်အိမ်ကို(၂၀၀)ကျပ်နှုန်းနဲ့ မုတ္တမကျေးရွာသူ၊ ကျေးရွာသားတွေက အုပ်ချုပ်ရေးမှူးကို အပြည့်အဝပေးလိုတဲ့စိတ်မရှိတော့ပါဘူး။ အဲဒီ အတွက်ကြောင့် ကျွန်တော်တို့တစ်ဖြည်းဖြည်းမပေးတဲ့နောက်ပိုင်းမှာ အုပ်ချုပ်ရေးမှူးကလည်း မစိုက်ပေးနိုင်တဲ့အတွက်ကြောင့် အကြွေးဖြစ်ပေါ် လာခဲ့ရပါတယ်။ ဒါကစည်ပင်ဌာနရဲ့ အားနည်းချက်ပေါ့၊ လျှပ်စစ်ဌာနရဲ့ အားနည်းချက်ကတော့ ဒါကအစည်းအဝေးခန်းမမှာရှိတဲ့ လူကြီးမင်းတွေ သိပြီးဖြစ်တဲ့အတိုင်း လျှပ်စစ်ဌာနကပုံမှန်မီတာခကိုစာရွက်ရောက်လာပြီးဆို တစ်ပတ်လောက်ကြာပြီး သတ်မှတ်ရက်မှာ ငွေမသွင်းနိုင်ဘူးဆိုရင် မီးဖြတ် မယ်လို့ သတ်မှတ်ထားပြီးသားဖြစ်ပါတယ်။

ထို့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ရှေ့ကို ဒီလိုပုံစံအတိုင်းဘဲ စည်ပင်လမ်းမီးကို စည်ပင်ကမကောက်ခံဘဲနဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးက ကောက်ခံရင် ပြည်သူလူထုကကျေးရွာအုပ်ချုပ်ရေးမှူးရဲ့ တာဝန်မဟုတ်ဘူး။ စည်ပင်လမ်းမီးပါဖြတ်လိုက်လို့ရှိရင် သိတဲ့အတိုင်းဆိုးကျိုးတွေက လူငယ်များ မူးယစ်ဆေးဝါးသုံးစွဲနေပါက မှောင်ရိပ်ခိုဖို့ကိစ္စ၊ ဒုစရိုက်လုပ်ငန်းများကို ဒုစရိုက်သမားက လွယ်ကူစွာလုပ်ဆောင်နိုင်ခြင်း၊ ကားလမ်းပေါ် ဖြစ်တဲ့အတွက်ကြောင့် ယာဉ်အန္တရာယ်ဖြစ်ပေါ်မှု အလွန်ပင်နီးစပ်နေတာ အတွက်ကြောင့် ကျွန်တော့်ရဲ့မေးခွန်း Hightlight လုပ်ပြီး စည်ပင်ကလမ်းမီးကို စည်ပင်ကတာဝန်ယူပေးဖို့ မေတ္တာရပ်ခံပါတယ်။ ဒီကိစ္စကို အတိအကျ ဖြေကြားပေးစေလိုပါတယ်။

ကျေးဇူးတင်ပါတယ်။

**ဦးမင်းမင်းဦး(ပြည်နယ်ဝန်ကြီးချုပ်)(စည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား၊ ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးထွန်းမင်းအောင် မေးမြန်းသွားတဲ့ထပ်ဆင့် မေးခွန်းကိုဖြေကြားသွားမှာဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမင်းအောင် မေးမြန်းသွားတဲ့မေးခွန်းနဲ့ပတ်သက်ပြီး ဒီမေးခွန်းမှာ စည်ပင်ဌာနနဲ့လျှပ်စစ်ဌာနနှစ်ခု စလုံးနဲ့ ဆက်စပ်နေပါတယ်။ဒီကိစ္စကို အမြန်ဆုံးဖြေရှင်းပေးမည်ဖြစ်ကြောင်း ဖြေကြားလိုပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

**အချိန်။ ၁၁း၄၀။**

## အစည်းအဝေး အစီအစဉ်ခေတ္တရပ်နားခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ အစည်းအဝေးအစီအစဉ်ခေတ္တရပ်နားခြင်း ဖြစ်ပါတယ်။ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာမှာဖြစ်တဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မတ်တပ်ရပ်ပေးကြပါရန် ပန်ကြားအပ်ပါတယ်။

ကိုယ်စားလှယ်များခေတ္တနားနေရန်နှင့်လက်ဖက်ရည်သုံးဆောင်ရန်အတွက်ဆွေးနွေးပွဲခန်းမတွင် ပြင်ဆင်ထားပါကြောင်း အသိပေးအပ်ပါတယ်။

**အခမ်းအနားမှူး။** အစည်းအဝေးပြန်လည်စတင်မှာဖြစ်တဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး နေရာယူပေးကြပါရန် ပန်ကြားအပ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား၊ ပြန်လည်နေရာယူပေးပါရန် ပန်ကြားအပ်ပါတယ်။

**အချိန်။ ၁၂း၁၂။**

## “ပြည်သူလူထု၏ အစက်အခဲများကို ဆောင်ရွက်သည့်နေရာတွင်ပူးပေါင်းဆောင်ရွက်မှုရှိလာစေရန်နှင့် လွှတ်တော်၏အခန်းကဏ္ဍအရေးပါပုံကို သိရှိလာစေရန်အတွက် လွှတ်တော်မှ ညွှန်ကြားဆောင်ရွက်ပေးပါရန်တိုက်တွန်းကြောင်းအဆို ”

**အခမ်းအနားမှူး။** အစီအစဉ်အရအဆိုတင်သွင်းခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** သထုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဒေါ်ခိုင်ခိုင်လဲ့၏"ပြည်သူလူထု၏ အခက်အခဲများကိုဆောင်ရွက်သည့် နေရာတွင်ပူးပေါင်းဆောင်ရွက်မှုရှိလာစေရန်နှင့် လွှတ်တော်၏ အခန်းကဏ္ဍအရေးပါပုံကို သိရှိလာစေရန်အတွက်လွှတ်တော်မှ ညွှန်ကြားဆောင်ရွက်ပေးပါရန် တိုက်တွန်းကြောင်းအဆို " တင်သွင်းခြင်းဖြစ်ပါတယ်။

အဆိုတင်သွင်းပေးဖို့ သထုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဒေါ်ခိုင်ခိုင်လဲ့ကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခိုင်ခိုင်လဲ့(သထုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၁)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများရှင်၊ ကျွန်မကတော့ သထုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဒေါ်ခိုင်ခိုင်လဲ့ဖြစ်ပါတယ်။

ကျွန်မတင်သွင်းလိုသော အဆိုကတော့ မွန်ပြည်နယ်လွှတ်တော်နှင့် ပြည်နယ်အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအကြား အပြန်အလှန်လေးစားမှု၊ လွှတ်တော်နှင့်အုပ်ချုပ်ရေးတာဝန်ရှိသူတို့အကြား ပြည်သူလူထု၏အခက်အခဲများကို ဆောင်ရွက်သည့်နေရာတွင် ပူးပေါင်းဆောင်ရွက်မှုရှိလာစေရန်နှင့် လွှတ်တော်၏ အခန်းကဏ္ဍအရေးပါပုံကို သိရှိလာစေရန်အတွက် လွှတ်တော်မှညွှန်ကြားဆောင်ရွက်ပေးပါရန် တိုက်တွန်းကြောင်းအဆိုကို တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများရှင်၊ကျွန်မတို့မွန်ပြည်နယ်လွှတ်တော်သည် ပြည်နယ်တစ်ခုလုံး၏ ဥပဒေပြုရေး လုပ်ငန်းစဉ်ကိုသာမက ပြည်သူ့အသံကို ဖော်ဆောင်ပေးရာနေရာ ဖြစ်ပါတယ်။ ထို့သို့ ဆောင်ရွက်နေသည့်နေရာတွင် ပြည်သူများ၏အခက်အခဲများကို နားထောင်ဖြေရှင်းပေးရသည့် နေရာလည်း

ဖြစ်ပါတယ်။ လွှတ်တော်ကို တာဝန်ခံသောလွှတ်တော်ကော်မတီများ ကိုလည်း လွှတ်တော်မှဖွဲ့စည်းရပါတယ်။ လွှတ်တော် ကော်မတီများသည်လည်း လွှတ်တော်ကြီးအသက်ဝင် လှုပ်ရှားလာစေရန် အတွက်မောင်းနှင်ပေးရသည့် လွှတ်တော်အငယ်လေးများအဖြစ် ပြည်သူများ၏အကျိုးကို ထမ်းဆောင် ဆောင်ရွက်နေပါတယ်။

ထိုသို့ဆောင်ရွက်နေသည့်နေရာတွင် လိုအပ်သည့်အချက်အလက် အထောက်အထားများကို သိရှိအောင် သက်ဆိုင်ရာအုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအား စာဖြင့်ခေါ်ယူမေးမြန်းရသည့် အခြေအနေများ ဖြစ်ပေါ်ခဲ့ပါတယ်။ ထို့သို့ ဆက်သွယ်ဆောင်ရွက်သည့်နေရာတွင် ပြည်နယ် လွှတ်တော်နည်းဥပဒေပုဒ်မ ၆၇တွင်ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းထားချက်များ နှင့်အညီ ပြည်နယ်အဆင့်အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်အဖွဲ့အစည်းများအား တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိ ပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း ဖိတ်ကြား၍မေးမြန်းခြင်း၊ ဆွေးနွေးခြင်းနှင့် လိုအပ်သည့် အထောက်အထား များကို တင်ပြစေခြင်းပြုနိုင်သည်ဟု ပြဋ္ဌာန်းထားချက်အတိုင်း လိုက်နာ ဆောင်ရွက်ခဲ့ပါတယ်။

ထိုသို့ ပြဋ္ဌာန်းထားချက်အတိုင်း ဆောင်ရွက်ရာတွင် အုပ်ချုပ်ရေး ပိုင်းဆိုင်ရာတာဝန်ရှိသူများမှ လာရောက်ခဲ့ခြင်းမရှိသည့်အပြင် လုပ်ငန်း နည်းလမ်း မကျခြင်း၊ ခေါ်ယူပုံနည်းလမ်း မမှန်ခြင်းအစရှိသည့် ဝေဖန်သံ များဖြင့် ပြန်လည်တုံ့ပြန်ခဲ့သည်ကိုလည်း ကျွန်မတို့ကော်မတီများအနေဖြင့် ဝမ်းနည်းစွာ ကြားသိခဲ့ရပါတယ်။

ထိုသို့ ပူးပေါင်းလုပ်ဆောင်သည့်အခန်းကဏ္ဍ၊ စည်းချက်မညီသည့် အတွက် လုပ်ငန်းများထိရောက်လျင်မြန်မှုမရှိသည့်အနေအထားများ

ဖြစ်ပေါ်ခဲ့ရပါတယ်။ ထိုသို့သော အခြေအနေများထပ်မံ ဖြစ်ပေါ်လာခြင်း မရှိစေရန်အတွက်လည်းကောင်း၊ ပြည်သူ့အသံ၊ လွှတ်တော်အသံဖြစ်လာ စေရန်အတွက်လည်းကောင်း လွှတ်တော်မှထိရောက်သည့် ဆောင်ရွက်ချက် လမ်းညွှန်ချက်များချမှတ်ပေးပါရန် တိုက်တွန်းကြောင်း အဆိုကို တင်ပြ ဆွေးနွေးအပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဒေါ်ခိုင်ခိုင်လဲ့၏အဆိုကို ပြည်နယ်လွှတ်တော်မှ လက်ခံဆွေးနွေးသင့်ကြောင်း၊ ချောင်းဆုံ မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဒေါ်ကြည်ကြည်မြအား ဆွေးနွေးပေးဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါ်ကြည်ကြည်မြ(ချောင်းဆုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၂)။**လေးစား အပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အပေါင်းတို့ရှင်၊ ကျွန်မကတော့ ချောင်းဆုံမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဒေါ်ကြည်ကြည်မြ ဖြစ်ပါတယ်။ သထုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်လဲ့ တင်သွင်းသွားတဲ့ **“မွန်ပြည်နယ်လွှတ်တော်နှင့် ပြည်နယ် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအကြား အပြန်အလှန် လေးစားမှုများနှင့် အတူ ပူးပေါင်းဆောင်ရွက်သွားရန်အဆို”** အား လွှတ်တော်မှ လက်ခံဆွေးနွေးသင့်ပါကြောင်း ထောက်ခံတင်ပြလိုပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အပေါင်းတို့ရှင်၊ အဆိုရှင်ဒေါ်ခိုင်ခိုင်လဲ့ရဲ့ တင်ပြသွားတဲ့ အဆိုရဲ့

အနှစ်သာရအရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုပြီး မဏ္ဍိုင်ကြီး သုံးရပ်ခွဲခြားထားသော်လည်း အချင်းချင်းအသိအမှတ်ပြုမှု၊ လေးစားမှုများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးသည့်ကိစ္စတစ်ရပ်ဖြစ်ကြောင်း တင်ပြဆွေးနွေးသွားတာတွေ့ရပါတယ်။ ပြည်နယ်လွှတ်တော်ဟာ အစိုးရ အဖွဲ့လည်းပါဝင်နေတဲ့ လွှတ်တော်ဖြစ်နေတာနဲ့အညီ လွှတ်တော်ကိုယ်စားလှယ် များနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများအကြား အလွန်နီးစပ်မှုရှိတဲ့ အသွင်သဏ္ဍာန် ဖြစ်ပါတယ်။တစ်ဖက်တွင် ပြည်သူလူထုများရဲ့လိုအပ်ချက်၊ အခက်အခဲပြဿနာ များကို ကူညီဖြေရှင်းဆောင်ရွက်သွားရာမှာ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိအုပ်ချုပ်ရေးအဖွဲ့အစည်းအဆင့်ဆင့်များအကြား ထိတွေ့ဆက်ဆံ ပူးပေါင်းဆောင်ရွက်မှုဟာ မရှိမဖြစ်ကိစ္စတစ်ရပ်ဖြစ်ပါတယ်။ လွှတ်တော် အဖွဲ့ကလည်း လွှတ်တော်အလျောက်၊ အုပ်ချုပ်ရေးအဖွဲ့ကလည်း အုပ်ချုပ်ရေး အဖွဲ့အစည်းအလျောက် ဟန်ချက်ညီညီ ထိတွေ့ပူးပေါင်းဆောင်ရွက်မှု မရှိပါကလူထုအတွက် အမှန်တကယ်ကူညီဖြေရှင်းပေးနိုင်မယ့် လုပ်ငန်းစဉ် များဟာလည်း အားနည်းကြန့်ကြာလာနိုင်ပါကြောင်း ကျွန်မအနေနဲ့ အပြည့်အဝ ယုံကြည်လက်ခံ ထားပါတယ်။ ဒါကြောင့်မို့ အဆိုရှင်ဒေါ်ခိုင်ခိုင်လှဲ့ တင်သွင်း သွားတဲ့ **“လွှတ်တော်နှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ အကြား ပူးပေါင်း ဆောင်ရွက်သွားရန်အဆို”**အား လွှတ်တော်အနေဖြင့် လက်ခံဆွေးနွေး သင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်လှဲ့၏အဆိုကို လက်ခံဆွေးနွေးသင့်ပါကြောင်း ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဆွေးနွေး သွားပါတယ်။ဒါကြောင့်မို့လို ဒီအဆိုကို လွှတ်တော်အတွင်းမှာ လက်ခံ ဆွေးနွေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါတယ်။

## “ပေါင်မြို့နယ်အတွင်းရှိ Long Life AggregateCo.Ltd၏ကျောက်မိုင်း လုပ်ငန်းအား ပြန်လည်စိစစ်ပေးရန်တိုက်တွန်းကြောင်းအဆို”

**ဥက္ကဋ္ဌ။** ဆက်လက်ပြီးပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးဇော်ဇော်ထူး၏ “ပေါင်မြို့နယ်အတွင်းရှိ Long Life Aggregate Co.Ltd၏ကျောက်မိုင်းလုပ်ငန်းအား ပြန်လည်စိစစ်ပေးရန်တိုက်တွန်းကြောင်းအဆို”တင်သွင်းခြင်းဖြစ်ပါတယ်။

အဆိုတင်သွင်းပေးဖို့ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဇော်ထူး ကို ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဇော်ထူး(ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၂)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား၊ကျွန်တော်ကတော့ ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဇော်ထူး ဖြစ်ပါတယ်။ဒီနေ့တော့ ပေါင်မြို့နယ်အတွင်းရှိ Long Life Aggregate Co., Ltd. ၏ ကျောက်ထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ မဲဆန္ဒနယ် ပြည်သူလူထု၏ ဆန္ဒအရ အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား(၃-၄-၂၀၁၆)နေ့တွင်Long Life Aggregate Co., Ltd. ၏ ဖိတ်ကြားချက်အရကုမ္ပဏီ၏ E.I.A စစ်ဆေးတွေ့ရှိချက်ရှင်းလင်းတင်ပြပွဲကို ကျွန်တော်နှင့်အတူ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးထွန်းမင်းအောင်၊ ပအိုဝ်းတိုင်းရင်းသားရေးရာကိုယ်စားလှယ်ဒေါ်စံဝင့်ခိုင်၊ ကရင်တိုင်းရင်းသားရေးရာကိုယ်စားလှယ် ဦးအောင်မြင့်ခိုင်၊ သထုံမြို့နယ်၊

မဲဆန္ဒနယ်အမှတ်(၁)နှင့်(၂)မှဦးအောင်ကျော်သူ၊ ဒေါ်ခိုင်ခိုင်လဲ့တို့အပါအဝင် ရပ်မိရပ်ဖ၊မြို့နယ်ဌာနပေါင်းစုံမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါတယ်။

လေးစားအပ်ပါသောပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား၊ ရှင်းလင်းပွဲတွင် ကုမ္ပဏီ၏ ရှင်းလင်းတင်ပြမှုမပြီးသေးခင်မှာဘဲ ကျေးရွာအတွင်းရှိ မဲဆန္ဒရှင် ပြည်သူအပေါင်းတို့က မိုင်းအပေါ် ယုံကြည်မှုမရှိဘဲ မိုင်းရပ်ဆိုင်းပေးရန် တောင်းဆိုခဲ့ကြတာကို တွေ့ရှိခဲ့ရပါတယ်။ ပြည်သူတွေကို မိုင်းဘာကြောင့် ရပ်ဆိုင်းပေးစေချင်ကြောင်းဆွေးနွေးမေးမြန်းတဲ့အခါ-

(၁) မိုင်းလုပ်ကွက်သည် ကျယ်ပြန့်တဲ့သစ်တောဧရိယာအတွင်း တည်ရှိနေခြင်း၊

(၂) သစ်တောဖုံးလွှမ်းလျက်ရှိသော ဧရိယာတွင်လမ်းဖောက်လုပ်ခြင်း၊ အဆောက်အဦများဆောက်လုပ်ခြင်းတို့ကြောင့် သစ်တောများပျက်စီးပြီး ရေအရင်းအမြစ်များပျက်စီးပျောက်ဆုံးခြင်းများ ဖြစ်ပေါ်ခြင်း၊

(၃) မိုင်းထုတ်လုပ်သောနေရာသည် မြင့်မားမတ်စောက်သော နေရာတွင် တည်ရှိပြီးဘေးနှစ်ဖက်နှစ်ချက်တွင် စမ်းချောင်းများ တည်ရှိခြင်း၊

(၄) ကျောက်ထုတ်လုပ်ရန်အတွက်အပေါ်ယံမြေသားကိုဖယ်ရှားသော အခါစမ်းချောင်း အတွင်းသို့မြေစာများရောက်ရှိခြင်း၊ မိုင်းခွဲသည့်အခါတွင်လည်းစမ်းချောင်းအတွင်းသို့ မြေစာများ ရောက်ရှိခြင်းကြောင့် စမ်းများပျက်စီးခြင်း၊

(၅) စမ်းချောင်းများပျက်စီးခြင်းအတွက် စမ်းကိုမှီတင်းနေထိုင်သော သတ္တဝါများကုန်းနေရေနေ ဇီဝမျိုးကွဲဇုန် ပျောက်ကွယ်ခြင်းများ၊

(၆) စမ်းကိုအမှီပြုလုပ်ကိုင်နေကြသော လယ်မြေ၊ ဥယျာဉ်ခြံမြေများ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခြင်းတို့ကြောင့် ကန့်ကွက်ရခြင်း ဖြစ်သည်ဟုလည်းပြောဆိုကြပါတယ်။

(ပျက်စီးဆုံးရှုံးမှု ဓါတ်ပုံမှတ်တမ်းများကိုလည်း ပူးတွဲတင်ပြပါသည်။)

မိုင်းလုပ်ငန်းလုပ်ကိုင်သောသူသည်လည်း ပြည်သူလူထုတစ်ယောက် ဖြစ်သည့်အတွက် တွေ့ဆုံမှုလုပ်ခဲ့ပါတယ်။ လုပ်ငန်းတာဝန်ခံကလည်း ဥပဒေနှင့်အညီမြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ သစ်တောဦးစီးဌာန တို့၏ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုမိန့်လျှောက်ပြီး ခွင့်ပြုမိန့် ကျမှသာလျှင် လုပ်ငန်းလုပ်ကိုင်သည်ဟု ပြောဆိုခဲ့ပါတယ်ခင်ဗျား။

(ခွင့်ပြုမိန့်မိတ္တူကိုပူးတွဲတင်ပြပါသည်။)

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား၊ ဒါကြောင့် မိုင်း လုပ်ငန်းနှင့်ပတ်သက်၍ခွင့်ပြုသင့်/မသင့်၊ ခွင့်ပြုခဲ့လျှင်လည်း ဥပဒေနှင့် အညီ ဆောင်ရွက်ထားခြင်းရှိ/မရှိ အမြန်ဆုံးစိစစ်သင့်ပါကြောင်းတိုက်တွန်း အပ်ပါတယ်။

မဲဆန္ဒနယ်ပြည်သူလူထုမှာ(၂၂-၈-၂၀၁၄)နေ့တွင်ရဟန်းရှင်လူ (၁၅၀၀)ကျော်၊ (၂၉-၁၂-၂၀၁၅)နေ့တွင်လူပေါင်း(၈၀၀)ကျော်၊ (၂၂-၁-၂၀၁၆)နေ့တွင် မြို့နယ်သံဃာ့နာယက ဥက္ကဋ္ဌဆရာတော် အပါ အဝင်လူ(၁၀၀၀)ကျော် လက်မှတ်ရေးထိုးကန့်ကွက်မှုများပြုလုပ်ခဲ့ကြ သည့်အပြင် တိုင်ကြားမှုပေါင်း(၃၀)ကျော်ကိုလည်း ပြုလုပ်ဆောင်ရွက် ထားပြီးဖြစ်ပါတယ်။

ဒါပေမဲ့လည်း စိစစ်တွေ့ရှိချက်များ အရေးယူဆောင်ရွက်မှုများကို ပြည်သူလူထုထံချပြခြင်း၊အရေးယူဆောင်ရွက်ခြင်းများကို တစ်စုံတစ်ရာ ဆောင်ရွက်မှုများမရှိပါသောကြောင့် ယခုအခါ မဲဆန္ဒရှင်ပြည်သူလူထုက

ရွေးချယ်တင်မြှောက်ထားသော လူထုကိုယ်စားလှယ် ကျွန်တော့်ထံ တင်ပြလာပါသဖြင့် ဒီကိစ္စကို အမြန်ဆုံးစုံစမ်းစစ်ဆေးပေးပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဇော်ထူး၏အဆိုကို ပြည်နယ်လွှတ်တော်မှ လက်ခံဆွေးနွေးသင့်ကြောင်း၊ကျိုက်ထိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာအေးဇံအား ဆွေးနွေးပေးဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာအေးဇံ(ကျိုက်ထိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၂)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား၊ ကျွန်တော်ကတော့ ကျိုက်ထိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာအေးဇံဖြစ်ပါတယ်။ ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဇော်ထူး တင်သွင်းသွားတဲ့ ကျောက်မိုင်းများ ဆောင်ရွက်ထားရှိမှုအား ပြန်လည်စိစစ်ပေးရန် တိုက်တွန်းကြောင်းအဆိုအား လွှတ်တော်မှလက်ခံဆွေးနွေးသင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွကြွရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား၊ မွန်ပြည်နယ်အတွင်း ကျောက်ထုတ်လုပ်ငန်းများကိုဒေသအလိုက် မြို့နယ်အလိုက် ခွင့်ပြုဆောင်ရွက်ခဲ့တာနှင့်အညီကျောက်ထုတ်လုပ်ရေးလုပ်ငန်းနှင့်အတူပတ်ဝန်းကျင် လူမှုရေးဆိုင်ရာ ထိခိုက်မှုများမရှိစေရေးအတွက် အတတ်နိုင်ဆုံးထိန်းသိမ်းကြီးကြပ်သွားရမည့်ကိစ္စရပ်များမှာလည်း အရေးကြီးလှပါတယ်။ ယနေ့ကာလသည်

ဒီမိုကရေစီစနစ်ဖြင့် ကျင့်သုံးဆောင်ရွက်နေခြင်းနှင့် နိုင်ငံတကာမှာလည်း ရာသီဥတုဖောက်ပြန်မှုများကိုကာကွယ်ပေးနိုင်မည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက် လာကြတာတွေ့လာရပါတယ်။ အဆိုရှင် ဦးဇော်ဇော်ထူးရဲ့ တင်ပြချက်အရ လက်ရှိဆောင်ရွက်ခွင့်ပြုထားပြီးဖြစ်တဲ့ ဥတ္တံတားကျောက်မိုင်းကိစ္စနှင့်ပတ်သက်၍ ဒေသခံပြည်သူလူထုများမှ လူမှုရေးဆိုင်ရာထိခိုက်နိုင်မှု၊ ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နိုင်မှုများ ဖြစ်ပေါ်လာမည်ကိုစိုးရိမ်မှုများ ရှိနေကြောင်းတင်ပြပါတယ်။ မွန်ပြည်နယ်ရဲ့ကုန်ထုတ်လုပ်ငန်းများ တိုးတက်မြင့်မားရေးအတွက် အားပေး ဆောင်ရွက်သင့်သလို တစ်ဖက်မှာလည်းထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်စေရေး အတွက် ဟန်ချက်ညီညီထိန်းညှိဆောင်ရွက်သွားရန်လိုအပ်ပါတယ်။

သို့ပါသောကြောင့် အဆိုရှင် ဦးဇော်ဇော်ထူးရဲ့ ပေါင်မြို့နယ်အတွင်း ဒေသခံပြည်သူလူထုများ တင်ပြထားသော ကျောက်မိုင်းကိစ္စအား ပြန်လည် စိစစ်ပေးရန် တိုက်တွန်းကြောင်းအဆိုအား လွှတ်တော်က လက်ခံဆွေးနွေး သင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဇော်ထူး၏ အဆိုကို လက်ခံဆွေးနွေးသင့်ပါကြောင်း ကိုယ်စားလှယ်တစ်ဦးကထောက်ခံ ဆွေးနွေး သွားပါတယ်။ ဒါကြောင့်မို့လို ဒီအဆိုကို လွှတ်တော်အတွင်းမှာ လက်ခံ ဆွေးနွေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါတယ်။

## "ကျိုက်မရောမြို့နယ်၊ ရန်မျိုးအောင်ရပ်ကွက်အတွင်းရှိ အာဇာနည် ကျောက်တိုင်နှင့် ရာဇာမင်းပိုင် ဓါတ်ဆီဆိုင်ကိစ္စ နှင့်ပတ်သက်သည့် အဆို"

**ဉက္ကဌ။** ဆက်လက်ပြီး ကျိုက်မရောမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မျိုးမြင့်၏ "ကျိုက်မရောမြို့နယ်၊ ရန်မျိုးအောင်ရပ်ကွက်အတွင်းရှိ အာဇာနည်ကျောက်တိုင်နှင့် ရာဇာမင်းပိုင် ဓါတ်ဆီဆိုင်ကိစ္စ နှင့်ပတ်သက်သည့် အဆို"တင်သွင်းခြင်းဖြစ်ပါတယ်။

အဆိုတင်သွင်းပေးဖို့ကျိုက်မရောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မျိုးမြင့် ကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်မျိုးမြင့်(ကျိုက်မရောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၁)။** လေးစားအပ်ပါသောပြည်နယ်လွှတ်တော်ဉက္ကဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား မင်္ဂလာပါလို့ကျွန်မကနှုတ်ခွန်းဆက်သပါတယ်ရှင်။ ကျွန်မကတော့ ကျိုက်မရောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မျိုးမြင့်ဖြစ်ပါတယ်ရှင်။

ဒီကနေ့လွှတ်တော်အစည်းအဝေးပွဲတွင် ကျွန်မအရေးကြီးအဆိုတစ်ရပ်ကို တင်သွင်းလိုပါတယ်ရှင်။ ကျွန်မတင်သွင်းလိုတဲ့အဆိုကတော့ ကျိုက်မရောမြို့၊ ရန်မျိုးအောင်ရပ်ကွက်အတွင်းရှိ(အ. ထ. က) ကျိုက်မရောနှင့်မျက်နှာချင်းဆိုင်ရှိ အာဇာနည်ကျောက်တိုင်နှင့်၄င်း၏ဘေးရှိရာဇာမင်းပိုင် ဓါတ်ဆီဆိုင်ကိစ္စ ဖြစ်ပါတယ်ရှင်။

ကျွန်မသည် ကျိုက်မရောမြို့တွင်၁၉၅၅ခုနှစ်တွင် မွေးဖွားခဲ့ပြီး ငယ်စဉ်မှတ်မိသည့်အချိန်မှစ၍အာဇာနည်နေ့ရောက်လျှင် မူလတန်းကျောင်းသူဘဝအချိန်ကစ၍အာဇာနည်ကျောက်တိုင်သို့လွှမ်းသူပန်းခွေချ အခမ်းအနားကို နှစ်စဉ်သွားရောက် အလေးပြုခဲ့ရတယ်။

ထိုအချိန်က အာဇာနည်ကျောက်တိုင်ကြီး၏ မူလအနေအထားမှာ အောက်ခြေတွင်အုတ်ခုံ(၃)ဆင့် ပတ်ခွေထားရှိပြီး ပန်းခွေချရာတွင် ထိုစဉ်က မြို့နယ်လုံခြုံရေးကောင်စီရုံး၊ မြို့ပိုင်ရုံးအစရှိတဲ့ ဌာနဆိုင်ရာတွေနဲ့ မြို့ပေါ်ရှိ အထက်တန်း၊ မူလတန်းကျောင်းအားလုံးမှ ကျောင်းသူ/ကျောင်းသားများ၊ ဆရာ/ဆရာမများ ကွင်းအပြည့်ချီတက်အလေးပြုလွှမ်းသူပန်းခွေ ချခဲ့ရ ပါတယ်။ အဲဒီအုတ်ခုံပေါ်မှာ ရာထူးဌာနအဆင့်ကိုလိုက်ပြီး ပန်းခွေတွေ ချလေ့ရှိပါတယ်။ အဲဒီကျောက်တိုင်ကြီးကိုဘယ်လောက်မြင့်သလဲလို့မေးရင် ကလေးဘဝမို့ မခန့်မှန်းတတ်ပေမယ့် ဦးခေါင်းမော့ကြည့်လျှင် တစ်ပြန့်လုံးကို ပြန့်သွားအောင် ကျောက်တိုင်ကြီးတစ်ဆုံး မြင့်ပါတယ်။ ကျွန်မတို့ ဤအမြင့် မျိုးကိုမမြင်ဘူးဟု မှတ်မိနေပါတယ်။

အလားတူပင် ကျောက်တိုင်၏လက်ယာဖက်အခြမ်းတွင် ကျွန်းပင်ကြီး များတည်ရှိပြီး ထိုကျွန်းပင်နှင့် အရွက်များကို မထိရ၊ မခူးရ၊ နိုင်ငံတော်ပိုင် ဆိုတာ ဆရာ/ဆရာမတွေကဆုံးမထားလို့ ကျောင်းသူ/ကျောင်းသားတွေရဲ့ နားမှာစွဲနေပါတယ်။ အသိစိတ်သည် ကလေးများ၏ဦးနှောက်နှင့် အသည်း ထဲမှာစွဲနေအောင် ဆရာများမှ ပြောဆိုဆုံးမခဲ့ကြပါတယ်။ ထိုကျွန်းပင်ကြီး များ၏အောက်နှင့် ကျွန်းပင်၏မနီးမဝေးတွင် ထိုကာလအခေါ်အရ B.O.C ခေါ် အစိုးရဓါတ်ဆီ ဆိုင်ငယ်ကလေးတစ်ခုကိုမြင်တွေ့ရပါတယ်။

ကျောက်တိုင်ကြီးသည် ကျိုက်မရောမှ မော်လမြိုင်ကားလမ်းဘေးတွင် တည်ရှိပြီး ကျောက်တိုင်ကြီး၏အနောက်ဖက်နှင့်ဝဲယာ တစ်နည်းအားဖြင့် B.O.C က ယာဖက်ထောင့်မှာရှိပြီး B.O.C၏ဘေးနှင့်အရှေ့နေရာများသည် ကလေးကစားကွင်း ဖြစ်ပါတယ်။ ထိုကွင်း၏ လမ်းသေးလမ်းငယ်လေး ခြားသောနေရာတွင် အမှတ် (၃) အ. မ. က မူလတန်းကျောင်း ရှိပါတယ်။ မူလတန်း ကလေးများနှင့် အ. ထ. က ကလေးများအပါအဝင် ထိုပတ်ဝန်းကျင်မှ ကလေးလူကြီးများပါမကျန် ကျောင်းချိန်တွင်ကလေးများ

ကစားပြီး ကျောင်းပိတ်ရက်နှင့် ညနေပိုင်းအချိန်များတွင် လူငယ်လူရွယ်များ ဘောလုံးကန်သော ကွင်းကြီးအဖြစ် အလွန်တင့်တယ်သော ကြည့်လို့အလွန် မျက်စိပသာဒမြောက်လှပါတယ်။ ဒ့ါအပြင် ဒီကွင်းကြီးကို အဲဒီဘေးနားမှာ ရှိတဲ့ ရသေ့ကျောင်းလို့ခေါ်တဲ့ဘုန်းကြီးကျောင်းရဲ့ ဘုရားပွဲတွေမှာဆိုရင်လည်း အဲဒီကွင်းကြီးမှာဘဲ ပွဲဖြစ်လေ့ရှိပါတယ်။

နောက်ပိုင်း ၁၉၈၃-၈၄ ခန့်တွင် B.O.C ဆိုင်ကလေးမှ သင့်တင့်သော B.O.C တိုက်ပုပုံစံဆိုင်အဖြစ်သို့ ကျွန်းပင်ကြီးများလှဲပြီးချိန်မှာ တိုးချဲ့ ဆောက်လုပ်ခဲ့ပါတယ်။ထို့သို့ဆောက်လုပ်ခဲ့သော်လည်း ဒေါင့်ကျကျ ဆောက်လုပ်ခဲ့သဖြင့် ကစားကွင်းမပျက်စီးသေးပါ။ ကလေးများ ကစားလို့ ရပါသေးတယ်။

B.O.C ဆိုင်သစ်အခြေအနေမှာ ၂၀၀၉ခု၊ ဇွန်လတွင် ရောင်းချခဲ့ပြီး ၂၀၁၀ခု၊ ဇွန်လ(၉)ရက်တွင် ယခုလက်ရှိ ဆီဆိုင်ကြီးအဖြစ် ထယ်ဝါစွာ ဆောက်လုပ်ထားသော ပုဂ္ဂလိကထံ ရောင်းချခဲ့ပါတယ်၊ထိုပိုင်ရှင် ရာဇာမင်း ကုမ္ပဏီဟုသိရှိရပါတယ်။ရာဇာမင်းလက်ဝယ်ရောက်ရှိပြီး ကစားကွင်း တစ်ခုလုံးကို ဝင်းခတ်ခြင်း၊အာဇာနည်ကျောက်တိုင်မှာလည်း ရာဇာမင်း၏ တက်စမြိတ်တွင် မျက်နှာငယ်နှင့်မြင်ရသည့်မြင်ကွင်းမှာ ကျိုက်မရောမြို့သူ၊ မြို့သားများအတွက်ကြီးလေးသော ဝေဒနာနှင့် ဒေါသတွေကို ခံစားစေခဲ့ ပါတယ်။

ရာဇာမင်းခြံခတ်သည်ကို အခြေပြု၍ ယခင်က ကျောင်းရှေ့မျက်နှာ စာတွင် သမဝါယမခေတ်မှ ရန်မျိုးအောင်ရပ်ကွက် ဥက္ကဋ္ဌ ဦးဘကျင်(ရဲမှူး-အငြိမ်းစား)မှ ကျောင်းသူ၊ ကျောင်းသားများအတွက် စာရေးကိရိယာများ ရောင်းချရန်အတွက် ဆိုင်တစ်ခန်း လမ်းဘေးတွင်ဆောက်ခဲ့ပါတယ်။ ထိုအချိန်က စည်းမျဉ်းစည်းကမ်းနားလည်သူ ဦးဘကျင်မှ လုပ်ထုံးလုပ်နည်း နှင့်အညီ ထိုနေရာလေးကိုသ-မပိုင်အဖြစ် ပြုခဲ့သည်ကိုလည်းသိရပါတယ်။

ယခုအခါ ရာဇာမင်းကို အခြေပြု၍တိုးချဲ့လာတဲ့အတွက်ကြောင့် သ-မဦးစီးမှ လုပ်ပိုင်ခွင့်ရှိသူများမှ ထိုနေရာတွင် ဆိုင်၏ဝဲယာနှစ်ဖက်တွင် အစွယ်အပွားဆိုင် တစ်ဖက်တစ်ချက်စီ တိုးချဲ့ထားပြီးတော့ ဈေးရောင်းချနေပါတယ်။

သို့ပါ၍ ကျွန်မတို့၏ လွတ်လပ်ရေးတိုက်ပွဲဝင် အာဇာနည်ကြီးများ ဂုဏ်ပြု၍စိုက်ထူခဲ့သောအာဇာနည်ကျောက်တိုင်ခမျာ ယခင်ကမြင့်မြင့်မားမား ငွားငွားစွင့်စွင့်ထည်ဝါခဲ့ပေမဲ့ ယနေ့အချိန်အခါမှာ တစ်ဖက်မှ MCC (သမ)ဆိုင်နှင့်အတွဲ၊ တစ်ဖက်မှ ရာဇာမင်း၏ တံစက်မြိတ်တွင် မျက်နှာငယ်ပြီးတော့ သစ်ပင်ကဖုံးလွှမ်းပြီး ထည်ဝါမှုမရှိတဲ့အပြင် တစ်ခါတစ်ရံ တာလပတ်ကြီးတွေနဲ့ဖုံးအုပ်ထားတာကိုလည်း ဝမ်းနည်းဖွယ်မြင်တွေ့ရပါတယ်။ ဒီလိုမျက်နှာငယ်နေရတဲ့ကျွန်မတို့ရဲ့ အာဇာနည်ကျောက်တိုင်ကြီးကို ကျိုက်မရောမြို့သူ/မြို့သား၊ နောင်လာနောက်သား ကလေးတွေ အမှတ်တရဖြစ်စေဖို့အတွက် စိုက်ထူခဲ့တဲ့ဒီကျောက်တိုင်ကြီးကို မျက်နှာငယ်ရတဲ့ဘဝကနေ လွတ်မြောက်ဖို့အတွက် ရည်ရွယ်ပြီးသော အစိုးရပိုင်တဲ့ B.O.C ကနေပြီးတော့ အခုရာဇာမင်းပိုင်တဲ့အဆင့်အထိ ရောက်အောင် ရောင်းသူ/ဝယ်သူ(၂)ဦးလုံးကို ဖော်ထုတ်ပေးဖို့အတွက် ကျွန်မတင်ပြအပ်ပါတယ်။ ရာဇာမင်းဆီဆိုင်ကို ဒီနေရာမှာ ကျွန်မတို့ အလေးအမြတ်ထားတဲ့ အာဇာနည်ကျောက်တိုင်ကိုဆီပိုင်ရှင်တစ်ဦးအနေနဲ့ မြန်မာနိုင်ငံသား တစ်ယောက်ဖြစ်ပါတယ်။ မြန်မာနိုင်ငံသားတစ်ယောက်က ကျွန်မတို့နိုင်ငံရဲ့ လွတ်လပ်ရေးအတွက် အသက်စွန့်ခဲ့တဲ့ အာဇာနည်ကြီးတွေကို မသိတာလည်းမဟုတ်ပါဘူး။ သိသိကြီးနဲ့ ဒီလိုဆောက်လုပ်ခဲ့တဲ့အရာမှာ ဘာနဲ့တူနေလဲဆိုတော့ ကျွန်မတို့ ခေါင်းဆောင်ကြီးတွေကို ဥပက္ခာပြုသလိုမျိုးပဲ။ ကျွန်မတို့ပြည်သူလူထုကို အလေးမထားတာ ဒီအနေအထားတွေကို ကျွန်မတို့မလိုလားတဲ့အတွက်ကြောင့်ကျွန်မတို့ရဲ့အာဇာနည်ကျောက်တိုင်ကြီးကို

နဂိုမူလအနေအထားအတိုင်း ပြန်လည်ရရှိဖို့အတွက် ပြည်နယ်အစိုးရနှင့်တကွ သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးပါလို့ ကျွန်မအနေနဲ့တိုက်တွန်းတင်ပြအပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဒေါ်ခင်မျိုးမြင့်၏အဆိုကို ပြည်နယ်လွှတ်တော်မှ လက်ခံဆွေးနွေးသင့်ကြောင်း၊ ကျိုက်မရောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးမင်းအောင်မွန်အား ဆွေးနွေးပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမင်းအောင်မွန်(ကျိုက်မရောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၂)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား၊ ကျွန်တော်ကတော့ ကျိုက်မရောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းအောင်မွန်ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ကျိုက်မရောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မျိုးမြင့် အဆိုပြုတင်သွင်းသွားတဲ့ **ကျိုက်မရောမြို့ပေါ်ရှိ အာဇာနည်ကျောက်တိုင်အား ပြန်လည်ပြုပြင်ထိန်းသိမ်းဆောင်ရွက်ပေးရန်အဆို**အား လွှတ်တော်မှ လက်ခံဆွေးနွေးသင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား၊ ယနေ့ကာလသည် အမှန်တကယ်ပြောင်းလဲဖို့ကြိုးပမ်းနေတဲ့ကာလဖြစ်ပါတယ်၊ တစ်ဖက်မှာလည်း အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်နေတဲ့ကာလလည်းဖြစ်ပါတယ်၊ နိုင်ငံကိုလွတ်လပ်ရေးရရှိရေးအတွက် အသက်ပေးကြိုးပမ်းခဲ့တဲ့ အာဇာနည်

ခေါင်းဆောင်များ၏ ကြိုးပမ်းအားထုတ်မှုများကို အောက်မေ့သတိရစေမည့် အထိမ်းအမှတ်များကိုလည်း ယနေ့ကာလတွင် လူငယ်လူရွယ်များအကြား ပိုမိုသိရှိအလေးထားနိုင်ရန်အတွက် ဖော်ဆောင်ရမယ့်အချိန်အခါလည်း ဖြစ်ပါကြောင်း ကျွန်တော်အနေနဲ့ ယုံကြည်လက်ခံမိပါတယ်။ တစ်ချိန်က အာဇာနည်ခေါင်းဆောင်ကြီးများရဲ့လွတ်လပ်ရေးကြိုးပမ်းမှုများကို အလေးနက် တန်ဖိုးထားသလို အာဇာနည်ခေါင်းဆောင်ကြီးများရဲ့ အမှတ်သင်္ကေတ များကိုလည်း ထိန်းသိမ်းစောင့်ရှောက်ဖို့ရန် အရေးကြီးလှပါတယ်။ ဒါကြောင့်မို့ အဆိုရှင် ဒေါ်ခင်မျိုးမြင့် တင်သွင်းသွားတဲ့ ကျိုက်မရောမြို့ပေါ်ရှိ **အာဇာနည် ကျောက်တိုင်အား ပြန်လည်ထိန်းသိမ်းဆောင်ရွက်ပေးရန်အဆို**အား လွှတ်တော်အနေဖြင့် လက်ခံဆွေးနွေးသင့်ပါကြောင်းထောက်ခံတင်ပြ အပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မျိုးမြင့်၏အဆိုကို လက်ခံဆွေးနွေးသင့်ပါကြောင်း ကိုယ်စားလှယ်တစ်ဦးကထောက်ခံ ဆွေးနွေး သွားပါတယ်။ ဒါကြောင့်မို့လို ဒီအဆိုကို လွှတ်တော်အတွင်းမှာ လက်ခံ ဆွေးနွေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါတယ်။

## "ရေးမြို့နယ်၌အရေးတကြီး လိုအပ်နေသောလျှပ်စစ်ဓါတ်အားရရှိရေး အတွက် အမြန်ဆုံးကူညီဆောင်ရွက်ရန်တိုက်တွန်းကြောင်းအဆို"

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ရေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာမင်းစိုးလင်း၏ "ရေးမြို့နယ်၌အရေးတကြီး

လိုအပ်နေသောလျှပ်စစ်ဓါတ်အားရရှိရေးအတွက် အမြန်ဆုံးကူညီ ဆောင်ရွက်ရန်တိုက်တွန်းကြောင်း အဆို” တင်သွင်းခြင်းဖြစ်ပါတယ်။

အဆိုတင်သွင်းပေးဖို့ ရေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမင်းစိုးလင်းကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာမင်းစိုးလင်း(ရေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၁)။** လေးစား အပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား၊ ကျွန်တော်ကတော့ ရေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမင်းစိုးလင်းဖြစ်ပါတယ်။“ရေးမြို့နယ်၌အရေးတကြီး လိုအပ် နေသောလျှပ်စစ်ဓါတ်အားရရှိရေးအတွက် အမြန်ဆုံးကူညီ ဆောင်ရွက်ရန် တိုက်တွန်းကြောင်း အဆို”တင်သွင်းသွားမှာဖြစ်ပါတယ်။

ရေးမြို့နယ်သည် မွန်ပြည်နယ်(၁၀)မြို့နယ်၏ တောင်ဘက်အကျဆုံး အပိုင်း ဖြစ်ပြီး လမိုင်းမြို့နှင့်ခေါဇာမြို့ (SUB TOWNSHIPS) (၂)မြို့ ဝန်းရံထားသောမြို့ဖြစ်ပါသည်။ မော်လမြိုင်မြို့မှ မိုင်(၁၀၀)ကွာဝေးပါတယ်။ ထူးခြားချက်မှာ မွန်ပြည်နယ်(၁၀)မြို့နယ်တွင် ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသော မြို့နယ်ဖြစ်သည်။လူဦးရေမှာ(၂၀၁၄)ခုနှစ် သန်းခေါင်စာရင်း အရ ရေးမြို့တွင် (၁၅၂၄၈၅)ဦး၊ လမိုင်းမြို့ (SUB TOWNSHIP) တွင် (၈၈၄၇၆)ဦး၊ ခေါဇာမြို့ (SUB TOWNSHIP) တွင် (၂၂၆၆၃)ဦး ရှိပါတယ်။ အိမ်ခြေပေါင်းမှာ ရေးမြို့တွင် (၂၉၉၉၁)၊လမိုင်းမြို့တွင် (၁၈၆၃၉)၊ ခေါဇာ မြို့တွင်(၄၈၁၈)ရှိပါတယ်။ထိုကဲ့သို့ကြီးမားကျယ်ပြန့်သော မြို့ဖြစ်ပါတယ်။ စီးပွားရေးမှာ စိုက်ပျိုးရေးအနေဖြင့် ကွမ်းသီး၊ရာဘာ၊ စပါး၊ဒူးရင်း၊ မင်းဂွတ်၊ ကြက်မောက် တို့လည်း များပြားစွာထွက်ပါသည်။ ကမ်းနီး၊ကမ်းဝေး ပင်လယ်ငါးဖမ်းလုပ်ငန်းသည် မွန်ပြည်နယ်(၁၀)မြို့နယ်တွင် အကြီးမားဆုံး ဖြစ်ပါတယ်။

ထို့အပြင် ကမ်းခြေအရှည် နှစ်မိုင်ခွဲခန့်ရှိသော "ကဗျာ၁၀" ပင်လယ်ကမ်းခြေ ရှိပါသည်။ထိုပင်လယ်ကမ်းခြေသည် လုံးဝမတို့ထိရသေးသော ပလပ်စတစ်ကင်းစင်သော ပင်လယ်ကမ်းခြေဖြစ်ပါတယ်။ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းအဖြစ် အသုံးပြုခြင်းဖြင့် ဒေသစီးပွားရေးဖွံ့ဖြိုးမည့် အတိုင်းအတာရှိပါတယ်။

ရေးမြို့ တံတားကြီးအလွန်တွင် ထိုင်းနိုင်ငံသို့ ဖောက်လုပ်ထားသည့် ကတ္တရာလမ်း အကျယ်(၁၂)ပေ၊ မိုင်(၂၀)ခန့် ပြီးစီးနေပါပြီး၊ ထိုင်းနိုင်ငံသို့ ရောက်ရန်(၁၇)မိုင်ခန့်သာကျန်ရှိပါတော့တယ်။ ထိုလမ်းခရီးကို ဖောက်လုပ်ခြင်းဖြင့်ထိုင်းနိုင်ငံမှ ဘုရားဖူးများမွန်ပြည်နယ်အတွင်းသို့အမြောက်အများ လာရောက်ပြီး ပြည်နယ်၏စီးပွားရေးဝင်ငွေအမြောက်အများ ရရှိနိုင်ပါတယ်။စီးပွားရေးလည်းတိုးတက်နိုင်ပါတယ်။ နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိနိုင်ပါတယ်။

ရေးမြို့နယ်သည်မွန်ပြည်နယ်(၁၀)မြို့နယ်တွင် လမ်းပန်းဆက်သွယ်ရေး အခက်အခဲဆုံးနှင့် အလိုအပ်ဆုံးမြို့နယ်ဖြစ်ပါသည်။ "ကဗျာ၁၀"ကမ်းခြေသို့ သွားရောက်သည့် လမ်းမှာ မြေနီလမ်းဖြစ်၍ မိုးရာသီတွင် အသုံးပြု၍မရပါ။ ထို့အပြင် ထူးခြားသည့်အချက်မှာ ရေးမြို့နယ်တစ်မြို့နယ်လုံးနှင့် သံဖြူဇရပ်မြို့နယ်တောင်ပိုင်းတစ်ခုလုံးတွင် လျှပ်စစ်မီးလုံးဝမရရှိသေးပါ။ကျေးရွာများနှင့် မြို့ပေါ်ရပ်ကွက်များတွင် ပုဂ္ဂလိကမီးစက်များဖြင့် လျှပ်စစ်မီးရရှိအောင်ဆောင်ရွက်နေရပါတယ်။တစ်ယူနစ်လျှင်(၅၀၀ိ/-)မှ(၈၀၀ိ/-)အထိ ဈေးနှုန်းကြီးမြင့်စွာ ဝယ်ယူသုံးစွဲနေရပါသည်။ စက်မှုလုပ်ငန်းသုံး လျှပ်စစ်မီးလည်းမရရှိပါ။

TELECOMMUNICATION ဆက်သွယ်မှုမှာလည်း တစ်မြို့လုံးသို့ ဖြန့်ကျက်ထားသည့် ဆက်သွယ်ရေးတာဝါတိုင်များလည်း မရှိပါ။ ဖွံ့ဖြိုး

တိုးတက်ရန်အတွက် အရေးကြီးသော လမ်း/တံတား၊လျှပ်စစ်၊ဆက်သွယ်ရေး၊ ပညာရေး၊ကျန်းမာရေး၊သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊တရားဥပဒေ စိုးမိုးရေး၊ မူးယစ်ဆေးဝါးပပျောက်ရေး၊ လူကုန်ကူးမှုပပျောက်ရေးတို့ အရေးတကြီးလုပ်ဆောင်ရန် လိုအပ်နေပါတယ်။မြို့နယ်၏တည်နေရာ၊ ထိုင်းနိုင်ငံနယ်နိမိတ်နှင့်ထိစပ်နေခြင်း၊ သဘာဝအလှအပများနှင့်ပြည့်ဝသော အပန်းဖြေကမ်းခြေရှိခြင်း၊ ရေချိုရေငန်ငါးသယံဇာတ၊ ကျောက်ပုဇွန် လုပ်ငန်းများအစရှိသည့် လုပ်ငန်းများအတွက် လျှပ်စစ်မီးအရေးတကြီး လိုအပ်ပါတယ်။ထိုသို လျှပ်စစ်မီးရရှိရန် ၂၃၀ကေဗွီဓါတ်အားလိုင်း အပြည့်အဝရရှိရန်လိုအပ်ပါတယ်။ သို့မှသာ စက်မှုလုပ်ငန်းများ လုပ်ကိုင် သုံးစွဲနိုင်မည်ဖြစ်ပါတယ်။

မွန်ပြည်နယ် ပြည်နယ်လျှပ်စစ်ဖြန့်ဖြူးရေးဌာန၏ လျှပ်စစ်ဖြန့်ဖြူးရေး ဆိုင်ရာစီမံကိန်းလျာထားချက်အရ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရေးမြို့နယ်အတွက် ၂၃၀ကေဗွီလိုင်း သွယ်တန်းပေးရန် စီမံကိန်းရေးဆွဲ ထားသော်လည်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါ။

ကျွန်တော်တို့ယခုကဲ့သို့ အဆိုတင်သွင်းရခြင်းမှာ ပြည်ထောင်စု အစိုးရမှ မော်လမြိုင်-ရေး-ထားဝယ် မဟာဓါတ်အားလိုင်းစီမံကိန်းရှိသည်ဟု ကြားသိရပါသည်။ သံဖြူဇရပ်မြို့နယ်၊စခန်းကြီးမှ ရေးမြို့သို့မီးသွယ်တန်း ရန်မှာ ၆၆ကေဗွီ ဓါတ်အားလိုင်းမှာ အိမ်သုံး မီးသာရရှိပါမည်။မော်လမြိုင်မြို့၊ ငန်းတေး MYANMAR LIGHTING ကုမ္ပဏီနှင့်သွားရောက် ဆွေးနွေးသော အခါ ၆၆ကေဗွီဓါတ်အားလိုင်းဖြင့် လျှပ်စစ်ပို့လွှတ်ရန် ဖြစ်နိုင်သည်ကို ပြောဆိုခဲ့ပါတယ်။

မွန်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ခွင့်ပြုချက်ပေးခဲ့ပါက လုပ်ကိုင် နိုင်ကြောင်းနှင့် ထို ၆၆ကေဗွီဓါတ်အားလိုင်း ဆက်သွယ်သည့်ကုန်ကျစရိတ်ကို

တစ်ယူနစ်မီတာခတွင် ထပ်ဆောင်းကောက်ခံသွားမည်ဖြစ်ပါတယ်။ ဥပမာ-တစ်ယူနစ်(၃၅)ကျပ်မှ (၅၀)ကျပ်သို့ တိုးမြှင့် ကောက်ခံပြီး ဓါတ်အားလိုင်းကုန်ကျစရိတ်ကို ပြည့်မီသွားပါက တစ်ယူနစ်(၃၅)ကျပ်သို့ ဈေးနှုန်းပုံမှန်အတိုင်းလျှော့၍ ကောက်ခံမည်ဟု သဘောထားသိရှိရပါတယ်။ သို့သော် ပြည်ထောင်စုမဟာဓါတ်အားလိုင်း ၂၃၀ကေဗွီ တပ်ဆင်ခဲ့ပါက ၆၆ကေဗွီဓါတ်အားတပ်ဆင်မှုမှာ အဟောသိကံဖြစ်သွားနိုင်ပါတယ်။

မွန်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေးမြို့နယ်၏ သစ်သီးဝလံ၊ပင်လယ်ငါးပေါကြွယ်မှုနှင့်စည်သွပ်လုပ်ငန်း၊ ပင်လယ်ကမ်းခြေအပန်းဖြေစခန်းနှင့် ပြည်တွင်းပြည်ပခရီးသွားလုပ်ငန်း TOURISM, TELE-COMMUNICATION ဆက်သွယ်မှု ဝန်ဆောင်လုပ်ငန်း၊ ပြည်သူများခါးစည်းခံစားနေရသည့် လျှပ်စစ်မီးရရှိရေး လွန်စွာဈေးနှုန်းမြင့်မားနေမှုကို ဖြေရှင်းသွားနိုင်ရန်အတွက် ရေးမြို့နယ်၏ အရေးတကြီးလိုအပ်နေသော လျှပ်စစ်ဓါတ်အားရရှိရေးအတွက် အမြန်ဆုံးကူညီဆောင်ရွက်ရန် တိုက်တွန်းကြောင်း အဆိုတင်သွင်းအပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာမင်းစိုးလင်း၏ အဆိုကို ပြည်နယ်လွှတ်တော်မှ လက်ခံဆွေးနွေးသင့်ကြောင်း၊ ရေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးချစ်တင်အား ဆွေးနွေးပေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးချစ်တင်(ရေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၂)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်

အပေါင်းတို့ခင်ဗျား၊ ကျွန်တော်ကတော့ ရေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးချစ်တင်ဖြစ်ပါတယ်။ ရေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာမင်းစိုးလင်းတင်သွင်းသွားတဲ့ ရေးမြို့နယ်အား လျှပ်စစ်မီးသွယ်တန်း ဆောင်ရွက်ပေးရန်တိုက်တွန်းကြောင်းအဆိုအား လွှတ်တော်မှလက်ခံဆွေးနွေးရန်သင့်ပါကြောင်း ထောက်ခံတင်ပြလိုပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား၊ ရေးမြို့နယ်ဟာ မွန်ပြည်နယ်ရဲ့ ဒုတိယလူဦးရေအများဆုံးနေထိုင်ရာ မြို့နယ်တစ်ခုဖြစ်ပြီး ပင်လယ်ရေထွက်ပစ္စည်းများနဲ့ တောင်ပေါ်ဥယျာဉ်ခြံထွက်၊ လယ်ယာထွက်ကုန်ပစ္စည်းများ ပေါကြွယ်ဝတဲ့ မြို့နယ်တစ်ခုဖြစ်ပါတယ်။ ဒါကြောင့် ဒေသထွက်ကုန်ပစ္စည်းများနှင့် သယံဇာတပစ္စည်းများအား အဆင့်မြင့်ထုတ်ကုန်လုပ်ငန်းများ အောင်မြင်တိုးတက်ရေးအတွက် မရှိမဖြစ်အခြေခံလိုအပ်ချက်ဟာ လျှပ်စစ်မီးဖြစ်ပါတယ်။ သို့ပါသောကြောင့် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများ အနေနဲ့ **“ရေးမြို့နယ်လျှပ်စစ်မီးရရှိရန် အမြန်ဆောင်ရွက်နိုင်ရေးအဆို”** အား လွှတ်တော်အနေဖြင့် လက်ခံဆွေးနွေးသင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမင်းစိုးလင်း၏ အဆိုကို လက်ခံဆွေးနွေးသင့်ပါကြောင်း ကိုယ်စားလှယ်တစ်ဦးကထောက်ခံဆွေးနွေးသွားပါတယ်။ ဒါကြောင့်မို့လို ဒီအဆိုကို လွှတ်တော်အတွင်းမှာ လက်ခံဆွေးနွေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါတယ်။

## "တိုင်းရင်းသားစာပေသင်ကြားရေးကိစ္စရပ်များထိရောက် အောင်မြင်ရေး အတွက် ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်းအဆို"

**ဥက္ကဋ္ဌ။** ဆက်လက်ပြီးပေါင်မြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးထွန်းမင်းအောင်၏ "တိုင်းရင်းသားစာပေသင်ကြားရေးကိစ္စရပ်များထိရောက် အောင်မြင်ရေးအတွက် ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်းအဆို"တင်သွင်းခြင်း ဖြစ်ပါတယ်။

အဆိုတင်သွင်းပေးဖို့ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးထွန်းမင်းအောင်ကို ဖိတ်ခေါ်ပါတယ်။

**ဦးထွန်းမင်းအောင်(ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၁)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြသော လူကြီးမင်းများခင်ဗျား၊ ကျွန်တော်ရဲ့အဆိုကို Projector ဖြင့်တင်ပြပေးပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ ကျွန်တော်ကတော့ ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမင်းအောင် ဖြစ်ပါတယ်။ မွန်ပြည်နယ်လွှတ်တော်တွင် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီဥက္ကဋ္ဌအနေဖြင့် ထမ်းရွက်နေသူဖြစ်ပါတယ်။

ဒီကနေ့ကျွန်တော်တင်သွင်းမယ့်အဆိုကတော့ တိုင်းရင်းသားစာပေသင်ကြားရေးမှာ ပိုမိုထိရောက်လွယ်ကူအဆင်ပြေစေရန် အချက်(၁၁)ချက်ပါဝင်တဲ့အကြောင်းအရာတွေကို ၂၀၁၆-၂၀၁၇စာသင်နှစ်မှာ ပြည်နယ်အစိုးရ၊ ပြည်ထောင်စုအစိုးရအနေဖြင့် အမြန်ဆုံးကူညီဆောင်ရွက်ပေးနိုင်ရေး တိုက်တွန်းကြောင်းအဆိုဘဲဖြစ်ပါတယ်။

ကျွန်တော်တို့ မွန်ပြည်နယ်လွှတ်တော်တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်တီအနေဖြင့်မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေသင်ကြားနေသော (မွန်၊ ကရင် ၊ ပအိုဝ်း) ဆရာ/ဆရာမများ၊ တာဝန်ရှိသူများနှင့် ကျွန်တော်တို့ကော်မတီအဖွဲ့မှတွေ့ဆုံဆွေးနွေးပွဲများ၊သဘောထားမေးမြန်းခြင်းများကို မေလ(၈၊၁၄၊၁၅၊၁၈၊၂၀)ရက်နေ့များတွင် ကွင်းဆင်းပြုလုပ်ခဲ့ပါတယ်။

ထိုသို့တွေ့ဆုံရာတွင် မေလ(၈)ရက်နေ့၌ သထုံမြို့နယ် ၊ အလံတစ်ရာဘုရားကြီး စာသင်တိုက်၌ ပအိုဝ်း စာပေနှင့်ယဉ်ကျေးမှုအဖွဲ့တာဝန်ရှိသူများနှင့်တကွ ပအိုဝ်းစာပေသင် ကြားနေသော ဆရာ/မ (၁၀၄)ဦးနှင့် တွေ့ဆုံခဲ့ပါတယ်။

မေလ(၁၄)ရက်နေ့တွင် မုဒုံမြို့ အောင်စေတီကျောင်းတိုက်၌မွန်စာပေနှင့်ယဉ်ကျေးမှုသင်ကြားရေး ဦးဆောင်ဆရာတော်များ၊ မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီတာဝန်ရှိသူများနှင့်တကွ မွန်စာပေသင်ကြားပေးနေသော ဆရာ/မ(၁၃၀)ဦးနှင့် တွေ့ဆုံခဲ့ပါတယ်။

မေလ(၁၅)ရက်နေ့တွင် ပေါင်မြို့နယ်၊ ထန်းပင်ချောင်ကျေးရွာ၊ ကျောင်းကြီးကျောင်းတိုက်၌ မွန်စာပေနှင့်ယဉ်ကျေးမှုသင်ကြားရေး ဦးဆောင်ဆရာတော်များ၊ မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီတာဝန်ရှိသူများနှင့်တကွ မွန်စာပေသင်ကြားပေးနေသော ဆရာ/မ(၆၀)ဦး၊ မွန်စာပေသင်ကြားခဲ့သော ကျောင်းသား/သူ(၆၈၀)ဦးတို့နှင့် တွေ့ဆုံခဲ့ပါတယ်။

မေလ(၁၈) ရက်နေ့တွင် ဘီးလင်းမြို့ အ. ထ. ကကျောင်းအစည်းအဝေးခန်းမ၌ ကရင်စာပေနှင့်ယဉ်ကျေးမှုသင်ကြားရေး ဦးဆောင်ဆရာတော်များ၊ ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ တာဝန်ရှိသူများနှင့်တကွ ကရင်စာပေသင်ကြားရေးဆရာ/ဆရာမ (၁၈၀) ဦးနှင့် တွေ့ဆုံခဲ့ပါတယ်။

မေလ(၂၀)ရက်နေ့မှာ သံဖြူဇရပ်မြို့နယ်၊ ဝဲကလိကျေးရွာ၊ ဘုန်းတော်

ကြီးကျောင်းမှာ မွန်စာပေယဉ်ကျေးမှုနှင့် ပြန်ကြားရေးဦးဆောင်ဆရာတော်များ၊ ကရင်စာပေယဉ်ကျေးမှုကော်မတီ တာဝန်ရှိသူများနှင့်တကွ ကရင်စာပေ သင်ကြားရေး ဆရာ/ဆရာမ(၂၀၀)ဦး နှင့်တွေ့ဆုံခဲ့ပါတယ်။ ထိုသို့တွေ့ဆုံခဲ့စဉ် တိုင်းရင်းသားစာပေသင်ကြားရေးနှင့်ပတ်သက်၍ ဦးဆောင်ဆရာတော်ကြီးများ၊ စာပေနှင့်ယဉ်ကျေးမှုကော်မတီတာဝန်ရှိသူများ၊ အထူးသဖြင့် သင်ကြားရေး ဆရာ/ဆရာမများမှအောက်ပါအချက်များမှ သက်ဆိုင်ရာ တာဝန်ရှိ အစိုးရများထံလွှတ်တော်ကတစ်ဆင့် တောင်းဆိုပေးဖို့ သူတို့ တင်ပြခဲ့ပါတယ်။

ထိုသို့တွေ့ဆုံခဲ့စဉ် တိုင်းရင်းသားစာပေသင်ကြားရေးနှင့်ပတ်သက်၍ ဦးဆောင်ဆရာတော်ကြီးများ၊ စာပေနှင့်ယဉ်ကျေးမှုကော်မတီတာဝန်ရှိသူများ၊ အထူးသဖြင့် သင်ကြားရေး ဆရာ/မများမှ အောက်ပါအချက်များကို တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီမှ လွှတ်တော်တွင် သက်ဆိုင်ရာ တာဝန်ရှိအစိုးရများထံ တင်ပြတောင်းဆိုပေးရန် တင်ပြခဲ့ပါတယ်။ သို့ပါ၍ တိုင်းရင်းသားဘာသာသင်ကြားရေးမှာ ပိုမိုထိရောက်လွယ်ကူ အဆင်ပြေစေရေးအတွက် တိုင်းရင်းသားဆရာ/ဆရာမများထံမှ တင်ပြထားတဲ့ယခုအဆိုတွင်ပါရှိသောအချက်(၁၁)ချက်မှာ -

(၁) တိုင်းရင်းသားစာပေကို ကျောင်းချိန်အတွင်းရှိ ဖွံ့ဖြိုးရေး အချိန်တွင် သင်ကြားခွင့်ပြုရန်၊သင်ကြားမှုအဆင်ပြေစေရန် အတွက် ၎င်းဖွံ့ဖြိုးရေးအချိန်ကို ညနေပိုင်းကျောင်းချိန်၏ နောက်ဆုံးချိန်အဖြစ် သတ်မှတ်ပေးရန်၊

(၂) ပညာရေးဝန်ကြီးဌာနမှ ထောက်ပံ့ပေးနေသောထောက်ပံ့ကြေး (၃၀၀၀ဝိ)ကျပ်သည် ပြင်ပမှလာရောက်သင်ကြားရသော တိုင်းရင်းသားဘာသာပြဆရာ/ဆရာမများအတွက်အလွန်ပင် နည်းပါးသည့်အတွက် ပိုမိုတိုး၍ထောက်ပံ့ပေးရန်၊

(၃) ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ပေးအပ်ခဲ့သော ထောက်ပံ့ကြေး (၃၀၀၀၀ိ)ကျပ်မှာ လစဉ်မရရှိဘဲ နှစ်ဆုံးမှ(၉)လစာပေါင်းပေးသော စနစ်ကြောင့် တိုင်းရင်းသားဘာသာပြဆရာ/ဆရာမများ အတွက် အလွန်ပင်နစ်နာခဲ့ရပါတယ်။ သို့ပါ၍ ယခုနှစ် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစ၍ ပေးအပ်မည့်ထောက်ပံ့ကြေးအား လစဉ်လကုန်ရက်တွင် ရရှိရေးဆောင်ရွက်ပေးရန်၊

(၄) တိုင်းရင်းသားစာပေသင်ကြားချိန်တွင် သင်ကြားမည့်ဆရာ/ဆရာမများအနေဖြင့် ၎င်းတို့လူမျိုးနှင့်သက်ဆိုင်သော တိုင်းရင်းသားဝတ်စုံဝတ်ဆင်စေရန်အတွက် သက်ဆိုင်ရာ ကျောင်းများ၊ ဆရာ/ဆရာမများထံသို့ ညွှန်ကြားချက် ထုတ်ပေးပါရန်၊

(၅) တိုင်းရင်းသားစာပေသင်ကြားပေးနေသောပြင်ပသင်ဆရာ/ဆရာမများအားခွဲခြားဆက်ဆံမှု မပြုလုပ်မိစေရန်နှင့်ကျောင်း Facility များ သုံးစွဲရေးတွင်တန်းတူအခွင့်အရေးရရှိစေရန် သက်ဆိုင်ရာ ကျောင်းများသို့ ညွှန်ကြားချက် ထုတ်ပေးပါရန်၊

(၆) ကျောင်းသားနှင့်ဆရာ အချိုးအစားratio ကိုကျောင်းတွင်း သင်ကြားသောပုံစံအတိုင်း သတ်မှတ်ပေးရန်နှင့် ဆရာ/ဆရာမအင်အားကို ၎င်း ratio နှင့် ဘောင်ဝင်အောင် ခန့်ထားပေးပါရန်၊

(၇) တိုင်းရင်းသားစာပေသင်ကြားရေးပြဌာန်းစာအုပ်များကို သင်ဆိုင်ရာကျောင်းများသို့ဖြန့်ဝေရာတွင် စာအုပ်များအချိန်မီ ရောက်ရှိစေရေးနှင့် သင်ကြားကျောင်းသူ/သားအားလုံး ရရှိစေရေး ဆောင်ရွက်ပေးပါရန်။

(၈) သက်ဆိုင်ရာတိုင်းရင်းသားစာပေများ၏ ရေး/ဖြေရမှတ်များ အရ ဆုချသည့်စနစ်ကို ကျောင်းပညာရည်ချွန်ဆုပေးပွဲများတွင် ထည့်သွင်းပေးရန်အတွက် သက်ဆိုင်ရာကျောင်းများသို့ ညွှန်ကြားပေးပါရန်၊

(၉) တိုင်းရင်းသားစာပေပညာသင်ကြားရေးတွင် ပြင်ပမှသင်ကြား ပေးနိုင်သောသက်ဆိုင်ရာကျေးရွာ/ရပ်ကွက် နယ်မြေခံများအား ဦးစားပေးခန့်ထားပေးရန်၊

(၁၀) တိုင်းရင်းသားစာပေပညာသင်ကြားရေးတွင် ပြင်ပသင် ဆရာ/ ဆရာမများအားဦးစားပေးခန့်ထားပေးရန်နှင့် အင်အား မလုံလောက်ပါက သင်ပြနိုင်သော ဝန်ထမ်းဆရာ/ဆရာမ များအား ခန့်အပ်ပေးရန်၊

(၁၁) တိုင်းရင်းသားစာပေသင်ကြားပေးရန် ခန့်အပ်ပြီးသော ဆရာ/ ဆရာမများအား သင်ကြားခွင့်အသိအမှတ်ပြုလွှာ Certificate သော်လည်းကောင်း၊ ID cardသော်လည်းကောင်း၊ သက်ဆိုင်ရာ ပညာရေးဦးစီးဌာနမှ ထုတ်ပေးပါရန် တို့ဖြစ်ပါတယ်။

သို့ပါ၍ အထက်ဖော်ပြပါအချက်(အဆို)များအား (၂၀၁၆-၂၀၁၇ ပညာသင်နှစ်အမီ) အမြန်ဆုံးကူညီဆောင်ရွက်ပေးနိုင်ရေး မွန်ပြည်နယ် လွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီမှ မွန်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာပြည်နယ်အစိုးရ၊ ပြည်ထောင်စု အစိုးရအဖွဲ့များသို့ လေးလေးနက်နက် တိုက်တွန်းအပ်ပါတယ်။

တစ်ဆက်တည်းမွန်ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေအပိုဒ် ၁၂၇ (က)မှာပါတဲ့အတိုင်း အဆိုတင်သွင်းမည့်လွှတ်တော် ကိုယ်စားလှယ်အား ဥက္ကဋ္ဌကဖိတ်ခေါ်ရင် သက်ဆိုင်ရာကိုယ်စားလှယ်တွေက မိမိတို့အဆိုကို

ဦးစွာဖတ်ပြ၍ တင်သွင်းပြီးမှ ဆွေးနွေးပြောဆိုပါ။ ကျွန်တော့်ကို ဒီ(၁၁)ချက်နဲ့ပတ်သက်ပြီး Highlight ဆွေးနွေးခွင့်ပြုပါ။

အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** မနက်ဖြန်မှဆွေးနွေးပါမယ်။ အခုတော့ ထောက်ခံမယ့်သူဘဲ ဆွေးနွေးပါ။

**ဦးထွန်းမင်းအောင်(ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၁)။** ဟုတ်ကဲ့။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးထွန်းမင်းအောင်၏ အဆိုကိုပြည်နယ်လွှတ်တော်မှ လက်ခံဆွေးနွေးသင့်ကြောင်း၊ ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးဇော်ဇော်ထူးအား ဆွေးနွေးပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဇော်ထူး(ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၂)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား၊ ကျွန်တော်ကတော့ ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဇော်ထူးဖြစ်ပါတယ်။ ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမင်းအောင် တင်သွင်းသွားတဲ့ **မွန်ပြည်နယ်အတွင်း တိုင်းရင်းသားများစာပေသင်ကြားရေးကို ထိရောက်စွာဆောင်ရွက်ပေးရေးအဆို**အား လွှတ်တော်မှ လက်ခံဆွေးနွေးသင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်

အပေါင်းတို့ ခင်ဗျား၊ ကျွန်တော်တို့နိုင်ငံဟာ တိုင်းရင်းသားအားလုံး စုပေါင်းနေထိုင်ကြတဲ့ပြည်ထောင်စုနိုင်ငံဖြစ်ပါတယ်။ တိုင်းရင်းသားများအားလုံးချစ်ကြည်ရင်းနှီးရေးနှင့် စည်းလုံးညီညွတ်စွာဥမကွဲသိုက်မပျက် အေးချမ်းတည်ငြိမ်စွာ အတူယှဉ်တွဲနေထိုင်သွားနိုင်ရေးဟာ နိုင်ငံတော်ကြီးရဲ့ အနှစ်သာရပင်ဖြစ်ပါတယ်။ လက်ရှိဒီမိုကရေစီ အသွင်ကူးပြောင်းရေးနှင့် တည်ငြိမ်အေးချမ်းရေးကိုစနစ်တကျ ပြန်လည်တည်ဆောက်နေသည့် ကာလဖြစ်တာနဲ့ အညီတိုင်းရင်းများအားလုံးရဲ့အခွင့်အရေးပိုင်းဆိုင်ရာကိစ္စများနှင့် စာပေယဉ်ကျေးမှုအမွေအနှစ်များကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် ကျွန်တော်တို့အားလုံးမှာ တာဝန်ကိုယ်စီရှိကြပါတယ်။ ထို့အတူ တိုင်းရင်းသားများရဲ့ အသက်သွေးကြောဖြစ်တဲ့ စာပေယဉ်ကျေးမှုပိုင်းဆိုင်ရာကိစ္စများမှာလည်း အခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီပီပြင်စွာ ဆောင်ရွက်ပေးရမှာလည်း တာဝန်ရှိပါတယ်၊ ယခုအခါ အမျိုးသားပညာရေးဥပဒေကို အတည်ပြု ပြဋ္ဌာန်းနိုင်ခဲ့သည့်အားလျော်စွာ ဥပဒေပြဋ္ဌာန်းချက်ပါ တိုင်းရင်းသားစာပေများကို သက်ဆိုင်ရာတိုင်းရင်းသားလူမျိုးနွယ်များအတွင်း(အပေါ်ယံဟန်ပြမဟုတ်ပဲ)ထိထိရောက်ရောက်အောင်အောင်မြင်မြင် ဆောင်ရွက်ပေးရမှာ သက်ဆိုင်ရာပညာရေးအဖွဲ့အစည်းများရဲ့ အဓိကတာဝန်ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ (၁)နှစ်၊ (၂)နှစ်က မွန်ပြည်နယ်အတွင်း အစိုးရစာသင်ကျောင်းများမှာ မွန်၊ ကရင်၊ ပအိုဝ်းစာပေများကိုသင်ကြားပေးခဲ့ပါသော်လည်း အားနည်းချက်များစွာ ရှိနေဆဲဖြစ်တာကြောင့်အဆိုရှင်ရဲ့ ရည်ရွယ်ချက်ဖြစ်တဲ့ တိုင်းရင်းသားစာပေသင်ကြားရေးအတွက်ထိရောက်အောင်မြင်စွာ ဆောင်ရွက်ပေးရေးအဆိုအား လွှတ်တော်မှာ လက်ခံဆွေးနွေးသင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမင်းအောင်၏ အဆိုကိုလက်ခံဆွေးနွေးသင့်ပါကြောင်း ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဆွေးနွေးသွားပါတယ်။ ဒါကြောင့်မို့လို ဒီအဆိုကို လွှတ်တော်အတွင်းမှာ လက်ခံဆွေးနွေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါတယ်။

**ဥက္ကဋ္ဌ။** အစီအစဉ်အရ တင်သွင်းသွားသောအဆိုများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ယနေ့အစည်းအဝေးပြီးချိန်တွင် ပြည်နယ်လွှတ်တော်ရုံး ညွှန်ကြားရေးမှူးထံတွင် အမည်စာရင်းပေးသွင်းနိုင်ကြောင်းကြေညာအပ်ပါတယ်။

**အချိန်။ ၁၂း၅၅။**

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ အတွင်းရေးမှူး အစားထိုးလဲလှယ်ရေးကိစ္စ တင်ပြခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ အတွင်းရေးမှူးအစားထိုးလဲလှယ်ရေးကိစ္စ တင်ပြခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး(တတိယနေ့)တွင် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။

ကိုယ်စားလှယ်များစိစစ်ရေးကော်မတီကို ကော်မတီဝင်(၅)ဦးဖြင့် ဖွဲ့စည်းထားပြီး ကော်မတီ၏အတွင်းရေးမှူးဦးထွန်းဌေးသည် ပြည်နယ်

အစိုးရအဖွဲ့၊ စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးအဖြစ် ရွေးချယ်ခန့်အပ်ခြင်းခံရသည့်အတွက် ကော်မတီ၏ အတွင်းရေးမှူး နေရာအားကျိုက်မရောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဒေါ်ခင်မျိုးမြင့်အားအစားထိုး တာဝန် ပေးအပ်သွားမှာ ဖြစ်ပါတယ်။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ အတွင်းရေးမှူး အစားထိုးလဲလှယ်ရေးကိစ္စတင်ပြခြင်းနှင့်ပတ်သက်၍ ပြည်နယ်လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ အတွင်းရေးမှူးအစားထိုးလဲလှယ်ရေးကိစ္စတင်ပြခြင်းနှင့် ပတ်သက်၍ ပြည်နယ်လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ အတွင်းရေးမှူးအဖြစ် ကျိုက်မရောမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မျိုးမြင့်အားတာဝန် ပေးအပ်ခြင်းအပေါ် ပြည်နယ်လွှတ်တော်မှ သဘောတူပါသလားရှင်၊ (၃ကြိမ်မေးမြန်းပါသည်)

လွှတ်တော်၏သဘာတူဆုံးဖြတ်ချက်အရ ကိုယ်စားလှယ် စိစစ်ရေး ကော်မတီတွင် ကျိုက်မရောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဒေါ်ခင်မျိုးမြင့်အား ကော်မတီ၏အတွင်းရေးမှူးအဖြစ် တာဝန် ပေးအပ်သွားမည်ကို ပြည်နယ်လွှတ်တော်မှ သဘောတူအတည်ပြုကြောင်း ကြေညာအပ်ပါတယ်။

## ပြည်နယ်လွှတ်တော်ဥပဒေပြုရေးဆိုင်ရာကော်မတီအတွင်းရေးမှူး အစားထိုး လဲလှယ်ရေးကိစ္စတင်ပြခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ ပြည်နယ်လွှတ်တော်ဥပဒေပြုရေးဆိုင်ရာကော်မတီအတွင်းရေးမှူး အစားထိုးလဲလှယ်ရေးကိစ္စတင်ပြခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေး(ဆဋ္ဌမနေ့)တွင် ဥပဒေပြုရေးဆိုင်ရာကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။

ဥပဒေပြုရေးဆိုင်ရာကော်မတီကို ကော်မတီဝင်(၉)ဦးဖြင့် ဖွဲ့စည်းထားပြီးကော်မတီ၏ အတွင်းရေးမှူးဒေါက်တာအောင်နိုင်ဦးသည် မွန်ပြည်နယ်လွှတ်တော်၊ ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်ခန့်အပ်ခြင်း ခံရသည့်အတွက် ကော်မတီ၏ အတွင်းရေးမှူးနေရာအား ဘီးလင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်နိုင်ဦးအား အစားထိုးတာဝန်ပေးအပ်သွားမှာဖြစ်ပါတယ်။

## ပြည်နယ်လွှတ်တော်ဥပဒေပြုရေးဆိုင်ရာကော်မတီအတွင်းရေးမှူး အစားထိုးလဲလှယ်ရေးကိစ္စတင်ပြခြင်းနှင့်ပတ်သက်၍ ပြည်နယ်လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**အခမ်းအနားမှူး။** ဘအစီအစဉ်အရ ပြည်နယ်လွှတ်တော်ဥပဒေပြုရေးဆိုင်ရာကော်မတီအတွင်းရေးမှူး အစားထိုးလဲလှယ်ရေးကိစ္စတင်ပြခြင်းနှင့်ပတ်သက်၍ ပြည်နယ်လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ဥပဒေပြုရေးဆိုင်ရာကော်မတီအတွင်းရေးမှူးအဖြစ် ဘီးလင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်နိုင်ဦးအား တာဝန်ပေးအပ်ခြင်းအပေါ် ပြည်နယ်လွှတ်တော်မှ သဘောတူပါသလားရှင်၊ (၃ကြိမ်မေးမြန်းပါသည်။)

လွှတ်တော်၏သဘောတူဆုံးဖြတ်ချက်အရ ဥပဒေပြုရေးဆိုင်ရာကော်မတီတွင် ဘီးလင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်နိုင်ဦးအား ကော်မတီ၏အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်သွားမည်ကို ပြည်နယ်လွှတ်တော်မှသဘောတူအတည်ပြုကြောင်း ကြေညာအပ်ပါတယ်။

## အထွေထွေကိစ္စရပ်များဆုံးဖြတ်ရန်တင်ပြခြင်း

**ဦးအောင်ကျော်သူ(သထုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၂)။** ဥက္ကဋ္ဌကြီးခင်ဗျား၊ ကျွန်တော်တို့မွန်ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေအပိုဒ် ၃၈၊ အပိုဒ်ခွဲ(ဈ)အရ အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့်ဆုံးဖြတ်ခြင်း၊ မေးခွန်းမေးမြန်းခြင်းနှင့်ဖြေကြားခြင်းများအပြီးတွင် အဲဒီ(ဈ)အရ ဥက္ကဋ္ဌ ခွင့်ပြုသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် ကျွန်တော်သထုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ အထွေထွေကိစ္စရပ်များဆုံးဖြတ်ရန်တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီး ခွင့်ပြုပေးပါရန်လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဒီကိစ္စကို ၃၈(ဈ)၊ အဲဒါကိုကြည့်ပြီးတော့ မနက်ဖြန်ကျရင် ဆောင်ရွက်သင့်ရင် ဆောင်ရွက်ပေးပါမယ်။

**ဦးအောင်ကျော်သူ(သထုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၂)။** မနက်ဖြန်တော့ ဆက်စပ်ထည့်ပေးပါ။

**အချိန်။ ၁၃း၀၅။**

## အလှပ်ကျေးရွာ ရေငံတားတမံကိစ္စနှင့်ပတ်သက်၍ vedio fileကို Projector ဖြင့် ပြန်လည်ဖြည့်စွက်တင်ပြခြင်း

**အခမ်းအနားမှူး။** ဆက်လက်ပြီးတော့ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမင်းအောင်ကအလှပ်ကျေးရွာ ရေငန်တားတမံကိစ္စနှင့်ပတ်သက်၍ vedio fileကို Projector ဖြင့် ပြန်လည် ဖြည့်စွက်တင်ပြခြင်းဖြစ်ပါတယ်။

**ဦးထွန်းမင်းအောင်(ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၁)။** ဥက္ကဋ္ဌကြီး အားအများကြီးကျေးဇူးတင်ပါတယ်။ ကျွန်တော့် vedio fileပြရင်းနဲ့ ဒီအလှပ်ကျေးရွာနဲ့ပတ်သက်တဲ့ကိစ္စကို ဥက္ကကြီးအား အနည်းငယ် တင်ပြခွင့်ပြုပါ။

ဒီကျေးရွာတဲတာတွေက ပုံမြင်တွေ့ရတဲ့အတိုင်းဘဲ သူတို့ကိုယ်ပိုင်ငွေ၊ ချွေးနဲစာတွေနဲ့သူတစ်ပါးနိုင်ငံမှာ ကျွန်ခံပြီးတော့ရတဲ့ ပိုက်ဆံတွေကို စုစည်းပြီးတော့ သိန်း(၆၀)မြေဖို့တယ်။ ကျောက်က(၂၅)သိန်းစသည်ဖြင့် သူတို့ရဲ့ အသက်ဘေးအေးချမ်းလုံခြုံဖို့အတွက် အင်မတန်မှ ပင်ပန်းဆင်းရဲကြီးစွာ လုပ်ကိုင်နေရတာကို ဥက္ကဋ္ဌကြီး မြင်ရမှာဖြစ်ပါတယ်။ အခုသူတို့တောင်းဆိုနေတဲ့ မိုးတွင်းမှာကြံ့ခိုင်ဖို့ဆိုလိုရှိရင် အချက်ကအနည်းငယ်ဘဲလိုအပ်ပါတယ်။

သူတို့တောင်းဆိုတာက ဘတ်ဟိုးအသေးစာတစ်စီးလောက်ဖြစ်ဖြစ် ပြီးရင် ကျွန်တော်တို့ဘိလပ်မြေ အိတ်(၁၀၀၀)တန်ဖိုးသိန်း(၅၀)လောက်ဘဲဖြစ်ဖြစ် ပြီးလို့ရှိရင် ထပ်ပိုးအဆင့်ကျောက်ကြီးတွေကျင်း(၅၀)လောက်ဖြစ်ဖြစ် ဒီဥစ္စာတွေသူတို့တောင်းနေတယ်။ ဥက္ကဋ္ဌကြီးသိတဲ့အတိုင်းဘဲဒီဆောက်လုပ်ရေး ဌာနမှာ မော်လမြိုင်မှာ ဘက်ဟိုးတွေက ပြည်သူလူထုပိုက်ဆံနဲ့ဝယ်ထားတဲ့ ပစ္စည်းတွေ ဖြစ်ပါတယ်။ အစိုးရကတော့ စီမံခန့်ခွဲတယ်။ ဒါပေမဲ့ ပြည်သူရဲ့ ပိုက်ဆံနဲ့ ဒီဘက်ဟိုးတွေ၊ စက်ယန္တရားတွေ၊ ကျောက်သယ်ကားတွေ ဝယ်ထားတယ်။ သူတို့ပိုင်တဲ့ပစ္စည်းကို သူတို့ခဏလေးတောင်းတာကို အစိုးရ အနေနဲ့ ကူညီသင့်တယ်လို့ထင်မြင်ပါတယ်။ ပြီးလို့ရှိရင် ကျွန်တော်တို့နိုင်ငံ ဒီမိုကရကတစ် Culture ကိုသွားတဲ့အတွက်ကြောင့် ကျွန်တော်တို့ လွှတ်တော်နဲ့အစိုးရကပေါ်ပေါက်လာတယ်၊ အခုလည်းပိုပြီးအားကောင်းအောင် ဒီမိုကရက်တစ် Culture ပိုပြီးအားကောင်းပြီပြင်လာအောင် ကြိုးပမ်းနေတဲ့ ကာလမှာ ပြည်သူကရွေးကောက်တင်မြှောက်ပြီးတော့ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ်တာဝန်ယူထမ်းဆောင်နေတဲ့ဥက္ကဋ္ဌအနေဖြင့် အလှုပ်ကျေးရွာက ညဘက်အိပ်စက်တဲ့အခါကျရင် နှလုံးစိတ်ဝယ်အေးချမ်းလုံခြုံစွာ အိပ်စက် နိုင်ရေးအတွက် ယခုနှစ်မိုးရာသီမတိုင်မီ ယာယီရေငန်တားတမံ အချိန်မီပြီစီး ဖို့နဲ့ ကြံ့ခိုင်မှုရှိစေရေးမှာ ပြည်နယ်အစိုးရအနေနဲ့အတတ်နိုင်ဆုံး ပံ့ပိုး ကူညီပေးရန် ဥက္ကဋ္ဌကြီးအနေနဲ့ အတတ်နိုင်ဆုံးကူညီဆောင်ရွက်ပေးဖို့ို လမ်းညွှန်ပေးဖို့အတွက် ပြည်သူကိုယ်စား ကျွန်တော်လေးစားစွာ တင်ပြ အပ်ပါတယ်။ နောက်ထပ်တစ်ဆက်တည်းမှာ ပြည်နယ်အစိုးရဆိုတာ အားလုံးသိပြီးဖြစ်တဲ့အတိုင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးအရှေ့မှာ ကျမ်းကျိန်ပြီးတော့မှ ပြည်နယ်လွှတ်တော်ကနေ မွေးထုတ်ပေးလိုက်တဲ့ ပုဂ္ဂိုလ်တွေဘဲဖြစ်ပါတယ်။

ကျွန်တော်တစ်ဆက်တည်း ပြည်နယ်အစိုးရအဖွဲ့မှာ တောင်းတာက ပြည်နယ်တိုင်းမှာရှိပါတယ်။ Management ဖြစ်ပါတယ်။သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲရေးကော်မတီ ရန်ပုံငွေလည်းရှိမယ်ဆိုတာ ကျွန်တော် ယုံကြည်ပါတယ်။ အဲဒီအတွက်ကြောင့် ဥက္ကဋ္ဌကြီးအနေနဲ့ အတတ်နိုင်ဆုံး ကျွန်တော်အားကိုးတကြီးနဲ့ ကျွန်တော့် Power pointနဲ့ထုတ်ပြပြီး ပြည်သူတွေ ဘယ်လောက် အခက်အခဲ ဖြစ်နေလည်းဆိုတာ ရှင်းပြတာ ဖြစ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမင်းအောင် မေးသွားတဲ့မေးခွန်းနဲ့ပတ်သက်ပြီးတော့ သက်ဆိုင်ရာဝန်ကြီးမှ ဖြေကြားပေး စေလိုပါတယ်။

**ဦးထွန်းဌေး(စိုက်ပျိုးမွေးမြူရေးနှင့်ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား၊ ဦးထွန်းမင်းအောင်မေးမြန်းသွားသော အလုပ် ကျေးရွာ ရေငန်တားတမံယာယီတည်ဆောက်ရေးအတွက် ပြည်သူများ ယခုလိုအားထုတ်ကြိုးပမ်းနေရတဲ့အခြေအနေမျိုးကိုလည်း ကျွန်တော်တို့တွေ အနေနဲ့ အောက်ခြေမှာရှိနေတဲ့ အခက်အခဲများကိုလည်း လုံးဝသိရှိပြီး ဖြစ်ပါတယ်။ အဲဒီတွက်ကြောင့် ကျွန်တော်တို့မွန်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ငွေလုံးငွေရင်း၊ ခွင့်ပြုရန်ပုံငွေကျပ် (၄၅၀. ၆)သန်းဖြင့် လာမည့်ပွင့်လင်း ရာသီမှာ စတင်ပြီးတော့ အမြန်ဆုံး၊ အခိုင်မာဆုံးနဲ့ အကောင်းဆုံးဖြစ်အောင် ကြိုးကြပ်ဆောင်ရွက်မည်ကိုလည်းကျွန်တော်ရှေ့ကတင်ပြသွားပြီးဖြစ်ပါတယ်။ သို့သော် ဒီရန်ပုံငွေအားဖြင့် ကျွန်တော်တို့က ဘတ်ဂျတ်တစ်ခုကနေပြီးတော့

ကျွန်တော်တို့ချမှတ်ထားပြီးပြီးဖြစ်တဲ့အတွက်ကြောင့် တစ်ဖက်ကလည်း ကျွန်တော်တို့အခြားသော ကျွန်တော်တို့ရဲ့ဝန်ကြီးဌာန အောက်၌ရှိသော ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေအားဖြင့်လည်းကောင်း၊ ကျွန်တော်တို့ ထပ်မံပြီးတော့ ဘတ်ဂျက်ခေါင်းစဉ်တစ်ခုအောက်မှာ ထပ်မံတောင်းယူ ပြီးတော့ ဖြည့်စွက်ပြီးတော့ သုံးစွဲခွင့်လည်းမရှိပါ။ တစ်ဖက်ကလည်း ကျွန်တော်တို့ဒီဒေသခံများရဲ့ အခက်အခဲဖြစ်တဲ့အတွက်ကြောင့်၊ တစ်ဖက် ကလည်း ကျွန်တော်တို့ရဲ့ လက်ရှိလွှတ်တော်ဖွံ့ဖြိုးရေးဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေသိန်း(၁၀၀၀)ရှိနေတာကိုလည်း မြို့နယ်အသီးသီးမှာ ချပေးဖို့လည်း ရှိပါတယ်။ သို့သော် ကျွန်တော်တို့က ရေငန်တားတမံရဲ့ပမာဏကြီးမား မှုကြောင့် ကျွန်တော်တို့ရဲ့ ပြည်နယ်အစိုးရဘတ်ဂျက်ကလည်း ချထား ပေးပြီးသားဖြစ်တဲ့အတွက်ကြောင့် ရာသီဥတုအခြေအနေအချိန်အခါအရသာ လက်ရှိမှာဖော်ဆောင်နိုင်ခြင်း မရှိသေးတဲ့အတွက်ကြောင့် သော်လည်းကောင်း၊ ကျွန်တော်တို့ ဒီလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေ အနေနဲ့လည်း သိန်း(၅၀)ခေါင်းစဉ်တောင်းပြီးတော့ ကျွန်တော်တို့တင်ပြလို့ရရင်လည်း ရနိုင်ကောင်းရနိုင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဘတ်ဂျက်တစ်ခု ကျပြီးတဲ့ စီမံကိန်းနဲ့ပတ်သက်ပြီးတော့ မည်သည့်ခေါင်းစဉ်နဲ့မှ ထပ်မံပြီးတော့ချပေးလို့ မရဘူးဆိုတဲ့ ကျွန်တော်တို့ရဲ့စည်းမျဉ်းစည်းကမ်းကလည်း ချမှတ်ထားတာ ရှိပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ခုနကဖြေဆိုသွားတဲ့ အထဲမှာ ဆိုလို့ရှိရင်လည်း ဒီယာယီရေငန်တားတမံဆောင်ရွက်နိုင်ရန် အတွက် မြို့နယ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ (သို့မဟုတ်) ဒေသအစီအစဉ်ဖြစ်သာ ဆောင်ရွက်သင့်ပါကြောင်းဆိုပြီးတော့ ကျွန်တော်နိဂုံးချုပ်အနေနဲ့ ဖြေကြား ပေးရခြင်းလည်းဖြစ်ပါတယ်။

သို့သော်တစ်ဖက်ကလည်း ကျွန်တော်တို့လက်ရှိပြည်သူများကြုံတွေ့ နေတဲ့အခက်အခဲကလည်း ဒီလာမယ့်မိုးတွင်းမှာ ရင်ဆိုင်ရမယ့်လှိုင်းလေ

ထန်မှု၊ ကြီးမားတဲ့ဘေးအန္တရာယ်ကလည်း နှစ်စဉ်နှစ်တိုင်းစိန်ခေါ်မှုတွေနဲ့ တွေ့နေရတဲ့ကျွန်တော်တို့ဒေသခံများကို ဖြစ်နိုင်လျှင် ကျွန်တော်တို့ အစိုးရဌာနကနေတစ်ဆင့် (သို့မဟုတ်) ဝန်ကြီးဌာနကနေတစ်ဆင့် နိုင်ငံတော်သမ္မတရဲ့ အထူးရန်ပုံငွေဆိုတဲ့ ခေါင်းစဉ်များလည်း အထူးငွေအနေနဲ့ သုံးစွဲတဲ့ လျာထားချက်တွေလည်းရှိတယ်လို့ ကျွန်တော်တို့ကြားသိထားရတာရှိပါတယ်။ ဒါကြောင့် အခြားသော မည်သည့်ခေါင်းစဉ်နဲ့မှ ဘတ်ဂျက်ကျပြီးသားခေါင်းစဉ်တစ်ခုကို ထပ်မံဖြည့်စွက်လို့ မရနိုင်တဲ့အတွက်ကြောင့်သော်လည်းကောင်း၊ သို့သော်တစ်ဖက်နဲ့တစ်ဖက်ကရှိနိုင်သေးတဲ့အခွင့်အလမ်းများကိုလည်း ကျွန်တော်တို့တတ်နိုင်သလောက်ပေါင်းစပ်ပြီးတော့ စုံစမ်းမေးမြန်းသွားမှာဘဲဖြစ်ပါတယ်။ ကျွန်တော်တို့ အဲဒါလေးတော့ ပြန်လည်ဖြေကြားပေးစေလိုပါတယ်။ ပြီးတော့ဖြစ်နိုင်ရင်တော့ ဒီဒေသခံများအနေနဲ့ကလည်း ဒီလက်ရှိဆောင်ရွက်နေတဲ့အနေအထားမှာ ဒီလှိုင်းလေပြင်းထန်တဲ့ မိုးရာသီအတွင်းမှာ ရေငံတားတမံကိုတတ်နိုင်သမျှ စွမ်းအားနဲ့မည်သို့ပင် ကြိုးပမ်းဆောင်ရွက်မယ်ဆိုလို့ရှိရင်လည်း ဒီလှိုင်းလေ ပြင်းထန်တဲ့မိုးရာသီမှာလည်း ဒီရေအနေအထားအလျောက် မိမိတို့ရဲ့သုံးစွဲ ထားတဲ့ကုန်ကျစရိတ်ငွေများဟာလည်း ဖြစ်နိုင်ရင်တော့ ခိုင်မာမှုမရှိဘဲနဲ့ ထပ်မံပြီးဆုံးရှုံးသွားမယ်လို့လည်း တစ်ဖက်ကစိုးရိမ်မိပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့အနေနဲ့ ဒီကိစ္စကို ချန်လှပ်ပြီးတော့ ရနိုင်တဲ့အခြေအနေမှ ထပ်မံစဉ်းစားပြီးတော့ အကြောင်းပြန်သွားပေးမှာဖြစ်တဲ့ အတွက်ကြောင့် ဖြေကြားလိုပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဒေါက်တာအေးဇံ(ကျိုက်ထိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၂)။** ကျွန်တော်က မွန်ပြည်နယ်လွှတ်တော်မှာ စီမံဘဏ္ဍာစီးပွားရေးဆိုင်ရာ ကော်မတီရဲ့ဥက္ကဋ္ဌဖြစ်ပါတယ်။ ဝန်ကြီးအနေနဲ့ ဒီစီမံဘဏ္ဍာစီးပွားရေး ဆိုင်ရာကိစ္စရပ်များနဲ့

ပတ်သက်ပြီးတော့ (၂၀၁၆-၂၀၁၇) ဘတ်ဂျက်ကို သေချာလေ့လာပြီး တကယ်ကိုအစိုးရအဖွဲ့ကလိုအပ်လာလျှင် ခေါင်းစဉ်ပြောင်းပြီးသုံးခွင့်ရှိတယ်။ အဲဒီသုံးခွင့်ကို လွှတ်တော်ကိုတင်လိုက်လျှင် လွှတ်တော်က ဆွေးနွေးပြီးတော့ ပြန်ပြီးခွင့်ပြုလို့ရပါတယ်ဆိုတာကို ကျွန်တော်တို့ဒီ(၂၀၁၆-၂၀၁၇) ဘတ်ဂျက်ရဲ့ဥပဒေမှာ အတိအလင်းရေးထားတဲ့အတွက် အခုလိုမျိုးတကယ်လို့ လိုအပ်လာတယ်ဆိုလို့ရှိရင် ခေါင်းစဉ်ပြောင်းပြီးတော့ သော်လည်းကောင်း၊ တစ်နေရာမှသော်လည်းကောင်း လွှတ်တော်ကိုတင်ပြလာလျှင်လွှတ်တော်က အချိန်မရွေးလိုအပ်နေတဲ့အတွက်ကြောင့် ကျွန်တော်တို့ ခွင့်ပြုလို့ ရပါတယ်။ ဥပဒေမှာလည်းရေးထားပြီးသားဖြစ်ပါတယ်။ ဒါဥက္ကဋ္ဌကြီးကိုတင်ပြပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ကျွန်မတို့က ဒီလွှတ်တော်အထူးအစည်းအဝေးမှာ Agenda တွေနဲ့သွားနေကြတာဖြစ်ပါတယ်။ အဲတော့ဒီလောက်နဲ့ဘဲကျွန်မတော့ရပ်နားစေချင်တယ်။ ကျွန်မတို့လွှတ်တော်နဲ့ အစိုးရနဲ့ပေါင်းပြီး ညှိနှိုင်းဆောင်ရွက်စရာအများကြီးရှိပါတယ်။ ဒီလိုမျိုးသာ ကိုယ်စားလှယ်ကြီးတွေကတစ်ယောက် ပြောမယ်၊ တစ်ယောက်ကချေပမယ်ဆိုရင် Debate ဖြစ်သွားမှာပါ။ ဒါကြောင့်မို့ ကျွန်မတို့လည်းအချိန်ကို လေးစားတယ်။ ကျွန်မတို့ Agenda အတိုင်း ဆောင်ရွက်တာဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ကျွန်မက Agenda အတိုင်း ဆက်သွားမယ်လို့ပြောကြားချင်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

## ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်အထူးအစည်းအဝေး(၁/၂၀၁၆) (ပထမနေ့)အစည်းအဝေးရပ်နားကြောင်းနှင့်(ဒုတိယနေ့) ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကြေညာခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၆)(ပထမနေ့)အစည်းအဝေးရပ်နားကြောင်း နှင့်(ဒုတိယနေ့)ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကြေညာခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်အထူးအစည်းအဝေး (၁/၂၀၁၆)(ပထမနေ့)အစည်းအဝေးရပ်နားကြောင်းနှင့် ဒုတိယအကြိမ် မွန်ပြည်နယ် လွှတ်တော်အထူးအစည်းအဝေး(၁/၂၀၁၆) (ဒုတိယနေ့)ကို (၃. ၆. ၂၀၁၆)ရက်နေ့၊ နံနက်(၁၀း၀၀)နာရီအချိန်တွင်ကျင်းပသွားမှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာမှာ ဖြစ်ပါတယ်။ (ကိုယ်စားလှယ်များအားလုံးမတ်တပ်ရပ်ပေးကြပါရန် ပန်ကြား အပ်ပါတယ်။)

အားလုံးပဲထွက်ခွာနိုင်ပါပြီ။

(ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်ထူးအစည်းအဝေး (၁/၂၀၁၆) (ပထမနေ့)ကို (၁၃း၁၅)နာရီအချိန်တွင် ရပ်နားပါသည်။)

# ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်
# အထူးအစည်းအဝေး(၁/၂၀၁၆)(ဒုတိယနေ့)မှတ်တမ်း
# ၁၃၇၈ ခုနှစ်၊ ကဆုန်လဆုတ် ၁၃ ရက်
# ( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၃ ရက် )
# (သောကြာနေ့)

မွန်ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်အထူးအစည်းအဝေး(၁/၂၀၁၆)(ဒုတိယနေ့)ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

**အချိန်။ ၁၀း၀၀။**

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား၊ ယခုအချိန်ကစပြီး ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၆)(ဒုတိယနေ့)ကိုစတင်ပါတော့မယ်။ အစည်းအဝေး အစီအစဉ်များကိုပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံသို့ ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် အစီအစဉ်အတိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ယနေ့ကျင်းပပြုလုပ်သည့် အစည်းအဝေးကတော့ ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်အထူးအစည်းအဝေး(၁/၂၀၁၆)(ဒုတိယနေ့)ဖြစ်ပါတယ်။ အစည်းအဝေးမှာအခမ်းအနားမှူးအဖြစ်ကျွန်တော် မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မွန်ပြည်နယ်လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူး

ဦးနေမျိုးအောင်ကဆောင်ရွက်သွားမှာဖြစ်ပြီး တွဲဘက်အခမ်းအနားမှူးအဖြစ် မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မွန်ပြည်နယ်လွှတ်တော်ရုံး၊ ဦးစီးအရာရှိ ဦးသန်းထွဋ်နိုင်တို့က ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** အစီအစဉ်အရ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။

အားလုံးဘဲထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရမွန်ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ ယနေ့အစည်းအဝေး ပွဲသို့ မွန်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးစု လွှတ်တော်ကိုယ်စားလှယ်များနှင့်တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များ စုစုပေါင်း(၃၁)ဦးတက်ရောက်ခွင့်ရှိသည့်အနက် ကိုယ်စားလှယ် (၃၁)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ဦးရေစုစုပေါင်းရဲ့(၁၀၀) ရာခိုင်နှုန်းတက်ရောက်တဲ့အတွက် ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၆)(ဒုတိယနေ့)အထမြောက်ကြောင်းနှင့်စတင် ကျင်းပကြောင်း ကြေညာအပ်ပါတယ်ရှင်။

အစည်းအဝေးကို ဖြန့်ဝေထားတဲ့အစီအစဉ်အတိုင်း ကျင်းပသွားမှာ ဖြစ်ပါတယ်။

## ခွင့်ပန်ကြားခြင်းနှင့် ပြည်နယ်လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်၊ ရှိရင်းကိုယ်စားလှယ် (၃၁) ဦး၊ ခွင့်ပန်သူ (-)ဦး၊ အစည်းအဝေးတက်ရောက်သူ(၃၁)ဦးဖြစ်ကြောင်း ကိုယ်စားလှယ်စိစစ်ရေးကော်မတီမှ တင်ပြလာပါတယ်။ အစည်းအဝေး တက်ရောက်မှုအခြေအနေကိုပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်အတည်ပြုရန် သဘောတူပါသလားရှင်ဟု (၃)ကြိမ်မေးမြန်းခဲ့ရာပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အားလုံးကသဘောတူသည့်အတွက် ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော်အထူးအစည်းအဝေး(၁/၂၀၁၆)(ဒုတိယနေ့)သို့ အစည်းအဝေး တက်ရောက်မှုအခြေအနေကို ပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာအပ်ပါတယ်။

**အချိန်။ ၁၀း၀၅။**

## မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ ကြယ်ပွင့်ပြမေးခွန်းများကိုပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာဝန်ကြီးများမှ ပြန်လည်ဖြေကြားခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ပထမဦးစွာ ကျိုက်ထိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးဇံကို မေးခွန်းမေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာအေးဇံ(ကျိုက်ထိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၂)။** လေးစားအပ်ပါသောပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ကျွန်တော်ကတော့ ကျိုက်ထိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးဇံဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုသည့်မေးခွန်းကတော့ မွန်ပြည်နယ်အတွင်းအလုပ်အကိုင်အခွင့်အလမ်းဖန်တီးမှုနှင့် တစ်ဖက်နိုင်ငံသို့ရွှေ့ပြောင်းလုပ်သားများ၊ လူ့စွမ်းအားအရင်းအမြစ် ဆုံးရှုံးမှုကူညီဖြေရှင်းပေးပါရန် မွန်ပြည်နယ်အစိုးရအနေနှင့် မည်သို့ဆောင်ရွက်နေကြောင်း သိရှိလိုပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ထိုင်းနိုင်ငံတွင်သွားရောက်လုပ်ကိုင်သည့် ရွှေ့ပြောင်းလုပ်သားမှာ စုစုပေါင်း(၃)သန်းကျော်ရှိနေပါတယ်။ယခုနှစ် ပထမလေးလအတွင်းတွင် မြန်မာရွှေ့ပြောင်း လုပ်သား (၂)သောင်းကျော် လူသားအရင်းအမြစ်များဆုံးရှုံးခဲ့ပါတယ်။အလုပ်အကိုင်ရှားပါးခြင်းနှင့် လုပ်ခလစာနည်းပါးခြင်းတို့ကြောင့် ထိုင်းနိုင်ငံအတွင်း သွားရောက် လုပ်ကိုင်ကြသည့် မြန်မာရွှေ့ပြောင်းလုပ်သားအများစုမှာ ထိုင်းနိုင်ငံသားများ လုပ်ကိုင်ခြင်းမရှိသည့်ခက်ခဲကြမ်းတမ်းသော အလုပ်များ၊ ညစ်ပတ်သည့် အလုပ်များ၊ အန္တရာယ်များသောလုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများတွင် မြန်မာလုပ်သားများလုပ်ကိုင်ကြရပါတယ်။

အကယ်၍ထိုက်သင့်သောလုပ်ခလစာရရှိခဲ့ပါက ကိုယ့်နိုင်ငံမှာပင် လုပ်ကိုင်ကြမှာဖြစ်ပါတယ်။ မည်သူမျှ သူများနိုင်ငံမှာ အနေဆင်းရဲအစား

ဆင်းရဲမိသားစုတကွဲတပြား သွားရောက်လုပ်ကိုင်မည်မဟုတ်ပါ။ မွန်ပြည်နယ်ရှိ မြို့များ၊ ကျေးရွာများတွင် မိခင်ဖခင်နှင့်မနေရဘဲ အဖိုးအဖွားများနှင့်ကြီးပြင်းရသော ကလေးငယ်များအမြောက်အများရှိပါတယ်။ ကျေးရွာများတွင် လယ်ယာလုပ်သားရှားပါးမှုကိစ္စများ၊ နှစ်ရှည်သီးနှံခြံများတွင် လုပ်သားရှားပါးမှုပြဿနာများ၊ ဆောက်လုပ်ရေးလုပ်သားရှားပါးမှုများ ကြုံတွေ့နေရပါတယ်။

ထိုကိစ္စရပ်များကို ဖြေရှင်းရာ၌ လယ်ယာမြေလုပ်ကိုင်သူများ၊ ဥယျာဉ်ခြံမြေလုပ်ကိုင် သူများအကျိုးအမြတ်နည်းပါး နေသည့်အတွက်ကြောင့် လုပ်ခလစာနည်းပါးရခြင်းဖြစ်ပါတယ်။မွန်ပြည်နယ်အစိုးရအနေဖြင့် လယ်ယာနှင့်ဥယျာဉ်ခြံမြေများတွင်အကျိုးအမြတ်များများရရှိစေရန်နှင့် ထောက်ပံ့ကူညီသည့်လုပ်ငန်းများ၊ (ဥပမာ)သုတေသနလုပ်ငန်းများ၊ မျိုးကောင်းမျိုးသန့်များ၊လယ်ယာကုန်ထုတ်လမ်းများ၊ဆင်းရဲသောလယ်သမားများအားလယ်ယာမြေသစ်များဖော်ထုတ်၍ စနစ်တကျခွဲဝေပေးခြင်းအားဖြင့် ဖြေရှင်းနိုင်ပါတယ်။

ထို့ကြောင့် မွန်ပြည်နယ်အစိုးရအနေနှင့် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးမှုတစ်ဖက်နိုင်ငံသို့ လုပ်သားအင်အားဆုံးရှုံးမှုများကို ရပ်တန့်အောင်မည်ကဲ့သို့ ဆောင်ရွက်ထားရှိနေကြောင်းသိရှိလိုပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာဝန်ကြီးမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးထွန်းဌေး(စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး)။** မွန်ပြည်နယ်အစိုးရအနေဖြင့် အလုပ်အကိုင်၊ အခွင့်အလမ်း ဖန်တီးမှုတစ်ဖက်နိုင်ငံသို့ လုပ်သားအင်အားဆုံးရှုံးမှုများကို ရပ်တန့်အောင်

မည်ကဲ့သို့လုပ်ဆောင်နေကြောင်း သိလိုသောမေးခွန်းအား မွန်ပြည်နယ်စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ကျွန်တော်ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် ရွှေ့ပြောင်းအလုပ်သမားများသည်ရေကြည်ရာ မြက်နုရာဒေသများသို့ပြောင်းရွှေ့လုပ်ကိုင်သူများဖြစ်ရာ မိမိနိုင်ငံတွင်အလုပ်အကိုင်ရှားပါးခြင်းနှင့် လုပ်ခလစာနည်းပါးခြင်းတို့ကြောင့် ထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်ကြ ပါတယ်။ ဤကဲ့သို့ သွားရောက်လုပ်ကိုင်ကြခြင်းများအတွက်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသည် ပြည်ပတွင်သွားရောက်အလုပ်လုပ်ကိုင်မည့် မြန်မာအလုပ်သမားများတရားဝင်အလုပ်လုပ်ကိုင်ရရှိရေး၊ တရားမဝင်သွားရောက်မှုလျှော့နည်းပပျောက်ရေး၊ ရွှေ့ပြောင်းအလုပ်သမားများ၏အခွင့်အရေးများအပြည့်အဝရရှိရေး၊ ကာကွယ်စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ထို့အပြင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့အစည်း (ILO)၊ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) တို့နှင့် ပူးပေါင်း၍ "ရွှေ့ပြောင်းလုပ်သားများထောက်ပံ့ကူညီပေးရေးဗဟိုဌာန"(Migrant Workers Resource Center)(MRC)ရုံးများကို (၁၁)မြို့နယ်တွင် ဖွင့်လှစ်ထားပြီးဖြစ်ပါတယ်။ မော်လမြိုင်မြို့၌ (၂၅-၁၁-၂၀၁၄) ရက်နေ့ဖွင့်လှစ်ခဲ့ပါတယ်။

ထိုင်းနိုင်ငံသို့သွားရောက်အလုပ်လုပ်ကိုင်ကြမည့်သူများသည် တရားဝင်လမ်းကြောင်းမှသွားရောက်လျှင် အခက်အခဲလျော့နည်းမည်ဖြစ်ပြီး၊ တရားဝင်လမ်းကြောင်းနှင့်ဖြစ်စေ၊ တရားမဝင်လမ်းကြောင်းနှင့်ဖြစ်စေ သွားရောက်

လုပ်ကိုင်ကြသူများ အခက်အခဲပြဿနာများ ကြုံတွေ့ရပါက ဖြေရှင်းပေးရန် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် အလုပ်သမားသံအရာရှိ (၂)ဦးထားရှိခြင်း၊ မြဝတီနယ်စပ်စခန်းနှင့် (MRC)ရုံးများမှလည်း ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ ပြည်ပနိုင်ငံများသို့ တရားဝင်စေလွှတ်ခွင့်ရအေဂျင်စီစာရင်းများ ကြော်ငြာပေးထားခြင်း၊ အခက်အခဲပြဿနာများကို ဆက်သွယ်တိုင်ကြားနိုင်မည့် ဖုန်းနံပါတ်များ ဖြန့်ဝေပေးခြင်း၊ အသိပညာပေးဟောပြောခြင်းများ ပြုလုပ်ပေးလျက် ရှိပါတယ်။

မွန်ပြည်နယ်အတွင်းရှိမြို့နယ်နှင့် ကျေးရွာများတွင် အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန၊ Swiss contact, IOM တို့နှင့်ပူးပေါင်း၍ အသက် မွေးဝမ်းကြောင်းကျွမ်းကျင်မှု အတတ်ပညာဖွံ့ဖြိုးမှုအစီအစဉ်အား အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိရာ “ကျေးလက်အခြေပြုအသက်မွေးပညာ သင်တန်းများကို” (၄-၅-၂၀၁၅) ရက်နေ့မှ (၂၅-၃-၂၀၁၆) ရက်နေ့အထိ ရွှေ့ပြောင်းစမ်းသပ် သင်တန်းအပါအဝင် အိမ်တွင်းလျှပ်စစ်သွယ်တန်းသူ သင်တန်း၊ စက်ချုပ်သင်တန်း၊ ကျေးလက်စက်ပြင်သင်တန်း၊ အလှဖန်တီးရှင် သင်တန်းတို့ကို (၃)ကြိမ်ဖွင့်လှစ်ခဲ့ပြီးသင်တန်း(၁)ခုလျှင်(၂၀)ဦးစီဖြင့် သင်တန်းသားဦးရေစုစုပေါင်း(၆၅၇)ဦးအား သင်တန်းပေးခဲ့ပါတယ်။ ယခု (၃-၅-၂၀၁၆)ရက်နေ့မှ (၂၂-၇-၂၀၁၆)ရက်နေ့အထိ သင်တန်းသား (၂၅၈) ဦးအား ထပ်မံသင်တန်းပေးလျက်ရှိပါတယ်။ ထပ်မံသင်တန်းများ တိုးချဲ့ ဖွင့်လှစ်သွားရန် အစီအစဉ်ရှိပါတယ်။ ယခုဖွင့်လှစ်နေသော ကျေးလက် အခြေပြုသက်မွေးပညာသင်တန်းများမှ ကျွမ်းကျင်မှုလုပ်သားများ မွေးထုတ် ပေးနိုင်သော Vocational သင်တန်းကျောင်းများအဆင့်ထိ ဖွင့်လှစ်၍ ကျွမ်းကျင်လုပ်သားများမွေးထုတ်ပေးနိုင်ပါက တစ်ဖက်နိုင်ငံသို့ သွားရောက် အလုပ်လုပ်ကိုင်မည့်သူ လျော့နည်းသွားနိုင်ပါကြောင်း တင်ပြအပ်ပါတယ်။

ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေဖြင့်လည်း မွန်ပြည်နယ်အတွင်း မြေယာမြေအသုံးချမှုအနေဖြင့် မြေအမျိုးအစားအလိုက်ဖော်ပြရပါက လယ်မြေ(၇၄၃၆၉၁)ဧက၊ ဥယျာဉ်မြေ(၇၂၀၉၄၆)ဧက၊ ကိုင်း/ကျွန်းမြေ (၁၀၄၆၅)ဧက၊ ဓနိမြေ(၁၈၄၂၄)ဧကနှင့် တောင်ယာမြေ(၁၃၀၁၀)ဧက၊ တောရိုင်းမြေ (၂၀၅၆၇၉)ဧက၊ မြေရိုင်း(၂၁၁၃၂)ဧကတို့ တည်ရှိပါတယ်။ ဒါကြောင့်စိုက်ပျိုးလုပ်ကိုင်နိုင်သောမြေဧရိယာများအပေါ် တောင်သူများမှ အကျိုးအမြတ်ရရှိအောင် စိုက်ပျိုးလုပ်ကိုင်နိုင်ရန်သာလိုအပ်ပါတယ်။

မွန်ပြည်နယ်အနေဖြင့် ဆင်းရဲသောတောင်သူလယ်သမားများအားလယ်ယာမြေဖော်ထုတ်ဆောင်ရွက်ပေးခဲ့မှုအနေဖြင့်(၂၀၁၄-၂၀၁၅)ခုနှစ်တွင် သထုံမြို့နယ်အတွင်း ကျေးရွာအုပ်စု (၃)ခု၌ မြေဧရိယာ(၅၀၀) ဧကပေါ်တွင် တောင်သူ(၁၇၄)ဦးအား လည်းကောင်း၊ ဘီးလင်းမြို့နယ်အတွင်း ကျေးရွာအုပ်စု (၃)ခု၌ မြေဧရိယာ(၁၅၀၀)ဧကပေါ်တွင် တောင်သူ (၅၀၁)ဦးအားလည်းကောင်း၊ စိုက်ပျိုးမြေဖော်ထုတ်ပေးခဲ့ရာ စုစုပေါင်းမြေဧရိယာ(၂၀၀၀)ဧကကို တောင်သူ (၆၇၅)ဦးအား ခွဲဝေချထားပေးနိုင်ခဲ့သဖြင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေခဲ့ပါတယ်။

အဆိုပါဧရိယာ (၂၀၀၀)ဧကအား လယ်ယာမြေဖော်ထုတ်ခဲ့ရာတွင် နိုင်ငံတော်မှ ဘဏ္ဍာငွေကျပ်သိန်း(၅၀၀၀)ကျပ် ကျခံသုံးစွဲခဲ့ရပါတယ်။ ဒါကြောင့် လယ်ယာမြေသစ်ဖော်ထုတ်ရာတွင် ဘဏ္ဍာငွေရရှိနိုင်ရန် လိုအပ်ပါကြောင်း ဖြေကြားရင်းနိဂုံးချုပ်အပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်အပ်ပါတယ်။

**ဒေါက်တာအေးဇံ(ကျိုက်ထိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၂)။** ကျွန်တော် မေးတဲ့မေးခွန်းကရှင်းပါတယ်။ လူ့စွမ်းအားအရင်းအမြစ်ဆုံးရှုံးမှုကို ဖြေရှင်းပေးရန်အတွက် ကျွန်တော်မေးတာပါ။ အခုဖြေကြားသွားတာက လူ့စွမ်းအားအရင်းအမြစ်မဟုတ်ဘဲနဲ့ သင်တန်းတွေဘာတွေကိစ္စတွေကို ရှင်းသွားတာ ကျွန်တော်တွေ့ရှိရပါတယ်။ လူ့စွမ်းအားအရင်းအမြစ်ဆိုတာ မွန်ပြည်နယ်အတွင်းမှာ အလုပ်အကိုင်၊ အခွင့်အလမ်းပေါင်းများစွာ သိန်းနဲ့ ချီပြီးတော့ ပေါ်ထွန်းနိုင်တဲ့နေရာတွေ အများကြီးရှိပါတယ်။ အဲဒီဟာတွေ အတွက် ကျွန်တော်အစီအစဉ်ရှိလားမေးမြန်းတာပါ။

**ဥက္ကဋ္ဌ။** အဲဒါဆိုရင် ဝန်ကြီးကဖြေကြားပေးပါဦး။

**ဦးထွန်းငွေး(စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး)။** ဟုတ်ကဲ့ပါ။ ကျွန်တော်တို့ရဲ့လက်ရှိ မွန်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် သက်တမ်းဆောင်ရွက်တဲ့ကာလတစ်ခုဟာ ကာလအားဖြင့် တိုတောင်းတဲ့ အနေအထားဘဲရှိပါသေးတယ်။ သို့သော်လည်း မွန်ပြည်နယ်အတွင်းကို နိုင်ငံတကာအဖွဲ့အစည်းများကနေ မွန်ပြည်နယ်အတွင်းမှာရှိတဲ့ ဒီဒေသခံ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးနိုင်ရေး အတွက် လာရောက်ဆွေးနွေးမှုများစတင်ပြီးတော့ လုပ်ကိုင်နေကြပါပြီ။ အထူးသဖြင့် မွန်ပြည်နယ်မှာရှိတဲ့ ရွှေ့ပြောင်းလုပ်သားများဆိုတာက ပြည်တွင်းရွှေ့ပြောင်းလုပ်သားများ၊ ပြည်ပသို့ရွှေ့ပြောင်းလုပ်သားများ အတွက်လည်း သူတို့အနေနဲ့ဘာတွေဆောင်ရွက်ပေးနိုင်မလဲ၊ ဘယ်လို ကူညီပေးနိုင်မလဲဆိုတဲ့ နိုင်ငံတကာအဖွဲ့အစည်းက ကျွန်တော်တို့ဆီကို လက်ရှိမှာ(၂)ဖွဲ့လာရောက်ဆွေးနွေးကြပြီးဖြစ်ပါတယ်။

အထူးသဖြင့် မွန်ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ရွှေ့ပြောင်းလုပ်သားများအတွက် လူ့အရင်းအမြစ်အခွင့်အရေးများ မဆုံးရှုံးရေးအတွက် လိုအပ်မယ့်ပြည်နယ်အတွင်းမှာ နိုင်ငံတကာရဲ့အခြေစိုက်လုပ်ငန်းများကို တည်ထောင်ပေးဖို့၊ အထူးသဖြင့် ရာဘာအခြေခံစက်မှုလုပ်ငန်းများကတစ်ဆင့်နောက်နောင်လည်း တတ်နိုင်လျှင်တတ်နိုင်သလောက်ရရှိလာတဲ့အခြေအနေအခွင့်အလမ်းများအပေါ် မူတည်ပြီး လူသားအရင်းအမြစ်တွေ သိရှိလုပ်ကိုင်မယ့် စက်မှုလုပ်ငန်းတွေ ရွေးချယ်ဆောင်ရွက်သွားဖို့စီမံချက် ချထားပြီးလည်းဖြစ်ပါတယ်။ တစ်နေ့ကလည်း မွန်ပြည်နယ်အစိုးရအဖွဲ့ထံသို့ အမေရိကန်နိုင်ငံ၊ မစ်ရှီကန်အခြေစိုက် သုတေသနအဖွဲ့တစ်ဖွဲ့လာရောက်ပြီး မွန်ပြည်နယ်မှာရှိတဲ့ ဒေသခံများရဲ့လူမှုအခြေအနေများကို လာရောက်ပြီး သုတေသနလုပ်ထားတဲ့အချက်များကို ပေးသွားပါတယ်။ အချက်အလက်များကိုကြည့်ပြီး မွန်ပြည်နယ်အစိုးရအနေဖြင့် နောက်နောင်လူသားအရင်းအမြစ်မဆုံးရှုံးအောင် ဘယ်လိုများသုတေသနပြုရတဲ့အချက်အလက်ပေါ်မူတည်ပြီး မူဝါဒတွေချမှတ်သွားနိုင်မလဲဆိုတာ အချက်အလက်များကို လာရောက်ပေးအပ်သွားတာရှိပါတယ်။

အဲဒီအထဲက အနည်းငယ်ကောက်နှုတ်တင်ပြရမယ်ဆိုလျှင် သူတို့တွေ့ရှိတဲ့ မှတ်တမ်းသုတေသနစစ်တမ်းအရ မွန်ပြည်နယ်မှာရှိတဲ့ အသက်(၁၅)နှစ်မှ (၄၅)ကြားမှာရှိတဲ့ မွန်ပြည်နယ်က ဒေသခံလူဦးရေရဲ့(၃၁%)ဟာထိုင်းနိုင်ငံကို သွားရောက်ပြီး လုပ်ကိုင်နေကြတယ်ဆိုတာလည်း သူတို့ပေးအပ်သွားတဲ့အချက်အလက်ကတစ်ဆင့် သိရှိရပါတယ်။ ငွေကြေးအရင်းအနှီးတွေက ကျွန်တော်တို့မွန်ပြည်နယ်ထက်ကို မွန်ပြည်နယ်ကထုတ်လုပ်လိုက်တဲ့ စိုက်ပျိုးရေးထုတ်ကုန် GDB တန်ဖိုးနဲ့ ဆတူနီးပါးလောက်တစ်နည်းအားဖြင့် ဒေါ်လာသန်းရာနဲ့ချီပြီးတော့ ပို့လာပေးတဲ့ လမ်းကြောင်းလို့

အချက်အလက်ကသိရှိရပါတယ်။ တစ်ဖက်က မွန်ပြည်နယ်ကို ပို့လာတဲ့ ငွေကြေးအရင်းအနှီးအများစုဟာ မွန်ပြည်နယ်ရှေ့ရေးတိုးတက်ဖို့အတွက် အဓိကစက်မှုလက်မှုလုပ်ငန်းတွေ စိုက်ပျိုးရေးလုပ်ငန်းတွေအတွက် အခြေခံအဆောက်အအုံ၊ စက်ရုံတွေကို ရင်းနှီးမြှုပ်နှံလုပ်ဆောင်ကြခြင်း မဟုတ်ပါဘူး ဆိုတဲ့အချက်တွေ သိရှိရပါတယ်။

သူတို့အများစုပို့လာတဲ့ ငွေကြေးအရင်းအနှီးအများစုဟာ သူတို့နေအိမ်တွေကိုလည်း ဆောက်လုပ်တဲ့ ပကာသနဆန်တဲ့လုပ်ငန်းတွေမှာဘဲ ငွေကြေးအားလုံးရဲ့(၇၀%၊၈၀%)လောက်ကိုသုံးစွဲလိုက်ကြပြီး မွန်ပြည်နယ်ရဲ့ရှေ့ရေးအတွက် လိုအပ်တဲ့စက်ရုံတွေ စီမံကိန်းအချက်အလက်တွေနဲ့ ပြည့်စုံတဲ့ စက်မှုလုပ်ငန်းတွေနဲ့ပတ်သက်တဲ့ ရင်းနှီးမြှုပ်နှံမှုအတွက် သူတို့ဘာတွေမှ မလုပ်ခဲ့ဘူးဆိုတာ သိလိုက်ရပါတယ်။ ဒါကြောင့်သူတို့တွေဆီက ပေးသွားတဲ့ မွန်ပြည်နယ်နဲ့ပတ်သက်တဲ့အခြေအနေနဲ့ပတ်သက်ပြီးတော့ နောက်နောင်ဌာနများအနေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါမှာ ၎င်းအချက်အလက်များကိုလည်း အဓိကအမှီပြုပြီးတော့ ရှေ့ဆက်ဆောင်ရွက်သွားဖို့လည်း ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး သထုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးအောင်ကျော်သူကို မေးခွန်းမေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ကျော်သူ(သထုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၂)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား၊ ကျွန်တော်ကတော့ သထုံမြို့နယ်၊

မဲဆန္ဒနယ်အမှတ်(၂)၊ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သူ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဒီအစည်းအဝေးမှာ မေးမြန်းချင်တာကတော့ မွန်ပြည်နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ဈေးများအတွင်းရှိ လမ်းပေါ်သို့ ကျူးကျော်ရောက်ရှိနေသော ဈေးဆိုင်ခန်းများနှင့် ပတ်သက်ပြီး ရှင်းလင်းစွာသိလို၍ မွန်ပြည်နယ်စည်ပင်သာယာရေးကော်မတီ အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးမှ ဖြေကြားပေးရန်ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ကျွန်တော်တို့ မွန်ပြည်နယ်အတွင်းရှိ စည်ပင်သာယာရေးကော်မတီ၏ စီမံခန့်ခွဲမှုအောက်တွင် ရှိနေသော ဈေးများအတွင်းတွင်လည်းကောင်း၊ သတ်မှတ်ထားသည့် ဆိုင်ဧရိယာများအတွင်း ရောင်းချခြင်းမျိုးမဟုတ်ဘဲ အများသူငှာသွားလာသည့် လမ်းမများပေါ်တွင် ကျူးကျော်ပြီးဆိုင်များ ခင်းကျင်းရောင်းချနေခြင်းများ ရှိနေပါတယ်။ထိုသို့ စည်းကမ်းမဲ့စွာ ကျူးကျော်ရောင်းချနေသည့်အတွက် လမ်းသွားလမ်းလာ များစိတ်ဆင်းရဲမှုများ ဖြစ်ပေါ်ခံစားနေရပြီး လမ်းပိတ်ဆို့မှုများလည်း ဖြစ်ပေါ်နေပါတယ်။

ယခင့်ယခင်များကလည်း ပြည်သူများရဲ့ တိုင်ကြားချက်၊ တင်ပြချက်များရှိခဲ့သော်လည်း အပြောသာရှိခဲ့ပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိခဲ့ပါ။ သို့ပါ၍ အဆိုပါကိစ္စရပ်နှင့်ပတ်သက်ပြီး မွန်ပြည်နယ်စည်ပင်သာယာရေးကော်မတီအနေဖြင့် ဥပဒေအရလည်းကောင်း၊ အခြားသောနည်းလမ်းတစ်ခုခုနှင့်သော်လည်းကောင်း ဖြေရှင်းပေးရန် အတွက် တိကျသေချာသော တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ဆောင်ရွက်ထားခြင်း ရှိ/မရှိနှင့် ညွှန်ကြားချက် ရှိ /မရှိ သိရှိလိုပါတယ် ခင်ဗျား။

အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာဝန်ကြီးမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမင်းမင်းဦး(ပြည်နယ်ဝန်ကြီးချုပ်)(စည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေး ဝန်ကြီး)။** လေးစားအပ်ပါသောပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ သထုံမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးအောင်ကျော်သူ မေးမြန်း ထားသော မေးခွန်းနှင့်ပတ်သက်ပြီး စည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေး ဝန်ကြီး ကျွန်တော်ဦးမင်းမင်းဦးက ဖြေကြားသွားမှာဖြစ်ပါတယ်။

စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ လမ်းပေါ်သို့ ကျူးကျော် ရောက်ရှိနေသော ဆိုင်ခန်းများ၊ စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးတွင် သတ်မှတ်ထားသည့် ဆိုင်ဧရိယာထက်ကျော်လွန်၍ အများပြည်သူ သွား လမ်းပေါ်တွင် ကျူးကျော်ခင်းကျင်းရောင်းချမှုများအတွက် ရှင်းလင်း ဆောင်ရွက်မှုစီမံချက်များရေးဆွဲ၍ မြို့နယ်နှင့် မြို့စည်ပင်သာယာရေး အဖွဲ့များမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

လမ်းဘေးကျူးကျော်ဆိုင်များ၊ ကျူးကျော်အိမ်ဆိုင်များ ရှင်းလင်း ဆောင်ရွက်ရာတွင် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းနယ်မြေအလိုက် ကျူးကျော်၍ ဆိုင်တည်ခင်းရောင်းချနေမှုများအား စာရင်းကောက်ယူပြုစု၍ အဆိုပါကျူးကျော်ဆိုင်များအား စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ရုံးစာဖြင့် ဆင့်ခေါ်ပြီး လမ်းမြေပေါ် ကျူးကျော်တည်ခင်းခြင်းကြောင့် အများပြည်သူ သွားလာမှုခက်ခဲခြင်း၊ ယာဉ်ကြောများပိတ်ဆို့မှုရှိလာနိုင်ခြင်း ယာဉ် အန္တရာယ်ရှိခြင်း၊ စည်းကမ်းစနစ်တကျမရှိခြင်း၊ မြို့သန့်ရှင်းသာယာလှပ ခြင်းအား ထိခိုက်စေနိုင်ခြင်းတို့ကြောင့် ကျူးကျော်တည်ခင်းရောင်းချမှု များအား မပြုလုပ်သင့်ကြောင်း တားမြစ်အသိပေးရှင်းလင်းခြင်းအားဖြင့်

ဆောင်ရွက်ပါတယ်။ စည်ပင်သာယာရေးအဖွဲ့ရုံးတွင်ရှင်းလင်းအသိပေးပြီးနောက် အဖွဲ့ဝင်ဝန်ထမ်းအင်အားဖြင့် နယ်မြေအလိုက်ကျူးကျော်ဆိုင်များရှင်းလင်းရေးလုပ်ငန်းစဉ်များကို စီမံချက်ပါအတိုင်းဆောင်ရွက်လျက်ရှိပါတယ်။

စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းအင်အားဖြင့် ကျူးကျော်ဆိုင်များအား ကွင်းဆင်းစစ်ဆေးရှင်းလင်းပြီးနောက် ကျူးကျော်ဆိုင်များအား ထပ်မံကျူးကျော်ရောင်းချမှုမရှိစေရန် သတ်မှတ်ချိန်ပေး၍ ဖယ်ရှားစေပြီး ယင်းသို့ သတ်မှတ်ရက်/အချိန်အတွင်း ဖယ်ရှားခြင်းမရှိ ပျက်ကွက်ပါက ၂၀၁၅ခုနှစ် မွန်ပြည်နယ်စည်ပင်သာယာရေးပုဒ်မ ၆၄၊ ပုဒ်မခွဲ (က) (ဂ)ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်သူများအား ပုဒ်မ ၈၁ အရ စီမံခန့်ခွဲရေးဒဏ်ငွေကျပ်(၁၀၀၀၀)မှကျပ်(၂၀၀၀၀)အထိ ချမှတ်ဆောင်ရွက်ခြင်း၊ ယင်းတို့စီမံခန့်ခွဲခြင်းဆိုင်ရာပြစ်ဒဏ်ချမှတ် ခံရပြီးနောက် ထပ်မံကျူးလွန်ပါက ၂၀၁၅ခုနှစ်၊ မွန်ပြည်နယ်စည်ပင်သာယာရေးပုဒ်မ ၉၀၊ ၉၄ ပုဒ်မခွဲ (က) တားမြစ်ချက်တို့ကို ဖောက်ဖျက်ကျူးလွန်ခြင်းအတွက် ပုဒ်မ ၉၇အရ ငွေဒဏ် (၁သိန်းမှ ၁၀သိန်း)အထိဖြစ်စေ၊ ထောင်ဒဏ် (၁)နှစ် အထိဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်ဖြစ်ပြီး၊ ပုဒ်မ(၉၇)ပါ ပြစ်မှုကို ပုဒ်မ (၉၈)အရ ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုအဖြစ် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ အဖွဲ့ပိုင်ဈေးများအတွင်း ကျူးကျော်တည်ခင်းရောင်းချမှုများအား မွန်ပြည်နယ်စည်ပင်သာယာရေးဥပဒေ၊ စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးစည်းကမ်း (Bye-Law) များနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

မွန်ပြည်နယ်အတွင်းရှိ မြို့နယ်/မြို့စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် လမ်းဘေးကျူးကျော်ဆိုင်များရှင်းလင်းဆောင်ရွက်မှု စီမံချက်

ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ယခုအစီရင်ခံတင်ပြချိန်အထိ ကျူးကျော်ဆိုင်များရှင်းလင်းဆောင်ရွက်မှုရာခိုင်နှုန်းမှ (၇၀%)အထိ ရှင်းလင်းဆောင်ရွက်ပြီး မျက်မှောက်ကာလအခြေအနေအရ တစ်ဦးချင်းစီကျူးကျော်နေမှုကိုချက်ချင်းလိုအပ်သလို အရေးယူဆောင်ရွက်ပြီး ကျူးကျော်မှုများပြားပါကအဖွဲ့ဝန်ထမ်းများအနေဖြင့်စီမံချက်ပါလုပ်ငန်းစဉ်များအတိုင်းကျူးကျော်သည့် ပြည်သူများကို ယဉ်ကျေးပျူငှာစွာပြောဆိုပြီး ဥပဒေအရ တိကျစွာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အများပြည်သူသွားလမ်းများပေါ်သို့ ကျူးကျော်တည်ခင်းရောင်းချသည့် ဈေးဆိုင်ခန်းများ ရှင်းလင်းပပျောက်ရေးအတွက် စည်ပင်သာယာရေးအဖွဲ့များမှ အဓိကလုပ်ငန်းတာဝန် တစ်ရပ်အနေဖြင့် စီမံချက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးထွန်းမင်းအောင်ကို မေးခွန်းမေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးထွန်းမင်းအောင်(ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၁)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ကြွရောက်လာကြသော လူကြီးမင်းများခင်ဗျား၊ ကျွန်တော်ကတော့ ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမင်းအောင် ဖြစ်ပါတယ်။

ကျွန်တော်မေးမြန်းလိုတာက နွေရာသီရောက်တိုင်း ကျွန်တော်တို့ ပေါင်မြို့နယ်အပါအဝင် မွန်ပြည်နယ်ကျေးရွာတော်တော်များများမှာ သောက်သုံးရေအခက်အခဲနဲ့ပတ်သက်တဲ့ကိစ္စကို မေးမြန်းလိုပါတယ်။ ကျွန်တော်တို့နှစ်စဉ် အထူးသဖြင့်ပင်လယ်နဲ့နီးစပ်တဲ့ရွာတွေဟာဆိုလို့ရှိရင် ရေကြည်သောက်သုံးရေ၊ ရေတွင်းတူးဖို့ အခက်အခဲရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့ ကန်ရေကိုသုံးရပါတယ်။ ရာသီဥတုပြောင်းလဲလာတဲ့စနစ်ကြောင့်လည်းကောင်း၊ တောတောင်တွေပျက်စီးပြီးတော့ ကျောက်မိုင်းတွေ ထုတ်လုပ်မှုများတဲ့အတွက်ကြောင့် ဂေဟစနစ်ပျက်စီးပြီးတော့ ရေအရင်းအမြစ်ဆုံးရှုံးမှု စတဲ့အရာတွေကြောင့် ကျွန်တော်တို့တစ်နှစ်ထက်တစ်နှစ် ပိုပြီးတော့ ရွာတွေအတွက် သောက်သုံးရေတွေ ရှားပါးလာပါတယ်။

ပြီးခဲ့တဲ့နွေရာသီမှာဆိုလို့ရှိရင် အစိုးရသစ်တက်ပြီးတဲ့အချိန်ကာလ တစ်ဆက်စပ်တည်းဘဲ ရွာတွေကရေပြတ်လပ်တဲ့အခါမှာ ဘာတွေတွေ့နေလဲဆိုတော့ မွန်ပြည်နယ်အစိုးရအဖွဲ့ အထူးသဖြင့် မီးသတ်ဦးစီးဌာန၊ ကျေးလက်ဦးစီးဌာနကလည်း တတ်နိုင်သလောက်တော့ လိုက်ကူညီဆောင်ရွက်ပေးနေတာတွေ့ရပါတယ်။ သို့သော်လည်းဘဲ တကယ့်လက်တွေ့မှာ ကျေးရွာတွေဟာ မွန်ပြည်နယ်အစိုးရအဖွဲ့ရဲ့အကူအညီတစ်ခုတည်းနဲ့ လိုအပ်နေတဲ့ရေတွေဟာ ဘယ်လိုမှနေ့စဉ်ရရှိဖို့ မလုံလောက်ပါဘူး။ အဲဒီအတွက်ကြောင့် ကျွန်တော်တို့ပြည်သူ/ပြည်သားများဆိုလို့ရှိရင်တစ်နေရာမှာ အခက်အခဲဖြစ်လာလို့ရှိရင် လက်ပိုက်ကြည့်မနေဘဲနဲ့ ကိုယ်တတ်နိုင်တဲ့ဘက်က ကျွန်တော်တို့စုပေါင်းပြီးတော့ အဖွဲ့အစည်းတွေက ရွာတွေကို သွားရောက်ပြီးတော့ကူညီတာကို ကျွန်တော်တို့မီဒီယာတွေမှာရော Face Book တွေမှာရော တွေ့ရမှာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးကတစ်ဆင့် ကျွန်တော်မေးလိုတာက နွေရာသီရောက်တိုင်း ကျွန်တော်တို့ ပေါင်မြို့နယ်နှင့် ကျေးရွာတော်တော်

များများတွင် ဖြစ်ပေါ်နေသည့် ပြည်သူများ၏ သောက်ရေ/သုံးရေ အခက်အခဲကိစ္စများနှင့်ပတ်သက်ပြီး မေးမြန်းလိုပါတယ်။ ပြည်နယ်အစိုးရ အဖွဲ့မှ ရေတိုစီမံချက် (Short term Plan)ဖြင့် မည်ကဲ့သို့ဖြေရှင်းဆောင်ရွက်ပေးနေပါသလဲ။ ရေရှည်စီမံချက် (Long term Plan) ဖြင့် မည်ကဲ့သို့ဖြေရှင်းဆောင်ရွက်သွားရန် စီစဉ်ထားပါသလဲဆိုတာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာဝန်ကြီးမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးထွန်းဌေး(စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့နှင့်ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် မြို့ပေါ်ရပ်ကွက်သောက်သုံးရေပေးဝေးရေးလုပ်ငန်းများကိုသာ ဆောင်ရွက်ပြီးကျေးရွာများ ရေရရှိရေးလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိပါကြောင်းရှင်းလင်းဖြေကြားအပ်ပါတယ်။

ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးအနေဖြင့်နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်သည့် မြို့နယ်များတွင်ရေရရှိရေးလုပ်ငန်းအပါအဝင်ဒေသလိုအပ်ချက်များအား စီမံကိန်းရေးဆွဲလျာထား၍ ပြည်နယ်အစိုးရအဖွဲ့နှင့် နယ်စပ်ရေးရာဝန်ကြီးဌာနတို့ကို တင်ပြ၍ခွင့်ပြုချက်ရရှိသော လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ကျန်မြို့နယ်များအတွက် ဒေသခံများ၊ တိုင်းရင်းသားအဖွဲ့အစည်းများ၊ မြို့နယ်ဌာနအဖွဲ့အစည်းများတင်ပြသည့် လုပ်ငန်းများအပေါ် အလားတူခွင့်ပြုချက်

ရရှိပါက အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် မွန်ပြည်နယ်အတွင်းရှိ ဝါးပါးရေလှောင်တမံ၊ ရွှေနတ်တောင်ရေလှောင်တမံ၊ အဇင်းရေလှောင်တမံ၊ ဝင်းဖနုံ ရေလှောင်တမံနှင့် ကတိုက်ရေလှောင်တမံတို့မှ စိုက်ပျိုးရေနှင့်မြို့တွင်းသောက်သုံးရေတို့အား နှစ်စဉ်ပေးဝေလျက်ရှိပါတယ်။ ရေလှောင်တမံများမှ သောက်သုံးရေကို ရေထုတ်ပြွန်မှတစ်ဆင့် ထုတ်လွှတ်ပေးပြီးစည်ပင်သာယာရေးအဖွဲ့မှ မြို့ရေပေးရေးစနစ်ဖြင့် မြို့အတွင်းသောက်ရေ/သုံးရေများကို ဖြန့်ဝေပေးလျက်ရှိပါတယ်။

ရေလှောင်တမံများမှ ရေပေးဝေမှုအနေဖြင့် သထုံမြို့နယ်ရှိ ဝါးပါးရေလှောင်တမံမှ တစ်နှစ်လျှင်သောက်သုံးရေ ဂါလန်သန်းပေါင်း(၂၀၅)သန်း၊ မော်လမြိုင်မြို့နယ်ရှိ ရွှေနတ်တောင်ရေလှောင်တမံမှ ပျမ်းမျှသောက်သုံးရေ ဂါလန်သန်းပေါင်း(၅၁၇)သန်း၊ မုဒုံမြို့နယ်ရှိ အဇင်း ရေလှောင်တမံမှ သောက်သုံးရေ ဂါလန်သန်းပေါင်း(၁၂၆)သန်းကို မြို့တွင်းရပ်ကွက် များသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အစီအစဉ်ဖြင့် နှစ်စဉ် ပေးဝေလျက်ရှိပါတယ်။

ထို့အပြင် ရွှေနတ်တောင်ရေလှောင်တမံမှ ဝေါ့ကုန်းကျေးရွာသောက်သုံးရေ ဖြန့်ဖြူးရေးကော်မတီ၏ အစီအစဉ်ဖြင့် တစ်နှစ်လျှင်ပျမ်းမျှသောက်သုံးရေဂါလန် သန်းပေါင်း (၁၅) သန်း ပေးဝေလျက်ရှိပါတယ်။ မုဒုံမြို့နယ်ရှိ ဝင်းဖနုံရေလှောင်တမံသည် နှီးပဒေါကျေးရွာသောက်သုံးရေ ဖြန့်ဖြူးရေးကော်မတီ အစီအစဉ်ဖြင့် တစ်နှစ်လျှင်ပျမ်းမျှ သောက်သုံးရေ ဂါလန်သန်းပေါင်း(၅. ၆၁)သန်းပေးဝေ လျက်ရှိပါတယ်။

၂၀၁၆ခုနှစ်တွင်လည်း ဇန်နဝါရီလမှ မေလအထိဝါးပါးရေလှောင်တမံမှသောက်သုံးရေဂါလန်သန်းပေါင်း(၁၅၁)သန်း၊ရွှေနတ်တောင်ရေလှောင်

တမံမှ(၂၈၉)သန်း၊ အဇင်းရေလှောင်တမံမှ (၆၆. ၅)သန်း၊ ဝင်းဖနုံရေလှောင်တမံမှ (၂. ၅၀)သန်း ပေးဝေခဲ့ပြီးဖြစ်ပါတယ်။

**ရေတိုစီမံချက်(Short term Plan)**

မွန်ပြည်နယ်အတွင်း သောက်သုံးရေခက်ခဲမှုမရှိစေရန် ရေလှောင်တမံများရှိ ရေထုတ်ပြွန်များမှ ယခင်နှစ်ကထက် ပိုမိုရေထုတ်လွှတ်ပေးလျက်ရှိပါတယ်။ ယခုနှစ်ကာလတွင်လည်း ရေထုတ်ပြွန်မှသာမက ရေလွှဲဆည်နှင့်ရေပေးဝေသည့် လက်တန်မြောင်းများမှပင် သက်ဆိုင်ရာရေလိုအပ်သည့် အဖွဲ့အစည်းအသီးသီးအနေဖြင့် ရေစုပ်စက်များဖြင့် စုပ်တင်၍ ရေသယ်ကားများဖြင့် လိုချင်သလောက်လာရောက် သယ်ယူသုံးစွဲလျက်ရှိပြီး၎ာနမှလည်း သယ်ယူသုံးစွဲခွင့်ပြုထားပါတယ်။

**ရေရှည်စီမံချက် (Long term Plan)**

ဝင်းဖနုံရေလှောင်တမံမှ စည်ပင်သာယာရေးအဖွဲ့အစီအစဉ်ဖြင့် သံဖြူဇရပ်မြို့နယ်ရှိ ရပ်ကွက်များသို့ သောက်သုံးရေတစ်နေ့လျှင် ရေဂါလန် (၁၂)သိန်းခန့်ရေပေးဝေနိုင်ရန်အစီအစဉ်ရေးဆွဲလျက်ရှိပါသဖြင့်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီး၎ာနအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါတယ်။

ပေါင်မြို့နယ်ရှိ ကတိုက်ရေလှောင်တမံမှ ပေါင်မြို့နယ်၊သပြုချောင်ကျေးရွာသို့ ရေသွယ်ယူခြင်းလုပ်ငန်းကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီး၎ာနအနေဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ဘီးလင်းမြို့နယ်၊ ကဇိုင်းဆည်မှ သောက်သုံးရေဖြန့်ဝေမည်ဆိုပါကဆည်၏သင့်လျော်သောနေရာတွင် ရေစုပ်စက်များ တပ်ဆင်ထားရှိပြီး ရေသန့်စင်ရန် ရေစစ်ကန်/ကလိုရင်းဆေးခပ်ကန်နှင့်အခြားလိုအပ်ချက်များ

တည်ဆောက်လျက် ရေပိုက်စနစ်ဖြင့် ဖြန့်ဝေသည့်နည်းလမ်းကို အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ ဆည်အတွင်း သိုလှောင်ထားသော ရေများအား ဘီးလင်းမြို့နှင့်ရပ်ကွက်/ကျေးရွာများသို့ သောက်သုံးရေဖြန့်ဝေရာတွင် သက်ဆိုင်ရာစည်ပင်သာယာရေးနှင့် အဖွဲ့အစည်း အသီးသီးမှ ညှိနှိုင်းလာမှု ရှိပါက ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

မွန်ပြည်နယ်အတွင်းရှိ ရေလှောင်တမံအသီးသီးမှ အထက်တွင် ဖော်ပြထားသကဲ့သို့ ပုံမှန်စီမံချက်၊ ရေတိုစီမံချက်နှင့် ရေရှည်စီမံချက်များ အတွက် သောက်သုံးရေပေးဝေနိုင်ရန် မွန်ပြည်နယ်အတွင်းရှိ ရေလှောင်တမံများတွင် ဆည်ရေလုံလောက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ပေါင်မြို့နယ်တွင် ၂၀၁၂-၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ(၄)ရွာ၌ အဝီစိတွင်းနက်(၁)တွင်း၊ မြေသားရေကန်(၁)ကန်၊ လက်တူးတွင်း(၂)တွင်း၊ ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ(၂)ရွာ၌ အဝီစိတွင်းနက်(၁)တွင်း၊ မြေသားရေကန်(၁)ကန်၊ ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ(၆)ရွာ၌ မြေသားရေကန်(၆)ကန်၊ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ(၄)ရွာ၌ အဝီစိတွင်းနက်(၃)တွင်း၊ မြေသားရေကန်(၁)ကန်၊ စုစုပေါင်းရေပေးဝေရေးလုပ်ငန်း (၁၆)ခုကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်တွင် ရေတွင်းကုန်းကျေးရွာတွင် အဝီစိတွင်းနက်(၁)တွင်းနှင့် နတ်ကြီးချောင်-ဥက္ကံ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း (၁)ခု၊ လုပ်ငန်းတန်ဖိုးပေါင်း (၄၆. ၅)သန်းတို့ဆောင်ရွက်မည်ဖြစ်ပါတယ်။ ထို့ပြင် ရက်(၁၀၀)စီမံချက်တွင် ရေရှားပါး၍ ရေပေးဝေနေရသည့် ကျေးရွာ(၄)၌မြေသားရေကန်(၄)ကန်ကို ဆောင်ရွက်လျက်ရှိပါတယ်။ ပေါင်မြို့နယ်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရေရှားပါးအခက်အခဲဖြစ်သည့်ကျေးရွာများသို့(၂၈. ၂. ၂၀၁၆) မှ(၂၅. ၅. ၂၀၁၆)ရက်နေ့ထိ ကျေးလက်ဦးစီးဌာနနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ အလှူရှင်များနှင့် ပူးပေါင်း၍ ရေဂါလန်(၂၈၈၅၁၇)ကို ဖြန့်ဝေပေးခဲ့ပြီးဖြစ်ပါတယ်။ ရေရှည်ဆောင်ရွက်မှုအနေဖြင့် ရေပေးဝေခဲ့သည့်ကျေးရွာများ၌ နှစ်စဉ်ရေပြတ်လပ်မှုအခက်အခဲမရှိစေရေးအတွက် ရေတွင်းရေကန်များအနက် ထပ်မံချဲ့ထွင်တူးဖော်ပေးခြင်း၊ ကျေးရွာရှိ လူဦးရေနှင့်လုံလောက်သည့် ရေရရှိနိုင်ရန်အတွက် မြေသားရေကန်များ အသစ်တူးဖော်ဆောင်ရွက်ခြင်း အစီအမံများ ရေးဆွဲလျက်ရှိပြီး ရန်ပုံငွေရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)သို့ ဆက်လက်တင်ပြတောင်းခံသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးထွန်းမင်းအောင်(ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၁)။** ဥက္ကဋ္ဌကြီးခင်ဗျား၊ ထပ်ဆင့်မေးခွန်းမေးမြန်းခွင့်ပြုပါ။လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား၊ ကျွန်တော်ကတော့ ပေါင်မြို့နယ် ၊မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးထွန်းမင်းအောင်ဖြစ်ပါတယ်။

ကျွန်တော်မေးတဲ့မေးခွန်းမှာ ဥပမာကျွန်တော်လိုချင်တဲ့အဖြေကို မရှင်းလင်းသေးပါဘူး။ဥက္ကဋ္ဌကြီးခင်ဗျား။ရှင်းလင်းအောင် အဖြေလိုချင်တဲ့အတွက် ကူညီပေးတာဖြစ်ပါတယ်။ပေါင်မြို့နယ်ဟာ ဘယ်လိုဘဲဖြစ်ဖြစ် ကျေးရွာတော်တော်များများမှာ ကျေးလက်ဦးစီးဌာန၊ ပြည်သူတွေရဲ့ နှစ်စဉ်ရေကန်တွေတူးတယ်။ဒါပေမဲ့မလောက်ဘူး ဒီနှစ်မှာလဲလောက်မှာမဟုတ်ဘူး။

ဒီရေကန်တွေဟာ နွေကျရင်ခန်းသွားတယ်။ပြီးတော့ အဲဒီရေကန်မှာ နွားတွေ ရေဆင်းသောက်ကြတယ်။ ပြည်သူတွေကလည်း အဲဒီရေကိုဘဲ သောက် နေရတယ်။ ဆိုလိုတာက (Long term Plan) ဆိုတာ ကျွန်တော့် မေးခွန်းမှာ ဘာမေးတာလဲဆိုတော့ ပြည်သူတွေကသိချင်ပါတယ်။ကွင်းရွာက လူတွေက ပေါင်မြို့နယ်၊ အလှပ်ရွာ၊ဝဲပဒံရွာတွေက (၇)မိုင်(၈)မိုင် လောက်ဝေးတယ် ဆိုရင်သိချင်တာက ပြည်နယ်အစိုးရအနေနဲ့ (Long term Plan)မှာ ဥပမာ-ပေါင်မြို့နယ်မှာ ပြည်တွင်းလုပ်ငန်းရှင်သော်လည်းကောင်း၊ ပြည်ပလုပ်ငန်းရှင် သော်လည်းကောင်း BOT စနစ်နဲ့သော်လည်းကောင်း ရွာတွေကို ပိုက်နဲ့ သွယ်တန်းပြီး မီတာစနစ်နဲ့ ပုံစံမျိုး မေးခြင်းဖြစ်ပါတယ်။ အဲသည်လို Plan တွေရှိလား။အဲဒါကို ပြည်သူတွေကသိချင်တာဖြစ်ပါတယ်။ ပြည်သူတွေရဲ့ ငွေတွေလည်း နှစ်စဉ်ကုန်တယ်။ ကျေးလက်ဒေသ ကန်တူးတယ်။ နွေကျရင်ခန်း သွားတယ်။ အဲဒီအတွက်ကြောင့် ကျွန်တော်မေးခွန်းက ရေရှည်စီမံချက်တွေ ရွာတွေအတွက် ခုနကဖြေတဲ့ထဲမှာ မရှင်းလင်းတဲ့အတွက်ကြောင့် ထပ်မေးတာ ဖြစ်ပါတယ်။

**ဦးထွန်းငွေး(စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး)။**

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် အပေါင်းတို့ခင်ဗျား၊ ပေါင်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမင်းအောင် မေးမြန်း သွားတဲ့ထပ်ဆင့်မေးခွန်းကို မွန်ပြည်နယ်အစိုးရအဖွဲ့ စိုက်ပျိုးမွေးမြူရေး နှင့်ပို့ဆောင်ဆက်သွယ်ရေးဌာနမှ ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ ဖြေကြား အပ်ပါတယ်။

ယခုဆက်စပ်မေးခွန်းတွင် မေးမြန်းသွားသောအခြေအနေအရ ကျွန်တော်တို့ မွန်ပြည်နယ်ဟာမိုးများရေရှားဒေသရပ်ဝန်းတစ်ခုဖြစ်ပါတယ်။

သို့သော်နွေရာသီမှာလည်း ရေရှားပြတ်တောက်တဲ့ အနေအထားမှာ မွန်ပြည်နယ်ရဲ့ရေငန်ဝင်ရောက်တဲ့ ကွင်းပိုင်းဒေသတွေ ဒါကမွန်ပြည်နယ်ရဲ့ ကမ်းရိုးတန်းတစ်လျှောက်မှာ အထူးသဖြင့် ပေါင်မြို့နယ်၊ ဘီးလင်းမြို့နယ် စသည်တို့မှာ အများအားဖြင့် ရေပြတ်လပ်နေတာတွေ့ရပါတယ်။မွန်ပြည်နယ် တောင်ဘက်ခြမ်း ရေငန်ဝင်ရောက်တဲ့ ကျေးရွာမှာဆိုရင် မုဒုံ၊ သံဖြူဇရပ်၊ ရေးစသည့်မြို့နယ်များမှာဆိုလည်း ရေပြတ်လပ်မှုအခြေအနေဟာ တော်တော်ဆိုးဆိုးရွားရွားနဲ့ကြုံတွေ့ရတဲ့ အနေအထားရှိနေပါတယ်။အဲဒါနဲ့ ပတ်သက်ပြီး ငွေကြေးပမာဏအလုံးအရင်းဖြင့် တည်ဆောက်ပေးနိုင်တဲ့ အနေအထားတစ်ခုအနေနဲ့ တင်ပြပေးလိုတာက ဂျက်ကာလို့ခေါ်တဲ့ ဂျပန်နိုင်ငံ၊ နိုင်ငံတကာဖွံ့ဖြိုးရေးအစီအစဉ်ကပေးတဲ့ OTAစနစ်နဲ့ သူတို့ပစ်မှတ် အနေနဲ့ဧရိယာက မွန်ပြည်နယ်မှာ မော်လမြိုင်ခရိုင်ဘက်ကို ဦးစားပေးထားတဲ့ အနေအထားတွေရပါတယ်။

ဒါကသူတို့အမြင်နဲ့ပေးထားတဲ့ လမ်းကြောင်းတစ်ခုပါ။ပစ်မှတ်မှာဆို မော်လမြိုင်မြို့က နံပါတ်(၁)၊နံပါတ်(၂)က မော်လမြိုင်မြို့နယ်နဲ့ နံပါတ်(၃) ဆိုရင်မော်လမြိုင်ခရိုင်တောင်ဘက်ခြမ်းဒေသကို ဦးစားပေးစတင်လုပ်ဆောင်တဲ့ အစီအစဉ်ကိုလည်းစတင်ဆောင်ရွက်ပေးတော့မှာ ဖြစ်ပါတယ်။ အဲဒီမှာ မွန်ပြည်နယ်မြောက်ဘက်ခြမ်းမှာရှိတဲ့သထုံခရိုင်ကို တစ်နိုင်ငံလုံးရဲ့ အခြေအနေတွေနဲ့လွှမ်းခြုံပြီး ကူညီပေးသွားဖို့ရှိပါတယ်။သူတို့ရဲ့ အခြေအနေဟာ ပြည်ပမှာဆို ရေရရှိရေး၊ လမ်းတံတား ဒါနဲ့ပတ်သက်ပြီး ဂျက်ကာအဖွဲ့နဲ့ အစိုးရအဖွဲ့ရုံးမှာ ဆွေးနွေးခဲ့ရတာရှိပါတယ်။ သူတို့က ဘာကိုဦးစားပေး ချင်လည်း ကဏ္ဍကိုမေးပါတယ်။ ဒါနဲ့ပတ်သက်ပြီး ရှင်းပြလိုတာက မွန်ပြည်နယ်မှာဆို ပစ်မှတ်ထားတဲ့ဧရိယာထဲမှာ မော်လမြိုင်၊ မုဒုံတို့မှာ ကျတော့ ရေအရင်းအမြစ်ပြည့်စုံတဲ့အနေအထားရှိပါတယ်။ သို့သော်

သံဖြူဇရပ်၊ ရေးမြို့နယ်များမှာ ရေအရင်းအမြစ်တွေလိုအပ်ပါတယ်။ အဲဒါကို ဂျက်ကာအနေနဲ့ လုပ်ငန်းအကောင်အထည် ဖော်တဲ့နေရာမှာ Mid-term ထဲမှာမထည့်ဘဲ Short-term ခေါ်တဲ့(၃)နှစ် ကနေ(၅)နှစ်အတွင်းမှာ အပြီးပြတ်အကောင်အထည်ဖော်နိုင်မည့် အခြေအနေကို ဖြစ်မြောက်အောင် လုပ်ပေးဖို့တောင်းဆိုထားပါတယ်။

လာမည့်ပွင့်လင်းရာသီကနေစပြီး မွန်ပြည်နယ်စည်ပင်သာယာရေး နှင့်စပြီးဆောင်ရွက်သွားဖို့ရှိပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး ဖြစ်နိုင်ရင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့လည်း စိမ့်စမ်းရေ သွယ်တန်းခြင်းလုပ်ငန်းကိုလည်း မြို့နယ်အလိုက်အကောင်အထည်ဖော် ဆောင်ရွက်သွားလျှင်ရတဲ့အနေအထားမျိုး ကျွန်တော်တို့မှာ Size Plan ရှိတဲ့အခြေအနေတွေကို ကိုယ်စားလှယ်အနေနဲ့ စာရင်းကောက်ယူထား ပေးဖို့ တင်ပြချက်အခက်အခဲရှိသော ကျေးရွာများစာရင်းကိုလည်း လက်ခံ ဆောင်ရွက်ထားပေးဖို့ မွန်ပြည်နယ်ရဲ့ အရှေ့ဘက်ကွင်းပိုင်မဟုတ်တဲ့ အရှေ့ဘက်တောင်တန်းတစ်လျှောက်မှာရှိတဲ့ ကျေးရွာများအတွက် ရေလိုအပ်မယ်ဆိုရင် တောင်တန်းမှာရှိတဲ့ သဘာဝစိမ့်စမ်းရေထွက်တဲ့ နေရာ ရှိပါတယ်။ရေရရှိတဲ့နေရာများကိုလည်း မိမိကျေးရွာအစီအစဉ်နဲ့ ကွင်းဆင်း ဆောင်ရွက်ကောက်ခံထားပြီး စိမ့်စမ်းရေရရှိတဲ့ အခြေအနေကို တင်ပြ ပေးမယ်ဆိုရင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနကိုတင်ပြပြီး လုပ်ဆောင် ပေးနိုင်မည့်အခြေအနေတစ်ခုလဲတွေ့ရပါတယ်။ဒါနဲ့ပတ်သက်ပြီးကောက်နှုတ် တင်ပြရမည်ဆိုလျှင် သံဖြူဇရပ်မြို့နယ်မှာဆိုလို့ရှိရင် ဆည်ရေဘယ်လိုမှ မရနိုင်တဲ့အနေအထားတွေရှိပါတယ်။

ဝဲကလိကျေးရွာနဲ့ပတ်သက်ပြီး ပြီးခဲ့တဲ့တစ်လကကွင်းဆင်းတဲ့ ဓါတ်ပုံ တွေရှိပါတယ်။ Google ကောင်းကင်ကနေ ရိုက်ထားတာပါ။ ဒီနေရာက အင်မတန်ကိုရေအရင်းအမြစ်ကြွယ်ဝတဲ့နေရာတစ်ခုပါ။ ဝဲကလိရွာနဲ့ပဲ

ဝေးတာမဟုတ်ဘူး။ ရွာထဲကရေတွေကို ကျွန်တော်တို့က လျှိုတစ်ဖက်ပိတ် ဆည်အနေနဲ့တည်ဆောက်ပေးလိုက်နိုင်တဲ့ အတိုင်းအတာရှိပါတယ်။ ကျေးရွာ(၃)၊ (၄)ရွာလောက်တော့ ရေဖူလုံသွားနိုင်မယ့် အသေးစား Project လုပ်ငန်းတွေကိုလည်း ကျွန်တော်တို့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေနဲ့လုပ်ကိုင်ဆောင်ရွက်နိုင်မှာလည်း ဖြစ်ပါတယ်။ သို့သော် ပမာဏကြီးမားတဲ့ရေအရင်းအမြစ်နဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဖြန့်ဝေနိုင်တဲ့လုပ်ငန်းများကိုတော့ သူရဲ့အတိုင်းအတာပမာဏအလျောက် ရရှိတဲ့ Base Data များအရ ကျွန်တော်တို့အသုံးပြုပြီးတော့ ရေရှည် စီမံချက်ကိုလည်း ကျွန်တော်တို့ဆက်လက်ဆောင်ရွက်ပေးသွား ပါမယ်။ သို့သော်ရရှိနိုင်တဲ့ ရေအရင်းအမြစ်ပေါ် သုံးသပ်ပြီး တင်ပြပေးနိုင်ရင်တော့ ပိုအဆင်ပြေလိမ့်မယ်လို့ တင်ပြပေးလိုပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမင်းအောင်ကို မေးခွန်းမေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးထွန်းမင်းအောင်(ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၁)။** လေးစား အပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ကြွရောက်လာကြသော လူကြီးမင်းများခင်ဗျား၊ကျွန်တော် ကတော့ ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းမင်းအောင် ဖြစ်ပါတယ်။

ကျွန်တော်မေးမြန်းလိုတာက ပေါင်မြို့နယ်မှာ ကျောက်မိုင်းကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော်မေးမြန်းလိုပါတယ်။ ပေါင်မြို့နယ်မှာ ခေတ်အဆက် ဆက်က ဒီကုလားမတောင်တန်းကြီးအရှေ့ဘက်ခြမ်း ဆိုလိုတာက ရန်ကုန်

ကားလမ်းတစ်လျှောက် အဲဒီဘက်ခြမ်း၊ ဟိုအနောက် အတွင်းပိုင်းခြမ်း၊ တောင်ရဲ့အနောက်ဘက်ခြမ်း၊ တစ်ချို့ကရင်ကျေးရွာတွေများလည်း (၂)ဖက်လုံးမှာ ဒီကုလားမတောင်တန်းကြီးကို ညှပ်ပြီးတော့ ကျောက်မိုင်းတွေ ထုတ်လုပ်ခဲ့တာ ဗရပွဖြစ်နေပါပြီ။ ပြည်သူတွေက ဘာသိချင်လဲဆိုတော့ ကျွန်တော့်ကို အကူအညီတောင်းတာက သူတို့ဥပမာပေးတဲ့စကားကိုလည်း ကျွန်တော်ပြောပြပါမယ်။ အိမ်တစ်အိမ်ထဲကို သူတို့မသိတဲ့လူကဝင်လာပြီးတော့ မီးဖိုချောင်မှာငရုပ်သီးထောင်းပြီး စားချင်တာစား၊ ချက်ပြုတ်ပြီးတော့ လုပ်ကိုင်တာပေါ့။ အိမ်ရှင်ကမသိဘူးဆိုတဲ့အဖြစ်မျိုးနဲ့ သူတို့ဒေသမှာ သူတို့ရွာဘေးနားတွေမှာ ဒီကျောက်မိုင်းတွေလာတူးတယ်။ ဖောက်ခွဲတယ်။ ဒီလိုမျိုးတွေက အကုန်လုံးလုပ်နေတာကို ခေတ်အဆက်ဆက် ပြည်သူတွေကို မချပြဘူး။ ပြည်သူတွေမသိဘူး။ အဲဒီ အတွက်ကြောင့် အခုချိန်မှာ ကျွန်တော်တို့ ခေတ်သစ်စနစ်သစ် ပြည်သူက မဲပေးရွေးချယ်ပြီးတော့ ပြည်သူကအားကိုးယုံကြည်ပြီးတော့ တင်မြှောက်ထားတဲ့ ဒီအစိုးရလက်ထက်မှာသူတို့အားကိုးတကြီးနဲ့ ကျွန်တော်တို့ကို သူတို့ရဲ့ကိုယ်စားလှယ်ကနေတစ်ဆင့်လွှတ်တော်ကို သက်ဆိုင်ရာအစိုးရကိုမေးပေးဖို့ ကျွန်တော့်ကို အကူအညီတောင်းပါတယ်။

အဲဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းလိုတာကတော့ မွန်ပြည်နယ်၊ ပေါင်မြို့နယ် အတွင်းရှိ ကျောက်မိုင်းများ အရေအတွက်နှင့်တကွ ထုတ်လုပ်၊ ရောင်းချခွင့်များအား မည်ကဲ့သို့ခွင့်ပြုဆောင်ရွက်ပေးခဲ့တယ်။ကျောက်မိုင်းလုပ်ငန်းများ မည်ကဲ့သို့လုပ်ကိုင်ဆောင်ရွက်လည်ပတ်နေသည်ကို အသေးစိတ်သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

ပြီးတော့ တစ်စပ်တည်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်ပြောကြားလိုတာကတော့ အစိုးရအဖွဲ့မှ အထူးတာဝန်ရှိတဲ့ပုဂ္ဂိုလ်၊ သက်ဆိုင်တဲ့ပုဂ္ဂိုလ်ကဘဲ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** အခုလည်းသက်ဆိုင်ရာပုဂ္ဂိုလ်ဘဲ ဖြေနေပါတယ်။ ကျွန်မတို့ကလည်း မေးခွန်းတစ်ခုမေးပြီးရင် သက်ဆိုင်ရာဝန်ကြီးဌာနမှ ဖြေကြားပေးဖို့ဖြစ်ပါတယ်လို့ဖိတ်ခေါ်နေပါတယ်။ အခုလည်းဒီအတိုင်းဘဲ။ဦးထွန်းမင်းအောင် မေးသွားတဲ့မေးခွန်းနဲ့ပတ်သက်ပြီး သက်ဆိုင်ရာဝန်ကြီးမှ ဖြေကြားပေးဖို့ဖိတ်ခေါ်ပါတယ်ရှင်။ ဖြေကြားပေးဖို့ဖြစ်ပါတယ်ရှင်။

**ဗိုလ်မှူးကြီးဝင်းနိုင်ဦး(လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ်အစိုးရအဖွဲ့တွင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးတာဝန်ထမ်းဆောင်နေသူ ဗိုလ်မှူးကြီးဝင်းနိုင်ဦးဖြစ်ပါတယ်။ ပေါင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးထွန်းမင်းအောင် မေးမြန်းခဲ့တဲ့မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ မဖြေကြားခင်မှာ ကျွန်တော်တို့လွှတ်တော်နည်းဥပဒေမှာ အခန်း(၂၁)မှာပါတဲ့ မေးခွန်းများနှင့်စပ်လျဉ်းပြီးတော့မှ ကန့်သတ်ချက်(၇)ချက်နဲ့ စည်းကမ်းချက်(၁၀)ချက်ရှိပါတယ်။ ဒီနေရာမှာ မေးခွန်းကိုမလိုအပ်ပဲနဲ့ ရှည်လျားထွေပြားစွာမမေးဖို့ဆိုတာ စည်းကမ်းချက်မှာ ပါပါတယ်။ အဲဒီလိုဘဲ ဖြေဆိုတဲ့လူကလည်း ထိရောက်စွာ ဖြေဆိုဖို့တာဝန်ရှိပါတယ်။ ဒီနည်းဥပဒေနဲ့အညီ ကျွန်တော်ဖြေဆိုသွားမှာ ဖြစ်ပါတယ်။ အခုကိုယ်စားလှယ်တော်ကြီး မေးမြန်းသွားတဲ့မေးခွန်းမှာ အဓိကအချက်ကတော့နံပါတ်(၁)က ကျောက်မိုင်းအရေအတွက်ဖြစ်ပါတယ်။ နံပါတ်(၂)က ဒီကျောက်မိုင်းတွေကို ဘယ်လိုခွင့်ပြုပြီးတော့မှ ဘယ်လိုထုတ်လုပ်နေလဲဆိုတာကို မေးမြန်းသွားတာဖြစ်ပါတယ်။ အဲဒီတော့ ဒီအဓိက(၂)ချက်ကိုဘဲ ကျွန်တော်လိုရင်းတိုရှင်း တင်ပြသွားမှာဖြစ်ပါတယ်။

မွန်ပြည်နယ်၊ ပေါင်မြို့နယ်အတွင်းရှိ ကျောက်မိုင်းအရေအတွက်မှာ ၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ်တွင် ကျောက်ထုတ်လုပ်ခွင့်လိုင်စင် လျှောက်ထားသူပေါင်း (၂၄)ဦးရှိပါတယ်။ ၎င်းအနက်မှ ဦးနိုင်တလညီ (ရာမညယူနိုက်တက်)၊ ဦးထိန်လင်း(ရွှေမြင့်မိုရ်ထွန်း)၊ ဦးကျော်ဇောဝင်းပါ (၃)ဦး ( Long Life Aggregate Co., Ltd)တို့မှာ သစ်တောမြေအား စာချုပ်ချုပ်ဆိုငှားရမ်းပြီး (MIC)ခွင့်ပြုချက်ဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတွင် လုပ်ငန်းလိုင်စင် လျှောက်ထားပြီး ကျန်လုပ်ငန်းရှင်(၂၁)ဦးမှာ သစ်တောပြင်ပမြေလွတ်များတွင် ကျောက်ထုတ်လုပ်ငန်းလိုင်စင်လျှောက်ထား ခဲ့ကြပါတယ်။ အဆိုပါလုပ်ငန်းရှင် (၂၁)ဦးအနက်မှ ဦးထွန်းလင်းမြင့် (ငွေသြဇာကုမ္ပဏီ)၊ဦးသောင်းစိန်(ကံ့ကကျေးရွာ)တို့မှာ လုပ်ကိုင်နိုင်ခြင်းမရှိ၍ အမှုတွဲပိတ်သိမ်းခွင့်တင်ပြသဖြင့် သက်ဆိုင်ရာအုပ်ချုပ်ရေးဦးစီးဌာန မြေပြင်ကွင်းဆင်းစစ်ဆေးပြီး အမှန်တကယ် ထုတ်လုပ်ခြင်းမရှိ၍ အမှုတွဲ ပိတ်သိမ်းခွင့်ပြုခဲ့ပါတယ်။

ကျောက်ထုတ်လုပ်ရောင်းချခြင်းနှင့်ပတ်သက်၍ ဓါတ်သတ္တုခွန် ဥပဒေအရ ထုတ်လုပ်ခွင့်လိုင်စင်ထုတ်ပေးပြီး လိုင်စင်ပါထုတ်လုပ်မှု ပမာဏ ကိုသာ ဓါတ်သတ္တုခွန် ကောက်ခံပေးသွင်းစေပြီး ပိုမိုထုတ်လုပ်ပါက ပိုမို ထုတ်လုပ်သည့် ကျင်းအရေအတွက်အတိုင်း ဓါတ်သတ္တုခွန်ပေးသွင်းစေ ပါတယ်။ ဒါတွေကို တကယ်မှန်မှန်ကန်ကန်လုပ်လား၊ မလုပ်လားဆိုတာတော့ သက်ဆိုင်ရာအုပ်ချုပ်ရေးဦးစီးဌာနနဲ့ ဆက်စပ်နေတဲ့ဌာနများအားလုံး ပေါင်းစပ်ပြီးတော့မှ လုပ်ထုံးလုပ်နည်းနှင့်အညီ လိုင်စင်လျှောက်ထားစဉ်နှင့် ကျောက်ထုတ်လုပ်သည့်အချိန် ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်လျက် ရှိကြောင်း ဖြေကြားအပ်ပါတယ်။

ဒီလုပ်ထုံးလုပ်နည်းက ဘယ်လိုလဲဆိုတာ ကိုယ်စားလှယ်ကြီး သိချင် တယ်ဆိုလို့ရှိရင်တော့ သက်ဆိုင်ရာဌာနမှာဖြစ်စေ၊ ပြည်နယ်အစိုးရအဖွဲ့မှာ

ဖြစ်စေ၊ လူကိုယ်တိုင်လာရောက်ပြီးတော့ဖြစ်စေ၊ စာနဲ့မေးမြန်းပြီးတော့ဖြစ်စေ အသေးစိတ်ဆက်လက်မေးမြန်းနိုင်ပါကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဇော်ထူးကို မေးခွန်းမေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဇော်ထူး(ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၂)။** လေးစားအပ်ပါသောပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ကျွန်တော်ကတော့ ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဇော်ထူးဖြစ်ပါတယ်။ ဒီနေ့တော့ မွန်ပြည်နယ်အတွင်းရှိ တင်ဒါလုပ်ငန်းများနှင့်ပတ်သက်၍ ပြည်သူလူထုကပွင့်လင်းမြင်သာ သိရှိနိုင်ရန်အတွက် မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

ခုချိန်မှာဆို ၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းများလုပ်ဆောင်ရတော့မည်ဖြစ်ပါသဖြင့် အစိုးရအဖွဲ့အနေဖြင့် တင်ဒါခေါ်ယူမည့် လုပ်ငန်းများကိုလည်း သတင်းစာမှအသိပေး ကြေညာထားပြီးဖြစ်ပါတယ်။ သို့သော်လည်း သက်ဆိုင်ရာဌာနအသီးသီးတို့၏ တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့များ၏ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ နှင့်စပ်လျဉ်းပြီး အများ ပြည်သူလူထုတို့က သိမြင်နားလည်နိုင်စွမ်းမရှိသေးပါခင်ဗျာ။ ယခုအစိုးရသည် တင်ဒါလုပ်ငန်းများဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာလုပ်ဆောင်ရန် အလွန်အရေးကြီးတယ်။ ဒါမှသာ ပြည်သူ လူထုကယုံကြည်

အားကိုးရမှာ ဖြစ်ပါတယ်။ တင်ဒါများကို အရင်အတိုင်းလက်သိပ်ထိုးနီးစပ်ရာများနှင့်ခေါ်ယူသွားမှာကိုလည်း ပြည်သူလူထုကစိုးရိမ်ပူပန်နေကြပါတယ်။

ဒါကြောင့် သက်ဆိုင်ရာဝန်ကြီးအနေဖြင့် တင်ဒါကိစ္စရပ်များနှင့်ပတ်သက်၍ မည်သို့လုပ်ဆောင်ထားသည်များကို ရှင်းလင်းဖြေကြားပေးစေလိုကြောင်း လေးစားစွာဖြင့် မေးမြန်းအပ်ပါသည်ခင်ဗျာ။

အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာဝန်ကြီးမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးဝဏ္ဏကျော်(စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ကျွန်တော်ကတော့ စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဦးဝဏ္ဏကျော်ဖြစ်ပါတယ်။ ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးဇော်ဇော်ထူးမေးခွန်းနှင့်ပတ်သက်ပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။ တင်ဒါကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနမှ ဝန်ကြီးများအား တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီများ၌ နာယက၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအဖြစ် ပါဝင်ဖွဲ့စည်းထားရှိပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော့်အနေနဲ့ ဖွဲ့စည်းထားရှိသော ဝန်ကြီးဌာနများအလိုက် တင်ဒါ စိစစ်ရွေးချယ်ရေးကော်မတီများ၌ ရရှိသောအချက်အလက်များကို ပေါင်းစု၍ ပြန်လည်ဖြေကြားရှင်းလင်းပေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ မွန်ပြည်နယ်၊ လမ်းဦးစီးဌာနမှ

ပြည်ထောင်စု၊ ပြည်နယ်ရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်သည့်လုပ်ငန်းများ၊ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် မွန်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မွန်ပြည်နယ်အတွင်းရှိ မြို့နယ်(၁၀)မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လမ်း၊ တံတား၊ ပြည်သူ့ဆက်ဆံရေး၊ လျှစ်စစ်ဓါတ်အားလုပ်ငန်းများနှင့် မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော လမ်း၊ တံတား၊ ရေပေးဝေရေးနှင့် ကတ္တရာလမ်းလုပ်ငန်းများအား သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ငန်းတင်ဒါခေါ်ယူခြင်းနှင့် ပစ္စည်းတင်ဒါခေါ်ယူခြင်းကို နိုင်ငံပိုင်သတင်းစာဖြစ်သည့် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် သိသာထင်ရှားစွာထည့်သွင်းကြော်ငြာ၍ သတ်မှတ်ရက်ထက်(၁)လကြိုတင်ပြီး တင်ဒါခေါ်ယူမှုဆောင်ရွက်ပါတယ်။ တင်ဒါခေါ်ယူသည့်ကြောင်ငြာတွင် လုပ်ငန်း/ပစ္စည်းတင်ဒါတင်သွင်းသည့် အကြောင်းအရာအပြည့်အစုံဖော်ပြ၍ တင်ဒါလျှောက်လွှာရယူနိုင်သည့်ရက်၊ ရယူနိုင်သည့်နေရာ၊ တင်ဒါပိတ်မည့်ရက်၊ အချိန်၊ တင်ဒါဖွင့်မည့်ရက်၊ အချိန်၊ တင်ဒါဖွင့်မည့်နေရာတို့အား အတိအလင်းဖော်ပြထားပြီး တင်ဒါတင်သွင်းရမည့်လျှောက်လွှာနှင့်အတူ တင်ဒါစည်းကမ်းချက်များ၊ သတ်မှတ်စံချိန်စံညွှန်းများအား တင်ဒါတင်သွင်းမည့်သူများထံသို့ ထုတ်ပေးခြင်း၊ ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်ပါတယ်။

တင်ဒါစိစစ်ရွေးချယ်ရာတွင်လည်း ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ပေးအပ်သည့် နာယက၊ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များအနေဖြင့်ကုမ္ပဏီများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များမှတင်သွင်းသည့် အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို

တင်ဒါဖွင့်ပွဲ ကျင်းပသည့်အချိန်တွင် တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ ရှေ့မှောက်သို့ တိုက်ရိုက်တင်သွင်းစေပြီး အများပြည်သူများ၏ ရှေ့မှောက်တွင် ဖွင့်ဖောက်ကြေညာခြင်း၊ လုပ်ငန်းတင်ဒါဖြစ်ပါက တင်ဒါစိစစ်ရွေးချယ်ရေး ကော်မတီအနေဖြင့် ဌာနမှသတ်မှတ်ပေးထားသော အမှတ်ပေးစည်းမျဉ်းဖြင့် စိစစ်ရွေးချယ်ပြီး ကုမ္ပဏီအလိုက်ရရှိသည့် အမှတ်ပေးဇယားဖြင့် ပြည်နယ် အစိုးရအဖွဲ့ရုံးသို့တင်ပြ၍ ပြည်နယ်အစိုးရအဖွဲ့ရုံး၏ အတည်ပြုချက် ရရှိမှသာ တင်ဒါအောင်မြင်သည့် ကုမ္ပဏီအား ထုတ်ပြန်ကြေညာခြင်း၊ ပစ္စည်းတင်ဒါဖြစ်ပါက တင်ဒါအောင်မြင်သူ၊ အောင်မြင်သည့်ပစ္စည်း အရေအတွက်၊ တင်ဒါအောင်မြင်သည့် ဈေးနှုန်းအားကြော်ငြာပေးခြင်း၊ မှတ်တမ်းတင်ခြင်းများကိုလည်း တင်ဒါစိစစ်ရွေးချယ်ရာတွင်လိုက်နာ ကျင့်သုံးရမည့် အောက်ဖော်ပြပါလုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း များနှင့်အညီ စနစ်တကျဆောင်ရွက်လျက်ရှိပါတယ်-

(က) **လုပ်ငန်းတင်ဒါစိစစ်ရွေးချယ်ရာတွင် အောက်ဖော်ပြပါ အတိုင်း ဆောင်ရွက်ပါသည်-**

(၁) ဒေသခံကုမ္ပဏီဖြစ်ခြင်း၊

(၂) ကုမ္ပဏီတွင်ပါဝင်သော Professional Engineer Senior, Registered Engineer နှင့် Registered Engineer အရေအတွက်နှင့် ၎င်းတို့၏အတွေ့အကြုံများ၊

(၃) ကုမ္ပဏီ စက်၊ ယာဉ်၊ ယန္တရား လက်ဝယ်ပိုင်ဆိုင်မှု အခြေအနေ၊

(၄) ကုမ္ပဏီ၏ ငွေကြေးလည်ပတ်မှုအခြေအနေ၊ ဘဏ္ဍာရေး ခိုင်မာမှုရှိခြင်း၊

(၅) ကုမ္ပဏီ ယခင်ဆောင်ရွက်ခဲ့ဖူးသော လုပ်ငန်းအတွေ့

အကြံပြုများ နှင့် အောင်မြင်မှုများ၊

(၆) ယခင်ဆောင်ရွက်ဖူးခဲ့သည့်ဝန်ကြီးဌာန၏ ထောက်ခံချက်၊ ကန့်ကွက်ချက်နှင့် မှတ်ချက်များ၊

(၇) မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ အသိအမှတ်ပြု ထားသည့် လက်ရှိကုမ္ပဏီ၏ အဆင့်အတန်း၊

(၈) ယုံကြည်စိတ်ချရခြင်း၊

(၉) စျေးနှုန်းနည်းခြင်း၊

(ခ) **ပစ္စည်းတင်ဒါစိစစ်ရွေးချယ်ခြင်း**

(၁) တင်ဒါတင်သွင်းသည့်ပစ္စည်းသည် သတ်မှတ်စံချိန်စံညွှန်း နှင့် ကိုက်ညီသည့်ပစ္စည်းဖြစ်ရမည်။

(၂) အနိမ့်ဆုံးကြမ်းခင်းစျေးနှင့် အမြင့်ဆုံးကြမ်းခင်းစျေးကို တင်ဒါခေါ်ယူသည့်ဌာနမှ သတ်မှတ်ပေးထားပါသည်။

(၃) အနိမ့်ဆုံးကြမ်းခင်းစျေးအောက်လျော့နည်းသော တင်ဒါ နှင့် အမြင့်ဆုံးကြမ်းခင်းစျေးထက် မြင့်သောတင်ဒါ များအား ပယ်ဖျက်မည်ဖြစ်ပါသည်။

(၄) အနိမ့်ဆုံးကြမ်းခင်း စျေးထက်မြင့်ပြီး အမြင့်ဆုံးကြမ်းခင်း စျေးအောက်လျော့နည်းသော တင်ဒါများအား လက်ခံ စဉ်းစားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ တင်ဒါလုပ်ငန်းကိစ္စရပ်များနှင့် ပတ်သက်ပြီး အများ ပြည်သူလူထုသိမြင်နားလည်နိုင်အောင် သတင်းစာများတွင် ထည့်သွင်း ကြော်ငြာခြင်း၊ တင်ဒါတင်သွင်းရန် တင်ဒါလျှောက်လွှာစတင်ထုတ်ယူစဉ် ကပင် ဌာနရှိတာဝန်ရှိသူများမှ တင်ဒါစည်းကမ်းချက်များ၊ စံချိန်စံညွှန်းများ တပါးတည်းထုတ်ပေးခြင်း၊ ရှင်းလင်းပြောကြားခြင်း၊ အိတ်ဖွင့်တင်ဒါဖွင့်ပွဲ ကျင်းပပြုလုပ်ရာတွင်လည်း တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ နာယက၊

ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များမှ တင်ဒါလုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများအား နားလည်သဘောပေါက်အောင် ရှင်းလင်းဆွေးနွေးခြင်းကို ဆောင်ရွက်ပေးသွားမှာဖြစ်ပြီး တင်ဒါစိစစ်ရွေးချယ်ရာတွင်လည်း ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ချောင်းဆုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဒေါ်ကြည်ကြည်မြကို မေးခွန်းမေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်ကြည်ကြည်မြ(ချောင်းဆုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၂)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ရှင်၊ ကျွန်မကတော့ ချောင်းဆုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဒေါ်ကြည်ကြည်မြဖြစ်ပါတယ်။ ချောင်းဆုံမြို့နယ်အတွင်း ထရန်စဖော်မာများတွင် အကာအရံ မရှိသည့်ကိစ္စနှင့်စပ်လျဉ်း၍ မေးမြန်းသွားမှာဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးရှင်၊၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်းချောင်းဆုံမြို့နယ်သို့မဟာဓါတ်အားပေးလိုင်းမှ ၆၆ကေဗွီလိုင်းဖြင့် မြစ်ကျော်သွယ်တန်းပေးခဲ့ပါတယ်။မြို့နယ်လျှပ်စစ် ဓါတ်အားခွဲရုံမှ တစ်ဆင့် (၁၁)ကေဗွီလိုင်းဖြင့် ချောင်းဆုံ-ကမာကေး၊ချောင်းဆုံ-ဒရယ်၊ချောင်းဆုံ ကညော်၊ ချောင်းဆုံ-ရွာလွတ်ဟူ၍လိုင်း(၄)လိုင်းဖြင့် ထပ်မံဖြန့်ဖြူးပေးခဲ့ပါတယ်။ ထို(၁၁)ကေဗွီလိုင်းမှတစ်ဆင့်ကျေးရွာအသီးသီးတို့အား ကျေးရွာသုံး Transformer များ တပ်ဆင်ဆောင်ရွက်ခြင်းလုပ်ငန်းများကို

ပြည်နယ် ဘဏ္ဍာရန်ပုံငွေဖြင့်ဆောင်ရွက်ခဲ့ပါတယ်။ ထို(၁၁)ကေဗွီလိုင်းများ သွယ်တန်းရေး နှင့်ကျေးရွာသုံးထရန်စဖော်မာတပ်ဆင်သည့် လုပ်ငန်းများကို ပြင်ပကုမ္ပဏီ လုပ်ငန်းရှင်များဖြင့် ဆောင်ရွက်စေခဲ့သည်ဟုသိရှိရပါတယ်။ တစ်ချို့ကုမ္ပဏီ များသည်လုပ်ငန်းဆောင်ရွက်ရာတွင် စိတ်ရင်းစေတနာ အပြည့်ဖြင့် ဆောင်ရွက်ခြင်းရှိခဲ့သလို၊ တစ်ချို့ကုမ္ပဏီအဖွဲ့အစည်းများသည် လုပ်ငန်း ဆောင်ရွက်ရာတွင်အားနည်းမှုများရှိသည်ကို ကျွန်မအနေဖြင့် လေ့လာ တွေ့ရှိရပါတယ်။ ကျွန်မမဲဆန္ဒနယ်မြေ(၂)အတွင်းရှိ ချောင်းဆုံ-ကမာကေး၊ (၁၁) ကေဗွီလိုင်းသွယ်တန်းခြင်းနှင့်ကျေးရွာသုံး ထရန်စဖော်မာများ တပ်ဆင်ခြင်းလုပ်ငန်းကို ကြယ်စင်ထွန်းတောက်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခွင့်ရရှိခဲ့ပါတယ်။ တစ်ခြားကုမ္ပဏီများ၏ ဆောင်ရွက်ချက်များနှင့်မတူဘဲ ကျေးရွာသုံးTransformerများ၌ အကာအရံ တပ်ဆင်ခြင်းမရှိခဲ့သည်ကို အထူးသတိပြုမိပါသည်။ တစ်ခြား၁၁ကေဗွီလိုင်း (၃)လိုင်းရှိ ကျေးရွာသုံး Transformer များတွင်အကာအရံများကို စနစ်တကျတပ်ဆင်ထားပေးသဖြင့် ကျွဲ၊ နွား၊ ရွာသူ/ရွာသားများ၊ လျှပ်စစ် အန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချမှုရှိပါတယ်။

ယခု ချောင်းဆုံ-ကမာကေး၊ (၁၁)ကေဗွီလိုင်းရှိ ကျေးရွာသုံး Transformer များတွင် အကာအရံများကို ဆောင်ရွက်ထားခြင်းမရှိသဖြင့် လျှပ်စစ် အန္တရာယ်အတွက် များစွာစိတ်ပူပန်ရပါတယ်။ ယခုကဲ့သို့ အများကုမ္ပဏီ နည်းတူဆောင်ရွက်ခြင်းမပြုခဲ့သည့်ကိစ္စရပ်အား ပြန်လည်စိစစ်အရေးယူ ဆောင်ရွက် ပေးနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မွန်ပြည်နယ် အစိုးရအဖွဲ့အား လေးစားစွာမေးမြန်းတင်ပြအပ် ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာဝန်ကြီးမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမင်းထင်အောင်ဟန်(လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီး)။** လေးစားအပ်ပါသောပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ကျွန်တော်ကတော့ မော်လမြိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ မွန်ပြည်နယ်အစိုးရအဖွဲ့၊ လျှပ်စစ်၊စွမ်းအင်နှင့်စက်မှုဝန်ကြီးဦးမင်းထင်အောင်ဟန်ဖြစ်ပါတယ်။ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားကို ချောင်းဆုံမြို့နယ်အတွင်း ဖြန့်ဖြူးပေးနိုင်ရန်အတွက် (၁၁)ကေဗွီဓာတ်အားလိုင်းများနှင့် (၁၁/၀. ၄)ကေဗွီ ကျေးရွာသုံးထရန်စဖော်မာများကို ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့ရာတွင်ကျေးရွာပေါင်း (၆၂)ရွာအတွက် (၁၁)ကေဗွီလိုင်း စုစုပေါင်း (၄၈. ၄၈)မိုင်၊ (၁၁/၀. ၄) ကေဗွီ ထရန်စဖော်မာပေါင်း (၄၆) လုံးကို တည်ဆောက်ပေး နိုင်ခဲ့ပါတယ်။

၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်အတွင်း ရရှိခဲ့သောဘဏ္ဍာရန်ပုံငွေမှာ အနည်းငယ်လိုအပ်ပြီးလုံလောက်မှုမရှိခဲ့ပါသဖြင့် ကုမ္ပဏီများသာ Turn Key စနစ်ဖြင့် ထရန်စဖော်မာတည်ဆောက်ခြင်းလုပ်ငန်းများ အပ်နှံဆောင်ရွက် ခဲ့ရာတွင် ထရန်စဖော်မာ(၁၁)လုံးသာ ခြံစည်းရိုးပါပြီး (၃၅)လုံးအတွက် ဝင်းခြံများ ပါဝင်အပ်နှံနိုင်ခဲ့ခြင်းမရှိခဲ့ပါ။

သို့ရာတွင် လုပ်ငန်းဆောင်ရွက်ခွင့်ရရှိသာ ကုမ္ပဏီများမှအပ်နှံလုပ်ငန်းတွင် မပါဝင်သော်လည်း ၎င်းတို့၏စေတနာဖြင့် ထရန်စဖော်မာ(၂၄)လုံးအတွက် ခြံစည်းရိုးများကာရန်ပေးနိုင်ခဲ့ပြီး ယခုတင်ပြပါ (၁၁)လုံးမှာ ခြံစည်းရိုးခတ်ရန်ကျန်ရှိခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ကဘယ်လိုဆောင်ရွက်မလဲဆိုတော့ အဲဒီ(၁၁)လုံးအတွက်ကို ကျွန်တော်တို့က ဒါတွေလုပ်ခဲ့တဲ့ ကန်ထရိုက်တာတွေကိုညှိနှိုင်းပြီးတော့ သူတို့ကို ကျွန်တော်တို့က ဒါလေးတွေ

ဆောင်ရွက်ပေးဖို့ပြောပါမယ်။ တကယ်လို့ သူတို့မလုပ်ပေးနိုင်ဘူး၊ အဆင်မပြေဘူးဆိုရင် ကျွန်တော်ပြည်နယ်ဖြည့်စွက်ငွေ(RE)တွင် ထည့်သွင်းတောင်းခံဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်။ တကယ်လို့ မလုပ်ပေးတဲ့ကုမ္ပဏီတွေကို တင်ဒါရှိတဲ့ကုမ္ပဏီတွေဆိုရင် ကျွန်တော်တို့ အမှတ်အသားထားပြီးတော့ နောက်နောင် ကျွန်တော်တို့တင်ဒါခေါ်ယူတဲ့အခါမှာဦးစားပေးအစီအစဉ်မှာထားပြီး ဆောင်ရွက်သွားပါမယ်။ တကယ်လို့ လောလောဆယ်မှာ Transformer အကာအရံမရှိတဲ့အတွက် အန္တရာယ်ဖြစ်နိုင်တဲ့အတွက်ကြောင့် ကျေးရွာကလည်း ကိုယ့်အစီအစဉ်နဲ့ ဆောင်ရွက်နိုင်ရန်လည်း ပိုပြီးတော့ အဆင်ပြေမယ်လို့ ကျွန်တော်တင်ပြလိုပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး သထုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးအောင်ကျော်သူကို မေးခွန်းမေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ကျော်သူ(သထုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၂)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား၊ ကျွန်တော်ကတော့ သထုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးအောင်ကျော်သူဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဒီအစည်းအဝေးမှာ မေးမြန်းချင်တာကတော့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် အစိုးရဌာနဆိုင်ရာများအကြား အင်္ဂါစဉ်သတ်မှတ်ထားမှု၊ နေရာထိုင်ခင်းစီစဉ်ထားမှုများနှင့်ပတ်သက်ပြီး

ရှင်းလင်းစွာသိလို၍ ပြည်နယ်အဆင့်အုပ်ချုပ်မှုဆိုင်ရာအဖွဲ့အစည်းမှ အဓိကတာဝန်ရှိသူတစ်ဦးမှ ဖြေကြားပေးပါရန် ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ လွှတ်တော်၏အခန်းကဏ္ဍမြှင့်တင်ရေးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဥပဒေနှင့်အညီ ပြဋ္ဌာန်းထားသော ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေအခန်း (၄) ပုဒ်မ- ၁၂(စ)ပါ ရပိုင်ခွင့်နှင့်အခွင့်အရေးများရရှိရေးနှင့် ဥပဒေပြုရေးနှင့်အုပ်ချုပ်ရေးမဏ္ဍိုင်တို့အကြား အပြန်အလှန်လေးစားမှုနှင့် ကောင်းမွန်သောဆက်ဆံရေးဖြင့် အတူတကွ ပူးပေါင်းပြီး ပြည်သူ့လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားရေးနှင့် ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ ထိန်းကျောင်းသွားရမည့် ကိစ္စရပ်များရှိနေပါတယ်။

ဥပမာအားဖြင့် ကိုယ်စားလှယ်များအနေဖြင့် မြို့နယ်၊ ခရိုင်အဆင့် အစည်းအဝေးများဖိတ်ကြား၍ တက်ရောက်သောအခါ အခက်အခဲများစွာ ကြုံတွေ့ရပါတယ်။ ဒါကတော့ ပြည်သူကရွေးချယ်တင်မြှောက်လိုက်တဲ့ ပြည်နယ်အဆင့် ကိုယ်စားလှယ်တွေရဲ့ ထိုင်ခုံနေရာချထားမှုမှာ မြို့နယ်အဆင့်အုပ်ချုပ်ရေးမှူးတွေက ကျွန်းခုံနဲ့အလယ်မှာထိုင်ပြီး ပြည်သူတွေက အင်နဲ့အားနဲ့ မဲပေးလိုက်တဲ့ကိုယ်စားလှယ်တွေ၊ လွတ်လပ်သော သဘောဆန္ဒနဲ့ မဲပေးထားတဲ့ကိုယ်စားလှယ်တွေက ကော်ခုံလေးတွေနဲ့ နေရာချထားတာ မြို့နယ်တော်တော်များများမှာ Social Media တွေမှာလည်း တွေ့နေရပါတယ်။ ဒါကို ကြည့်ခြင်းအားဖြင့် အုပ်ချုပ်ရေးမဏ္ဍိုင်အနေဖြင့် အဂ္ဂိစဉ်သတ်မှတ်ရေးနဲ့ ထိုင်ခုံနေရာချထားရေး ဒါတွေကို နားလည်သဘောပေါက်ပြီးသားလို့လည်းထင်ပါတယ်။ အဲဒီအတွက်ကြောင့်မို့ ဒီဟာတွေကို အတူတကွပူးပေါင်းဆောင်ရွက်ရေးအတွက် မည်သို့မည်ပုံရှေ့ဆက်

ဆောင်ရွက်သွားမယ်ဆိုတာလည်း သိချင်ပါတယ်။

သို့ပါသောကြောင့် အဆိုပါကိစ္စရပ်များ အဆင်ပြေချောမွေ့ပြီး စနစ်ကျစေရန်အတွက်မည်သို့မည်ပုံစီမံဆောင်ရွက်ထားပါသလဲဆိုတာသိရှိလိုပါတယ်ခင်ဗျား။

အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာဝန်ကြီးမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးဝင်းနိုင်ဦး(လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ကျွန်တော်ကတော့ မွန်ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းနိုင်ဦးဖြစ်ပါတယ်။ သထုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သူမေးမြန်းထားတဲ့မေးခွန်းနှင့်ပတ်သက်ပြီး ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။

နိုင်ငံတော်အခမ်းအနားများနှင့် နိုင်ငံတော်သမ္မတဦးဆောင်သော အစည်းအဝေးများပြုလုပ်ရာတွင်လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးဌာနအချင်းချင်း ဆက်သွယ်ရာတွင်လည်းကောင်း စနစ်တကျရှိစေရန်နှင့် မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအင်္ဂါစဉ်ကို နိုင်ငံတော်သမ္မတရုံး၏ (၂၇. ၄. ၂၀၁၆) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၁၆ဖြင့် သတ်မှတ်ထုတ်ပြန်ခဲ့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့မှ (၂၅. ၅. ၂၀၁၆) ရက်စွဲပါကြေညာချက်အမှတ် ၉/၂၀၁၆ဖြင့် ထပ်မံပြင်ဆင် ထုတ်ပြန်ခဲ့ပါတယ်။

သို့ဖြစ်ပါ၍ ပြည်ထောင်စုအင်္ဂါစဉ်အား အခြေခံ၍ ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏အင်္ဂါစဉ်တွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများကို ထပ်မံဖြည့်စွက်ထားသည့်အင်္ဂါစဉ်ကို ပြည်နယ်အစိုးရအဖွဲ့ရုံး၏ (၁၀. ၅. ၂၀၁၆)ရက်စွဲပါစာအမှတ်၊ ၂၀၀/၃-၄/၀ခရ(မွန်)ဖြင့် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မော်လမြိုင်နှင့် သထုံခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနများသို့ သတ်မှတ်ပေးပို့ထားပါကြောင်းနှင့် ၎င်းအင်္ဂါစဉ်များမှာ အောက်ပါအတိုင်းထုတ်ပြန်ထားရှိပါကြောင်း ဖြေကြားအပ်ပါတယ်-

| | | |
|---|---|---|
| (က) | ဦးမင်းမင်းဦး | ဝန်ကြီးချုပ်၊ စည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေးဝန်ကြီး ဌာန၊ |
| (ခ) | ဒေါ်တင်အိ | ဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်၊ |
| (ဂ) | ဦးခင်မောင်ကြီး | တရားလွှတ်တော်တရားသူကြီးချုပ်၊ |
| (ဃ) | ဦးအောင်နိုင်ဦး | ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်၊ |
| (င) | ဗိုလ်မှူးကြီးဝင်းနိုင်ဦး | ဝန်ကြီး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန၊ |
| (စ) | ဦးထွန်းဌွေး | ဝန်ကြီး၊ စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန၊ |
| (ဆ) | ဒေါက်တာမင်းကြည်ဝင်း | ဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ |
| (ဇ) | ဦးမင်းထင်အောင်ဟန် | ဝန်ကြီး၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးဌာန၊ |
| (ဈ) | ဒေါက်တာထိန်လင်း | ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန၊ |
| (ည) | ဦးဝဏ္ဏကျော် | ဝန်ကြီး၊ စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ |

(ရ) ဦးရွှေမြင့် ဗမာတိုင်းရင်းသားရေးရာဝန်ကြီး၊
(ဎ) ဒေါ်စံဝင့်ခိုင် ပအိုဝ်းတိုင်းရင်းသားရေးရာဝန်ကြီး၊
(ဍ) ဦးအောင်မြင့်ခိုင် ကရင်တိုင်းရင်းသားရေးရာဝန်ကြီး၊
(ဎ) ဒေါ်အေးအေးမို့ ပြည်နယ်ဥပဒေချုပ်၊
(ဏ) ဒေါ်သိန်းသိန်းဦး ပြည်နယ်စာရင်းစစ်ချုပ်၊
(တ) ဦးသိန်းမြင့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်(၁)၊
(ထ) ဦးညီညီစိုး ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်(၂)၊
(ဒ) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊
(ဓ) ဌာနဆိုင်ရာများ။

ဒီနေရာမှာ ကျွန်တော်တစ်ဆက်တည်း ဖြည့်စွက်တင်ပြချင်တာကတော့ တိုင်းရင်းသားဝန်ကြီးတွေနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့နိုင်ငံတော်သမ္မတကြီးကနေပြီးတော့မှ တိုင်းရင်းသားရေးရာဝန်ကြီးတွေကို ခန့်အပ်တဲ့အခါမှာ အဲဒီအတိုင်းဘဲ ဗမာ၊ ပအိုဝ်း၊ ကရင်၊ ပြည်နယ်အဆင့် Protocal မှာ ကျွန်တော်တို့ထည့်သွင်းပေးထားတာဖြစ်ပါတယ်။ဒီတိုင်းရင်းသားရေးရာဝန်ကြီးတွေနဲ့ပတ်သက်ပြီး နိုင်ငံတော်သမ္မတရုံးရဲ့ (၃၀. ၃. ၂၀၁၆) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၇/၂၀၁၆နဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ခန့်အပ်ခြင်းဆိုတဲ့အမိန့်နဲ့ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်တွေမှာ ခန့်အပ်ပြီးဖြစ်ပါတယ်။ မွန်ပြည်နယ်ဆိုလို့ရှိရင် နိုင်ငံတော်သမ္မတရုံးရဲ့ အမိန့်နဲ့ ဦးရွှေမြင့်၊ ဗမာတိုင်းရင်းသားဝန်ကြီး၊ ဒေါ်စံဝင့်ခိုင်၊ ပအိုဝ်းတိုင်းရင်းသားဝန်ကြီး၊ ဦးအောင်မြင့်ခိုင်၊ ကရင်တိုင်းရင်းသားဝန်ကြီး၊ ဆိုပြီးတော့ သမ္မတရုံးရဲ့ ညွှန်ကြားချက်အမိန့်အတိုင်း တိုင်းရင်းသားရေးရာဝန်ကြီးတွေကိုလည်း

အစဉ်လိုက် ကျွန်တော်တို့ ပြည်နယ်အစိုးရအဖွဲ့က ထပ်ဆင့်ဖွဲ့စည်းထားရခြင်းဖြစ်ပါကြောင်း ဖြည့်စွက်တင်ပြရင်း နိဂုံးချုပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမင်းအောင်ကို မေးခွန်းမေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးထွန်းမင်းအောင်(ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၁)။** ဥက္ကဋ္ဌကြီးခင်ဗျား၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ မေးမြန်းတဲ့မေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော်ပြောလိုပါတယ်။ ကျွန်တော်တို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တွေက မေးမြန်းတဲ့အရာတွေကို ကျွန်တော်တို့မမေးခင် ဥက္ကဋ္ဌကြီးကို တင်သွင်းထားတာဖြစ်ပါတယ်။ အခုကျွန်တော်တို့ ဖတ်ပြတဲ့အချိန်မှာ မေးတဲ့မေးခွန်းစာသားဟာ အဲဒီအတိုင်းဘဲမေးပါတယ်။ကျွန်တော်ကိုယ်တိုင်လည်း အမြဲအဲဒီအတိုင်းဘဲ မေးပါတယ်။ အဲဒီမေးခွန်းစာသားပေါ်လွင်ထင်ရှားအောင် ဘာကြောင့်(Why to Ask)ကျွန်တော်တို့က မေးရတယ်။ Highlight လုပ်ပြလိုက်တာပါ။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြသော လူကြီးမင်းများခင်ဗျား၊ ကျွန်တော်ကတော့ ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမင်းအောင် ဖြစ်ပါတယ်။

မော်လမြိုင်မြို့သည် အတ္တရံမြစ်ရေနှင့် ကင်ပွန်းချိုကန်ရေများမှတစ်ဆင့် ရေပေးဝေရေးစနစ်ကို နှစ်ပေါင်းများစွာ အသုံးပြုလာခဲ့ပါတယ်။ရေစစ်ကန်များ၏ နှစ်ပေါင်းကြာမြင့်မှု ပိုက်များ၏နှစ်ပေါင်းကြာမြင့်မှုတို့ကြောင့် မြို့နေ

ပြည်သူများအနေဖြင့် နုန်းအနည်များပါဝင် နေသောရေကိုသုံးစွဲနေရပါတယ်။ မော်လမြိုင်မြို့နေပြည်သူများ အစဉ်တစ်စိုက် ပြောင်းလဲချင်နေခဲ့တဲ့ နှစ်ပေါင်းများစွာ ကြာမြင့်နေပြီဖြစ်တဲ့ ရေတွေဟာနုန်းအနည်တွေ ပါဝင်တယ်။ ညအချိန်မတော် ရေတင်နေတဲ့စနစ်၊ နေ့စဉ်ရေမလာဘဲ အချို့နေရာတွေမှာ ရက်ခြားယူတဲ့စနစ်၊ ပင်ကိုယ်ရေပိုက်စနစ်သွယ်ရင်စရိတ်စကကြီးမားစွာတွေ့နေရမှု၊ မြို့နေအိမ်တိုင်းလည်း ရေပိုက်မရရှိသေးခြင်း စတဲ့ အခက်အခဲတွေ့ကို ပြေငြိမ်းစေဖို့ ယခုစီမံခန့်ခွဲနေတဲ့စနစ်အစား နိုင်ငံတကာ အဖွဲ့အစည်းတွေ( JACA)လိုမျိုးအဖွဲ့အစည်းတွေနဲ့ BOT စနစ်သော်လည်းကောင်း၊ အမြန်ဆုံးဆောင်ရွက်ပေးဖို့ကို မျှော်လင့်နေကြပါတယ်။ အဲဒီအချိန်မှာဘဲ ကျွန်တော်တို့မွန်ပြည်နယ်အစိုးရတက်ပြီး မကြာမီမှာ ရက်စွဲ အတိအကျ (၁၁. ၅. ၂၀၁၆)မှာဆိုလို့ရှိရင် Asia Development Bank (ADB) အာရှဖွံ့ဖြိုးရေးဘဏ်ကနေပြီးတော့ ကျွန်တော်တို့ မွန်ပြည်နယ် အစိုးရအဖွဲ့နဲ့တွေ့ပြီးတော့ မော်လမြိုင်မြို့ရေပေးဝေရေးစနစ်၊ အမှိုက် စနစ်တကျစွန့်ပစ်ရေးတွေကိုလည်း ဆွေးနွေးတယ်လို့သိရှိရပါတယ်။ (၁၈. ၅. ၂၀၁၆)မှာဆိုရင်( JACA)က (Japane International CooperationAgency)ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီကနေပြီးတော့မွန်ပြည်နယ်အစိုးရအဖွဲ့တွေ့ပြီးတော့ မြို့ရေ ပေးဝေရေးစနစ်ကောင်းမွန်ရေး၊ အမှိုက်ပစ်မှုစနစ်တကျရှိစေရေးတို့ကို လာရောက်ဆွေးနွေးတယ် လို့ကြားသိရပါတယ်။

ပြီးတော့ မော်လမြိုင်မြို့နေ၊ ပြည်သူများကဒီရေရရှိရေးကို အကူအညီ တောင်းလာပါတယ်။ အဲဒါကြောင့် လောလောဆယ်ကျွန်တော်မေးခွန်း မမေးခင်မှာပေါ့ အကြံပြုထားတာက အကယ်၍လွှတ်တော်ကနေတစ်ဆင့် မွန်ပြည်နယ်အစိုးရအဖွဲ့ကို အကြံပြုတာက အကယ်၍သာ စနစ်ရှိခဲ့မယ်

ဆိုလို့ရှိရင်( JACA)နဲ့ ပူးပေါင်းဆောင်ရွက်ဖို့( JACA)ဟာ ရန်ကုန်မှာ (၂၀၁၆-၂၀၁၇) ရေပေးဝေရေး System ကိုရန်ကုန်အစိုးရ ကူညီနေပါပြီ၊ အဲဒါတွေကို ( Video File)တစ်မိနစ်စာ ပြခွင့်ပြုပါ။ ( JACA)ကနေပြီးတော့ ပြီးခဲ့တဲ့ ၂၀၁၅ လွှတ်တော်ကနေ အတည်ပြုပြီးတော့ (၂၀၁၆-၂၀၁၇) ဘဏ္ဍာရေးနှစ်မှာ( JACA)ကနေကူညီပြီးတော့ ဒဂုံမြို့သစ်ဆိပ်ကမ်း မြို့ကို ရေပေးဝေရေးSystem လုပ်နေပါပြီ။

ဒါကြောင့်မို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့မွန်ပြည်နယ် အစိုးရ၊(အထူးသဖြင့်) မွန်ပြည်နယ်စည်ပင်သာယာရေး ဝန်ကြီးဌာနမှ မော်လမြိုင်မြို့စည်ပင်နယ်နိမိတ်နေ ပြည်သူများအားလုံး သန့်ရှင်းသော သောက်သုံးရေများကို လွယ်လင့်တကူရရှိရေး **စီမံကိန်းအသစ်ဖြင့်** အကောင်အထည်ဖော်ဆောင်ရွက်ရန်အစီအစဉ်ရှိ/မရှိ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းလိုပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာဝန်ကြီးမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမင်းမင်းဦး(ပြည်နယ်ဝန်ကြီးချုပ်)(စည်ပင်သာယာရေးနှင့်ဆောက်လုပ်ရေး ဝန်ကြီးဌာန)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ပေါင်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမင်းအောင် မေးမြန်းထားတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး စည်ပင်သာယာရေးနှင့်ဆောက်လုပ် ရေးဝန်ကြီး ကျွန်တော်ဦးမင်းမင်းဦးမှ ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။

မေးခွန်းရဲ့ဆိုလိုရင်းက မော်လမြိုင်မြို့နယ်၊ စည်ပင်သာယာရေး နယ်နိမိတ်နေ ပြည်သူများသန့်ရှင်းသော သောက်သုံးရေများကို လွယ်လင့်

တကူရရှိရေးစီမံကိန်းအသစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိမေးထားတာဖြစ်ပါတယ်။ လိုရင်းတိုရှင်းဘဲ ကျွန်တော် ဖြေပါမယ်။

အတ္ထရံမြစ်ရေကို မြန်မာလုပ်ငန်းရှင်တစ်ဦးနှင့် ထိုင်း Tap Water ကုမ္ပဏီမှ ရေသန့်စင်စနစ်အပါအဝင် ပိုက်လိုင်းဟောင်းများလဲလှယ်ခြင်းဖြင့် သန့်ရှင်းသောသောက်သုံးရေဖြန့်ဝေမည့်အစီအစဉ်ကို မော်လမြိုင်မြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး တင်ပြထားပြီး လုပ်ငန်းများစတင်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ အဆင့်ဆင့် တင်ပြခဲ့ပြီးဖြစ်ရာ ပြည်ထောင်စုအဆင့်မှ သဘောတူညီချက်ရရှိပါက အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါတယ်။

ရွှေနတ်တောင်ဆည်ရေမှ သန့်ရှင်းသောသောက်သုံးရေ ဖြန့်ဝေနိုင်ရေး အတွက် ဂျပန်ချေးငွေ (JACA ODA Loan) ဖြင့်ဆောင်ရွက်မည်ဖြစ်ပြီး ရွှေနတ်တောင်အနီး Water Treatment Plant (ရေသန့်စနစ်)အပါအဝင်ကို ယခု ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်တွင် Local Department ဖြစ်သော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအစီအစဉ်ဖြင့် တင်ဒါရရှိသူ Water Work Engineering Group Service Co;Ltd မှစတင် ဆောင်ရွက်လျက်ရှိပါတယ်။

ကင်ပွန်းခြံဆည်ရေမှ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ကင်ပွန်းခြံကန်ပြုပြင်ခြင်း၊ ရေသန့်စင်စက်ရုံ(Water Treatment Plant ) တည်ဆောက်ခြင်းနှင့် ရေပို့၊ ရေဖြန့်ပိုက်လိုင်းများ ပြုပြင်ခြင်းအပါအဝင်ကို Asia Development Bank (ADB)၏ ချေးငွေအကူအညီဖြင့် ဆောင်ရွက်မည့် မဟာမဲခေါင်ဒေသမြို့များ ဖွံ့ဖြိုးရေးစီမံကိန်းတွင် ထည့်သွင်းလျာထားပြီး ဖြစ်ရာ ပြည်ထောင်စုအစိုးရနှင့်ADB တို့၏ သဘောတူညီချက်ရရှိပြီးပါက

ချေးငွေအစီအစဉ်ဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးထွန်းမင်းအောင်(ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၁)။** ကျွန်တော်တစ်ဆက်တည်းမေးလိုတာက ကျွန်တော်ဘာသိရှိလဲရှိတော့ အဖြေမှာ အတ္ထရံမြစ်ရေကိုကျတော့ ထိုင်းကုမ္ပဏီနဲ့ဖက်စပ်လုပ်ကိုင်ဖို့အတွက် ကျွန်တော်တို့ သိရှိထားတယ်။ ကင်ပွန်းခြံကန်ရေကျတော့ ကျွန်တော်မရှင်းတာက ကင်ပွန်းခြံကန်ရေကို အကယ်၍ စီမံကိန်းစနစ်သစ်နဲ့ လုပ်မယ်ဆိုရင် ရှင်းလင်းစွာသိချင်တာက ADB ကနေ ချေးငွေယူတဲ့ ကုမ္ပဏီက မြန်မာကုမ္ပဏီလား၊ နိုင်ငံခြားကုမ္ပဏီကလား၊ အဲဒါသိချင်တာပါ။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာဝန်ကြီးမှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးမင်းမင်းဦး(ပြည်နယ်ဝန်ကြီးချုပ်)(စည်ပင်သာယာရေးနှင့်ဆောက်လုပ်ရေးဝန်ကြီးဌာန)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ကျွန်တော့်ရဲ့အဖြေဟာ ရှင်းလင်းပြတ်သားပြီးဖြစ်ပါတယ်။ ထပ်မံဖြေကြားစရာအကြောင်းမရှိပါဘူး။

**ဥက္ကဋ္ဌ။** ဘယ်လိုမေးတာပါလဲ။

**ဦးထွန်းမင်းအောင်(ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၁)။** ကျွန်တော် မေးတာက ကင်ပွန်းခြုံဆည်က ကုမ္ပဏီလီမိတက်ကိုဘဲပြောတာပါ။ ဘယ်နိုင်ငံက ကုမ္ပဏီလဲ၊ မြန်မာပြည်တွင်းက ကုမ္ပဏီလား၊ နိုင်ငံခြား ကုမ္ပဏီလားဆိုတာ သိချင်လိုပါတယ်။ မေးမြန်းတဲ့ရည်ရွယ်ချက်က မော်လမြိုင်မြို့နယ်ပြည်သူတွေက အထူးသဖြင့်ဂျပန်ကလူသားချင်းစာနာလို့ မွန်ပြည်နယ်အတွင်း မော်လမြိုင်ကိုကူညီတဲ့အချိန်မှာ ကျွန်တော်တို့ အကောင်းဆုံး Best of the Best အကောင်းဆုံး System High Back အထူးသဖြင့် ဘန်ကောက်လိုမျိုး၊ ထိုင်းနိုင်ငံတောင်မှ JACA ကိုအကူအညီ တောင်းပြီးတော့ဘဲ ရေပေးဝေရေးစနစ်ကို လုပ်နေတာပါ။ ဆိုလိုတာက အကောင်းဆုံးကုမ္ပဏီဖြစ်တဲ့အတွက်ကြောင့် သူတို့အနေနဲ့အဖြေကို မရှင်းလင်းဘူးဆိုရင် သူတို့အနေနဲ့စိုးရိမ်ပူပန်နေတယ်။ ပြည်တွင်းကုမ္ပဏီဆို ဘယ်ကုမ္ပဏီလဲ၊ ကုမ္ပဏီကဘယ်နိုင်ငံအခြေစိုက်လဲ၊ ကျွန်တော်သိချင် ပါတယ်။

**ဦးဝဏ္ဏကျော်(စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန)။** ၂၀၁၃ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေများစာအုပ်မှာပါရှိတဲ့မေးခွန်းနဲ့ပတ်သက်၍ ကန့်သတ်ချက်များ၊ စည်းကမ်းချက်များပါရှိပါတယ်။ ကန့်သတ်ချက်များထဲမှာ မဖြစ်ပေါ်သေးတဲ့ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မည်သို့ဆောင်ရွက်သင့်ကြောင်း ဖော်ပြမေးမြန်း ခြင်းကို မပြုရဆိုတဲ့ အချက်ပါပါတယ်။ နောက်တစ်ခုက လိုအပ်ခြင်းမရှိဘဲ ရှည်လျားသောမေးခွန်း မဖြစ်စေရ။ မေးခွန်းသည် ပုဒ်မ ၁၀၃ မှာပါတာက လွှတ်တော်အစည်းအဝေးများမှာ ပထမ(၁)နာရီက မေးခွန်းများမေးမြန်း ဖြေကြားရန်ဖြစ်ပါတယ်။

ကျွန်တော်တို့လွှတ်တော်ကို (၁၀)နာရီမှာစတင်တာ ဖြစ်ပြီး ယခုဆိုရင် (၁၁း၂၀)ရှိပြီဖြစ်တဲ့အတွက် ပုဒ်မ ၁၀၇ မှာမေးခွန်း သို့မဟုတ်မေးခွန်း အစိတ်အပိုင်းကို ဥက္ကဋ္ဌခွင့်မပြုလျှင် ယင်းသို့ ခွင့်မပြုသည့် ဥက္ကဋ္ဌ၏ ဆုံးဖြတ်ချက်ကို ဆွေးနွေးခွင့်မရှိစေရဆိုတဲ့အချက်ပါပါတယ်။ ဒါကြောင့်မို့ မွန်ပြည်နယ်လွှတ်တော်သည် ဥပဒေရဲ့အထက်မှာမရှိဖို့အတွက် လွှတ်တော် ဥက္ကဋ္ဌကြီးမှဆောင်ရွက်ပေးဖို့ အကြံပြုလိုပါတယ်။

**အချိန်။ ၁၁း၂၅။**

## အစည်းအဝေး အစီအစဉ်ခေတ္တ ရပ်နားခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ အစည်းအဝေး အစီအစဉ်ခေတ္တ ရပ်နားခြင်းဖြစ်ပါတယ်။ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာမှာဖြစ်တဲ့ အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မတ်တပ်ရပ်ပေး ကြပါရန် ပန်ကြားအပ်ပါတယ်။

ကိုယ်စားလှယ်များ ခေတ္တနားနေရန်နှင့်လက်ဖက်ရည်သုံးဆောင်ရန်အတွက် ဆွေးနွေးပွဲခန်းမတွင် ပြင်ဆင်ထားပါကြောင်း အသိပေးအပ်ပါတယ်။

**အခမ်းအနားမှူး။** အစည်းအဝေးပြန်လည်စတင်မှာ ဖြစ်တဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး နေရာယူပေးကြပါရန် ပန်ကြား အပ်ပါတယ်။ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား၊ ပြန်လည်နေရာယူပေး ပါရန် ပန်ကြားအပ်ပါတယ်။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရသထုံမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဒေါ်ခိုင်ခိုင်လှဲ့၏ "ပြည်သူလူထု၏ အခက်အခဲများကို ဆောင်ရွက်သည့်နေရာတွင်ပူးပေါင်းဆောင်ရွက်မှုရှိလာစေရန်နှင့် လွှတ်တော်၏အခန်းကဏ္ဍ အရေးပါပုံကိုသိရှိလာစေရန်အတွက် လွှတ်တော်မှ ညွှန်ကြားဆောင်ရွက်ပေးပါရန် တိုက်တွန်းကြောင်း အဆို " နှင့်စပ်လျဉ်း၍ အမည်စာရင်းတင်သွင်းထားသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** သထုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဒေါ်ခိုင်ခိုင်လှဲ့၏ "ပြည်သူလူထု၏ အခက်အခဲများကိုဆောင်ရွက်သည့်နေရာတွင် ပူးပေါင်းဆောင်ရွက်မှုရှိလာစေရန်နှင့် လွှတ်တော်၏ အခန်းကဏ္ဍအရေးပါပုံကိုသိရှိလာစေရန်အတွက်လွှတ်တော်မှ ညွှန်ကြားဆောင်ရွက်ပေးပါရန် တိုက်တွန်းကြောင်း အဆို "နှင့်စပ်လျဉ်း၍ ဆွေးနွေးဖို့ အမည်စာရင်းတင်သွင်းထားသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ကျော်သူ(သထုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား၊ ကျွန်တော်ကတော့ သထုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးအောင်ကျော်သူဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သထုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်

ကိုယ်စားလှယ်ဒေါ်ခိုင်ခိုင်လဲ့ အဆိုပြုတင်သွင်းသွားတဲ့**လွှတ်တော်အဖွဲ့အစည်းများနဲ့ အစိုးရအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်သွားရန်အဆို**အား လွှတ်တော်မှ အတည်ပြုသင့်ပါကြောင်း ထောက်ခံတင်ပြလိုပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်၏အချုပ်အခြာအာဏာကို ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူ၍ အတတ်နိုင်ဆုံးပိုင်းခြားသုံးစွဲခြင်းနှင့် အပြန်အလှန်ထိန်းကျောင်းခြင်းပြုရန်၊ ဆိုပြီးပြဋ္ဌာန်းထားပါတယ်။ တင်ပြပါ ပြဋ္ဌာန်းချက်အရ မဏ္ဍိုင်ကြီးသုံးရပ်ရဲ့ တာဝန်များကိုထင်ရှားစွာပြဋ္ဌာန်းထားသလို တစ်ဖက်မှာလည်း သက်ဆိုင်ရာအဖွဲ့အစည်းများအကြား ဒေသတိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များမှာ လိုအပ်သလို ပူးပေါင်းချိတ်ဆက်ဆောင်ရွက်သွားဖို့လည်း အရေးကြီးလှကြောင်း ကျွန်တော့်အနေနဲ့ ထင်မြင်သုံးသပ်မိပါတယ်။ အဲဒီအပြင် လက်ရှိမွန်ပြည်နယ်လွှတ်တော်မှာ ရေးရာကော်မတီ(၆)ခု ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး အဆိုပါရေးရာကော်မတီအဖွဲ့အစည်းများနဲ့ပတ်သက်ပြီး လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများမှာလည်းပြဋ္ဌာန်းထားပါတယ်။ ရေးရာကော်မတီများရဲ့ **ဆက်သွယ်ဆောင်ရွက်ခြင်း**အခန်းကဏ္ဍနဲ့ ပတ်သက်ပြီး တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ အပိုဒ် (၆၇) အရ -

**“ နည်းဥပဒေ၆၂အရ ဖွဲ့စည်းထားသော လွှတ်တော်ကော်မတီနှင့် အဖွဲ့များသည် ပြည်နယ်အဆင့်အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိ ပုဂ္ဂိုလ်များအားလည်းကောင်း လုပ်ငန်းနှင့်ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်းဖိတ်ကြား၍**

**မေးမြန်းခြင်း၊ ဆွေးနွေးခြင်းနှင့် လိုအပ်သည့်အထောက်အထား များကို တင်ပြစေခြင်းပြုနိုင်သည်”** ဟု ပြဋ္ဌာန်းထားပါတယ်။

ဒီပြဋ္ဌာန်းချက်ဟာ လက်ရှိလွှတ်တော်ရေးရာကော်မတီအတွက် ချိတ်ဆက်ဆောင်ရွက်မည့် အတိအကျပြဋ္ဌာန်းချက်ဖြစ်ပါတယ်။ ပြဋ္ဌာန်းချက်များနဲ့အညီ လွှတ်တော်ရှိ ရေးရာကော်မတီအသီးသီးတို့ရဲ့ လုပ်ငန်းတာဝန်များကို မှန်ကန်လျှင်မြန်စွာဆောင်ရွက်သွားနိုင်ရေးမှာ သက်ဆိုင်ရာအုပ်ချုပ်ရေးပုဂ္ဂိုလ်၊ အဖွဲ့အစည်းအဆင့်ဆင့်တို့ရဲ့ လိုအပ်သလိုချိတ်ဆက်ဆောင်ရွက်ဖို့ အရေးကြီးလှပါတယ်၊

လက်ရှိမှာ ကျွန်တော်တို့ မွန်ပြည်နယ်လွှတ်တော်ရဲ့ ရေးရာကော်မတီများဖြစ်တဲ့ ဥပဒေပြုရေးကော်မတီ၊ တိုင်းရင်းသားရေးရာကော်မတီ ၊ တိုင်ကြားစာနှင့်အသနားခံစာများ လေ့လာသုံးသပ်ရေးကော်မတီ၊ ဘဏ္ဍာရေးနှင့်စီမံကိန်းများ လေ့လာသုံးသပ်ရေးကော်မတီ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်လေ့လာစောင့်ကြည့်ရေးကော်မတီများဟာ သူ့သက်ဆိုင်ရာ ရေးရာကော်မတီများနဲ့ ပတ်သက်တဲ့ ဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်များ၊ တာဝန်၊ လုပ်ပိုင်ခွင့်များနှင့်အညီသာလျှင်ဆောင်ရွက်နေခြင်းဖြစ်ပြီးတော့ လိုအပ်တဲ့အချက်အလက်များ၊ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ အမြင်သဘောထားများ၊ အကြံပြုသုံးသပ်ချက်များ၊ စတဲ့ကိစ္စရပ်များအတွက် သက်ဆိုင်ရာပုဂ္ဂိုလ်အဖွဲ့အစည်းများကို ခေါ်ယူဖိတ်ကြားဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ သို့သော် အချို့ပုဂ္ဂိုလ်အဖွဲ့အစည်းများက လွှတ်တော်ကို အလေးမထားခြင်း၊ အသိအမှတ်မပြုလိုခြင်း၊ လေးစားသမှုမရှိခြင်းတို့ကြောင့် ရေးရာကော်မတီများ လုပ်ငန်းလုပ်ဆောင်ရာမှာ နှောင့်နှေးကြန့်ကြာမှု နှေးကွေးခက်ခဲမှုများ ရှိလာမှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေကို မသိတာလား၊ အလေးအနက်မထားတာလား၊ ဂရုမပြုတာလား၊ လုံးဝဂရုမစိုက်တာလားဆိုတာ

ကျွန်တော့်အနေနဲ့ စဉ်းစားသုံးသပ်မိပါတယ်။ ဒီလိုသာ တစ်သီးတခြားစီ အပြန်အလှန်လေးစားမှု၊ အလေးထားမှုမရှိရင် အမြဲတစေအငြင်းပွားမှု၊ ပွတ်တိုက်မှုများနဲ့ အချိန်ကုန်တန်ဖိုးမဲ့ ဖြစ်သွားနိုင်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား၊ ဒီမိုကရေစီစနစ်ရဲ့ အနှစ်သာရဟာ ကိုယ်စားပြုခြင်းနှင့် အများဆန္ဒရယူခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ မွန်ပြည်နယ်လွှတ်တော်ဟာ မွန်ပြည်နယ် လူထုတစ်ရပ်လုံးကို ကိုယ်စားပြုထားတဲ့နေရာဌာန ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် မွန်ပြည်နယ်လွှတ်တော်ဆိုတာ လူထုက ယုံကြည်စိတ်ချစွာနဲ့ ရွေးချယ်တင်မြှောက်ထားတဲ့အတွက် ပြည်သူလူထုကို ပြန်လည်တာဝန်ခံရတဲ့ နေရာဌာနလည်းဖြစ်ပါတယ်။ လွှတ်တော်က ပြည်သူလူထုကို အလေးထားဗဟိုပြုသလို လွှတ်တော်ကိုလည်း အုပ်ချုပ်ရေး အဖွဲ့အစည်းများက ဗဟိုပြုရမှာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် လွှတ်တော်ကို အလေးမထားခြင်းဟာ လူထုကို အလေးမထားတာမျိုး ဖြစ်သွားနိုင်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အချင်းချင်းကြားမှာ အကောင်းဆုံးချိတ်ဆက် ဆောင်ရွက်နိုင်ဖို့ အထူးအရေးကြီးလှပါတယ်။

နိဂုံးချုပ်အားဖြင့် ပြည်သူလူထုများရဲ့ အခက်အခဲအကြပ်အတည်းများနှင့် သဘောထားဆန္ဒများကို လက်တွေ့ကျကျ ကူညီဖြေရှင်းပေးရမယ့် ကိစ္စရပ်များတွင် ဥပဒေပြုရေးဖြစ်တဲ့ လွှတ်တော်အဖွဲ့အစည်းနှင့် အုပ်ချုပ်ရေးဖြစ်တဲ့ အစိုးရအဖွဲ့အစည်းများအကြား ဟန်ချက်ညီညီ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်နိုင်မှသာ ပိုမိုထိရောက်တဲ့ အမှန်တကယ် ပြောင်းလဲရေးကို ရရှိမှာဖြစ်တဲ့အတွက် အဆိုရှင် ဒေါ်ခိုင်ခိုင်လဲ့ တင်သွင်းသွားတဲ့ **လွှတ်တော်နှင့်အုပ်ချုပ်ရေးအဖွဲ့အစည်းများအကြားပူးပေါင်းဆောင်ရွက်သွားရေး အဆို** အားလွှတ်တော်မှ အတည်ပြုသင့်ပါကြောင်း ထောက်ခံဆွေးနွေးတင်ပြ အပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီးဆွေးနွေးဖို့အမည်စာရင်းတင်သွင်းထားသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာအေးဇံအား ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာအေးဇံ(ကျိုက်ထိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၂)။** လေးစား အပ်ပါသောပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အပေါင်းတို့ခင်ဗျား၊ ကျွန်တော်ကတော့ ကျိုက်ထိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာအေးဇံဖြစ်ပါတယ်။ လွှတ်တော် အထူးအစည်းအဝေး ပထမနေ့က သထုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်လဲ့ အဆိုပြုတင်သွင်းသွားတဲ့ **လွှတ်တော်အဖွဲ့အစည်းများနဲ့ အစိုးရအဖွဲ့အစည်းများအကြား ပူးပေါင်း ဆောင်ရွက်သွားရန်အဆို** အား လွှတ်တော်မှအတည်ပြုသင့်ပါကြောင်း ထောက်ခံ တင်ပြလိုပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အပေါင်းတို့ခင်ဗျား၊ လက်ရှိ ဒီမိုကရေစီစနစ်ကို ပုံဖော်ပြုပြင်ပြောင်းလဲမှုများ လုပ်နေတဲ့ကာလဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အရ ပြည်ထောင်စု အဆင့်နဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်ဆိုပြီး အာဏာတွေခွဲဝေသလို မဏ္ဍိုင် ကြီး(၃)ရပ်ဖြစ်တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုပြီး ဘေးတိုက်အနေထားနဲ့ အာဏာထပ်မံခွဲဝေထားတဲ့စနစ်ဖြစ်ပါတယ်။ ဥပဒေပြုတဲ့ လွှတ်တော်အဖွဲ့အစည်းများဟာ အကောင်ထည်ဖော်ဆောင်ရွက် နိုင်မယ့် ဥပဒေများကိုရေးသားပြဋ္ဌာန်းပေးရသလို ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေများ အတိုင်း အုပ်ချုပ်ရေးအဖွဲ့အစည်းများက လက်တွေ့အကောင်ထည်ဖော် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အစိုးရအဖွဲ့အစည်းအနေနဲ့ လက်တွေ့ ထိရောက်

အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်တဲ့ ဥပဒေများကို လွှတ်တော်အဖွဲ့အစည်းအနေနဲ့ ဟန်ချက်ညီညီ ပြဋ္ဌာန်းပေးရန် လိုအပ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်အဖွဲ့အစည်းများနဲ့ အစိုးရ အုပ်ချုပ်ရေး အဖွဲ့အစည်းများအကြား လက်တွဲညီညီဟန်ချက်ညီညီ ချိတ်ဆက် ဆောင်ရွက် ရမှာ မလွဲမသွေဖြစ်ပါတယ်။ ဥပဒေရေးဆွဲတဲ့အဖွဲ့အစည်းက ဆွေးနွေး လေ့လာမှုအားနည်းရင် အကောင်ထည်ဖော်ဆောင်ရွက်မယ့် အစိုးရ အဖွဲ့အစည်းအဆင့်ဆင့်တို့မှာလည်း အခက်အခဲအကြပ်အတည်းတွေ ဖြစ်ပေါ်လာနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့ လွှတ်တော်နဲ့အစိုးရအဖွဲ့အစည်း အကြား အပြန်အလှန်လေးစားမှုနဲ့ ပူးပေါင်းချိတ်ဆက်မှုဟာ အတိုင်းအတာ တစ်ခုအထိ မလွဲမသွေလိုအပ်ကြောင်း ကျွန်တော့်အနေနဲ့ ထောက်ခံဆွေးနွေး အပ်ပါတယ်။

နောက်တစ်ချက်အနေနဲ့ဆွေးနွေးလိုတာကတော့ လွှတ်တော်နဲ့ အစိုးရ အဖွဲ့ရဲ့ သဘောသဘာဝအရ ဥပဒေပြုရေးနဲ့ အုပ်ချုပ်ရေးလို့ နားလည် သဘောပေါက်နိုင်ပါသော်လည်း ဘဏ္ဍာငွေကောက်ခံ သုံးစွဲမှုနဲ့ပတ်သက်လာရင် သက်ဆိုင်ရာနှစ်အလိုက် အစိုးရကရေးဆွဲတဲ့ ဘဏ္ဍာငွေအရအသုံးကို လွှတ်တော်က အတည်ပြုပြဋ္ဌာန်းဖို့ ဆိုတဲ့လုပ်ငန်းစဉ်တွေလည်းရှိပါတယ်။ ဒီလိုအခါမျိုးမှာ လူထုကိုယ်စားပြုတဲ့ လွှတ်တော်ဟာ လူထုအတွက် ဘဏ္ဍာငွေ သုံးစွဲဆောင်ရွက်တဲ့အခါမှာ တကယ် ထိရောက်မှု ရှိ/ မရှိကို လေ့လာသုံးသပ် ရမှာ လွှတ်တော်ရဲ့လုပ်ငန်းတာဝန်ပဲဖြစ်ပါတယ်။ ဒီလိုအခါမျိုးမှာ ဘတ်ဂျက် ဥပဒေကို အတည်ပြုဆုံးဖြတ်ပေးရမယ့် လွှတ်တော်အဖွဲ့အစည်းများနဲ့ ငွေသုံးစွဲ အကောင်ထည်ဖော်ဆောင်ရွက်မယ့် အုပ်ချုပ်ရေးအစိုးရအဖွဲ့အစည်းကြားမှာ အပြုသဘောဆောင်တဲ့ ဆွေးနွေးဆုံးဖြတ်ချက်တွေ ချပေးနိုင်မှသာလျှင် လူထုအတွက်အကျိုးရှိပြီး လူထုယုံကြည်လေးစားတဲ့ ပြည်သူ့အစိုးရအဖြစ် ပီပြင်လာနိုင်မှာဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား၊ နိဂုံးချုပ်အားဖြင့် လွှတ်တော် အဖွဲ့အစည်းများဖြစ်တဲ့ လွှတ်တော်ရေးရာကော်မတီများနဲ့ အုပ်ချုပ်ရေး အဖွဲ့ အစည်းများဖြစ်တဲ့ အစိုးရ၊ ဌာနဆိုင်ရာ အသီးသီးတို့ဟာ လိုအပ်ရင်လိုအပ်သလို အပြန်အလှန်လေးစားမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ အပြုသဘောဆောင်တဲ့ အကြံဉာဏ်များ ရယူဆောင်ရွက်မှုများကို ထိထိမိမိပီပီပြင်ပြင် ချိတ်ဆက် ဆောင်ရွက်သင့်ပါကြောင်းနဲ့ သထုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ဒေါ်ခိုင်ခိုင်လှဲ့ တင်သွင်းသွားတဲ့ လွှတ်တော်အဖွဲ့ အစည်းများနဲ့ အစိုးရအုပ်ချုပ်ရေးအဖွဲ့အစည်း များအကြားချိတ်ဆက်ပူးပေါင်း ဆောင်ရွက်ရေးအဆိုအား လေးလေးနက်နက် ထောက်ခံပါကြောင်း ဆွေးနွေး တင်ပြအပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဆွေးနွေးဖို့ တင်သွင်းထားသော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလားရှင်။ ဒီအဆိုနှင့်ပတ်သက်၍ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ ဗိုလ်မှူးကြီးဝင်းနိုင်ဦးအား ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဗိုလ်မှူးကြီးဝင်းနိုင်ဦး(လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး)။** လေးစား အပ်ပါသောပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား၊ ကျွန်တော်ကတော့ မွန်ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းနိုင်ဦးဖြစ်ပါတယ်။ ၂၀၀၈ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံအခန်း(၁)၊ နိုင်ငံတော် အခြေခံမူများပုဒ်မ ၁၁(က)တွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မ သုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊အုပ်ချုပ်ရေးအာဏာနှင့် တရား

စီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းခြင်းတို့ပြုသည်ဟု သတ်မှတ်ပြဋ္ဌာန်းထားရှိပါတယ်။

ထိုသို့ပြဋ္ဌာန်းချက်နှင့်အညီ မဏ္ဍိုင်ကြီး(၃)ရပ်သည် အပြန်အလှန် ထိန်းကျောင်းမှု(Check and Balance) ၊ အပြန်အလှန်လေးစားမှုဖြင့် ဒီမိုကရေစီစနစ်ပီပြင်စွာ ဖြစ်ပေါ်လာရေးဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ ဆောင်ရွက်တဲ့နေရာမှာ သတိထားဖို့တစ်ခုကတော့ ဥပဒေပြုမဏ္ဍိုင်နှင့် အုပ်ချုပ်မှုမဏ္ဍိုင်ကြား ဆက်သွယ်ဆောင်ရွက်တဲ့နေရာမှာ သတ်မှတ်ထားတဲ့ ဥပဒေပါပြဋ္ဌာန်းချက်၊ ညွှန်ကြားချက်နှင့်အညီသာ ဆက်သွယ်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

ဆက်သွယ်ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ပြည်နယ်လွှတ်တော်နည်းဥပဒေ (၆၇)တွင် နည်းဥပဒေ ၆၂ အရ ဖွဲ့စည်းထားသော လွှတ်တော်ကော်မတီနှင့် အဖွဲ့များသည် ပြည်နယ်အဆင့်အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ် ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့် ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများ အားလည်းကောင်း ဖိတ်ကြား၍မေးမြန်းခြင်း၊ ဆွေးနွေးခြင်းနှင့်လိုအပ်သည့် အထောက်အထားများကို တင်ပြစေခြင်းပြုနိုင်ကြောင်းဖော်ပြထားပါတယ်။

ဎင်းနည်းဥပဒေ ၆၇ တွင်ပါရှိသော ပြည်နယ်အဆင့်အဖွဲ့အစည်းဟူသော စကားရပ်နှင့်ပတ်သက်၍ ၂၀၁၃ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေအခန်း(၁)အမည်၊ အာဏာတည်မြဲခြင်းနှင့် အဓိပ္ပါယ် ဖော်ပြချက်၊ ပုဒ်မ၂(ဇ)တွင် အောက်ပါအတိုင်းသတ်မှတ် ပြဋ္ဌာန်းထား ပါတယ်။

“ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်နှင့် တိုင်းဒေသကြီး

သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်တို့ကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဖွဲ့စည်းသည့်ကော်မတီနှင့်အဖွဲ့တို့ကို လည်းကောင်း ဆိုသည် ” ဟုဖော်ပြထားပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ဥပဒေအခန်း(၄) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ ပုဒ်မ ၃၁(က)တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် “ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနများနှင့် ယင်းတို့၏ လက်အောက် အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရန် လည်းကောင်း၊ တည်ဆဲဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရန် လည်းကောင်း၊ စီမံခန့်ခွဲခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်းနှင့် စစ်ဆေးခြင်း များပြုလုပ်ရမည်”ဟု အတိအလင်းသတ်မှတ်ပြဋ္ဌာန်းထားပါတယ်။

အဆိုပါပုဒ်မ ၃၁(က)ပါ ပြဋ္ဌာန်းချက်အရ ပြည်နယ်/ခရိုင်/ရပ်ကွက် ကျေးရွာအဆင့်အထိ အုပ်ချုပ်ရေးဌာနဆိုင်ရာအားလုံးအား ပြည်နယ်အစိုးရ အဖွဲ့မှ စီမံခန့်ခွဲခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်းနှင့် စစ်ဆေးခြင်းများသည် ပြည်နယ်အစိုးရအဖွဲ့၏ အုပ်ချုပ်မှုအခွင့်အာဏာအတွင်း၌သာ တည်ရှိကြောင်း တွေ့ရမည်ဖြစ်ပါတယ်။ သို့ရာတွင် ကျွန်တော်တို့လွှတ်တော်နှင့်အစိုးရပိုင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာမှာ ပူးပေါင်းပြီး၊ ပေါင်းစပ်ညှိနှိုင်းပြီးတော့မှ ဆောင်ရွက် နိုင်မှသာလျှင် ပြည်သူတွေရဲ့ရေးရာကိစ္စတွေကို ပီပီပြင်ပြင်ထိထိရောက်ရောက်နဲ့ လျှင်မြန်စွာဆောင်ရွက်နိုင်မှာလည်းဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ဖို့အတွက် ဆိုတာကလည်း ဒီမဏ္ဍိုင်(၂)ခုဟာ ဥပဒေပြုရေးအာဏာနဲ့ အုပ်ချုပ်ရေး အာဏာ(၂)ခုကြားအပြန်အလှန်ထိန်းကျောင်းမှု၊ အပြန်အလှန်လေးစားမှုတွေ ရှိဖို့လိုပါတယ်။ ဒီနေရာမှာ ခုနကကျွန်တော်အဆင့်ဆင့်တင်ပြခဲ့တဲ့ ပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာလွှတ်တော်

ကော်မတီများအနေဖြင့် ဆက်သွယ်ဆောင်ရွက်ရမည်မှာ ပြည်နယ်အဆင့်အဖွဲ့အစည်းဖြစ်ပါတယ်။ ပြည်နယ်အဆင့်အဖွဲ့အစည်းများဟာ ကျွန်တော့်အနေနဲ့ လုပ်ထုံးလုပ်နည်း၊ ဥပဒေနှင့်အညီ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဒါကျွန်တော်တို့ သတိထားရမယ့်အချက်ဖြစ်ပါတယ်။ အဲဒီတော့အုပ်ချုပ်ရေးပိုင်းဆိုင်ရာမှာ ရှိနေတဲ့ဝန်ထမ်းတွေဟာ ဝန်ထမ်းဆိုတဲ့ Definition ဆိုတာက ပြည်သူ့ဝန်ကို ထမ်းနေတာဘဲဖြစ်ပါတယ်။ အစိုးရအဖွဲ့အစည်းဟာ ဒီဝန်ထမ်းတွေကို စီမံခန့်ခွဲကြီးကြပ်ဆောင်ရွက်နေတဲ့ အဖွဲ့အစည်းဘဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် များဟာလည်းပြည်သူကရွေးကောက်ခဲ့တဲ့ ပြည်သူတွေရဲ့ အကျိုးကို ဆောင်ရွက်နေတဲ့ပုဂ္ဂိုလ်များဖြစ်ပါတယ်။ ပြီးတော့ဒီ(၂)ဖက်ဟာ အမြဲတမ်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ဖို့လိုပါတယ်။ ဆက်သွယ်ဆောင်ရွက်နေဖို့ လိုပါတယ်။ အခုလည်း ဆက်သွယ်ဆောင်ရွက်တဲ့နေရာမှာတော့ ဒီဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေကိုလည်း မလွတ်သွားဖို့ အရေးကြီးပါကြောင်းနှင့် တစ်စုံတစ်ရာလွဲမှားသွားလို့ရှိရင်တော့ အုပ်ချုပ်ရေးပိုင်းဆိုင်ရာကို ဝင်ရောက်စွက်ဖက်တဲ့ သဘောတွေ သက်ရောက်သွားနိုင်တာကိုလည်း အလေးထားပြီးစဉ်းစားပေးဖို့ ကျွန်တော့်အနေနဲ့ အကြံပြုလိုပါတယ်။

သထုံခရိုင်အတွင်းမှာရှိတဲ့ မြို့နယ်တွေမှာ ကျွန်တော်တို့ကိုယ်စားလှယ်များအနေနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်/သထုံခရိုင် (၂)ခုရှိတဲ့နေရာမှာ ခရိုင်(၂)ခုလုံးမှာရှိနေတဲ့ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေဟာ မြို့နယ်အဆင့်မှာဆိုလို့ရှိရင်(၂)ပတ်(၁)ကြိမ် အစည်းအဝေး၊ လစဉ်အစည်းအဝေး၊ ရပ်ကွက်/ကျေးရွာအဆင့်မှာဆိုလို့ရှိရင် အပတ်စဉ်အစည်းအဝေးတွေလုပ်နေပါတယ်။ဒီအစည်းအဝေးမှာ ပြည်သူလူထုရဲ့ ရေးရာကိစ္စနဲ့ပတ်သက်ပြီးတော့ စီမံခန့်ခွဲခြင်းဆိုင်ရာကိစ္စရပ်တွေ စည်းဝေးတဲ့အစည်းအဝေးဘဲဖြစ်ပါတယ်။ ဒီအစည်းအဝေးတွေမှာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့တက်ရောက်ပြီးတော့ ပြည်သူလူထု

အကျိုးစီးပွားတွေကို သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းနဲ့ ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုလို့ရှိရင် အားလုံးအဆင်ပြေနိုင်ပါကြောင်း တင်ပြလိုပါတယ်။

ဒါကြောင့် ကျွန်တော်တို့ဒီလွှတ်တော်ရေးရာကော်မတီအနေနဲ့ အုပ်ချုပ်ရေးပိုင်းက ဌာနဆိုင်ရာအဖွဲ့အစည်းတွေကို ခုနကပြောတဲ့အတိုင်း ဆက်သွယ်ဆောင်ရွက်တဲ့နေရာမှာ ပြည်နယ်အဆင့်အဖွဲ့အစည်းတွေကို ဆက်သွယ်ဆောင်ရွက်နိုင်တယ်ဆိုတဲ့အချက်ကို ကျွန်တော်တို့ကွဲကွဲပြားပြားနားလည်ထားဖို့ မြို့နယ်/ခရိုင်အဆင့်/ရပ်ကွက်/ကျေးရွာအဆင့်က အုပ်ချုပ်ရေးအဖွဲ့အစည်းတွေကို တိုက်ရိုက်ဆက်သွယ်လာမယ်ဆိုရင်တော့ ခုနကပြဋ္ဌာန်းချက်တွေနဲ့ ပြန်ပြီးတော့ စဉ်းစားသင့်ပါကြောင်း ကျွန်တော့်အနေနဲ့ တင်ပြရင်းနိဂုံးချုပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါ်ခိုင်ခိုင်လဲ့(သထုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၁)။** လေးစားအပ်ပါသောပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ရှင်။ ကျွန်မကတော့ သထုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်လဲ့ဖြစ်ပါတယ်။ ကျွန်မတင်သွင်းထားသောအဆိုနှင့်ပတ်သက်ပြီး ပြန်လည်ဆွေးနွေးလိုပါတယ်။ ခုနက တစ်ဖက်က ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့ဆွေးနွေးချက်တွေကို ကျွန်မပြန်လည်ပြီးတင်ပြပါရစေရှင်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ရှင်။ ကျွန်မကတော့ အစိုးရနှင့်လွှတ်တော်အကြားမှာချိတ်ဆက်ပြီး ပြည်သူလူထုရဲ့အကျိုးကို ဆောင်ရွက်တဲ့နေရမှာ Check & Balance ဖြစ်ဖို့အတွက် ကျွန်မဒီအဆိုကို တင်သွင်းခဲ့

ရခြင်းဖြစ်ပါတယ်။ ကျွန်မတင်သွင်းသွားတဲ့အဆိုနှင့်ပတ်သက်ပြီး ပြန်လည်ဆွေးနွေးလိုတာကတော့ မွန်ပြည်နယ်လွှတ်တော်ဥပဒေပုဒ်မ ၈၄ တွင် ပြည်သူကရွေးချယ်ပေးသောလွှတ်တော်ကိုယ်စားလှယ်များသည် မိမိရွေးချယ်ပေးသည့် မဲဆန္ဒနယ်ကိုကိုယ်စားပြုပြီး ဂုဏ်ထူးဝိသေသနှင့်ပြည့်စုံသော အများကကြည်ညိုလေးစားထိုက်သည့် ပုဂ္ဂိုလ်များဖြစ်သည့် အလျောက်သက်ဆိုင်ရာမဲဆန္ဒနယ်၌ ဒေသဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲရာတွင်လည်းကောင်း အုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍတို့နှင့်စပ်လျဉ်း၍ ပြည်သူများ၏သဘောထားဆန္ဒဖော်ဆောင်ရာတွင် လည်းကောင်းသက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများကဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်များကဖြစ်စေ အလေးထားတိုင်ပင်အပ်သောပုဂ္ဂိုလ်များဖြစ်သည်ဟု မှတ်ယူရမည် ဖြစ်သည်ဟု ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက်ရှိပါတယ်။ ထိုဥပဒေပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်လည်း တာဝန်ရှိပေသည်။ ဥပဒေ၏အထက်တွင် မည်သူမှ မရှိစေရ ဆိုသည့်ဆောင်ပုဒ်နှင့်အညီ လိုက်နာရန်လည်းလိုအပ်ပါတယ်။

ကျွန်မတို့ မွန်ပြည်နယ်လွှတ်တော်သည် ပြည်နယ်တစ်ခုလုံး၏ ဥပဒေပြုရေးလုပ်ငန်းစဉ်ကိုသာမက ပြည်သူ့ရဲ့အသံကိုဖော်ဆောင်ပေးရာနေရာလည်းဖြစ်ပါတယ်။ ထိုသို့ဆောင်ရွက်နေသည့်နေရာတွင် ပြည်သူများ၏အခက်အခဲများကို နားထောင်ဖြေရှင်းပေးရသည့်နေရာလည်းဖြစ်ပါတယ်။

တစ်ဖက်ကတင်ပြသွားသလို အုပ်ချုပ်ရေးမဏ္ဍိုင်ကို ကျွန်မတို့ ဥပဒေပြုရေးမဏ္ဍိုင်က ဝင်ရောက်စွက်ဖက်နေသည့်သဘောမျိုးလည်းမဟုတ်ပါ။ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်နေခြင်းသာ ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်နည်းဥပဒေပုဒ်မ ၆၇ တွင်ပြဋ္ဌာန်းထားသော ပြဋ္ဌာန်း

ချက်များနှင့်အညီ ပြည်နယ်အဆင့်အဖွဲ့အစည်းများသို့ တိုက်ရိုက်ဆက်သွယ်ပြီး၊ ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သောအကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း ဖိတ်ကြား၍မေးမြန်းခြင်း၊ ဆွေးနွေးခြင်းနှင့်လိုအပ်သည့်အထောက်အထားများကို တင်ပြစေခြင်းပြုနိုင်သည်ဟု ပြဋ္ဌာန်းထားချက်အတိုင်း လိုက်နာဆောင်ရွက်ခဲ့ပါတယ်။ ဒီနေရာတွင် တင်ပြချင်သည်မှာ ပြည်နယ်အဆင့်အဖွဲ့အစည်းဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကဖွဲ့စည်းသည့်ကော်မတီနှင့် အဖွဲ့တို့ကိုလည်းကောင်းဆိုသည်ဟု ၂၀၁၃ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥပဒေအခန်း(၁)၊ ပုဒ်မ ၂ (ဇ) တွင် အဓိပ္ပါယ်ဖွင့်ဆိုထား ပါတယ်။ ထိုအဓိပ္ပါယ်ဖွင့်ဆိုချက်ကို ကြည့်ခြင်း အားဖြင့် ပြည်နယ်လွှတ်တော်မှ ဖွဲ့စည်းပေးထားသည့်ကော်မတီများနှင့် ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ် အဆင့်အဖွဲ့အစည်းများဖြစ်ကြောင်း ဥပဒေတွင် အတိအလင်းဖော်ပြထားပါတယ်။

ထိုသို့ပြဋ္ဌာန်းချက်များအတိုင်း ပြည်နယ်အဆင့်ဥပဒေရေးရာကော်မတီ၊ တိုင်းရင်းသားရေးရာကော်မတီ၊ ကျွန်မတို့လွှတ်တော်မှာ ဖွဲ့စည်းထားတဲ့ကော်မတီ(၆)ရပ်ရဲ့လုပ်ငန်းတွေကို ဆောင်ရွက်ရာမှာ ပူးပေါင်းချိတ်ဆက်ဆောင်ရွက်နိုင်ဖို့အတွက် စာဖြင့်ခေါ်ယူခြင်းလုပ်ငန်းစဉ်တွေကိုလည်း လုပ်ကိုင်ဆောင်ရွက်ခဲ့ကြပါတယ်။ အဲဒီလို လုပ်ကိုင်ဆောင်ရွက်တဲ့နေရာမှာ အုပ်ချုပ်ရေးပိုင်ဆိုင်ရာတာဝန်ရှိသူများမှ လာရောက်ခဲ့ခြင်းမရှိသည့်အပြင် ပူးပေါင်းဆောင်ရွက်မှုများလည်း ကျွန်မတို့မရရှိခဲ့တာပါ။ ဒါကြောင့်

လွှတ်တော်နှင့်အစိုးရအကြား အပြန်အလှန်ထိန်းကျောင်းခြင်း၊ ဒီမိုကရေစီ ဖော်ဆောင်တဲ့နေရာမှာ Democratic Culture ဖြစ်တဲ့ Check& Balance ဆိုတာအရမ်းအရေးကြီးပါတယ်။ အဲဒီလိုအရမ်းအရေးကြီးတဲ့ Check & Balance ဆိုတာ အားနည်းခဲ့ရပါတယ်။ ထိုသို့အပြန်အလှန်ထိန်းကျောင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ လေးစားခြင်းများမရှိတဲ့ အတွက်ကြောင့် နောက်နောင်ပြည်သူရဲ့ ယုံကြည်ရသောလွှတ်တော်၊ ပြည်သူအားကိုးရသော အစိုးရဖြစ်လာမှာမဟုတ်ဘူးလို့ ကျွန်မအနေနဲ့ထင်မိပါတယ်။ ဒါကြောင့်မို့ ကျွန်မရဲ့အဆိုကို အတည်ပြုပေးရန်အတွက်လွှတ်တော်ရဲ့ ဆုံးဖြတ်ချက်ဆန္ဒကို ရယူလိုပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

## ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရသထုံမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဒေါ်ခိုင်ခိုင်လှဲ၏" ပြည်သူလူထု၏ အခက်အခဲများကို ဆောင်ရွက်သည့်နေရာတွင်ပူးပေါင်းဆောင်ရွက်မှုရှိလာ စေရန်နှင့် လွှတ်တော်၏အခန်းကဏ္ဍ အရေးပါပုံကိုသိရှိလာစေရန်အတွက် လွှတ်တော်မှညွှန်ကြားဆောင်ရွက်ပေးပါရန် တိုက်တွန်းကြောင်းအဆို " နှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** သထုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဒေါ်ခိုင်ခိုင်လှဲ၏" ပြည်သူလူထု၏ အခက်အခဲများကိုဆောင်ရွက် သည့်နေရာတွင်ပူးပေါင်းဆောင်ရွက်မှုရှိလာစေရန်နှင့် လွှတ်တော်၏အခန်း

ကဏ္ဍအရေးပါပုံကိုသိရှိလာစေရန်အတွက်လွှတ်တော်မှညွှန်ကြားဆောင်ရွက်ပေး ပါရန် တိုက်တွန်းကြောင်းအဆို” နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူရှိပါက ကန့်ကွက်နိုင်ပါတယ်။

ကန့်ကွက်မည့်သူရှိပါသလားရှင်၊ (၃ကြိမ်မေးမြန်းပါသည်။)

ကန့်ကွက်မည့်သူမရှိတဲ့အတွက် ဒီအဆိုကို ပြည်နယ်လွှတ်တော်မှ အတည်ပြုကြောင်း ကြေညာအပ်ပါတယ်ရှင်။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဇော်ထူး၏ “ပေါင်မြို့နယ်အတွင်းရှိ Long Life Aggregate Co.Ltd ၏ ကျောက်မိုင်းလုပ်ငန်းအား ပြန်လည်စိစစ်ပေးရန်တိုက်တွန်းကြောင်းအဆို”နှင့်စပ်လျဉ်း၍ အမည်စာရင်းတင်သွင်းထားသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ပေါင်မြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဇော်ထူး၏ “ပေါင်မြို့နယ်အတွင်းရှိ Long Life Aggregate Co.Ltd၏ ကျောက်မိုင်းလုပ်ငန်းအား ပြန်လည်စိစစ်ပေးရန်တိုက်တွန်းကြောင်း အဆို”နှင့်စပ်လျဉ်း၍ ဆွေးနွေးဖို့ အမည်စာရင်းတင်သွင်းထားသောပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အား ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာအေးဇံ(ကျိုက်ထိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၂)။** လေးစား အပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် အပေါင်းတို့ခင်ဗျား၊ ကျွန်တော်ကတော့ ကျိုက်ထိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးဇံ ဖြစ်ပါတယ်။ ပေါင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးဇော်ဇော်ထူးတင်သွင်းသွားတဲ့ ကျောက်မိုင်းများ ခွင့်ပြု ဆောင်ရွက်ထားရှိမှုအား ပြန်လည်စိစစ်ပေးရန် တိုက်တွန်းကြောင်းအဆိုအား ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား၊ ကျောက်ထုတ်လုပ်ရေးလုပ်ငန်းများဟာ မွန်ပြည်နယ်ရဲ့ကုန်ထုတ်လုပ်ငန်းတစ်ခုဖြစ်သလို အလုပ်အကိုင်အခွင့်အလမ်း များကိုလည်း တတ်နိုင်သလောက်ဖန်တီးပေးနိုင်တဲ့ လုပ်ငန်းလည်းဖြစ်ပါတယ်။ ထို့အပြင် လမ်းပန်းဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် မရှိမဖြစ်လိုအပ်နေတဲ့ ကျောက်များကိုလည်း ထုတ်လုပ်ပေးနိုင်တဲ့ ဒေသ အကျိုးပြုလုပ်ငန်းတစ်ခုလည်းဖြစ်ပါတယ်။ သက်ဆိုင်ရာအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအနေနဲ့ လုပ်ငန်းရှင်များက ခွင့်ပြုချက်ရရှိရေးအတွက် သတ်မှတ်ချက် များအညီ တင်ပြလာပါက စောင့်ထိန်းလိုက်နာရမယ့် စည်းမျဉ်းစည်းကမ်းများနဲ့ အတူ လုပ်ငန်းခွင့်ပြုဆောင်ရွက်စေခဲ့ကြောင်း ကျွန်တော့်အနေနဲ့ သိရှိထား ပါတယ်။ သို့ပါသော်လည်း ယခုအခါမှာ နိုင်ငံတစ်ဝှမ်းလုံးမှာ လမ်းပန်း ဆက်သွယ်ရေးကိစ္စ ဦးစားပေးဆောင်ရွက်လာသည်နှင့်အမျှ လမ်းခင်းကျောက် လိုအပ်ချက်များကလည်း ကြီးမားကျယ်ပြန့်လာတာ လေ့လာတွေ့ရ ပါတယ်။ ဒီလိုအခါမျိုးမှာ တစ်ဖက်ကကုန်ထုတ်လုပ်ငန်းအတွက် အများကြီးခွင့်ပြုခဲ့သလို တစ်ဖက်မှာလည်း လူမှုရေးဆိုင်ရာထိခိုက်မှု၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ

ထိခိုက်မှုအနည်းဆုံးနဲ့ လုံခြုံစိတ်ချရမှုရရှိနိုင်ရေးအတွက် ချိန်ခွင်လျှာမျှတစွာ ထိန်းသိမ်းကြီးကြပ်ရမယ့်ကိစ္စတွေ အရေးကြီးလာကြောင်း ထင်မြင်သုံးသပ်မိပါတယ်။

လက်ရှိမှာလည်း အဆိုရှင်ဦးဇော်ဇော်ထူးတင်ပြခဲ့တဲ့ ဥတ္တံ့တား ကျောက်မိုင်းကိစ္စဟာလည်း ဒေသခံတွေရဲ့ ထိခိုက်ဆုံးရှုံးမှုကြောင့် တင်ပြလာသောကိစ္စဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့လည်း သွားရောက်လေ့လာခဲ့ဖူးပါတယ်။ ဒါကြောင့်မို့ ဒေသခံလူထုများရဲ့ သဘောထားဆန္ဒများနဲ့ ကျောက်ထုတ်လုပ်ငန်းဆောင်ရွက်နေတဲ့ ကုမ္ပဏီအဖွဲ့အစည်းများအကြား ပြန်လည်စိစစ်ပေးရန်သင့်ပါကြောင်းနဲ့ ဦးဇော်ဇော်ထူးတင်ပြခဲ့သောကျောက်မိုင်းကိစ္စ ပြန်လည်စိစစ်ပေးရန် တိုက်တွန်းကြောင်းအဆိုအား လွှတ်တော်က လက်ခံဆွေးနွေးသင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီးဆွေးနွေးဖို့အမည်စာရင်းတင်သွင်းထားသော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်အား ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ကျော်သူ(သထုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၂)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား၊ ကျွန်တော်ကတော့ သထုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးအောင်ကျော်သူဖြစ်ပါတယ်။ ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဇော်ထူး တင်သွင်းသွားတဲ့ ကျောက်မိုင်းများ ခွင့်ပြုဆောင်ရွက်ထားရှိမှုအား ပြန်လည်စိစစ်ပေးရန် တိုက်တွန်းကြောင်းအဆိုအား ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အပေါင်းတို့ခင်ဗျား၊ အဆိုရှင်ဦးဇော်ဇော်ထူး တင်ပြသွားတဲ့အဆိုနဲ့ပတ်သက်ပြီး ကျွန်တော်ဦးဆောင်တဲ့ တိုင်ကြားစာ၊ အသနားခံစာ၊ လေ့လာသုံးသပ်ရေး ကော်မတီအနေနဲ့လည်း ဥတ္တံတားဆီသွားရောက်လေ့လာဖြစ်ပါတယ်။ လေ့လာတဲ့အခါမှာ ဒေသခံတွေဘက်ရဲ့တင်ပြချက်များကို အလေးထားသလို လက်တွေ့မြေပြင်မှာ ပကတိအခြေအနေများကိုလည်း သွားရောက်လေ့လာခဲ့ ပါတယ်။ ဒေသခံတွေရဲ့ တင်ပြချက်များမှာ ကျောက်မိုင်းမှာတစ်ဆင့် ထွက်ရှိ လာတဲ့နုန်းများဟာ စိုက်ခင်းများနှင့် စိုက်ပျိုးမြေများအတွင်း စိမ့်ဝင်ကာ ပြန့်နှံ့ခဲ့ကြောင်း၊ ချောင်းမြောင်းများကိုလည်း တိမ်ကောယုံမှုမက ပျက်စီးမှုများ ဖြစ်ပေါ်စေခဲ့ကြောင်း တင်ပြပါတယ်။ ကျွန်တော်တို့သွားရောက်လေ့လာတဲ့ ကာလဟာ အပူရှိန်ပြင်းထန်တဲ့နွေရာသီဖြစ်နေတော့ မတွေ့နိုင်ပေမဲ့ ယခုမိုးကာလများမှာ ဖြစ်ပေါ်လာနိုင်ကြောင်း သုံးသပ်မိပါတယ်။ ဒါကြောင့် မိုးတွင်းကာလမှာ ထပ်မံလေ့လာစိစစ်ဖို့လိုအပ်မည်ဖြစ်ကြောင်းနဲ့ တွေ့ရှိချက် များအပေါ် ပြန်လည်တင်ပြမည်ဟု ဆုံးဖြတ်ခဲ့ကြပါတယ်။

နောက်တစ်ချက်က လက်ရှိလုပ်ငန်းဆောင်ရွက်နေတဲ့ ကုမ္ပဏီအနေနဲ့ သက်ဆိုင်ရာဌာနရဲ့ ခွင့်ပြုထားတဲ့ထုတ်လုပ်မှုပမာဏနဲ့ လက်တွေ့အမှန် တကယ် ထုတ်လုပ်နေမှုများဟာ မှန်ကန်မှုရှိ/မရှိကိုလည်း လေ့လာစိစစ်သင့် ပါတယ်။ ကုမ္ပဏီအနေနဲ့တစ်နှစ်ကို ကျောက်ကျင်းပေါင်း (၃၂၀၀၀)ခန့် ထုတ်လုပ်ခွင့်ရရှိထားသည်ဟု ကြားသိရပါသော်လည်း လက်တွေ့မှာ ဒီ့ထက်မက ထုတ်လုပ်နေမလားဆိုတာ စိစစ်ဆောင်ရွက်ဖို့လိုအပ်မည် ဖြစ်ပါတယ်။ အဲဒီအပြင် သက်ဆိုင်ရာနဲ့လုပ်ငန်းရှင်ကုမ္ပဏီများအကြား မည်သို့မည်ပုံဆောင်ရွက်ခွင့်ပြုထားသလဲ၊ ထုတ်လုပ်မှုပမာဏသတ်မှတ်ချက်၊ ဘယ်လိုရှိသလဲ စတဲ့အချက်တွေကို လေ့လာသိရှိနိုင်ဖို့အတွက် လိုအပ်တဲ့

စာရွက်စာတမ်းများကို တရားဝင်လေ့လာခွင့်ရမှသာလျှင် လေ့လာသုံးသပ်နိုင်မှာဖြစ်ပါတယ်။ ထုတ်လုပ်မှုအပိုင်းမှာ စဉ်ဆက်မပြတ်စောင့်ကြည့်ထိန်းကျောင်းကြပ်မတ်ပေးနိုင်မယ့် စနစ်တစ်ခုတော့ ရှိစေချင်ပါတယ်။ ကျွန်တော်တို့သွားရောက်လေ့လာတဲ့အခါမှာ ဒီကျောက်ထုတ်လုပ်ငန်းမှထွက်ရှိလာတဲ့ကျောက်များကိုသင်္ဘောများဖြင့်သယ်ယူပြီး ရန်ကုန်သို့ပို့ဆောင်နေကြောင်းတွေ့ရပါတယ်။ ဒါပေမဲ့ အဲဒီမှာကျွန်တော်တို့ ထုတ်လုပ်မှုရဲ့နေ့စဉ်ပမာဏနဲ့တစ်လစာပမာဏ (Amount) တွေကိုလေ့လာစောင့်ကြည့်ထိန်းကျောင်းပေးမဲ့သူ မည်သူမှမရှိတာကိုလည်းတွေ့ရပါတယ်။ သူတို့ရဲ့ကုမ္ပဏီဘက်ကို မေးမြန်းကြည့်တဲ့အခါမှာလည်း မည်သူတစ်ဦးတစ်ယောက်ကမျှလာရောက်စုံစမ်းခြင်းမရှိခဲ့ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား၊ နောက်တစ်ချက်က EIA, SIA သဘာဝပတ်ဝန်းကျင်ထိခိုက်မှု၊ လူမှုရေးဆိုင်ရာထိခိုက်မှုနဲ့ပတ်သက်ပြီး ဥပဒေနဲ့အညီ တိုင်းတာတွက်ချက်မှု လွတ်ကင်းမှာသာလျှင် လုပ်ငန်းဆောင်ရွက်ဖို့ ဥပဒေပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ဒီတော့ကာ လက်ရှိကျောက်မိုင်းလုပ်ငန်းများဟာ ဒီတိုင်းတာမှုတွေကို ဘယ်လိုတိုင်းတာခဲ့သလဲ၊ လုပ်ငန်းကုမ္ပဏီကပဲတိုင်းတာပြီး ရေးသားပြုစုခဲ့တာလား၊ ဘယ်လိုဘယ်ပုံပြုစုတင်ပြခဲ့ကြသလဲဆိုတာ စဉ်းစားသင့်ပါတယ်။ ကျွန်တော့်အမြင်အရတော့ EIA, SIAကို ကုမ္ပဏီအနေနဲ့လေ့လာတွက်ချက်တာမဟုတ်ဘဲနဲ့ Independence အနေနဲ့လွတ်လပ်တဲ့သီးခြားအဖွဲ့အစည်းတစ်ခုကနေပြီးတော့ တိုင်းတာစစ်ဆေးချက်တွေကို ပြန်လည်လေ့လာစိစစ်သင့်ပါကြောင်း ဆွေးနွေးအပ်ပါတယ်။

နောက်တစ်ချက်က ဒီလိုပြည်နယ်ရဲ့ သယံဇာတအရင်းအမြစ်များကိုထုတ်ယူသုံးစွဲနေတဲ့ လုပ်ငန်းများကို ပြည်နယ်ရဲ့ဝင်ငွေထဲ ဘယ်လောက်အတိုင်းအတာထိဝင်သလဲ၊ နောက်ပြီးတော့ ဒေသခံမှာရှိတဲ့ ကျေးရွာသူ/ကျေးရွာသား

တွေကို အကျိုးဖြစ်ထွန်းမှုဘယ်လောက်ရှိပါသလဲဆိုတာကိုလည်း ကျွန်တော်တို့ အလေးအနက်ထားပြီး လေ့လာစေချင်ပါတယ်။ ဒါမှမဟုတ်ရင် မွန်ပြည်နယ်ရဲ့ အရင်းအမြစ်များဖြစ်တဲ့ ကျောက်ထုတ်လုပ်ရေးလုပ်ငန်းများဟာ ပြည်နယ် အတွက် အကျိုးမရှိတဲ့လုပ်ငန်းများသာဖြစ်လာပေလိမ့်မည်ဟု ထင်မြင်သုံးသပ် မိပါတယ်။

နိဂုံးချုပ်အနေနဲ့ လက်ရှိဖြစ်ပေါ်နေတဲ့ ပြဿနာမှာလူထုနဲ့ကုမ္ပဏီများ အကြား၊ ဒါမှမဟုတ် လူထုနဲ့သက်ဆိုင်ရာဌာနများအကြား ပွင့်လင်းမြင်သာမှု အားနည်းခြင်း၊ နီးစပ်မှုအားနည်းခြင်းများလည်းရှိနေကြောင်း သုံးသပ်မိပါတယ်။ ဒါကြောင့်မို့ ဒီလိုအကြောင်းအရင်း၊ အခြေအနေများကြောင့် အဆိုရှင် ဦးဇော်ဇော်ထူးတင်ပြခဲ့တဲ့ ဥတ္တံတားကျောက်မိုင်းကိစ္စနဲ့ပတ်သက်ပြီး လူထုများရဲ့ တင်ပြချက်အရ ပြန်လည်စိစစ်သင့်ပါကြောင်းနဲ့ ဦးဇော်ဇော်ထူးတင်ပြခဲ့တဲ့ အဆိုအား လွှတ်တော်ကအတည်ပြုဆုံးဖြတ်သင့်ပါကြောင်း ထောက်ခံတင်ပြ အပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုရှင်ဦးဇော်ဇော်ထူးဆွေးနွေးရန်ရှိပါက ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။ဒီအဆိုနှင့်ပတ်သက်၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး၊ ဒေါက်တာမင်းကြည်ဝင်းအား ဆွေးနွေးပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာမင်းကြည်ဝင်း(သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား၊ ကျွန်တော်ကတော့ မုဒုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာ

မင်းကြည်ဝင်းဖြစ်ပါတယ်။ ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဇော်ထူး တင်သွင်းသွားတဲ့အဆိုနဲ့ပတ်သက်ပြီး အချက်(၂)ချက် ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။

ပထမအချက်အနေနဲ့Long Life Aggregate Mining Co.Ltd ရဲ့ ကျောက်ထုတ်လုပ်ခြင်းနှင့်ပတ်သက်ပြီး MIC နဲ့သစ်တောဦးစီးဌာနတို့ရဲ့ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုသင့်/မသင့်ဘဲကို ပထမအချက်အနေနဲ့ ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကုလားမတောင်ကြိုးဝိုင်းဟာ (၃၅၂၆၂)ဧကနှင့် ဖွဲ့စည်းထားပါတယ်။ ကာကွယ်ရေးဝန်ကြီးဌာနပိုင်မြေနဲ့ လွှဲပြောင်းပေးခြင်း နဲ့သာသနာ့မြေများဖြစ် ထုတ်နှုတ်ပေးတဲ့ဧရိယာ(၁၅၃၀. ၂၁)ဧကကို ထုတ်နှုတ်ပေးခဲ့တဲ့ အတွက်ကြောင့်မို့လို့ ကုလားမတောင်ကြိုးဝိုင်းဧရိယာဟာ လက်ရှိ(၃၃၇၃၁. ၁၉)ဧကဖြစ်ပါတယ်။ Long Life Aggregate Mining Co.Ltd ဟာ မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကုလားမတောင်ကြိုးဝိုင်းအမှတ်(၄၇)အတွင်းမှာရှိတဲ့ မြေဧရိယာ(၂၂၅)ဧကအတွင်း ကျောက်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ယခင်ပစိဖိတ်ညီကိုသတ္တုတွင်းတူးဖော်ရေးကုမ္ပဏီ ကျောက်ထုတ်လုပ်ခြင်းလုပ်ငန်းအား သစ်တောဦးစီးဌာနနဲ့ နှစ်စဉ်စာချုပ်ချုပ်ဆိုပြီး လုပ်ငန်းဆောင်ရွက်ခဲ့ပြီးတော့ ၂၀၁၄ခုနှစ်ကစပြီးတော့ Long Life Aggregate Mining Co.Ltd အမည်ဖြင့် ပြောင်းလဲပြီး ကျောက်ထုတ်လုပ်ခြင်းလုပ်ငန်းအား လုပ်ထုံးလုပ်နည်းနှင့်အညီ လုပ်ငန်းအာမခံကြေးငွေများ ပေးသွင်းခြင်း၊ ကျောက်ကျင်းအခွန်ငွေပေးသွင်းခြင်း၊ မြေငှားရမ်းခပေးသွင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။ Long Life Aggregate Mining Co.Ltd ဟာ ဦးစီးရုံးချုပ်၊ သစ်တောဦးစီးဌာနရဲ့ (၄. ၁၁. ၂၀၁၄)ရက်စွဲပါစာအမှတ်၊ စီမံကိန်း/သတ္တု/ ၁၂၂၃၉-၄၀/၂၀၁၄နဲ့ (၁၇. ၂. ၂၀၁၆)ရက်စွဲပါစာအမှတ်၊ စီမံကိန်း/ သတ္တု/၃၃၉၄-၉၆/၂၀၁၆တို့အရ လုပ်ငန်းအာမခံငွေတစ်ဧကလျှင်

(၅)သောင်းနှုန်းနဲ့ (၂၂၅)ဧကအတွက် ကျပ်သိန်း(၁၁၀)နှင့် (၅)သောင်းတိတိကို ၂၀၁၆-၂၀၁၇ခုနှစ်အတွက် ကျောက်ကျင်းအခွန်ငွေ ကျပ်သိန်း(၈၀၀)နဲ့ မြေငှားရမ်းခအခွန်ငွေကျပ်(၃၃၇၅၀၀ိ-/)ကျပ်တိတိ၊ မြေငှားရမ်းခရရှိငွေရဲ့ (၅%) ကုန်သွယ်ခွန်ကျပ် (၁၆၈၇၅ဝိ/-)တိတိကို ပေးသွင်းပြီးတော့ ကျောက်ထုတ်လုပ်ခွင့်စာချုပ်အမှတ် ၅/၂၀၁၆၊ (၁၉. ၂. ၂၀၁၆)ရက်စွဲနဲ့ ထုတ်လုပ်ခွင့်ပြုထားပါတယ်။ Long Life Aggregate Mining Co.Ltd အား ပေါင်မြို့နယ်၊ ကုလားမတောင်ကြိုးဝိုင်းအတွက် ခုနကဖော်ပြပါအမှတ် (၄၇)ရေိယာအတွင်းမှာရှိတဲ့ မြေဧရိယာဧက (၂၂၅)ဧကမှာ စကျင်ကျောက်၊ လမ်းခင်းကျောက်နဲ့ ဆောက်လုပ်ရေးလုပ်ငန်းသုံးကျောက်ထုတ်လုပ်ခြင်းကို MIC ကနေပြီးတော့(၁၁. ၁၁. ၂၀၁၅) ရက်စွဲပါခွင့်ပြုချက်အမှတ်၊ မနပ၊ ၁၀၉၆/၂၀၁၅ ဖြင့် ခွင့်ပြုချက်ရရှိ ထားတာသိရပါတယ်။

ဦးစီးရုံးချုပ်ရဲ့(၁၆. ၃. ၂၀၁၆)ရက်စွဲပါစာအမှတ်၊ စီမံကိန်း/ သတ္တု/ ၁၉၆၉-၇၀/၁၆အရ ကုမ္ပဏီမှဆောင်ရွက်ဆဲဖြစ်တဲ့ EIA Report နဲ့ EIA မှာပါဝင်တဲ့ အချက်အလက်များကိုဒေသခံပြည်သူများ သိရှိစေရေးချပြဆွေးနွေးပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်း CSR လုပ်ငန်းများကို ပွင့်လင်းမြင်သာစွာဆောင်ရွက်ပေးခြင်းများ ပြုလုပ်စေရန်အတွက် ဆောင်ရွက်ပြီးစီးမှုတင်ပြရန် အကြောင်းကြားခဲ့ပါတယ်။ (၂၈. ၅. ၂၀၁၃) ရက်နေ့မှာ Long Life Aggregate Mining Co.Ltd အမည်ပြောင်းလဲပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနဲ့မြေငှားစာချုပ်ချုပ်ဆိုပြီး ထုတ်လုပ်မည့်ကျောက်ကျင်းရေ အရေအတွက်အလိုက် သတ်မှတ်နှုန်းထားအတိုင်း ပေးသွင်းဆောင်ရွက်ခဲ့ပါကြောင်း၊ MIC ရဲ့ ဖော်ပြပါ(၁၁. ၁၁. ၂၀၁၅)ရက်စွဲပါခွင့်ပြုချက်အမှတ်၊ မနတ၊ ၁၀၉၆/၂၀၁၅ဖြင့် MICကနေပြီးတော့ ခွင့်ပြုချက်ရရှိခဲ့ပါကြောင်း၊ (၂၂. ၆. ၂၀၁၅)ရက်နေ့မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ

ဝန်ကြီးဌာန၊ သစ်တောဦးစီး ဌာန၊ ညွှန်ကြားရေးမှူး(ရုံးချုပ်)ရုံးကနေပြီးတော့ EIA, SIA ဆောင်ရွက်ရန် အကြောင်းကြားစာ ပေးပို့ထားပါကြောင်း၊ MIC ရဲ့ရက်စွဲပါခွင့်ပြုချက် အမှတ်၊ ဖော်ပြပါဖြင့်ခွင့်ပြုချက်အရလည်းကောင်း၊ (၁၀. ၂. ၂၀၁၆)ရက်နေ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ ဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနဲ့ စာချုပ်အမှတ် ၅/၂၀၁၆၊ လမ်းခင်း ကျောက်ကျင်းပေါင်း(၃၂၀၀၀) ထုတ်လုပ်ရန်စာချုပ်သက်တမ်း(၁၉. ၂. ၂၀၁၆) ကနေပြီး(၁၈. ၂. ၂၀၁၇)အထိ စာချုပ်ချုပ်ဆိုထားပါကြောင်း သိရှိရ ပါတယ်။ ဒီလိုခွင့်ပြုခဲ့လျှင် ဥပဒေနှင့်အညီဆောင်ရွက်ထားခြင်း ရှိ/ မရှိနှင့် ပတ်သက်ပြီး ဆက်လက်ဆွေးနွေး တင်ပြပါမယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ Long Life Aggregate Co; Ltd အနေဖြင့် ကျောက်မိုင်းနှင့် ကျောက်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် တတိယ အဖွဲ့အစည်းဖြစ်သော E-guard အဖွဲ့အားငှားရမ်း၍ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းလုပ်ငန်းကို(၁၉. ၆. ၂၀၁၅)ရက်နေ့မှ စတင်ဆောင်ရွက်လျက် ရှိကြောင်း၊ ယခုအချိန်တွင် အစီရင်ခံစာအားအချောသတ်ပြုစုနေပြီးဖြစ်ကြောင်း သိရှိရပါသည်။Long Life Aggregate Co., Ltd ၏ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီရင်ခံစာအား မွန်ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှတစ်ဆင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန(ရုံးချုပ်)နေပြည်တော်သို့ တင်ပြပြီး ပတ်ဝန်းကျင်ထိခိုက်မှုစိစစ်သုံးသပ်ရေးအဖွဲ့ (Review Team)ဖြင့် စိစစ်သုံးသပ်သွားမည်ဖြစ်ပါတယ်။ ပတ်ဝန်းကျင်ထိခိုက်မှုစိစစ်သုံးသပ်ရေး အဖွဲ့မှ စိစစ်သုံးသပ်ချက်များအား အဆိုပါကုမ္ပဏီမှ လိုက်နာဆောင်ရွက်မှု ရှိ/မရှိ၊ မွန်ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီဌာနမှ ကွင်းဆင်း စစ်ဆေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားဆွေးနွေးတင်ပြအပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

## ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးဇော်ဇော်ထူး၏ "ပေါင်မြို့နယ်အတွင်းရှိ Long Life Aggregate Co.Ltd ၏ ကျောက်မိုင်းလုပ်ငန်းအား ပြန်လည်စိစစ်ပေးရန် တိုက်တွန်းကြောင်းအဆို" နှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးဇော်ဇော်ထူး၏ "ပေါင်မြို့နယ်အတွင်းရှိ Long Life Aggregate Co.Ltd ၏ ကျောက်မိုင်းလုပ်ငန်းအား ပြန်လည်စိစစ်ပေးရန်တိုက်တွန်းကြောင်းအဆို"နှင့်ပတ်သက်၍ကန့်ကွက်မည့်သူရှိပါက ကန့်ကွက်နိုင်ပါတယ်။

ကန့်ကွက်မည့်သူရှိပါသလားရှင်။ (၃ကြိမ်မေးမြန်းပါသည်)

ကန့်ကွက်မည့်သူမရှိတဲ့အတွက် ဒီအဆိုကို ပြည်နယ်လွှတ်တော်မှ အတည်ပြုကြောင်း ကြေညာအပ်ပါတယ်ရှင်။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ ကျိုက်မရောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မျိုးမြင့်၏ "ကျိုက်မရောမြို့နယ်၊ ရန်မျိုးအောင်ရပ်ကွက်အတွင်းရှိ အာဇာနည်ကျောက်တိုင်နှင့် ရာဇာမင်းပိုင်ခါတ်ဆီဆိုင်ကိစ္စနှင့်ပတ်သက်သည့်အဆို"နှင့်စပ်လျဉ်း၍ အမည်စာရင်းတင်သွင်းထားသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှဆွေးနွေးခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ကျိုက်မရောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဒေါ်ခင်မျိုးမြင့်၏ "ကျိုက်မရောမြို့နယ်၊ ရန်မျိုးအောင် ရပ်ကွက် အတွင်းရှိ အာဇာနည်ကျောက်တိုင်နှင့် ရာဇာမင်းပိုင်ဓါတ်ဆီဆိုင် ကိစ္စနှင့် ပတ်သက်သည့်အဆို"နှင့်စပ်လျဉ်း၍ဆွေးနွေးဖို့ အမည်စာရင်းတင်သွင်း ထားသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အား ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးမင်းအောင်မွန်(ကျိုက်မရောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၁)။** လေးစားအပ်ပါသောပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါလို့ ကျွန်တော်နှုတ်ခွန်းဆက် သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကျိုက်မရောမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးမင်းအောင်မွန်ဖြစ်ပါတယ် ခင်ဗျား။

ဒီကနေ့လွှတ်တော်အထူးအစည်းအဝေးပွဲတွင် ကျိုက်မရောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မျိုးမြင့် တင်သွင်းသည့်ကျိုက်မရောမြို့၊ရန်မျိုးအောင်ရပ်ကွက်အတွင်းရှိ(အ. ထ. က) ကျိုက်မရောနှင့်မျက်နှာချင်းဆိုင်ရှိ အာဇာနည်ကျောက်တိုင်နှင့် ၎င်းဘေးရှိ ရာဇာမင်းပိုင် ဓါတ်ဆီဆိုင်ကိစ္စနဲ့ပတ်သက်လို့တင်သွင်းတဲ့အဆိုကိုလွှတ်တော်က အတည်ပြုသင့်ပါကြောင်း ကျွန်တော့်အနေနဲ့ ထောက်ခံဆွေးနွေးလိုပါတယ်။

အာဇာနည်ကျောက်တိုင်ကြီးဆိုသည်မှာ အားလုံးသိရှိထားကြတဲ့အတိုင်း လွတ်လပ်ရေးဗိသုကာရှင်ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အသက်ပေး စတေး ခဲ့ရတဲ့နိုင်ငံမျိုးချစ်ပုဂ္ဂိုလ်ကြီးများအား ၁၉၄၇ခုနှစ်ခု၊ ဇူလိုင်(၁၉)ရက်နေ့တွင် ကျဆုံးခဲ့မှုများကို အသိမှတ်ပြုမှတ်တမ်းအလို့ငှာ မြန်မာတစ်နိုင်ငံလုံး၌ အမှတ်တရကျောက်တိုင်များ စိုက်ထူခဲ့ပြီး ယနေ့ထက်တိုင်အာဇာနည်ကြီး များကို ထိုနေ့တွင်ဂုဏ်ပြုခဲ့ကြသည်။

ထိုကျောက်တိုင်ကွင်းသည် အမှတ်(၃)အ. မ. က နှင့်အ. ထ. က မှ ကျောင်းသူ/သားများ ၏ ကစားကွင်းဖြစ်သလို ထိုဝန်းကျင်မှလူငယ်လူရွယ်များမှလည်း ဘောလုံးကစားသောနေရာဖြစ်ပါတယ်။ ဖော်ပြထားရာနေရာကို အဘယ့်အတွက်ကြောင့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တည်းက ပိုင်ဆိုင်သည့် အနေအထားအဖြစ် ရောက်ရှိသွားသည်ကို အထူးစိတ်ဝင်စားဖွယ်ရာကောင်းလှပါတယ်။တစ်ဖန်ထိုခါတ်ဆီဆိုင်ကိုအခြေပြု၍ အခွင့်ကောင်းယူသော ရန်မျိုးအောင်သမဝါယမ မူလဆိုင်မှ ဘေးတစ်ဖက်တစ်ချက်တွင် ထပ်မံတိုးချဲ့ထားသော ဆိုင်ခန်း(၂)ခန်းမှာလည်း မည်သူ၏လက်ချက်ဖြစ်ကြောင်းကို သိရှိရန်လိုအပ်ပါတယ်။

နိုင်ငံတော်မှအလေးအမြတ်ထားသော နိုင်ငံလွတ်လပ်ရေးအတွက် မိမိကိုယ်ကျိုးအတွက်မဟုတ်ဘဲ နိုင်ငံသားများ၏အကျိုးအတွက် အသက်ပေးသွားသော အာဇာနည်ပုဂ္ဂိုလ်များ၏ အမှတ်တရကျောက်တိုင်ကို ယခင်မူလရှေ့လူကြီးများပြုလုပ်ထားသည်အတိုင်း ရှေးမူမပျက်ထိန်းသိမ်းရမည့်အစား အာဇာနည်ခေါင်းဆောင်များကို အလေးမမူဂရုမပြုသည့် သဘောမျိုးဖြင့် ကိုယ်ကျိုးစီးပွားအတွက် ဖုံးကွယ်ပိတ်ဆို့သည့်သဘော သက်ရောက်နေပါသဖြင့် ဤကိစ္စကိုလိုအပ်ပါက ပြန်လည်စိစစ်အရေးယူမှုများလည်း ဆောင်ရွက်သင့်ပါတယ်။

နိုင်ငံတော်မှအလေးအမြတ်ထားသော နိုင်ငံလွတ်လပ်ရေးအတွက် မိမိကိုယ်ကျိုးအတွက်မဟုတ်ဘဲ နိုင်ငံသားများ၏အကျိုးအတွက် အသက်ပေးသွားသော အာဇာနည်ပုဂ္ဂိုလ်များ၏ အမှတ်တရကျောက်တိုင်ကို ယခင်မူလအတိုင်း ရှေးမူမပျက် ပြန်လည်ထိန်းသိမ်းဆောင်ရွက်သင့်ပါကြောင်းနှင့် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများအနေဖြင့် ကူညီဆောင်ရွက်သွားရန် တိုက်တွန်းကြောင်းအဆိုကို လေးစားစွာထောက်ခံတင်ပြအပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဆွေးနွေးဖို့အမည်စာရင်းတင်သွင်းထားသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးဇော်ဇော်ထူးအား ဆွေးနွေးဖို့ဖိတ်ခေါ် ပါတယ်။

**ဦးဇော်ဇော်ထူး(ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၂)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အပေါင်းတို့ခင်ဗျား၊ ကျွန်တော်ကတော့ ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဇော်ထူးဖြစ်ပါတယ်။ ကျိုက်မရော မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မျိုးမြင့် အဆိုပြုတင်သွင်းသွားတဲ့ **"ကျိုက်မရောမြို့ပေါ်ရှိ အာဇာနည် ကျောက်တိုင်အား ပြန်လည်ပြုပြင် ထိန်းသိမ်းဆောင်ရွက်ပေးရန် အဆို"**အား ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား၊ ယနေ့ကာလသည် အမှန်တကယ် ပြောင်းလဲဖို့ ကြိုးပမ်းနေတဲ့ကာလဖြစ်ပါတယ်။ တစ်ဖက်မှာလည်း အမျိုးသား ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုလည်း ဆောင်ရွက်နေတဲ့ ကာလလည်းဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွင်းမှာ ပြီးခဲ့တဲ့လွှတ်တော်ပထမ သက်တမ်းမှာ အများဆုံးဖြစ်ခဲ့တဲ့ ပြဿနာဟာ မြေယာပြဿနာပဲ ဖြစ်ပါတယ်။ ပြည်ထောင်စုအဆင့်မှာလည်း မြေယာသိမ်းဆည်းမှု၊ မြေယာအငြင်းပွားမှုများ၊ ကျူးကျော်ပြဿနာများစသည့်တို့ကို ကူညီဖြေရှင်းနိုင်ဖို့ ကော်မတီများ၊ ကော်မရှင်များ ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ သို့သော် အပြီးသတ်ကူညီဖြေရှင်း ဆောင်ရွက်ပေးနိုင်စွမ်းမရှိခဲ့တာလည်း တွေ့ရပါတယ်။ ယခုလည်း အဆိုရှင် ဒေါ်ခင်မျိုးမြင့်တင်ပြခဲ့တဲ့ အဆိုရဲ့အဓိကပြဿနာကလည်း မြေယာပြဿနာနဲ့ ဆက်နွယ်နေကြောင်းလေ့လာမိပါတယ်။ပြီးခဲ့တဲ့ သက်တမ်းအနှစ် (၅၀)

အတွင်းမှာ မြေယာအသုံးချမှုနဲ့မြေယာကိုစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များမှာ အာဏာရှိသူအသိုင်းဝိုင်းတစ်စုရဲ့ မတရားခွဲဝေသုံးစွဲအသုံးပြုမှုများကြောင့် ဒီပြဿနာများဟာ ယနေ့ထက်ထိ ဖြေရှင်းပေးနိုင်စွမ်းမရှိသေးတာလေ့လာတွေ့ရှိ ရပါတယ်။

အဲဒီအပြင် အာဏာရှိသူနဲ့ ငွေရှိသူလုပ်ငန်းရှင်များအကြား ပြည်သူလူထုများနဲ့ သက်ဆိုင်တဲ့ တန်ဖိုးကြီးမြေနေရာများကို လက်ဝါးရိုက် ဆောင်ရွက်ခဲ့ကြတဲ့အတွက် အဖိုးတန်မြေနေရာများဟာလည်း လုပ်ငန်းရှင်၊ အရင်းရှင်များရဲ့ လက်ဝယ်ရောက်ရှိနေကြရတာ ဝမ်းနည်းဖွယ်တွေ့ရှိခံစားရပါတယ်။ကျိုက်မရော မြို့နယ်ရဲ့ အာဇာနည်ကျောက်တိုင် မြေနေရာကိစ္စနဲ့ပတ်သက်ပြီး အဆိုရှင်ရဲ့ အာသီသဆန္ဒအရ ပြန်လည်ဖော်ထုတ်ကာ ပြည်သူလူထုအတွက်အကောင်းဆုံး ဖြေရှင်းဆောင်ရွက်ပေးရန် တင်ပြခြင်းဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ နားလည်သဘောပေါက်မိပါတယ်။ မြေနေရာနဲ့ ပတ်သက်ပြီးတစ်ချိန်က တရားဝင်လား၊ တရားမဝင်လားဆိုတာပြန်လည် လေ့လာဆန်းစစ်ဖို့ လိုအပ်ပါမယ်။ နေရာဒေသအတော်များများမှာ ဒီလိုဖြစ်စဉ်တွေများစွာ ဖြစ်ခဲ့တဲ့သာဓက များစွာ ရှိပါတယ်။ ပြည်သူလူထုများအနေနဲ့ တကယ်အပြောင်းအလဲအတွက် အစိုးရသစ်အား မျှော်လင့်ခဲ့ကြပါတယ်၊ ပြည်သူလူထုများရဲ့ နစ်နာဆုံးရှုံးမှု များစွာနဲ့ အတူ လူထုရဲ့မျှော်လင့်ချက်ကို အကောင်းဆုံးကူညီဖြေရှင်းနိုင်မှသာလျှင် ပြည်သူ့အစိုးရပီသမှာဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား၊ ပြီးခဲ့တဲ့သက်တမ်းအတွင်းမှာတောင် အများပြည်သူလူထုပိုင်ဆိုင်တဲ့ ကျွန်တော်တို့ဒီလွှတ်တော်ရုံးအရှေ့က သံလွင်ဥယျာဉ်တစ်ခြမ်းတောင် Ocean Center ကို လုပ်ပိုင်ခွင့်ပေးခဲ့တာ၊ ကမ်းနားလမ်းက ရာမညတံတားကိုလည်း ဟိုတယ်ဖွင့်ဖို့ပေးခဲ့တာ၊ မြို့မတံတားကိုလည်း ပုဂ္ဂလိကလက်ထဲ အငှားချပေးခဲ့တာတွေဟာ ပြည်သူလူထုတစ်ရပ်လုံးကို လုံးဝဂရုမစိုက်ပဲ လုပ်ခဲ့တဲ့

လုပ်ရပ်များသာဖြစ်ပါတယ်။ ယခုတောင် ကျွန်တော်တို့ ဒီလွှတ်တော်ရုံး အနောက်က မြေနေရာကို နောက်ထပ်ကုမ္ပဏီတစ်ခုကို ဆောက်လုပ်ခွင့်ပေးအုံး မယ်လို့ ကြားသိနေရပြန်တယ်။ဒီလိုဆိုရင်တော့ လူထုက လူထုအစိုးရလို့မမြင်နိုင် တော့ဘူး၊ မြေရောင်းစားတဲ့ အစိုးရလို့ပဲမြင်နေမှာပဲ၊ ဒီတော့ကာ လက်ရှိအစိုးရ အနေနဲ့ တစ်ချိန်ကအမှားတွေကို အမှန်တွေပြန်ဖြစ်အောင် ပြတ်ပြတ်သားသား ဖြေရှင်းပေးရမယ့်အပြင် နောက်ထပ်အမှားတွေကိုလည်း ထပ်မမှားဖို့ သတိ ကြီးစွာ ဆောင်ရွက်သွားရန်လိုအပ်ပါတယ်။

ယခုကိစ္စမှာလည်းကျိုက်မရောမြို့ပေါ်ရှိ အာဇာနည်ကျောက်တိုင် မြေနေရာ ပရဝုဏ်ဟာ ကျူးကျော်ခြင်းခံရတာလား၊ ရောင်းစားခြင်းခံရသလား ဆိုတာ ဖော်ထုတ်ဆောင်ရွက်ပေးဖို့ တိုက်တွန်းခြင်းဖြစ်ပါတယ်။ ဒီလိုဖော်ထုတ် ဆောင်ရွက်ပေးခြင်းဟာလည်း တစ်ဦးတစ်ယောက်အတွက်မဟုတ်ပဲ အများ ပြည်သူလူထုအတွက်သာဖြစ်ပါတယ်။ ဒီလိုပြဿနာအသေးအဖွဲ့တောင် ကူညီ ဖြေရှင်းဆောင်ရွက်ပေးနိုင်စွမ်းမရှိဘူးဆိုရင် တကယ်ပြောင်းလဲမှုအတွက် မဲပေး ခဲ့ကြတာမတန်ဘူးလို့ မှတ်ယူကြပေလိမ့်မယ်။ ဒါကြောင့်မို့ အဆိုရှင် ဒေါ်ခင်မျိုးမြင့်တင်သွင်းသွားတဲ့ ကျိုက်မရောမြို့ပေါ်ရှိ **"အာဇာနည် ကျောက်တိုင်အား ပြန်လည်ထိန်းသိမ်းဆောင်ရွက်ပေးရန်အဆို"** အား လွှတ်တော်အနေဖြင့် လက်ခံဆွေးနွေးသင့်ပါကြောင်းထောက်ခံတင်ပြအပ် ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဒီအဆိုနှင့်ပတ်သက်၍ လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီး၊ ဦးမင်းထင်အောင်ဟန် အားဆွေးနွေးပေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးမင်းထင်အောင်ဟန်(လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီး)။** လေးစား အပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား၊ ကျိုက်မရောမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်မျိုးမြင့်တင်သွင်းထားသည့် အဆိုနှင့်ပတ်သက်၍ ကျွန်တော် လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီးမှ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

ကျိုက်မရောမြို့နယ်၊ ရန်မျိုးအောင်ရပ်ကွက်၊ ကွင်းအမှတ်(၅၃၈-က) ကျိုက်မရောကုလားကုန်းကွင်း၊ မြေကွက်အမှတ်(၄၇၁)၊ မြေဧရိယာ(၀. ၆၇) ဧကရှိမြေသည် ၁၉၃၃ခုနှစ်၊ စာရင်းမြေပုံအရ အစိုးရသီးသန့်မြေဖြစ်ပြီး ၁၉၆၆-၁၉၆၇ခုနှစ်တွင် အစိုးရသီးသန့်မြေအဖြစ်မှ ပယ်ဖျက်ခဲ့ကြောင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှတ်တမ်းအရ သိရပါတယ်။ မွန်ပြည်နယ်ငြိမ်ဝပ်ပိုပြားမှုတည်ဆောက်ရေးအဖွဲ့မှ (၃၁. ၅. ၁၉၉၀) ရက်စွဲပါစာအမှတ်၊ ၅၀၀/ ၂-၃၁/ ပ၀တ(မွန်)အရ မြို့မြေအဖြစ် လန(၃၉) ခွင့်ပြုမိန့်ရရှိခဲ့သောမြေဧရိယာ(၁၂၆၆. ၆၆)ဧကအတွင်း ပါ၀င်ပါတယ်။

၎င်းမြေကွက်တွင် ယခင်အစိုးရရေနံအရောင်းဆိုင်(BOC)ဖွင့်လှစ် ရောင်းချခဲ့ပြီးနောက် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း စက်သုံးဆီအရောင်းဆိုင်အမှတ်(၀၈၇၃)ဖြင့် အရောင်းဆိုင်အဖြစ် အမည် ပြောင်းလဲဖွင့်လှစ်ခဲ့ကြောင်း သိရှိရပါတယ်။

၁၉၉၂ခုနှစ်တွင် မြေ(၀. ၅၇)ဧက၊ မြေကွက်အမှတ်(၄၇၁)အား မြန်မာ့ ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းသို့ အတ္ထရံမြို့သစ်မြေကွက် နေရာ ချထားရေး မြို့နယ်ကြီးကြပ်မှုကော်မတီမှ မြေကွက်ချထားပေးကြောင်း အသိ အမှတ်ပြုလွှာ ထုတ်ပေးခဲ့ပါတယ်။

၎င်းမြေ(၀. ၈၇)ဧကအား နိုင်ငံပိုင်ပစ္စည်းများအား ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်မှ (၁၆. ၅. ၂၀၁၁) ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်

(၅၅/၂၀၁၁)အရ ရာဇာမင်းကုမ္ပဏီသို့ တန်ဖိုးငွေကျပ်သန်း(၂၀)ဖြင့် အပြီးအပိုင်လွှဲပြောင်းရောင်းချလိုက်ကြောင်းနှင့် ရာဇာမင်းကုမ္ပဏီအမည်ပေါက်မြေဂရန်ထုတ်ပေးရေးကို ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးရန် ဖော်ပြပါရှိပါတယ်။

ရာဇာမင်းကုမ္ပဏီမှ မြေငှားဂရန်လျှောက်ထားလာ၍ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ဂရန်အမှုတွဲဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ ရပ်ကွက်ကော်မတီ(၃)ရပ်နှင့် ရပ်မိရပ်ဖများက ကန့်ကွက်သဖြင့် ဂရန်ထုတ်ပေးခြင်းမပြုဘဲ ၎င်းဂရန်အမှုတွဲအားယာယီပိတ်သိမ်းဆောင်ရွက်ခဲ့ပါတယ်။

ရာဇာမင်းကုမ္ပဏီအနေဖြင့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ထံမှ ဝယ်ယူပြီးနောက် ၎င်းမြေပေါ်တွင်စွမ်းအင်ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် စက်သုံးဆီအရောင်းဆိုင်ကို ဖွင့်လှစ်ရောင်းချလျက်ရှိပါတယ်။ ယခင်အစိုးရ သီးသန့်မြေမှ ပယ်ဖျက်ပြီးသည့်ဧရိယာ (၀. ၆၇) ဧကတွင် (BOC)အစိုးရ ရေနံအရောင်းဆိုင်အဖြစ် (၀. ၅၇)ဧကအသုံးပြုပြီး ကျန်မြေ(၀. ၁၀) ဧကတွင် ၁၉၇၈-၁၉၇၉ခုနှစ်မြို့နယ်ပါတီယူနစ်နှင့် မြို့နယ်ပြည်သူ့ကောင်စီ၏ အကြီးအကဲများနှုတ်မိန့်ဖြင့် သမဝါယမဦးစီးဌာန လက်အောက်ခံအမှတ်(၂)၊ စားသုံးသူသမဝါယမအသင်းဆိုင်ကို (၅၀×၂၀×၁၀)ပေ တစ်ထပ်တိုက် ကွန်ကရစ်ခင်းအုပ်ကာ အဆောက်အဦကို ယခင်သမဝါယမဥက္ကဋ္ဌဟောင်း ရဲမှူးအငြိမ်းစားဦးဘကျင်က ဆောက်လုပ်ခဲ့ပြီး သမဝါယမအရောင်းဆိုင် အဖြစ် ၁၉၇၉ခုနှစ်ကစပြီး ဖွင့်လှစ်ရောင်းချခဲ့ပါတယ်။ ၁၉၉၂ခုနှစ်၊ သမဝါယမအသင်းဥပဒေပြဋ္ဌာန်းချက်အရ ရပ်ကွက်(၂) စားသုံးသူသမဝါယမအသင်းအားရောင်းဝယ်ရေး သမဝါယမအသင်းအဖြစ်(၈. ၅. ၁၉၉၅) ရက်နေ့တွင် ပြန်လည်ဖွဲ့စည်းခဲ့ရာ ငွေပြည့်စုံရောင်းဝယ်ရေး သမဝါယမ အသင်းလီမိတက်ဖြစ်လာပြီး ပညာရေးဌာန၏ GEC မှ၂၀၁၃ခုနှစ်အထိ အသုံးပြုပြီး အဆောက်အဦအား ပြန်လည်အပ်နှံခဲ့ပါတယ်။

၂၀၁၆ခုနှစ်မှယနေ့အထိ ငွေပြည့်စုံရောင်းဝယ်ရေးသမဝါယမ အသင်းသည် အဆိုပါအဆောက်အဦကို MCC ကွန်ပျူတာဆိုင်ခန်း တစ်လလျှင်(၁၁၀၀ဝိ/-)နှင့်မြေသြဇာအရောင်းဆိုင်ခန်း တစ်လ(၃၀၀ဝိ/-) တို့ဖြင့် ငှားရမ်းဆောင်ရွက်လျက်ရှိပြီး မြေဧရိယာ(၀. ၀၇)ဧကအား သမ အသင်းအမည်ဖြင့် မြေစာရင်းပုံစံ(၁၀၅)(၁၀၆)ထုတ်ယူထားပြီး အငှားဂရန် မြေအဖြစ် ၂၀၀၉ခုနှစ်တွင် လျှောက်ထားပြီး မြေ(၀. ၀၃)ဧကမှာ လမ်းအဖြစ် အသုံးပြုလျက်ရှိကြောင်း တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ မြေနေရာ(၀. ၀၅၇)ဧကအား ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်မှ ကုမ္ပဏီသို့တရားဝင်ရောင်းချခဲ့ခြင်း၊ (၀. ၀၇)ဧကမှာ သမဝါယမဝန်ကြီးဌာနလက်အောက်ရှိ ငွေပြည့်စုံရောင်းဝယ်ရေးအသင်းမှ အသင်းပိုင်အဆောက်အဦအား ပုဂ္ဂလိကသို့ငှားရမ်းဆောင်ရွက်ခဲ့ခြင်း တို့ကြောင့် အာဇာနည်ကျောက်တိုင် မြေနေရာပြန်လည်ဖောက်ထုတ်လိုပါက သမဝါယမဦးစီးဌာန၊ ကုမ္ပဏီနှင့်မြေပြန်လည်ရယူလိုသူတို့ နှစ်ဖက် ညှိနှိုင်းမှုဖြင့်သာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်းနှင့် ပြေလည်မှုရရှိမှု အပေါ်မူတည်၍ တရားဝင်မြေပိုင်ဆိုင်ခွင့်ရရှိရေး ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

## အာဇာနည်ကျောက်တိုင်အား ပြန်လည်ထိန်းသိမ်းပေးရန်အဆိုအား အဆိုရှင်မှ ပြန်လည်ဆွေးနွေးခြင်း

**ဒေါ်ခင်မျိုးမြင့်(ကျိုက်မရောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၁)။** လေးစား အပ်ပါသောပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ဧည့်သည်တော်များရှင် ကျွန်မကတော့

ကျိုက်မရောမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မျိုးမြင့်ဖြစ်ပါတယ်ရှင်။

ကျွန်မကဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၆)ပထမနေ့မှာ တင်ပြခဲ့တဲ့ ကျိုက်မရောမြို့၊ ရန်မျိုးအောင်ရပ်ကွက် အတွင်းရှိ အ. ထ. ကကျိုက်မရောအရှေ့ရှိ ဓာတ်ဆီဆိုင်ကိစ္စနှင့်ပတ်သက်လို့ ဖြည့်စွက်ဆွေးနွေးလိုပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်၊ ဤကျောက်တိုင်သည် ယခုမှဖြစ်ပေါ်လာတာမဟုတ်ဘဲ ၁၉၄၇ခုနှစ်၊ ဇူလိုင် (၁၉)ရက်နေ့ဟာ မြန်မာ့သမိုင်းမှာ မြန်မာ့လွတ်လပ်ရေး အတွက် ကိုယ်ကျိုးမဖက်ဘဲ မိမိတို့၏ အသက်ကိုပေးသွားတဲ့ ခေါင်းဆောင် များအတွက် ဝမ်းနည်းကြေကွဲခဲ့ရတဲ့အချိန်ဖြစ်ပါတယ်။ အဲဒီကာလမှာ ခံစားခဲ့ရတဲ့ကျွန်မတို့ရဲ့ ဘိုးဘွားများက နောင်လာနောက်သား မျိုးဆက်သစ် များသိရှိရန် မှတ်မိတမ်းတပြီး ဂုဏ်ယူနိုင်ရန်အတွက် မှတ်တိုင်စိုက်ထူခဲ့တာ ဖြစ်ပါတယ်။

အဲဒီအချိန်ကာလက ခံစားခဲ့ရလို့ စိုက်ထူသူတွေရဲ့ခံစားချက်များကို ဘာနဲ့မှအစားထိုး၍မရနိုင်ပါ။ဒီလိုအမှတ်အသားသင်္ကေတများကိုကျွန်မတို့ နိုင်ငံသာမကကမ္ဘာ့နိုင်ငံများမှာလည်း များစွာရှိတာကိုလူတိုင်း သိရှိနားလည် ကြပါတယ်။ မြန်မာနိုင်ငံမှာမွေး၊ မြန်မာနိုင်ငံမှာကြီးပြင်းခဲ့သူ နိုင်ငံသား တစ်ယောက်အနေနဲ့ ဒီအကြောင်းအရာကို မသိနားမလည်တာလည်း မဖြစ် နိုင်ပါတာသိပါလျက်နဲ့ မိမိအကျိုးစီးပွားအတွက်နဲ့ ကျိုက်မရောမြို့သူ/ မြို့သားများ၏ အမှတ်တရ ဤကျောက်တိုင်ကို ဖုံးကွယ်ထားရတာသိသာ ထင်ရှားပါတယ်။

၂၀၀၉ခုနှစ်မတိုင်မီက အာဇာနည်နေ့တွင် ဌာနဆိုင်ရာအကြီးအကဲ များနှင့်မြို့မပေါ်ရှိ ကျောင်းများစွာများမှ ကျောင်းသူ၊ ကျောင်းသားများမှ

ကွင်းလုံးပြည့်လွှမ်းသူပန်းခွေချပြီး နိုင်ငံ့ခေါင်းဆောင်ကြီးများကို ဂုဏ်ပြု အလေးပြုခြင်း၊ မေတ္တာပို့သခြင်း အခွင့်အရေးရရှိခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးရှင်၊ ကျေးဇူးပြု၍ Projector သုံးစွဲခွင့်ပြုပါရှင်၊ ယခုမြင်တွေ့ ရတာက လက်ရှိအာဇာနည်ကျောက်တိုင်ကြီးရဲ့မြင်ကွင်းဖြစ်ပါတယ်။အခု အချိန်မှာ အာဇာနည်နေ့အခမ်းအနားကို ဌာနဆိုင်ရာနှင့် ဆရာ/ဆရာမ၊ ကျောင်းသူ/ ကျောင်းသားများကို ကန့်သတ်ပြီး လူနည်းစုနှင့်သာ ကျင်းပ နေခဲ့တာ အလွန်မှဝမ်းနည်းဖွယ်ရာဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးရှင်၊ ကျွန်မ တင်ပြတဲ့အဆိုကို တစ်ဖက်မှာ တစ်ဦးတစ်ယောက်၏အကျိုးစီးပွားအတွက် နှင့်တစ်ဖက်မှာကျိုက်မရောမြို့ ပြည်သူလူထုတစ်ရပ်လုံးအတွက် အမှတ် တရ မြန်မာ့သမိုင်းမှတ်တိုင်ကြီးဖြစ်ပါတယ်ရှင်။ ဒါကြောင့်တစ်ဦးရဲ့ အကျိုး နှင့်အများအကျိုးကိုနှိုင်းယှဉ်ပါက ပြည်သူကိုမျက်နှာမူသောလွှတ်တော် ကိုယ်စားလှယ်ဖြစ်တဲ့ ကျွန်မကပြည်သူ့ဆန္ဒကို ကျွန်မဆောင်ရွက်ရမှာ ဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဤကျောက်တိုင်နှင့်ပတ်သက်တဲ့ မည်ကဲ့သို့စီမံ ဆောင်ရွက်သင့်သော အကြံဉာဏ်ကို ကျွန်မအနေနဲ့ ကျွန်မရဲ့မဲဆန္ဒနယ် မြေမှ ပြည်သူများကို ထပ်မံရှင်းလင်းပြပြီးပါက လူထု၏ဆန္ဒအရ ကျွန်မ အနေနဲ့ ဤအာဇာနည်ကျောက်တိုင်ကွင်းကြီးကို ရှေးမူအတိုင်း ထိန်းသိမ်း သွားနိုင်ရေးအတွက် ပြည်သူ့ဆန္ဒအလိုအရ ဆက်လက်ဆောင်ရွက်သွား နိုင်ရန်ပြည်နယ်လွှတ်တော်ဥက္ကကြီးမှ အတည်ပြုပေးပါရန် ဥက္ကဋ္ဌကြီးအား လေးစားစွာတင်ပြအပ်ပါတယ်ရှင်။

## ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ ကျိုက်မရောမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မျိုးမြင့်၏ "ကျိုက်မရော မြို့နယ်၊ ရန်မျိုးအောင်ရပ်ကွက်အတွင်းရှိအာဇာနည်ကျောက်တိုင်နှင့် ရာဇာမင်းပိုင်ဓါတ်ဆီဆိုင်ကိစ္စနှင့်ပတ်သက်သည့်အဆို" နှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ကျိုက်မရောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဒေါ်ခင်မျိုးမြင့်၏ "ကျိုက်မရောမြို့နယ်၊ ရန်မျိုးအောင် ရပ်ကွက်အတွင်းရှိအာဇာနည်ကျောက်တိုင်နှင့် ရာဇာမင်း ပိုင်ဓါတ်ဆီဆိုင်ကိစ္စ နှင့်ပတ်သက်သည့်အဆို" နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူရှိပါက ကန့်ကွက်နိုင်ပါတယ်။

ကန့်ကွက်မည့်သူရှိပါသလားရှင်။ (၃ကြိမ်မေးမြန်းပါသည်)

ကန့်ကွက်မည့်သူမရှိတဲ့အတွက် ဒီအဆိုကို ပြည်နယ်လွှတ်တော်မှ အတည်ပြုကြောင်း ကြေညာအပ်ပါတယ်ရှင်။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရရေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမင်းစိုးလင်း၏ "ရေးမြို့နယ်၌ အရေးတကြီးလိုအပ်နေသောလျှပ်စစ်ဓါတ်အားရရှိရေးအတွက် အမြန်ဆုံး ကူညီဆောင်ရွက်ရန်တိုက်တွန်းကြောင်းအဆို"နှင့်စပ်လျဉ်း၍ အမည်စာရင်း

တင်သွင်းထားသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များမှ ဆွေးနွေးခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ရေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမင်းစိုးလင်း၏"ရေးမြို့နယ်၌အရေးတကြီးလိုအပ်နေသောလျှပ်စစ် ဓါတ်အားရရှိရေးအတွက် အမြန်ဆုံးကူညီဆောင်ရွက်ရန်တိုက်တွန်းကြောင်း အဆို"နှင့်စပ်လျဉ်း၍ ဆွေးနွေးဖို့ အမည်စာရင်းတင်သွင်းထားသော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်အား ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာအေးဇံ(ကျိုက်ထိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၂)။** လေးစား အပ်ပါသောပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အပေါင်းတို့ခင်ဗျား၊ ကျွန်တော်ကတော့ ကျိုက်ထိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာအေးဇံဖြစ်ပါတယ်။ ယမန်နေ့က ရေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမင်းစိုးလင်းတင်သွင်းသွားတဲ့ ရေးမြို့နယ်၊ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးရန်အဆိုအား ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြတဲ့ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား၊ မွန်ပြည်နယ်အတွင်းမှာ လူဦးရေအရ (၂)သန်းကျော်ရှိတဲ့အနက် ရေးမြို့နယ်ဟာ လူဦးရေ(၂. ၅) သိန်းကျော် နေထိုင်လျက်ရှိကြပြီး ဒုတိယလူဦးရေအများဆုံးမြို့နယ်တစ်ခု ဖြစ်ပါတယ်။ မွန်ပြည်နယ်ရဲ့ အဓိကထွက်ကုန်ရာဘာကို တွင်တွင်ကျယ်ကျယ် စိုက်ပျိုးလုပ်ကိုင်ကြတဲ့ ဒေသဖြစ်သလို အထင်ကရထွက်ကုန်များဖြစ်တဲ့ ဒူးရင်း၊ မင်းဂွတ်၊ နာနတ်၊ ကြက်မောက်များဟာလည်း မွန်ပြည်နယ်ရဲ့ အသားတင်

ထုတ်လုပ်မှုကို ထောက်ကန်ပေးထားပါတယ်။ အဲဒီအပြင် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်မှ သဘာဝကပေးတဲ့ ရေထွက်ပစ္စည်းများနဲ့ ပင်လယ်ငါးဖမ်းလုပ်ငန်းများဟာလည်း ဒေသခံတွေရဲ့ အသက်မွေးဝမ်းကြောင်းမှုကို များစွာအားပေးထားပါတယ်။ ဒီလိုသဘာဝအရင်းအမြစ်ပေါကြွယ်ဝတဲ့ ရေးမြို့နယ်ဟာအဖက်ဖက်ကပြည့်စုံပါသော်ငြားလည်းဘဲ အနှစ်နှစ်အလလက မျှော်လင့်ခဲ့ရတဲ့လျှပ်စစ်မီးလိုအပ်ချက်ကို မည်သည့်အစိုးရလက်ထက်ကပင် ကူညီဆောင်ရွက်ပေးနိုင်စွမ်းမရှိခဲ့ပါ။ ရေးမြို့နယ်ပြည်သူလူထုများဟာ ပုဂ္ဂလိကကဖြန့်ဖြူးတဲ့ဈေးနှုန်းမြင့်မားတဲ့ လျှပ်စစ်မီးကိုသာ မှီခိုရပ်တည်နေလျက်ရှိပြီး လိုအပ်သည့်ပမာဏကိုလည်း ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်စွမ်းမရှိသော အနေအထားဖြစ်ပါတယ်။ ပြီးခဲ့တဲ့အစိုးရသက်တမ်းအတွင်း မော်လမြိုင်ငန်းတေးစက်မှထွက်ရှိတဲ့လျှပ်စစ်မီး(၂၃၀)မဂ္ဂါဝပ်ကို မဟာဓါတ်အားပေးသို့ ရောင်းချသွယ်တန်းကာ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်အတွင်း နယ်မြေဒေသအားလုံးသို့ထပ်ဆင့်သွယ်တန်းဆောင်ရွက်သွားမည့် စီမံကိန်းကို လူထုအကြား ကျယ်ကျယ်လောင်လောင်ချပြခဲ့ပါသဖြင့် အပျော်ကြီးပျော်ခဲ့ပါသော်ငြားလည်း လက်တွေ့မှာဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်တစ်ခုတည်းကိုသာ သွယ်တန်းဆောင်ရွက်ပေးတာတွေ့ရပြီး ကျန်ပမာဏများကို ရေးမြို့နယ်သို့ ထပ်မံသွယ်တန်းခြင်းမရှိဘဲကရင်ပြည်နယ်သို့သာ သွယ်တန်းပေးခဲ့သဖြင့် မျှော်လင့်ချက်များ ဆုံးရှုံးခဲ့ရပါတယ်။ အမှန်တကယ်ဆိုရင် မော်လမြိုင်ငန်းတေးရပ်မှထုတ်လုပ်တဲ့ လျှပ်စစ်ပမာဏဟာ မော်လမြိုင်ခရိုင်တစ်ခုလုံး လုံလုံလောက်လောက်သုံးစွဲနိုင်တဲ့ ပမာဏဖြစ်ပါတယ်။ သို့သော်စီမံကိန်းအရ ဘီလူးကျွန်းချောင်းဆုံသို့ သွယ်တန်းပြီးနောက်(၂၀၁၆-၂၀၁၇)ဘဏ္ဍာရေးနှစ်တွင် ရေးမြို့နယ်သို့ သွယ်တန်းပေးရမှာဖြစ်ပါတယ်။ ဘာကြောင့်စီမံကိန်းပါအစီအစဉ်များ ပျက်ပြယ်ခဲ့တာကို ကျွန်တော်တို့အနေနဲ့ နားမလည်နိုင်အောင်ဖြစ်မိပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား၊ ယနေ့ကာလမှာ အမျိုးသားရင်ကြားစေ့ရေးနှင့် တိုင်းရင်းသားအားလုံးချစ်ကြည်ရင်းနှီးရေးကို ပုံဖော်နေသည့်ကာလဖြစ်ပါတယ်။ အဲဒီအပြင် ထာဝရငြိမ်းချမ်းရေးကို ဆွေးနွေးနေတဲ့ကာလလည်းဖြစ်ပါတယ်။ တင်ပြပါရည်ရွယ်ချက်များဟာ အလွန်ကောင်းမွန်လှပြီး တိုင်းရင်းသားဒေသများရဲ့ အခြေခံလိုအပ်ချက်များ၊ လူမှုဖူလုံမှုလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးနဲ့ယှဉ်တဲ့ အခြေခံအဆောက်အအုံများကို မြို့ပြနဲ့မခြား ပုံဖော်ကူညီဆောင်ရွက်နိုင်မှသာလျှင် ထာဝရငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်အတူ အမျိုးသားရင်ကြားစေ့ရေးကို ပိုမိုထိရောက်အောင်မြင်စွာ ကူညီပံ့ပိုးနိုင်မည်ဟု ကျွန်တော့်အနေနဲ့ အခိုင်အမာယုံကြည်ပါသဖြင့် ရေးမြို့နယ်ရဲ့အဓိက အခြေခံလိုအပ်ချက်ဖြစ်တဲ့ လျှပ်စစ်မီးရရှိရေးကို အမြန်ဆုံးကူညီဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်းအဆိုအား လေးလေးနက်နက်ထောက်ခံပါကြောင်းနှင့် အဆိုအားလွှတ်တော်မှ အတည်ပြုဆုံးဖြတ်သင့်ပါကြောင်း လေးစားစွာတင်ပြ ဆွေးနွေးအပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဆွေးနွေးဖို့အမည်စာရင်းတင်သွင်းထားသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါ်မြသိင်္ဂီမော်(မုဒုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၁)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ရှင်၊ ကျွန်မကတော့ မုဒုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြသိင်္ဂီမော်ဖြစ်ပါတယ်။ ရေးမြို့နယ်၊

မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာမင်းစိုးလင်းတင်သွင်းသွားတဲ့ ရေးမြို့နယ်အား လျှပ်စစ်မီးရရှိရေး အမြန်ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်းအဆိုအား ထောက်ခံဆွေးနွေးလိုပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ရှင်၊ ကျွန်မတို့ မွန်ပြည်နယ်လျှပ်စစ်ဖြန့်ဖြူးရေးစီမံကိန်းအစီအစဉ်အရ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း မော်လမြိုင်-ရေး မဟာဓါတ်အားလိုင်းသွယ်တန်းရေးကို ၂၃၀ကေဗွီလိုင်းနဲ့ ဆောင်ရွက်ဖို့ရှိကြောင်း ကြားသိထားပါတယ်။ မော်လမြိုင်ငန်းတေး၊ Myanmar Lighting ကုမ္ပဏီမှ ထွက်ရှိသော (၂၃၀)မဂ္ဂါဝပ်မှ မဟာဓါတ်အားလိုင်းမှတစ်ဆင့်သွယ်တန်းပေးမည်ဖြစ်ကြောင်း ပြီးခဲ့သည့်အစိုးရသက်တမ်းတွင် ပြည်ထောင်စုဝန်ကြီးဌာန ဒုဝန်ကြီးကပြောကြားခဲ့တာလည်း ကြားသိရပါတယ်။

သို့သော် နောက်ပိုင်းမှာကျောက်မီးသွေးလောင်စာသုံး အံဒင်ကျောက်မီးသွေးစက်ရုံမှတစ်ဆင့် သွယ်တန်းဆောင်ရွက်ပေးမလိုလို၊ ကျောက်မီးသွေးသုံးလျှပ်စစ်စီမံကိန်းကသာလျှင် ရေးမြို့နယ်အတွက် လျှပ်စစ်မီးလင်းရေးကိုဆောင်ရွက်ပေးနိုင်မည့်အခြေအနေလိုလိုနဲ့အမျိုးမျိုးပြောကြားခဲ့ပြန်ပါတယ်။ ရေးမြို့နယ်ပြည်သူလူထုအနေနဲ့ ကျောက်မီးသွေး ကရတဲ့လျှပ်စစ်မီးကိုတော့ ဘယ်နည်းနဲ့မှလက်ခံနိုင်စရာအကြောင်းမရှိဘဲ မဟာဓါတ်အားပေးလိုင်းကသာလျှင် သွယ်တန်းဆောင်ရွက်လိုသည့် ဆန္ဒရှိကြပါတယ်။

ရေးမြို့နယ်ဟာ သဘာဝအရင်းအမြစ်အရ ပေါကြွယ်ဝသော်လည်း လျှပ်စစ်မီးလိုအပ်ချက်ဒုက္ခကိုတော့ ခံစားနေရဆဲဖြစ်ပါတယ်။ လက်ရှိမှာ ဒေသခံ ပုဂ္ဂလိကလုပ်ငန်းရှင်တစ်ချို့ရဲ့ ဖြန့်ဖြူးပေးနေတဲ့ ဈေးနှုန်းမြင့်မားလှတဲ့ ပုဂ္ဂလိက လျှပ်စစ်မီးကိုသာ အမှီပြုအားကိုးနေရသည်မှာ နှစ်ပေါင်းကြာခဲ့ပြီး

ဖြစ်ပါတယ်။အမှန်တကယ်ပြောင်းလဲလိုတဲ့ ဒေသခံများရဲ့ဆန္ဒကို ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးဖို့ လက်ရှိအစိုးရသစ်မှာ ကြီးလေးသောတာဝန်ရှိလှပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ရှင်၊ ယခုအခါ ရေးမြို့နယ်ဟာ လမ်းပန်းဆက်သွယ်ရေး အတော်တန်ကောင်းမွန်လာသည်နှင့်အတူ နယ်မြေအေးချမ်းတည်ငြိမ်မှုလည်း အထိုက်အလျောက်တိုးတက်လာတဲ့အအတွက် ရေးမြို့နယ်သို့ အလည်အပတ်သွားလာကြသည့်ခရီးသွားလုပ်ငန်းမှာလည်း ကောင်းမွန်လာခဲ့ပြီး ကဗျာဝကဲ့သို့ သာယာလှပတဲ့အပန်းဖြေစခန်းဆီ သွားရောက်ကြတဲ့အတွက်ကြောင့် ဒေသခံများအတွက်ဝင်ငွေများရရှိခဲ့ကြပါတယ်။ သို့သော် ထိုကဗျာဝကဲ့သို့ ကမ်းခြေဒေသတွင်ပုဂ္ဂလိကလျှပ်စစ်မီးထုတ်လုပ်တဲ့ လုပ်ငန်းရှင်များထံမှ တစ်ယူနစ်လျှင်(၈၀၀)ကျပ်အထိ ပေးဆောင်သုံးစွဲကြရတာ လူထုအတွက် အတော်လေးနစ်နာလှပါတယ်။ မွန်ပြည်နယ်ရဲ့တိုးတက်လာမယ့် ခရီးသွားလုပ်ငန်းအတွက်လျှပ်စစ်မီးသွယ်တန်းဆောင်ရွက်ပေးရန် သက်ဆိုင်ရာများအနေနဲ့ဖြင့် ကူညီဆောင်ရွက်ပေးရန် တာဝန်ယူဆောင်ရွက်ပေးသင့်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးရှင်၊ ရေးမြို့နယ်ရဲ့ ဒေသခံအများစုဟာမွန်လူမျိုးများ ဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ တန်းတူရည်တူနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပံ့ပိုးဆောင်ရွက်နေတဲ့ကာလလည်းဖြစ်ပါတယ်။ သို့ပါသောကြောင့် မွန်တိုင်းရင်းသားအများစုနေထိုင်နေတဲ့ ရေးမြို့နယ်တစ်ခုတည်းကိုသာ လျှပ်စစ်မီးသွယ်တန်းဆောင်ရွက်ပေးမှုမရှိခြင်းဟာတစ်ဖက်ကပြောနေတဲ့ တန်းတူရေး၊ ချစ်ကြည်ရင်းနှီးရေးဟာ ဟန်ပြသက်သက်သာဖြစ်ပေလိမ့်မယ်။ တိုင်းရင်းသားတွေရဲ့ အခက်အခဲပြဿနာများကို အထိရောက်ဆုံးဖြေရှင်းပေးနိုင်မှုနဲ့ အခွင့်အရေးတန်းတူရရှိနိုင်ရေးအတွက် ပီပြင်စွာဆောင်ရွက်နိုင်မှသာအပြောနဲ့အလုပ်ကိုက်ညီမည်ဟု

ကျွန်မတို့အနေနဲ့ လက်ခံယုံကြည်ပါတယ်။

သို့ပါသောကြောင့် ပြည်နယ်စီမံကိန်းအစီအစဉ်တစ်ခုလည်းဖြစ်၊ ခရီးသွား လုပ်ငန်းအတွက်လည်း ပိုမိုအကျိုးရှိပြီး တိုင်းရင်းသားဒေသရဲ့ တန်းတူစွာ အခွင့်အရေးရရှိနိုင်ရေးဖြစ်တဲ့ ရေးမြို့နယ်၊ လျှပ်စစ်မီးအမြန်သွယ်တန်း ဆောင်ရွက်ပေးရန် တင်ပြခဲ့တဲ့အဆိုအား လေးလေးနက်နက်ထောက်ခံ ဆွေးနွေးပြီး အဆိုအားလွှတ်တော်မှာအတည်ပြုဆုံးဖြတ်သင့်ပါကြောင်း တင်ပြဆွေးနွေးအပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ဒီအဆိုနှင့်ပတ်သက်၍ လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီး၊ ဦးမင်းထင်အောင်ဟန်အားဆွေးနွေးပေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးမင်းထင်အောင်ဟန်(လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီး)။** လေးစား အပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား၊ ရေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဒေါက်တာမင်းစိုးလင်းတင်သွင်းထားသည့် အဆိုနှင့် ပတ်သက်၍ ကျွန်တော် လျှပ်စစ်၊စွမ်းအင်နှင့်စက်မှုဝန်ကြီးမှ ဆွေးနွေးတင်ပြ သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား၊ ရေးမြို့နယ်၏ အရေးကြီးလိုအပ်နေသော လျှပ်စစ်ဓါတ်အားကို နိုင်ငံတော်ဓါတ်အားပေးစနစ်မှ ရရှိနိုင်ရေးအတွက် ပြည်ထောင်စုအဆင့်တွင် မော်လမြိုင်-ရေး-ထားဝယ် (၂၃၀)ကေဗွီ မဟာ ဓါတ်အားလိုင်းနှင့် (၂၃၀)ကေဗွီ ပင်မဓါတ်အားခွဲရုံများ တည်ဆောက်ရန် စီမံကိန်းများရေးဆွဲချမှတ်၍ ဆောင်ရွက်လျက်ရှိပြီး ရေးမြို့နယ်တွင် (၂၃၀)

ကေဗွီ ပင်မဓါတ်အားခွဲရုံတစ်ခု တည်ဆောက်နိုင်ရန်အတွက် လေယာဉ်ကွင်းဟောင်းမြေနေရာအား သတ်မှတ်လျာထားပြီးဖြစ်ပါတယ်။ လေယာဉ်ကွင်းဟောင်းဆိုသည်မှာ လက်ရှိရေး-ကားလမ်းဘေးကလေယာဉ်ကွင်းဟောင်း မဟုတ်ပါဘူး။ အဘော်-အစင်သွားတဲ့ဘေးနားကလေယာဉ်ကွင်းကိုပြောတာ ဖြစ်ပါတယ်။

စီမံကိန်းလုပ်ငန်းများကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကနေ ပြီးတော့ ဓါတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ China Exam Bank ချေးငွေအစီအစဉ်ဖြင့် ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ယခင်အစိုးရ လက်ထက်ကတည်းက သဘောတူထားတာရှိပါတယ်။ အဲဒီအတွက်ကို ပဏာမဓါတ်အား လိုင်းရွေးချယ်တိုင်းတာခြင်းလုပ်ငန်းကို လာမည့်ဘတ်ဂျက်နှစ် အတွင်းမှာဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါပေမယ့် ယခုအခါ အစိုးရ ပြောင်းလဲလာပြီးတဲ့နောက် အဲဒီChina Exam Bankရဲ့ချေးငွေဟာ အတိုးနှုန်းများတဲ့အတွက်ကြောင့် ကျွန်တော်တို့က ပိုပြီးအတိုးနှုန်းသက်သာ ပြီးတော့ နှစ်ရှည်ငွေရရှိနိုင်မည့်အဆက်အသွယ်ကို ဆောင်ရွက်နေပါတယ်။ ရေးမြို့နယ်-သံဖြူဇရပ်မြို့နယ်တောင်ပိုင်းသို့ Myanmar Lighting ကုမ္ပဏီ များမှ(၆၆)ကေဗွီဓါတ်အားလိုင်းဖြင့် လျှပ်စစ်ပို့လွှတ်ရာမှာ မော်လမြိုင်-ရေး မိုင်(၁၀၀)ခန့်ကွာဝေးသောကြောင့် နည်းပညာပိုင်းဆိုင်ရာ တွက်ချက်မှုအရ ဗို့အားကျဆင်း၍ မပြည့်မီခြင်း၊ လျှပ်စစ်အရည်အသွေးကျဆင်းခြင်းတို့ ဖြစ်ပေါ်လာနိုင်ပါသဖြင့်ဆောင်ရွက်ရန်မသင့်ပါ။ ရေးမြို့နယ်မိုင်(၃၀) ပတ်လည်အတွင်း ဓါတ်အားထုတ်လုပ်စက်ရုံတည်ဆောက်၍ (၆၆)ကေဗွီ ဓါတ်အားလိုင်းသွယ်တန်းပြီး (၆၆/၁၁)ကေဗွီ ဓါတ်အားခွဲရုံမှတစ်ဆင့် (၁၁)ကေဗွီလိုင်းဖြင့်ဓါတ်အားပေးမည်ဆိုပါက ဖြစ်နိုင်ခြေရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အဲဒါက ဘာကိုပြောတာလည်းဆိုတော့ တစ်ချို့

ကုမ္ပဏီနှင့် Myanmar Lighting ကုမ္ပဏီနှင့် ဓါတ်အားလိုင်းဆွဲပေးဖို့ ဆွေးနွေးတာရှိပါတယ်။ အဲဒါကလက်ရှိမှာ မဖြစ်နိုင်ပါဘူး။ ဒါကြီးကို လုပ်မယ်ဆိုရင်လည်း နောက်တစ်ချိန် (၆၆/၁၁)ကေဗွီ လိုင်းဆွဲတဲ့အခါ ဒီလိုင်းကအလဟသတ်ဖြစ်သွားမှာဖြစ်ပါတယ်။ အဲဒါကြောင့်မို့ ကျွန်တော် တို့က ရေး-မော်လမြိုင် (၂၃၀)ကေဗွီလိုင်းကို ချေးငွေ နဲ့ပဲဆောင်ရွက်ဖို့ နိုင်ငံတော်အစီအစဉ်နဲ့ဆောင်ရွက်ရမှာဖြစ်ပါတယ်။အဲဒါကို ဆွေးနွေးတင်ပြ လိုပါတယ်။

**ဥက္ကဋ္ဌ။** ရေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အဆိုရှင် ဒေါက်တာမင်းစိုးလင်းဆွေးနွေးရန်ရှိပါက ဆွေးနွေးရန်ဖြစ်ပါတယ်။

**ဒေါက်တာမင်းစိုးလင်း(ရေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၁)။** လေးစား အပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား၊ ကျွန်တော်ကတော့ ရေးမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာမင်းစိုးလင်းဘဲ ဖြစ်ပါတယ်။

ကျွန်တော်မနေ့ကတင်သွင်းခဲ့တဲ့ ရေးမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အား အမြန်ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း အဆို အပေါ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြတဲ့ ဒေါက်တာအေးဇံ နှင့် ဒေါ်မြသီဂီမော်တို့က ကုန်လုံးပြည့်စုံစွာ ဆွေးနွေးသွားပြီဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ အကျယ်တဝင့်တင်ပြလိုခြင်းမရှိဘဲ ပြည်နယ်လွှတ်တော်မှ အဆုံးအဖြတ်ရယူပေးပါရန် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးအား ပန်ကြား အပ်ပါတယ်။

**ဒေါက်တာအောင်နိုင်ဦး(ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်)။** ဥက္ကဋ္ဌကြီးဆွေးနွေးခွင့်ပြုပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ ဒီအဆိုနဲ့ပတ်သက်ပြီးတော့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာ မင်းစိုးလင်းတင်ပြထားတဲ့နေရာမှာ အမြန်ဆုံးကူညီဆောင်ရွက်ပေးဖို့ဆိုတဲ့ အချက်ပါပါတယ်။ ကိုယ်စားလှယ်(၂)ဦးလုံးကလည်း တော်တော်လေး ပြည့်ပြည့် စုံစုံတင်ပြသွားပါတယ်။ ဒီနေရာမှာ ကျွန်တော်ထပ်ပြီးတော့ ဖြည့်စွက်ပေးစေလိုတာက ကျွန်တော်တို့လွှတ်တော်မှာရော အစိုးရအဖွဲ့ မှာရော ဒီနေရာမှာမြန်ဆုံးဆိုတာက ပုဂ္ဂလိကကုမ္ပဏီတစ်ခုခုကို ပေးပြီးတော့ ဆောင်ရွက်ပေးစေလိုသောဆန္ဒမဟုတ်ဘူးလို့ ကျွန်တော်ထင်ပါတယ်။ အကယ်၍ တစ်ခါတစ်လေဖြစ်တတ်ပါတယ်။ အမြန်ဆုံးဆိုတာက ရှိသမျှ ကုမ္ပဏီတွေကိုခေါ်ပြီးတော့ လုပ်နိုင်တဲ့ပုဂ္ဂလိကလက်ထဲအပ်နှံပြီးတော့ ဈေးနှုန်းကြီးကြီးနဲ့ ဖြစ်သွားမှာကိုလည်း လွှတ်တော်ကမှတ်တမ်းတစ်ခု ထားပေးဖို့ဖြစ်ပါတယ်။

အဆိုရှင်ကနေပြီးတော့ မော်လမြိုင်-မုဒုံ-သံဖြူဇရပ်-ချောင်းဆုံ ကဲ့သို့သော မဟာဓာတ်အားလိုင်းက နိုင်ငံတစ်နိုင်ငံမှာ အများနည်းတူနှုန်းနဲ့ သွယ်တန်းပေးစေလိုသောသဘောနဲ့ပြောပါတယ်။ သို့သော် ကျွန်တော်တို့ တွေ့ရှိသလောက်တော့ တကယ့်မဟာဓာတ်အားပေးအပိုင်းကိုကျတော့ ပြည်ထောင်စုအစိုးရ၊ လျှပ်စစ်ဝန်ကြီးဌာနကလုပ်ပြီး ပြည်နယ်ရဲ့လုပ်ပိုင်ခွင့် ကတော့ (၁၁)ကေဗွီ (၆၆)ကေဗွီတို့လိုမျိုးကိုကျတော့ ဘဏ္ဍာငွေနဲ့ဆောင်ရွက် နိုင်တဲ့အခြေအနေမျိုးရှိပါတယ်။ ဝန်ကြီးအဖွဲ့ကလည်း ဆောင်ရွက်ပေးတဲ့ အတွက်ကြောင့် အထူးကျေးဇူးတင်ပါတယ်။ ပြည်ထောင်စုဝန်ကြီးကိုလည်း ပြည်နယ်ဝန်ကြီးမှတစ်ဆင့် ကူညီဆောင်ရွက်ပေးဖို့ ကျွန်တော်ထပ်ပြီးတော့ အဆိုကို ထပ်မံထောက်ခံဆွေးနွေးလိုပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

## ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ ရေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာမင်းစိုးလင်း၏ "ရေးမြို့နယ်၌ အရေးတကြီးလိုအပ်နေသောလျှပ်စစ်ဓါတ်အားရရှိရေးအတွက် အမြန်ဆုံး ကူညီဆောင်ရွက်ရန်တိုက်တွန်းကြောင်းအဆို"နှင့်စပ်လျဉ်း၍ ပြည်နယ် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ရေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမင်းစိုးလင်း၏"ရေးမြို့နယ်၌အရေးတကြီးလိုအပ်နေသောလျှပ်စစ် ဓါတ်အားရရှိရေးအတွက်အမြန်ဆုံးကူညီဆောင်ရွက်ရန် တိုက်တွန်းကြောင်း အဆို"နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူရှိပါက ကန့်ကွက်နိုင်ပါတယ်ရှင်။

ကန့်ကွက်မည့်သူရှိပါသလားရှင်။ (၃ကြိမ်မေးမြန်းပါသည်)

ကန့်ကွက်မည့်သူမရှိတဲ့အတွက် ဒီအဆိုကို ပြည်နယ်လွှတ်တော်မှ အတည်ပြုကြောင်း ကြေညာအပ်ပါတယ်ရှင်။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးထွန်းမင်းအောင်၏ "တိုင်းရင်းသားစာပေ သင်ကြားရေးကိစ္စရပ်များထိရောက်အောင်မြင်ရေးအတွက် ဆောင်ရွက် ပေးရန်တိုက်တွန်းကြောင်းအဆို"နှင့်စပ်လျဉ်း၍ အမည်စာရင်းတင်သွင်း ထားသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှဆွေးနွေးခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးထွန်းမင်းအောင်၏"တိုင်းရင်းသားစာပေသင်ကြားရေးကိစ္စရပ်များထိရောက်အောင်မြင်ရေးအတွက်ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်းအဆို"နှင့်စပ်လျဉ်း၍ အမည်စာရင်းတင်သွင်းထားသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အား ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာမင်းစိုးလင်း(ရေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၁)။** လေးစားအပ်ပါသောပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား၊ ကျွန်တော်ကတော့ ရေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာမင်းစိုးလင်းဖြစ်ပါတယ်။ ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးထွန်းမင်းအောင် တင်သွင်းခဲ့တဲ့ **"မွန်ပြည်နယ်အတွင်း တိုင်းရင်းသားများစာပေသင်ကြားရေးကိစ္စများ ပိုမိုထိရောက်လွယ်ကူ အဆင်ပြေစေရေးအတွက် ဆောင်ရွက်ပေးနိုင်ရန်အဆို"**အား ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား၊ ကျွန်တော်တို့ နေထိုင်သောမွန်ပြည်နယ်ဟာ တိုင်းရင်းသားများနေထိုင်တဲ့ ပြည်နယ်တစ်ခုဖြစ်ပြီး မွန်တိုင်းရင်းသားများအပြင် ကရင်၊ ပအိုဝ်းတိုင်းရင်းသားလူမျိုးများလည်း အတူတကွနေထိုင်ကြသည့်အလျောက် လူမျိုးစုများနဲ့ပတ်သက်တဲ့ စာပေယဉ်ကျေးမှုများ မပပျောက်အောင် ထိန်းသိမ်းစောင့်ရှောက်ရမည်မှာ အလွန်ပင်အရေးကြီးတဲ့ ကိစ္စရပ်တစ်ခုဖြစ်ပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းမှာနေထိုင်ခဲ့ကြတဲ့ တိုင်းရင်းသားများထဲက ပျူလူမျိုးများဟာ ဘာသာစကားပျောက်ခဲ့ကြတဲ့အတွက် ယနေ့ဆိုရင်

လူမျိုးလည်းပျောက်ကွယ်ခဲ့ရတဲ့ အဖြစ်အပျက်ကိုကြည့်ခြင်းအားဖြင့် လူမျိုးတစ်မျိုးရဲ့ ဘာသာစကားစာပေဟာ မည်မျှအရေးကြီးကြောင်း ထင်ရှားစွာတွေ့ရှိရမှာဖြစ်ပါတယ်။

တိုင်းရင်းသားစာပေသင်ကြားရေးနဲ့ပတ်သက်ပြီး ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တိုင်းရင်းသားလူမျိုးများအခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေတို့၌ ရေးဆွဲအတည်ပြုပြဋ္ဌာန်းထားခဲ့ပြီးဖြစ်ပါတယ်။ **“စာပေမြင့်မှ လူမျိုးတင့်မည်”** ဆိုတဲ့အတိုင်း တိုင်းရင်းသားလူမျိုးများရဲ့ ကိုယ်ပိုင်စာပေများမြင့်မားအောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ထို့ကြောင့် တိုင်းရင်းသားဘာသာစာပေများအား စာသင်ကျောင်းများ၌ စနစ်တကျထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် တိုင်းရင်းသားဆရာ/ဆရာမများထံမှ တင်ပြလာတဲ့ ယခုအဆိုတွင်ပါရှိသော အချက်(၁၁)သည် အလွန်ပင်သင့်တော်ကြောင်း တွေ့ရှိရပါတယ်။ ယခုအစိုးရသစ်အနေဖြင့် မူဝါဒအသစ်များဖြစ်တဲ့အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီ ဖယ်ဒရယ် ပြည်ထောင်စုဖြစ်ပေါ်ရေးကို ရှေးရှုတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးနဲ့ စပ်လျဉ်းပြီး (၃၀. ၃. ၂၀၁၆)ရက်နေ့၊ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးမှာ နိုင်ငံတော်သမ္မတကြီး ဦးထင်ကျော်ကအဖွင့်မိန့်ခွန်းမြွက်ကြားခဲ့ရာ ကျွန်တော်တို့တိုင်းရင်းသားလူမျိုးများ မျှော်လင့်ချက်အလင်းရောင်ရရှိခဲ့ပါတယ်။ လက်ရှိပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ မူဝါဒလမ်းစဉ်များကိုအကောင်ထည်ဖော်ဆောင်ရွက်ရမည့် တာဝန်ခံမှုပိုင်းဆိုင်ရာ ရှိနေသည့်အတွက် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လက်တွေ့ကူညီဆောင်ရွက်သွားရန် လိုအပ်ပါတယ်။

အပစ်အခတ်ရပ်စဲရေး၊ တိုင်းရင်းသားပညာရေး၊ မိခင်ဘာသာစကားအခြေပြုသင် ကြားရေးသည် “ အောက်ခြေမှစသည့် ဖယ်ဒရယ်ဝါဒ” ဆိုပြီး

Dr Acthley south ၏ schoolling and conflict ethnic education & mother longuage based teaching in myanmar -2016 feb က ရေးသား ပြုစုခဲ့တဲ့ စာတန်းပါအချက်များအရ မြန်မာနိုင်ငံအတွင်းမှာ မိခင်ဘာသာသာ စကား အခြေပြုစာပေသင်ကြားရေးကို အခြေခံတဲ့ဖယ်ဒရယ်စနစ် တည်ဆောက်ပုံဖော်သင့်ကြောင်း အကျယ်တဝင့်ရေးသား ပြုစုခဲ့ပါတယ်။ လက်ရှိ ကျွန်တော်တို့နိုင်ငံရဲ့ ပြည်ထောင်စုစနစ်ဟာ ပထဝီနိုင်ငံရေးအရအခြေခံခြင်း မဟုတ်ပဲ တိုင်းရင်းသားလူမျိုးနွယ်စုများအပေါ် အခြေခံ ပုံဖော်ဖွဲ့စည်းထားသည့် နိုင်ငံဖြစ်တာနဲ့အညီ တိုင်းရင်းသားလူမျိုးများ ထာဝစဉ်အတူတကွယှဉ်တွဲ နေထိုင်ရေးနဲ့ ငြိမ်းချမ်းရေးတည်ဆောက်နိုင်သည့်လမ်းစ ဖြစ်ပေါ်စေမည့် တိုင်းရင်းသားလူမျိုးများရဲ့ စာပေသင်ကြားမှုဆိုင်ရာ အခွင့်အရေးများကို အပြည့်အဝကူညီဆောင်ရွက်နိုင်မှသာ အခြေခိုင်မည့် ဖယ်ဒရယ်ပြည်ထောင်စု စနစ်ပုံပေါ်လာနိုင်မည်ဟု ခိုင်မာစွာလက်ခံယုံကြည်ပါသဖြင့် အဆိုရှင် ဦးထွန်းမင်းအောင် တင်သွင်းခဲ့တဲ့ **"မွန်ပြည်နယ်အတွင်း တိုင်းရင်းသားများ စာပေသင်ကြားရေး ကိစ္စများ ပိုမိုထိရောက်လွယ်ကူအဆင်ပြေစေရေး အတွက် ဆောင်ရွက်ပေးနိုင်ရန်အဆို"**ကို လေးလေးနက်နက်ထောက်ခံ ပါကြောင်း ယနေ့လွှတ်တော်အစည်းအဝေးမှ အတည်ပြုသင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဒီအဆိုနှင့်ပတ်သက်၍ လူမှုရေးဝန်ကြီး၊ဒေါက်တာထိန်လင်းအား ဆွေးနွေးပေးဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာထိန်လင်း(လူမှုရေးဝန်ကြီး)။** လေးစားအပ်ပါသောပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ကျွန်တော်ကတော့ မော်လမြိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင်၊ လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်းဖြစ်ပါတယ်။ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးထွန်းမင်းအောင် တင်သွင်းသည့် မွန်ပြည်နယ်အတွင်း တိုင်းရင်းသားများစာပေသင်ကြားရေးကိစ္စများ ပိုမိုထိရောက်လွယ်ကူအဆင်ပြေစေရေး အတွက် ဆောင်ရွက်ပေးနိုင်ရန်အဆိုနှင့် ပတ်သက်၍ တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်-

- တိုင်းရင်းသားစာပေကို ကျောင်းချိန်အတွင်းရှိဖွံ့ဖြိုးရေးအချိန်တွင် သင်ကြားခွင့်ပြုရန်၊ စာသင်ကြားမှုအဆင်ပြေစေရန်အတွက်၎င်းဖွံ့ဖြိုးရေးအချိန်ကို ညနေပိုင်းကျောင်းချိန်၏နောက်ဆုံးအချိန်အဖြစ်သတ်မှတ်ပေးရန်၊
- ပညာရေးဝန်ကြီးဌာနမှထောက်ပံ့ပေးသော ထောက်ပံ့ကြေး(၃၀၀၀၀/-) ကျပ်သည် ပြင်ပမှလာရောက်သင်ကြားရသော တိုင်းရင်းသားဘာသာပြဆရာ/ ဆရာမများအတွက် အလွန်ပင်နည်းပါးသည့်အတွက်ပိုမိုတိုး၍ ထောက်ပံ့ပေးရန်၊
- ယခင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ပေးအပ်ခဲ့သော ထောက်ပံ့ကြေး (၃၀၀၀၀/-)ကျပ်မှာ လစဉ်မရဘဲ နောက်ဆုံးမှ (၉)လစာ ပေါင်းပေးသော စနစ်ကြောင့် ပြင်ပမှလာရောက်သင်ကြားပေးသော တိုင်းရင်းသားဘာသာပြ ဆရာ/ဆရာမ များအတွက်အလွန်ပင်နစ်နာခဲ့ရပါတယ်။ သို့ပါ၍ ယခုနှစ် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစ၍ ပေးအပ်မည့် ထောက်ပံ့ကြေးအားလစဉ် လကုန်ရက်တွင်ရရှိရန်၊

- တိုင်းရင်းသားစာပေသင်ကြားချိန်တွင် သင်ကြားသည့် ဆရာ/ဆရာမ များအနေဖြင့် ၎င်းတို့လူမျိုးနှင့် သက်ဆိုင်သောတိုင်းရင်းသားဝတ်စုံ ဝတ်ဆင်စေရန်အတွက် သက်ဆိုင်ရာ ကျောင်းများ၊ ဆရာ/ဆရာမ များထံသို့ ညွှန်ကြားချက်ထုတ်ပေးပါရန်၊
- တိုင်းရင်းသားစာပေသင်ကြားပေးနေသော ပြင်ပဆရာ/ဆရာမ များအား ခွဲခြားဆက်ဆံမှုမပြုလုပ်မိစေရန်နှင့် Facility များသုံးစွဲ ရေးတွင် တန်းတူအခွင့်အရေးရရှိစေရန် သက်ဆိုင်ရာကျောင်းများသို့ ညွှန်ကြားချက် ထုတ်ရန်၊
- ကျောင်းသားနှင့်ဆရာအချိုးအစားratioကို ကျောင်းတွင်သင်ကြားသော ပုံစံအတိုင်း သတ်မှတ်ပေးရန်နှင့် ဆရာ/ဆရာမအင်အားကို၎င်းratio နှင့် ဘောင်ဝင်ဆန့်အောင်ခန့်ထားပေးပါရန်၊
- တိုင်းရင်းသားစာပေသင်ကြားရေးပြဋ္ဌာန်းစာအုပ်များကို သက်ဆိုင်ရာ ကျောင်းများသို့ ဖြန့်ဝေရာတွင် စာအုပ်များအချိန်မီရောက်ရှိစေရေးနှင့် သင်ကြား ကျောင်းသူ/ကျောင်းသား အားလုံးရရှိစေရေးဆောင်ရွက် ပေးရန်၊

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ လက်ရှိသင်ရိုးညွှန်းတမ်းအရ စာသင်ချိန် များကို သတ်မှတ်ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ သတ်မှတ်ထားသည့် သင်ရိုး ညွှန်းတမ်း၊ ပုံနှိပ်ညွှန်းတမ်းအတိုင်း၊ သင်ရိုးဝင်၊ တွဲဖက်သင်ရိုးဝင်ဘာသာ ရပ်များအား သင်ချိန်ခွဲဝေမှုအရ တိကျစွာသင်ကြားပေးလျက်ရှိပါတယ်။ တိုင်းရင်းသားစာပေအနေဖြင့် လက်ရှိသင်ရိုးညွှန်းတမ်းတွင်ပါဝင်မှုမရှိခြင်း၊ တိုင်းရင်းသားစာပေသင်ကြားမည့် ဝန်ထမ်းဆရာ/ဆရာမများအနေဖြင့် ကျောင်း၏စာသင်ချိန်အတွင်း သင်ကြားမည်ဆိုပါက လက်ရှိလစာအပြင် အပို

ထောက်ပံ့ကြေးကိုလည်း ကျောင်းစာသင်ချိန်အတွင်းရရှိသည့်သဘော သက်ရောက်လျက်ရှိခြင်း၊ ကျောင်း၏ဖွံ့ဖြိုးရေးချိန်မှာတစ်ပတ်တစ်ရက်သာ ရှိသည့်အတွက်ကြောင့် တိုင်းရင်းသားစာပေကို ကျောင်း၏ဖွံ့ဖြိုးရေးချိန်တွင် သင်ကြားမည်ဆိုပါက တစ်ပတ်တစ်ကြိမ်သာသင်ကြားပေးနိုင်မည့် သဘော ဖြစ်နေခြင်းတို့ကြောင့် တိုင်းရင်းသားဘာသာစကားသင်ကြားမှုအတွက် တစ်ဆက်တည်း ဆက်လက်သင်ကြားလိုသူများမှ အဆင်ပြေစွာသင်ယူနိုင်ရန် ညှိနှိုင်းသင်ကြားခြင်းဖြစ်ပါတယ်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံအဝှမ်း၊ တိုင်းဒေသကြီး/ပြည်နယ်အားလုံးရှိ တိုင်းရင်းသားဘာသာသင်ကြားနေကြသည့် ဆရာ/ဆရာမများ၏ ထောက်ပံ့ ကြေးမှာတစ်လလျှင်(၃၀၀၀၀)ကျပ်ဖြင့် တစ်ပြေးညီထောက်ပံ့ပေးခြင်း ဖြစ်ပါတယ်။ အကယ်၍ဆရာ/ဆရာမများကို ထောက်ပံ့ကြေးပေးရန် ပြည်ထောင်စုပညာရေးဝန်ကြီးဌာနမှ ဘတ်ဂျက်ပိုမိုရရှိပါက ပိုမိုတိုး၍ ထောက်ပံ့ သွားမည်ဖြစ်ပါတယ်။

ပြည်ထောင်စုပညာရေးဝန်ကြီးထံလည်း တိုင်းရင်းသားစာပေသင်ကြားရေး၊ ထောက်ပံ့ကြေးလစဉ်ပေးနိုင်ရေးအတွက် ညှိနှိုင်းတင်ပြထားပြီးဖြစ်ပါတယ်။

တိုင်းရင်းသားစာပေသင်ကြားချိန်တွင် သင်ကြားသည့်ဆရာ/ဆရာမများ အနေဖြင့် အများစု၏ဆန္ဒအရ ၎င်းတို့၏လူမျိုးနှင့်သက်ဆိုင်သောတိုင်းရင်းသား ဝတ်စုံကု ဝတ်ဆင်၍သင်ကြားလိုပါကသင်ကြားနိုင်ပါတယ်။ကျောင်းများတွင် သင်ကြားသင်ယူမှု ပတ်ဝန်းကျင်ကောင်းဖန်တီးဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာကျောင်းအုပ်ကြီးများ သိရှိလိုက်နာထားကြပြီးဖြစ်ပါတယ်။

တိုင်းရင်းသားစာပေသင်ကြားမှုဆောင်ရွက်ရာတွင် ကျောင်းသား(၃၀)ဦးရှိက စာသင်ခန်းတစ်ခန်းအဖြစ် သတ်မှတ်ခွင့်ရှိပြီး ဆရာတစ်ဦးဖြင့် သင်ကြားနိုင်ရန် စီစဉ်ထားရှိပါတယ်။ တိုင်းရင်းသားစာပေသင်ကြားရေး ပြဋ္ဌာန်းစာအုပ်အချိန်မိ

ရောက်ရှိရေး၊ ကျောင်းသားအားလုံးရရှိရေးကို သက်ဆိုင်ရာပညာရေးဦးစီးဌာနကဆောင်ရွက်နေပါတယ်။

တိုင်းရင်းသားစာပေသင်ကြားရေးတွင် ဆုချီးမြှင့်ရေး၊ နယ်မြေခံသင်ကြားရေးဆရာရရှိရေးကို ကျောင်းအုပ်ကြီး၊ မိဘဆရာအသင်း ကျောင်းအကျိုးဆောင်၊ ရပ်မိရပ်ဖစေတနာရှင်များ တိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့များအကူအညီဖြင့် ဆောင်ရွက်ကြရပါတယ်။ တိုင်းရင်းသားစာပေသင်ကြားရန် ခန့်အပ်ပြီးသောဆရာ/ဆရာမများအားသင်ကြားခွင့် အသိအမှတ်ပြုလွှာ (Certificate) သော်လည်းကောင်း၊ သက်ဆိုင်ရာပညာရေးဦးစီးဌာနမှ ထုတ်ပေးရန်ဆောင်ရွက်စေမည်ဖြစ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဒီအဆိုနဲ့ပတ်သက်ပြီး အမည်စာရင်းတင်သွင်းထားသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမင်းအောင်မွန်(ကျိုက်မရောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၂)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား၊ ကျွန်တော်ကတော့ ကျိုက်မရောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးမင်းအောင်မွန်ဖြစ်ပါတယ်။ပေါင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးထွန်းမင်းအောင် တင်သွင်းသွားတဲ့ **“မွန်ပြည်နယ်အတွင်း တိုင်းရင်းသားများစာပေသင်ကြားရေးကို ထိရောက်စွာ ဆောင်ရွက်ပေးရေး အဆို”**ကို ပြည်နယ်လွှတ်တော်မှ အတည်ပြုသင့်ပါကြောင်း ကျွန်တော့်အနေနဲ့ ထောက်ခံတင်ပြလိုပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွကြွရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)ပါ ပုဒ်မ(၂၂)အရ နိုင်ငံတော်သည် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားသလို၊ အခန်း(၈)၊ ပုဒ်မ(၃၅၄)၊ ပုဒ်မခွဲ(ဃ)အရ တိုင်းရင်းသားလူမျိုးတစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်းကိုလည်းကောင်း၊ အခြားဘာသာသာသနာကိုလည်းကောင်း၊ ထိခိုက်နစ်နာမှုမရှိစေဘဲ မိမိချစ်ခင်မြတ်နိုးသည့်စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့် ဘာသာသာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားပါတယ်။

ပြီးခဲ့သည့် လွှတ်တော်သက်တမ်းကာလအတွင်း တိုင်းရင်းသားစာပေ သင်ကြားခွင့်ရရှိနိုင်ရေးအတွက် အကြိမ်ကြိမ်တင်ပြတောင်းဆိုခဲ့ကြပါတယ်၊ တဖက်တွင်လည်း ပြည်ထောင်စုလွှတ်တော်မှ အမျိုးသားပညာရေးဥပဒေကိုလည်း အတည်ပြုပြဋ္ဌာန်းခဲ့ပါတယ်။ အဆိုပါ ဥပဒေအရ တိုင်းရင်းသားအကြား မိခင်ဘာသာစကားအခြေပြုသင်ကြားခွင့်ရရှိနိုင်ရေးအတွက် အခန်း (၇)၊ ပုဒ်မ (၄၃)အရ ပြဋ္ဌာန်းထားပါတယ်။ ဥပဒေအား အကောင်ထည်ဖော်ဆောင်ရွက်မှု အားကောင်းမှသာလျှင် ဥပဒေပါအခွင့်အရေးများကို အတိအကျရရှိမည်ဖြစ်ပါတယ်။ မနှစ်တစ်နှစ်က အစိုးရကျောင်းများမှာ မွန်၊ ကရင်၊ ပအိုဝ်းစာပေများကို သင်ကြားခွင့်ပြုခဲ့ပါသော်လည်း အခက်အခဲအကြပ်အတည်းများရှိနေဆဲပဲ ဖြစ်ပါတယ်။ သက်ဆိုင်ရာ ပညာရေးဌာနဝန်ထမ်းများရဲ့ ကူညီပံ့ပိုးမှုနှင့်စေတနာရှိမှုကလည်း အလွန်အရေးကြီးလှပါပေတယ်။ အဆိုရှင်ရဲ့ တင်ပြပါအတိုင်း မကြာခင်စတင်တော့မယ့် ပညာရေးနှစ်အတွင်းမှာ ယခင်က တွေ့ကြုံခဲ့ရတဲ့ အခက်အခဲအကြပ်အတည်းများကို အောင်မြင်စွာ ကျော်လွှား

နိုင်ရေးနှင့်အောင်မြင်ထိရောက်တဲ့ တိုင်းရင်းသား စာပေသင်ကြားရေးကို လက်တွေ့ကျကျ ဆောင်ရွက်ပေးရန်တိုက်တွန်းကြောင်းအဆိုကို ပြည်နယ်လွှတ်တော်က အတည်ပြုသင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

## မွန်ပြည်နယ်အတွင်း တိုင်းရင်းသားများစာပေသင်ကြားရေးကို ထိရောက်စွာ ဆောင်ရွက်ပေးရေးအဆိုအား အဆိုရှင်မှပြန်လည်ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးထွန်းမင်းအောင်(အဆိုရှင်)ကို ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးထွန်းမင်းအောင်(ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၁)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြသော လူကြီးမင်းများ ခင်ဗျာ၊ကျွန်တော်ကတော့ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးထွန်းမင်းအောင်ဖြစ်ပါတယ်။ မွန်ပြည်နယ်လွှတ်တော်တွင် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌအနေနဲ့ရော ထမ်းရွက်နေသူဖြစ်ပါတယ်။ ကျွန်တော်တင်သွင်းခဲ့တဲ့ တိုင်းရင်းသားစာပေသင်ကြားရေးကိစ္စရပ်များ ပိုမိုထိရောက်လွယ်ကူ အဆင်ပြေစေရေးအတွက် သက်ဆိုင်ရာအစိုးရများမှ ဆောင်ရွက်ပေး နိုင်ရန် အချက်(၁၁)ချက်ပါဝင်တဲ့အဆိုနဲ့ပတ်သက်ပြီး ထပ်မံဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ မွန်ပြည်နယ်လွှတ်တော်တိုင်းရင်းသားအရေးဆိုင်ရာ ကော်မတီအနေဖြင့် တိုင်းရင်းသားစာပေသင်ကြားနေသော ဆရာ၊ ဆရာမ

များနဲ့တွေ့တဲ့အခါတိုင်း ကျွန်တော်တို့ တောင်းဆိုတဲ့ဒီအချက် (၁၁) ချက်ကို Hightlight လုပ်ပြီးတော့ ကျွန်တော်ရှင်းပြသွားမှာဖြစ်ပါတယ်။ ဘာကြောင့် သူတို့တောင်းဆိုရလဲ။ နံပါတ်(၁)၊ တိုင်းရင်းသားစာပေကို ကျောင်းချိန် အတွင်းရှိ ဖွံ့ဖြိုးရေးအချိန်မှာ သင်ကြားခွင့်ပြုရန်၊ ကျွန်တော်တို့ မွန်ရော၊ ကရင်ရော၊ ပအိုဝ်းရော တွေ့တဲ့ဆရာမအားလုံးက တစ်ညီတစ်ညွတ်တည်း ဘာကြောင့်ဒီဥစ္စာ၊ ဒီ Issue က အရေးကြီးလဲလို့၊ သူတို့ပြောတဲ့ Reasonက သူတို့သည် ညနေကျောင်းလွှတ်မှသင်လို့ရှိရင် ကလေးကိုစုစည်းဖို့မလွယ်ဘူး၊ ဘာလို့လဲဆိုတော့ ကလေးတွေက ပြန်ချင်တယ်။ တစ်ချို့ကလည်း တစ်ခြား ကလေးတွေဆော့တာကို ဆော့ချင်တယ်။ ပထမနှစ်စမှာ ကျောင်းတစ်ကျောင်း ဟာဆိုလို့ရှိရင် ကျောင်းသား(၁၂၀)လောက် သင်ကြားနိုင်ပေမယ့်လို့ နောက် လပိုင်းပဲကြာတော့တယ်။ ကျောင်းသားဟာ(၂၅)ယောက်ပဲ ကျန်တော့တယ်။ ကျွန်တော်တို့ဒါ (၃)နာရီနောက်ပိုင်းသင်တဲ့အားနည်းချက်ပေ့ါ။ နောက်တစ်ခုက တစ်ချို့နေ့တွေမှာ ဆရာမအကြောင်းကြောင်းကြောင့် သုံးလေးမိနစ်ပဲ နောက်ကျတာကို ကလေးတွေတစ်ယောက်မှမရှိဘူး၊ အစကတည်းက ကျောင်းချိန်နောက်ပိုင်းဆို ကလေးတွေဟာစုစည်းဖို့ မလွယ်တဲ့အခက်အခဲတွေ ရှိနေတာကြောင့် အဆင်မပြေဘူး။ နောက်တစ်ခုက ဖွံ့ဖြိုးရေးအချိန်ကို သင်ဖို့ အတွက် ကျွန်တော်တို့တိုင်းရင်းသားတွေက ခွင့်တောင်းနေရတယ်ဆိုတော့၊ အဓိက Major သင်္ချာ၊ အင်္ဂလိပ်အချိန်ကို တောင်းဆိုတာပေ့ါ၊ ဖွံ့ဖြိုးရေး အချိန်ကို ဘာကြောင့် တောင်းဆိုဖြစ်သွားလည်း ဆိုတော့ ကျွန်တော်တို့ သီးသန့်တိုင်းရင်းသားရေးရာကော်မတီအစည်းအဝေးမှာ ကျွန်တော်တို့ပြည်နယ် ပညာရေးဌာနက ပတ်သက်တဲ့ဝန်ကြီးဖြစ်တဲ့ ဒေါက်တာထိန်လင်း၊ ပြီးလို့ ရှိရင် ပြည်နယ်ပညာရေးမှူးကို ကျွန်တော်တို့ဖိတ်ပါတယ်။ အဲ့ဒီနေ့မှာ ဒေါက်တာထိန်လင်းအကြောင်းတစ်စုံတစ်ရာကြောင့် မတက်ရောက်နိုင်ဘူး။ ပြီးရင်ပြည်နယ်ပညာရေးမှူးကလည်း အကြောင်းတစ်စုံတစ်ရာကြောင့်

ငွေဆောင်ရောက်နေတဲ့အတွက်ကြောင့် မတတ်နိုင်ဘူး။ နောက်အဲ့ဒါကို ဒုတိယညွှန်ကြားရေးမှူးတစ်ယောက်လွှတ်လာတယ်။ အဲ့ဒီအမျိုးသမီး ဆရာမက အကြံပေးတယ်၊ ကျွန်တော်တို့ကို ဒီဖွံ့ဖြိုးရေးအချိန်ရှိတယ်၊ ဖွံ့ဖြိုးရေး အချိန်မှာဆိုလို့ရှိရင်ဒါ Minor အချိန်ဆိုတော့ အားကစား လုပ်ချင်လုပ်၊ တိုင်းရင်းသားတွေအတွက်စာသင်ချင်သင်ပေ့ါ၊ အဲ့ဒီအချိန် အဆင်ပြေတယ်လို့ သူကကျွန်တော်တို့ကို အကြံပြုတယ်။

ပြီးတော့ အဲ့ဒီအကြံပြုချက်နဲ့ ဒါဆိုလို့ရှိရင် Curriculum မှာ အဲ့ဒါ အဆင်ပြေရင် အဆင်ပြေတယ်။ အဆင်ပြေတဲ့အတွက်ကြောင့်ကျွန်တော်တို့ တိုင်းရင်းသားကော်မတီကလည်းဒါကို ကျွန်တော်တို့ ဆရာ၊ ဆရာမတွေနဲ့ တွေ့တဲ့အချိန်မှာ ကျွန်တော်တို့ချပြတယ်။ အဲ့ဒါဆိုအဆင်ပြေတာပေ့ါ၊ အဲ့ဒီရဲ့ အပေါ်မှာမူတည်ပြီး ကျွန်တော်တို့တောင်းဆိုခြင်းဖြစ်တယ်။ အဲ့ဒါကြောင့် ဖွံ့ဖြိုးရေးအချိန်ကို ကျွန်တော်တို့တောင်းဆိုတဲ့ရည်ရွယ်ချက်နံပါတ်(၂)က ပညာရေးဝန်ကြီးဌာနကထောက်ပံ့ပေးတဲ့ သုံးသောင်းကျပ်ဟာ ပြင်ပက လာရောက်သင်ကြားတဲ့ တိုင်းရင်းသားဘာသာပြဆရာ၊ ဆရာမတွေအတွက် အလွန်ပင်နည်းပါးတဲ့အတွက်ကြောင့် သူတို့ဒါကအထူးပြောစရာမလိုပါဘူး။ ဒီနေ့ခေတ်ကာလ ကုန်ဈေးနှုန်းနဲ့နှိုင်းလို့ရှိရင် အလွန်နည်းပါးနေပါတယ်။ ပြီးရင်ကျွန်တော်တို့ သတင်းတွေမှာလည်းကြားနေရပါတယ်၊ ကျွန်တော်တို့ ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းဆရာ၊ ဆရာမတွေကို ပြည်ထောင်စု အစိုးရကနှစ်ဆပေးပြီး၊ အရင်တုန်းက (၃၆၀၀၀)ဆို နှစ်ဆပေးပြီး တိုးပေး တော့မယ်လို့လည်း အဲ့ဒီလိုအသံလည်းပဲ ကျွန်တော်တို့ပြည်ထောင်စုဝန်ကြီးက နေပြောတာကို ကြားသိခဲ့ရပါတယ်။

အဲ့ဒီလိုမျိုးပဲ တိုင်းရင်းသားဆရာ၊ ဆရာမတွေအတွက်၊ ပြင်ပဆရာ၊ ဆရာမတွေအတွက် အလွန်ပင်နည်းပါးတဲ့အတွက်ကြောင့် ပိုမိုတိုးပေးဖို့

အတွက် သူတို့တောင်းဆိုတယ်။ ဒါပေမယ့် သူတို့သင်နေတဲ့ဥစ္စာက သူတို့ဘဝ၊ သူတို့ရဲ့ဒီတစ်နှစ်တာကိုရင်းပြီးတော့ သုံးသောင်းနဲ့သွားသင်တယ်ဆိုတာက ကျွန်တော်တို့သာမန်စိတ်နဲ့မဟုတ်ပါဘူး။ အင်မတန်မှ ကိုယ့်ရဲ့ဘာသာ၊ စာပေ၊ စကားမပျောက်ပျက်ရလေအောင် သူတို့ခမျာမျိုးချစ်စိတ်ကိုအခြေခံပြီးတော့သွားသင်တာ၊ မျိုးချစ်စိတ်အခြေခံမရှိရင် ဘယ်သူမှသင်မနိုင်ပါဘူး၊ ကျွန်တော်တို့လည်းမသင်နိုင်ပါဘူး သုံးသောင်းနဲ့ မျိုးချစ်စိတ်အခြေခံနဲ့ သင်နေတာပါ၊ ဒါကိုဘယ်လောက်ထောက်ပံ့ပေးမယ်။ ပိုပြီးထောက်ပံ့ပေးပါလို့ သူတို့မတောင်းဆိုပါဘူး။

နံပါတ်(၃)အချက်၊ သူတို့တောင်းဆိုထားတဲ့ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာ ပေးအပ်ခဲ့တဲ့ ထောက်ပံ့ကြေးသုံးသောင်းကျပ်ဟာ လစဥ်မရရှိခဲ့ပါဘူး။ (၉)လပေါင်းပေးတယ်၊ အဲ့ဒီရဲ့စနစ်ဟာ ဘယ်လိုမှအဆင်မပြေဘူးဆိုတာ လူတိုင်းသိတယ်၊ အဲ့ဒီအတွက်ကြောင့်လည်း ကျွန်တော်တို့ ခုနကဝန်ကြီးဖြေသွားပြီ။ ဒီဥစ္စာသူညှိနှိုင်းပေးမယ်။ နံပါတ်(၄)က တိုင်းရင်းသားစာပေသင်ကြားတဲ့အချိန်မှာ သင်ကြားတဲ့ဆရာ၊ ဆရာမတွေနဲ့ သူတို့ရဲ့လူမျိုးနဲ့သက်ဆိုင်တဲ့ ဝတ်စုံကိုဝတ်စေချင်တယ်။ အဲ့ဒါကဘာကြောင့်သူတို့တောင်းဆိုလည်းဆိုတော့ ဒီလိုမျိုးသရုပ်ဆောင်တဲ့အချိန်မှာ ကျွန်တော်တို့ ဥပမာ-ရုပ်ရှင်ဇာတ်ကားမှာတောင်မှ လူကြမ်းပုံစံသရုပ်ဆောင်တာ ခေါင်းပေါင်းမပေါင်းထားဘူး။ သူကလူကြမ်းပုံစံ၊ မင်းသားဆိုရင်မင်းသားပုံစံ၊ အဲ့ဒီလိုပဲတိုင်းရင်းသားစာပေသင်ကြားတဲ့အချိန်က ဆရာ၊ ဆရာမဆိုတာ ကျောင်းသားရဲ့ ဘယ်လိုခေါ်မလဲဆိုတော့ ကျောင်းသားရဲ့အတုမြင်အတတ်သင်သူ လေးစားအားကိုးရတဲ့ပုဂ္ဂိုလ်တွေဖြစ်တဲ့အတွက်ကြောင့် ဆရာမတွေက ရှေ့ဆောင်လမ်းပြ၊ သူတို့ရဲ့တိုင်းရင်းသားဝတ်စုံကို ဝတ်ဆင်လိုက်တဲ့အတွက်ကြောင့်ကလေးသူငယ်တွေရဲ့နုစဥ်၊ ငယ်ရွယ်စဥ်ဘဝမှာ သူတို့ရဲ့ Mindset မှာ

ဒါငါတို့ တိုင်းရင်းသားဝတ်စုံပါလားဆိုပြီးတော့၊ နောက်ပြီးတော့ စာပေသင်တဲ့အချိန်လည်း အပ်စပ်တဲ့အတွက်ကြောင့် တောင်းဆိုရခြင်းဖြစ်ပါတယ်။ ဘာမှလည်းသိပ်ပြီးတော့ အခက်အခဲမရှိဘူးလို့ သူတို့ကတင်ပြတယ်။ အတွင်းဆရာ၊ ဆရာမတွေကိုယ်တိုင်ပါတယ်။ ကျွန်တော်တို့အစည်းအဝေးလုပ်တဲ့အချိန်မှာ ဘာလို့လဲဆိုတော့ မျိုးချစ်စိတ်ဓါတ်ရှိပြီးသားဖြစ်တဲ့အတွက်ကြောင့် အတွင်းဆရာ၊ ဆရာမလည်း ကျောင်းကိုလာရင်းနဲ့သူက တိုင်းရင်းသားဝတ်စုံတစ်စုံကို ဘတ်အိတ်ထဲထည့်လာမယ်၊ အခက်အခဲမရှိပါဘူးခင်ဗျ၊ အဲ့ဒီအချိန်မှာ သူကဝတ်စုံလဲပြီး သင်လို့ရတယ်။ အဲ့ဒီအတွက်ကြောင့် တောင်းဆိုတယ်။

ပြီးရင်ကျွန်တော်တို့ နံပါတ်(၅)၊ တိုင်းရင်းသားဘာသာစာပေသင်ကြားတဲ့ပြင်ပဆရာ၊ ဆရာမတွေကို ခွဲခြားဆက်ဆံဖို့မပြုလုပ်မိစေရန်၊ ကျောင်း Facilities တွေကို သုံးစွဲခွင့်ရရှိရေးပေ့ါ၊ တစ်ချို့ကျောင်းတွေမှာ ပြင်ပသင်ဆရာ၊ ဆရာမတွေကတိုင်းရင်းသားစာပေသွားသင်တဲ့အချိန်မှာ မြေဖြူခဲဖွက်ထားတာ၊ Daster ကမရှိဘူး၊ အဲ့လိုမျိုးတွေ၊ ဒါကျွန်တော်တို့ တိုင်းရင်းသားကော်မတီကိုတင်ပြတဲ့ ဆရာ၊ ဆရာမတွေရှိတဲ့အတွက်ကြောင့် ဒါကိုညွှန်ပေးဖို့အတွက်ပေ့ါလေ၊ ဒါက အခြေခံဥပဒေအခန်း(၈)မှာနိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနဲ့တာဝန်များမှာ ပုဒ်မ ၃၄၈မှာ “နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲ ချမ်းသာတို့ကို အကြောင်းပြု၍ခွဲခြားမှုမရှိစေရ” တဲ့၊ ဒါပြဋ္ဌာန်းထားပြီးသား၊ ဒါကြောင့် ခွဲခြားမှုမပြုလုပ်ဖို့အတွက် ပညာရေးဌာနကကူညီပေးဖို့၊ နံပါတ်(၆)က ကျွန်တော်တို့ ကျောင်းဆရာ၊ ဆရာမ Ratio ကမမျှဘူး၊ တစ်ချို့ကျောင်းမှာ အယောက်ကိုးဆယ်သင်ကြတယ်။ ဆရာမတစ်ယောက်ပြောတာ၊ သူလည်း

အဆင်မပြေတဲ့ဥစ္စာတွေဖြစ်နေတဲ့အတွက်ကြောင့်၊ နံပါတ်(၇)ကတိုင်းရင်းသား စာပေသင်ကြားရေးပြဋ္ဌာန်းစာအုပ်အချိန်မီရောက်ရှိရေး ကျွန်တော်တို့ တောင်းဆိုတယ်။ တိုင်းရင်းသားဆရာ၊ ဆရာမတွေလက်ရှိဖြစ်ပျက်နေတဲ့ မနေ့ကကျွန်တော့်ကို တိုင်းရင်းသားစာပေယဉ်ကျေးမှုက မုဒ္ဒုံဖက်က ဖုန်းဆက်တယ်။ အခုထိစာအုပ်တောင်မရသေးဘူး။ Highlight ကျွန်တော် လုပ်ပြတာ၊ ဒါမျိုးတွေဖြစ်မှာကြောက်လို့ ကျွန်တော်တို့က တောင်းဆိုလာတယ်။

နံပါတ်(၈)၊ ရေးဖြေရမှတ်တွေကို ဘာကြောင့်စာသင်ကျောင်းတွေ ပညာရည်ချွန်ဆုပေးပွဲမှာ ထည့်သွင်းပေးဖို့ဆရာ၊ ဆရာမတွေတောင်းဆိုလည်းဆိုတော့ ကလေးတွေကို Encouragement လုပ်တာ၊ ပိုပြီးတော့တက်ကြွလာအောင်၊ သူတို့ကိုလည်းအသိအမှတ်ပြုတယ်၊ တိုင်းရင်းသားတွေကို ဘာသာစာပေသင်ကြားရေးကိစ္စကို ပ၊ ဒု၊ တ အမှတ်အများဆုံးရတဲ့အတွက်ကြောင့် ထည့်သွင်းပေးဖို့တောင်းဆိုတယ်။ ပြီးရင်ကျွန်တော်တို့နယ်မြေခံ ဆရာ၊ ဆရာမတွေကို ပိုပြီးဦးစားပေးဖို့ ဘာဖြစ်လို့လည်းဆိုတော့ တိုင်းရင်းသားစာပေသင်ကြားရေးဆရာ၊ ဆရာမတွေက သူတို့ကအလုပ်အကိုင်လည်း လောလောဆယ်ဆယ်မရှိသေးတဲ့အချိန်မှာ သူတို့လည်းမျိုးချစ်စိတ်ရှိတဲ့အတွက်ကြောင့် သင်ပေးချင်တယ်။ ပြီးရင်အတွင်းဆရာမက ကျောင်းစာတွေလည်း ရှိတယ်။ သူလည်းလခရပြီးသားဆိုတော့ အဆင်ပြေတယ်၊ အဲ့ဒီအတွက်ကြောင့်တောင်းဆိုတယ်။

နံပါတ်(၁၀)၊ အကယ်၍ အဲ့ဒီရွာမှာပြင်ပသင်တဲ့ ဆရာ၊ ဆရာမ မလုံလောက်ဘူး၊ အတွင်းဆရာမက သူကမွန်စာသင်နိုင်တယ်၊ အဲ့ဒါသူ့ကို ခန့်လို့ရပါတယ်။ အဲ့ဒီလိုမျိုးအပြင်ကအင်အားမလုံလောက်မှ အတွင်းကို ခန့်ပေးဖို့တောင်းဆိုတာပါ။ ပြီးရင် Certificate ထုတ်ပေးမယ်ဆိုတာ ခုနက ပြောထားပြီးပြီ၊ ထူးခြားချက်တစ်ခုက ဟိုတစ်နေ့ကဖြစ်လာတာက

ကျွန်တော်တို့တိုင်းရင်းသားစာပေသင်ကြားရေးနဲ့ပတ်သက်ပြီးတော့ မော်လမြိုင်ခရိုင်ပညာရေးမှူးရုံးရဲ့စာတစ်စောင်ကို ကျွန်တော်တို့ မြို့နယ်ပညာရေးမှူးရုံးကတစ်ဆင့် ကျောင်းတွေကိုဖြန့်ဖို့အတွက် ရောက်သွားတဲ့အချိန်မှာမုဒုံမြို့နယ်ဖက်ကဘဲ ကျွန်တော့်ဆီစာရောက်လာတယ်။ ကျွန်တော်တို့တိုင်းရင်းသား ကော်မတီကို သူတို့ကပြတာပေါ့၊ ဘာလို့လဲဆိုတော့ ညွှန်ကြားချက်ရေးထားတဲ့စာက အင်မတန်အဆင်မပြေပါဘူး။ ဘာရေးထားလဲဆိုတော့ "အထက်ပါအကြောင်းအရာကိစ္စနှင့်ပတ်သက်၍မုဒုံမြို့နယ်မှာ တိုင်းရင်းသားမွန်စာပေသင်ကြားလိုသည့်ကျောင်းများသည် အောက်ပါပုံစံနှင့်ဖြည့်စွက်၍ ဤရုံးသို့ (၂-၆-၂၀၁၆)ရက်ထက် နောက်ဆုံးထား မပျက်မကွက်ပေးပို့ကြရန် အကြောင်းကြားပါတယ်"။ ကျောင်းသားတွေကဘယ်လိုမှစာရင်းချက်ချင်းရဖို့ဆိုတာ အဆင်မပြေဘူး။ ဘာကြောင့်ဆို အခုမှကျောင်းဖွင့်တယ်၊ ကလေးတွေရဲ့သဘောထားတွေ မေးရဦးမယ်။ ပြီးရင်တစ်ခါ ကျောင်းသားကျောင်းသူစာရင်းကလည်း ပြောင်းနိုင်တယ်။ ဆရာ၊ ဆရာမစာရင်း ကလည်းပြောင်းနိုင်တယ်။ မနှစ်ကမွန်စာသင်ပေးတဲ့ဆရာမ ဒီနှစ်ကယိုးဒယားကို ရောက်ရင်ရောက်မယ်။ သူကချက်ချင်းတောင်းတယ်။ ကျောင်းဆရာ၊ ဆရာမစာရင်း၊ ပြီးရင်ကျောင်းသား၊ ကျောင်းသူစာရင်း၊ ပြီးလို့ရှိရင်ကျောင်းအရေအတွက် စာရင်း၊ ကျောင်းကတိုးရင်လည်း တိုးလာနိုင်တယ်။ နောက်ဒုတိယအချက်ကပိုပြီးတော့ လက်မခံနိုင်စရာ၊ ကျွန်တော်ကိုယ်တိုင်တောင်မှ ကျွန်တော် Personal သည် အင်မတန်မှ ကိုယ်တိုင်စိတ်မကောင်းဖြစ်တယ်။ လက်လည်းမခံနိုင်ဘူး၊ သတ်မှတ်ရက်ကျော်လွန်မှပေးပို့လာသောကျောင်းများကို လုံးဝကွင်းစကွင်းပိတ်နဲ့ Bold တင်ထားတယ်။ လုံးဝလက်ခံပေးသွားမည်မဟုတ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်တဲ့ ဒီဥစ္စာက ဒါမဖြစ်သင့်ဘူးလို့ကျွန်တော်ထင်တယ်။ ကျွန်တော်ဒီစာရရချင်း ဝန်ကြီးကိုပြောတယ်။ ဝန်ကြီးတို့ဒါကိုသိလားလို့ ဝန်ကြီးကမသိဘူး၊

ဒါဘာကိုပြလဲဆိုတော့ ကျွန်တော်တို့ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးက မသိဘဲနဲ့ အောက်ခြေဌာန Sreve ဝန်ထမ်းတွေက စာထုတ်ရင် ကျွန်တော်တို့ အခုတိုင်းရင်းသားတွေနဲ့ အမျိုးသားရင်ကြားစေ့စည်းလုံးနေတယ်။ အောက်က တစ်မျိုးမြင်နိုင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီလူမှုရေးဝန်ကြီး အောက်ရှိ ပြည်နယ်ပညာရေးမှူးရုံးက လူမှုရေးဝန်ကြီးက ဒါကိုသိဖို့သူတို့ တင်ပြ သင့်တယ်၊ တစ်ခုခုထုတ်ပြန်လို့ရှိရင် ဒါကရှေ့ကို အဲ့ဒီလိုမျိုးမဖြစ်အောင် နှုတ်နဲ့ကျွန်တော်ပြောတယ်။ လွှတ်တော်ကနေတစ်ဆင့်လည်း ကျွန်တော် တိုက်တွန်းတယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကိုလည်း ကျွန်တော် စာတင် ပြီးသွားပြီ၊ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ တစ်လလောက်အချိန်ပေးဖို့၊ အမည် စာရင်းတွေပို့ဖို့ပေါ့၊ ဝန်ကြီးကလည်း သူကအဆင်ပြေတယ်။ သူလည်း လက်ခံတယ်။ ဘယ်လိုမှမဖြစ်နိုင်ဘူး။ သူလည်းမသိဘူး။ သဘောတရားက အဲ့ဒီလိုမျိုးဖြစ်တဲ့အတွက်ကြောင့် ပြုပြင်ပြောင်းလဲဖို့ပြောင်းလဲချိန်တန်ပြီ၊ လူတွေဟာပြောင်းလဲဖို့ Management အစိုးရအဖွဲ့တွေကို ပြောင်းလဲ လိုက်တယ်။ ဒီအောက်ခြေမှာ Staff တွေကို ပြောင်းဖို့ ပြီးလို့ရှိရင် ဒီမှာ ကျွန်တော်တို့ သက်ဆိုင်ရာဝန်ကြီးတွေကိုလည်း အသိပေးဖို့လိုတယ်။ နောက်မို့ဆိုလို့ရှိရင် Gap ဖြစ်တယ်။ အဲ့ဒါကိုကျွန်တော့်အနေနဲ့ နိဂုံးချုပ် လိုတာကတော့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများအားလုံး တန်းတူ ညီမျှခြင်းနဲ့ မိမိတို့၏နိုင်ငံသားအခွင့်အရေးများ၊ တိုင်းရင်းသားအခွင့်အရေးများ အပြည့်အဝရရှိစေရေးနဲ့ အထက်ဖော်ပြပါ ကျွန်တော်ခုနက ပြောခဲ့တဲ့ အချက်တွေ ကျွန်တော်တင်သွင်းခဲ့တဲ့ အဆိုနဲ့ပတ်သက်ပြီးတော့ အကောင်းဆုံး ဖြစ်အောင် ပြည်နယ်အစိုးရ၊ ပြည်ထောင်စုအစိုးရအနေဖြင့် ၂၀၁၆-၂၀၁၇ စာသင်နှစ်အမီ ထိထိရောက်ရောက်ကူညီ ဆောင်ရွက်ပေးနိုင်ရေးအတည်ပြု ပေးပို့ လွှတ်တော်ကနေပြီး တိုက်တွန်း ပေးပို့တင်ပြပါတယ်။

ကျေးဇူးတင်ပါတယ်။

**ဦးအောင်ကျော်သူ(သထုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၂)။** လေးစား အပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား၊ ယခုအချိန်သည် (၂)နာရီ ထိုးရန် (၅)မိနစ်သာလိုသည့်အတွက် ကျွန်တော်မနက်ကတင်ပြခဲ့တဲ့ အရေးကြီးအဆိုကို ဆွေးနွေးပေးပါရန် လေးစားစွာတောင်းခံအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** အစီအစဉ်ကို ပြီးအောင်လုပ်လိုက်ပါမယ်။

**ဦးအောင်ကျော်သူ(သထုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၂)။** ဟုတ်ကဲ့။

## ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးထွန်းမင်းအောင်၏“တိုင်းရင်းသား စာပေသင်ကြားရေးကိစ္စရပ်များထိရောက် အောင်မြင်ရေးအတွက်ဆောင်ရွက် ပေးရန် တိုက်တွန်းကြောင်းအဆို”နှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးထွန်းမင်းအောင်၏ “တိုင်းရင်းသားစာပေသင်ကြားရေး ကိစ္စရပ်များထိရောက် အောင်မြင်ရေးအတွက်ဆောင်ရွက်ပေးရန်တိုက်တွန်းကြောင်း အဆို”နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူရှိပါက ကန့်ကွက်နိုင်ပါတယ်။

ကန့်ကွက်မည့်သူရှိပါသလားရှင်။ (၃ကြိမ်မေးမြန်းပါသည်)

ကန့်ကွက်မည့်သူမရှိတဲ့အတွက် ဒီအဆိုကို ပြည်နယ်လွှတ်တော်မှ အတည်ပြုကြောင်း ကြေညာအပ်ပါတယ်ရှင်။

**အချိန်။ ၁၃း၅၆။**

## အရေးကြီးအဆို တင်သွင်းခြင်း

**ဦးအောင်ကျော်သူ(သထုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၂)။** လေးစား အပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား၊ ကျွန်တော်၏ အရေးကြီး အဆိုတင်သွင်းခွင့်ပြုပေးပါရန် လေးစားစွာ တောင်းခံအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား၊ သထုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ဦးအောင်ကျော်သူဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ်လွှတ်တော်၏ ယနေ့အထူးအစည်းအဝေး(ဒုတိယနေ့)တွင် အင်မတန်အရေးကြီးသော အဆိုတစ်ရပ်ကိုတင်သွင်းဆွေးနွေးမည်ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား၊ ကျွန်တော်တို့ မွန်ပြည်နယ်တွင် ပြည်နယ်စီမံကိန်း ကော်မရှင်တစ်ရပ်ကို (၂၅. ၅. ၂၀၁၆)ရက်နေ့တွင်ဖွဲ့စည်းခဲ့ကြောင်း သိရှိ ရပါတယ်။ ထိုပြည်နယ်အဆင့်ကော်မရှင်သည် မွန်ပြည်နယ်အတွင်းရှိ ပြည်သူအားလုံး၏ အကျိုးစီးပွားနှင့်တိုက်ရိုက်သက်ဆိုင်နေသည်မှာ အငြင်း ပွားစရာမရှိပါ။ ၂၀၁၅ခုနှစ်၊ နိုဝင်ဘာ (၈)ရက်နေ့တွင် ကျင်းပပြုလုပ် ခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် မြန်မာနိုင်ငံ၏ အကြီးမားဆုံးအပြောင်းအလဲတစ်ရပ်အနေဖြင့် နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူ

များ၏ လွတ်လပ်သောသဘောဆန္ဒဖြင့် ပြည်သူ့အစိုးရသစ်တစ်ရပ်ကို မဲပေး ရွေးချယ်ခဲ့ပါတယ်။ အံ့သြစရာကောင်းလောက်အောင်ပင် သောင်ပြိုကမ်းပြို အနိုင်ရရှိခဲ့ပြီးဖြစ်ပါတယ်။ သို့ရာတွင် အရပ်သားစစ်စစ်ဦးဆောင်သော အစိုးရသစ်လက်ထက်တွင် အစိုးရအဖွဲ့နှင့်လွှတ်တော်အကြား အပြန်အလှန် လေးစားမှု၊ ထိန်းကျောင်းမှုများဖြင့် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါတယ်။

အစိုးရသည်လည်း အစိုးရအလျောက်၊ လွှတ်တော်သည်လည်းလွှတ်တော် အလျောက် ပြည်သူ့အသံကိုနားထောင်၊ ပြည်သူ့ဆန္ဒကို ဖော်ဆောင်ပေး ရမည့်အဖွဲ့အစည်းများ ဖြစ်သည့်အတွက် ပွင့်လင်းမြင်သာမှုရှိသော ဒီမို ကရေစီစနစ်နှင့်အညီ အများ၏သဘောထား၊ အများ၏ဆန္ဒကို လေးစား လိုက်နာရမည်ဖြစ်ပါတယ်။ သို့သော် ပြည်နယ်အဆင့်ကော်မရှင်ဖွဲ့စည်း ရာတွင် ပြည်သူတို့၏အသံကိုဖော်ဆောင်သည့် လွှတ်တော်၏သဘောထားကို ရယူခဲ့ခြင်းအလျဉ်းမရှိပါ။

၂၀၁၃ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥပဒေ ပုဒ်မ ၈၄တွင် " ပြည်သူက ရွေးချယ် ပေးသော လွှတ်တော်ကိုယ်စားလှယ် များသည် မိမိအားရွေးချယ်ပေးသည့် မဲဆန္ဒနယ်ကို ကိုယ်စားပြုပြီး ဂုဏ်ထူး ဝိသေသနှင့် ပြည့်စုံသောအများက ကြည်ညိုလေးစားထိုက်သည့် ပုဂ္ဂိုလ်များ ဖြစ်သည့်အလျောက် သက်ဆိုင်ရာ မဲဆန္ဒနယ်၌ ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲရာတွင်လည်းကောင်း အုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍတို့နှင့် စပ်လျဉ်း၍ ပြည်သူများ၏ သဘောထားဆန္ဒဖော်ဆောင်ရာတွင် လည်းကောင်း၊ သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများကဖြစ်စေ၊ အာဏာပိုင် ပုဂ္ဂိုလ်က ဖြစ်စေ အလေးထားတိုင်ပင်အပ်သောပုဂ္ဂိုလ်များဖြစ်သည်ဟု မှတ်ယူ ရမည်ဖြစ်သည်"ဟု ပြဋ္ဌာန်းထားရာ ဥပဒေကို မျက်ကွယ်ပြုရာလည်း ရောက် ပါတယ်။ Rule of Law ဖြစ်ဖို့ရန်အတွက် အစိုးရကိုယ်တိုင်က ဥပဒေ

လိုက်နာရန်လိုအပ်ပေသည်။ No One above the Law ဆိုသည့်အတိုင်း ဥပဒေအထက်တွင်လည်း မည်သူမျှမရှိရပါ။

အဆိုပါကော်မရှင်တွင် ပြည်သူများမှမလိုလားသူ၊ သဘောကျနှစ်ခြိုက်ခြင်း မရှိသူများအား ထည့်သွင်းဖွဲ့စည်းထားခြင်းသည် ပြည်သူကိုအလေးမထားရာ ရောက်ပေသည်။ အကြောင်းမှာ (၂. ၆. ၂၀၁၆)ရက်နေ့တွင် မွန်ပြည်နယ် အတွင်းရှိပြည်သူများမှ ကိုယ်စားလှယ်များထံသို့ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ Social Media များမှသော်လည်းကောင်း၊ မကျေနပ်မှုများ၊ ဆူညံသံများ ပေါ်ထွက်လာပါတယ်။ သို့ရာတွင်ငင်းနေ့ရက်၊ ညနေ (၀၆း၀၀) နာရီဝန်းကျင်ခန့်တွင် ဖေ့ဘွတ်စာမျက်နှာမှတစ်ဆင့် ပြင်ဆင်ဖွဲ့စည်းလိုက်သော ကော်မရှင်အဖွဲ့ဝင်များ၏ အမည်စာရင်းကို ပြောင်းလဲဖော်ပြခဲ့ပါတယ်။ ထပ်မံပြောင်းလဲသွားသော အဆိုပါကော်မရှင်အဖွဲ့ အကြောင်းကို အစိုးရ အဖွဲ့ဝင်ဝန်ကြီးအချို့၏ သဘောထားပင်လျှင် ပထမအကြိမ်မှာရော ယခု အကြိမ်မှာပါ တောင်းခံခဲ့ခြင်းမရှိကြောင်း စုံစမ်းမေးမြန်း၍ ကြားသိခဲ့ ရပါတယ်။ ဤအချက်ကို ကြည့်ခြင်းအားဖြင့် တစ်ပြည်နယ်လုံးရှိ ပြည်သူ များ၏ အကျိုးကိုဖော်ဆောင်မည့် ပြည်နယ် အဆင့်အဖွဲ့အစည်းတစ်ရပ်ကို လူပုဂ္ဂိုလ်တစ်ဦးမှ ဖွဲ့စည်းချင်သလိုဖွဲ့စည်း၊ ပြင်ဆင်ချင်သလိုပြင်ဆင်၊ ဖျက်ချင်သလိုဖျက် စိတ်တိုင်းကျစီမံဆောင်ရွက်ခွင့်ရှိပါသလားဆိုသည့် မေးခွန်းများ ပြည်သူများအကြားတွင် ထပ်မံပေါ်ပေါက်ခဲ့ရပါတယ်။ ထိုသို့ အပြုအမူဆောင်ရွက်ချက်ကို လွှတ်တော်မှအချိန်မီ ထိန်းကျောင်းပြုပြင်ရန် လိုအပ်ကြောင်း ဤအဆိုဖြင့် လေးနက်စွာတိုက်တွန်း ဆွေးနွေးအပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးအောင်ကျော်သူ၏ အဆိုကို ပြည်နယ်လွှတ်တော်မှလက်ခံဆွေးနွေးသင့်ကြောင်း၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးမှဆွေးနွေးပေးဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာအောင်နိုင်ဦး(ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်)။** လေးစားအပ်ပါတဲ့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ ကျွန်တော်ကတော့ ချောင်းဆုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးအောင်နိုင်ဦးဖြစ်ပါတယ်။ ဒီကနေ့ ဒီအဆိုရှင်သထုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးအောင်ကျော်သူ တင်သွင်းထားတဲ့ ဒီအရေးကြီးအဆိုနဲ့ပတ်သက်ပြီးတော့ လွှတ်တော်က ဆွေးနွေးသင့်ပါကြောင်း ကျွန်တော်အနေနဲ့ ထောက်ခံတင်ပြလိုပါတယ်။ အဆိုရှင်ရဲ့ဆန္ဒကလည်း တကယ်ကိုကျွန်တော်တို့ပြည်နယ်အကျိုး၊ လူထုအကျိုး၊ ဒီအစိုးရရဲ့ဆောင်ရွက်ချက်တွေအားကောင်းစေချင်တဲ့ တကယ့်စေတနာ၊ မေတ္တာ၊ စေတနာအပြည့်နဲ့ တင်ပြသွားခြင်းဖြစ်ပါတယ်လို့ ကျွန်တော်နားလည်ယုံကြည်ပါတယ်။ တစ်ဦးတစ်ယောက်ကို ထိခိုက်နစ်နာစေတဲ့ဆန္ဒမဟုတ်ကြောင်းကိုလည်း ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီးများအားလုံးသဘောပေါက်နားလည်ဖို့အတွက်ကျွန်တော်ဒီနေရာမှာ ဆွေးနွေးတင်ပြလိုပါတယ်။

ဒီအရေးကြီးအဆိုနဲ့ပတ်သက်လာရင်လည်းကျွန်တော်တို့ ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ (၁၂၅) အရ အပိုင်းဟာ (က) နဲ့ (ခ) ရှိပါတယ်။ အပိုင်း(က)မှာတော့ အရေးကြီးအဆိုကို လွှတ်တော်မှာတင်သွင်း ဖတ်ကြားပေးဖို့ခွင့်ပြုခြင်း၊ ခွင့်မပြုခြင်းဆိုတဲ့အပိုင်း ဖြစ်ပါတယ်။ ဒီအပိုင်းမှာလည်း အပိုဒ်ခွဲ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅) ဆိုပြီးတော့ ခွဲထားပါတယ်။ ဒီအပိုဒ်တွေ

အရဆိုရင်တော့ ဒီလိုမျိုးဖတ်ကြားဆွေးနွေးပြီးမှ အပိုဒ် (ခ) မှာ ဒီအဆိုကို ဆက်ပြီးတော့ ဆွေးနွေးသင့်၊ မသင့်ဆိုတဲ့အပိုဒ်တွေပါဝင်ပါတယ်။ အဆိုကို ဒုတိယပိုင်းအပိုင်း(ခ)မှာတော့ လွှတ်တော်ကိုယ်စားလှယ်သုံးပုံတစ်ပုံက လက်ခံ၊ ထောက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုသဘောတူမှသာလျှင် ထပ်ပြီးတော့ ဆက်လက်ပြီးတော့ဆွေးနွေးရမယ့် အစီအစဉ်မျိုးပါပါတယ်။ ဆိုတော့ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ဒီလွှတ်တော်ရုံးကိုလည်း ပြီးခဲ့တဲ့တစ်ပတ်လောက်က ပြည်နယ်အစိုးရအဖွဲ့က သမ္မတရုံးကိုပေးပို့တဲ့ အကြောင်းကြားစာမိတ္တူကို ကျွန်တော်တို့ပေးပို့ထားပါတယ်။ ဒီစာထဲမှာ ဆိုရင်တော့ ပြည်နယ်အဆင့်စီမံကိန်းကော်မရှင်ဖွဲ့စည်းဖို့ အကြောင်းကြား တဲ့စာဖြစ်ပါတယ်။ ဒီစီမံကိန်းကော်မရှင်အဖွဲ့ကို သမ္မတရုံးကပြီးခဲ့တဲ့ မေလ (၅)ရက်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်နှင့် ပြည်နယ်မှာဖွဲ့စည်းဖို့ ဆိုပြီးတော့ အကြောင်းကြားမှုအရ ရည်ညွှန်းချက်အရ ပြည်နယ်အစိုးရ အဖွဲ့ကလည်း ဖွဲ့စည်းခဲ့တဲ့သဘောမျိုးဖြစ်ပါတယ်လို့ ကျွန်တော်မှတ်ယူ နားလည်ပါတယ်။

ဒီဖွဲ့စည်းတဲ့ကိစ္စနဲ့ပတ်သက်ပြီးတော့ အဆိုရှင်တင်ပြသွားသလို တကယ်ပဲ ဆိုရှယ်မီဒီယာတွေပေါ်မှာ တော်တော်လေးပျံ့နှံ့သွားတာ၊ ကျွန်တော်တို့ကတော့ ဘာပြောပြောလူထုရဲ့ သဘောထားဆန္ဒကိုလည်း အတတ်နိုင်ဆုံးနားထောင် ဆန္ဒရယူတာမျိုးလည်း အတိုင်းအတာတစ်ခု ထိတော့ စဉ်းစားသင့်ပါတယ်လို့ ကျွန်တော်မြင်ပါတယ်။ နောက်တစ်ခုက ကျွန်တော်ဒီစီမံကိန်းကော်မရှင်ရဲ့ ရည်ရွယ်ချက်ကအင်မတန်လည်း အဓိပ္ပါယ် ရှိပြီးတော့ လေးနက်မှုရှိပါတယ်။ ပြည်နယ်အတွင်းမှာသဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးနဲ့ ပြည်သူလူထုဟာပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေးနဲ့ ပြည်သူလူထုတကယ့်အကျိုးပြုမယ့် စီမံကိန်းတွေကို အတည်ပြုစိစစ်နိုင်ရေး

အတွက် စီမံကိန်းကော်မရှင်ကို ရွေးချယ်ဖွဲ့စည်းဖို့ဆိုတဲ့ ရည်ညွှန်းချက်တွေ ပါပါတယ်။ ကျွန်တော်တို့ ဒီအချိန်မှာ ဒီကော်မရှင်က ပြည်နယ်အတွင်းမှာ တည်ဆောက်မယ့်လုပ်ငန်းတွေနဲ့ပတ်သက်ပြီးတော့ အင်မတန်အရေးကြီးတဲ့၊ အဆုံးအဖြတ်ပေးနိုင်တဲ့ အဖွဲ့အစည်း တစ်ခုဖြစ်လာတယ်ဆိုတာကိုတော့ ကျွန်တော်တို့နားလည်သဘောပေါက်မိပါတယ်။ ပြီးခဲ့တဲ့ (၅)နှစ်အတွင်းမှာ ကျွန်တော်တို့အများကြီးကြုံတွေ့ရပါတယ်။ အံဒင်ကျောက်မီးသွေး စက်ရုံဆိုတာလည်းဒီအတိုင်းပဲ ဘယ်ကနေဘယ်လို MOU ထိုးလိုက်သလဲ၊ဘယ်လို MOA အဆင့်ကိုထပ်ပြီးတော့ လက်မှတ်ရသွားသလဲဆိုတာတော်တော်လေး နားမလည်နိုင်အောင်ဖြစ်တယ်။ ဒီပြည်နယ်အဆင့်အဖွဲ့အစည်းတွေရဲ့ ထောက်ခံမှုတွေက ပြည်နယ်ရဲ့ စီမံကိန်း၊ လူထုရဲ့ လိုလားချက်၊ လူထုရဲ့ သဘောထားဆန္ဒတွေဟာ အင်မတန်ကိုထင်ဟပ်ပေါ်လွင်ပြီးတော့ ရပ်တည်ပေးရမယ့် အဖွဲ့အစည်းဖြစ်ပါတယ်။ အခုဆိုလည်း ဒါကျွန်တော်တို့ အားလုံးကြားသိနေရတဲ့ MCL ကိစ္စ၊ June ကုမ္ပဏီကိစ္စ၊ MCLဆိုတာကလည်း ဒါကျွန်တော်တို့ လက်ရှိအခု ဒေါက်တာအေးဇံဦးဆောင်တဲ့သဘာဝ ပတ်ဝန်းကျင်လေ့လာစောင့်ကြည့်ရေးကော်မတီ အနေနဲ့ရော၊ တိုင်ကြားစာ၊ အသနားခံစာ ဦးအောင်ကျော်သူဦးဆောင်တဲ့ ကော်မတီအနေနဲ့ရော ကျွန်တော်တို့တော်တော်လေးကို ပြန်ပြီးတော့ လေ့လာနေရတဲ့ သဘောမျိုး ဖြစ်ပါတယ်။ သေချာတာတစ်ခုကတော့ ဒီကျောက်မီးသွေးကိစ္စကို လူထုကတော်တော်လေးကြောက်ပါတယ်။ တော်တော်လည်း Sensitive ဖြစ်ပါတယ်။ ဆိုတော့ MCL မှာလည်း ကျွန်တော်တို့အခုအချိန်ထိ ဒါကို လေ့လာနေဆဲဖြစ်ပါတယ်။ ဒီကော်မတီ(၂) ရပ်ရဲ့သဘောထားလည်း ဒီကနေ့ထိ မထွက်သေးဘူးပေါ့နော်။ အဲ့ဒီတော့ လူထုက အဲ့ဒီစီမံကိန်းနဲ့ပတ်သက်ပြီးတော့ ကျောက်မီးသွေးပါဝင်တယ် ဆိုတဲ့ဟာ နောက်မှသိရတဲ့သဘောမျိုး ဖြစ်နေတယ်။

အဲ့ဒါကြောင့်မို့ ဘယ်ကိစ္စရပ်မဆို ပြည်နယ်အဆင့်စီမံကိန်းတွေ၊ ပြည်ထောင်စုအဆင့် စီမံကိန်းတွေ ဆုံးဖြတ်အတည်ပြုထောက်ခံပေးရမယ့် အပိုင်းမှာ စီမံကိန်းကော်မရှင်တွေရဲ့အခန်းကဏ္ဍ အင်မတန်အရေးကြီး ပါတယ်လို့၊ အဲ့ဒီတော့ကာ အခုအဆိုရှင် ဦးအောင်ကျော်သူက ဒီကိစ္စကို အထူးတလည် သူ့ရဲ့စေတနာ၊ တကယ်မေတ္တာ၊ အမှန်ကအကယ်၍များ တကယ်လူထုထဲက တကယ်ကိုရိုးရိုးသားနဲ့ အမှားကင်းစင်ပြီးတော့ ဖြူဖြူ စင်စင်နဲ့လုပ်နိုင်တဲ့လုပ်ငန်းရှင် အများကလည်း လက်ခံနိုင်တဲ့ မြို့မိ၊ မြို့ဖတွေ ပါဝင်မယ်ဆိုရင်ပိုပြီးတော့ လျော်ကန်သင့်မြတ်မယ် ဆိုတဲ့ရည်ရွယ်ချက်နဲ့ သူအတတ်နိုင်ဆုံးဆွေးနွေးတင်ပြခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့လည်း အခုဆိုရင် အစိုးရအဖွဲ့ကရော၊ လွှတ်တော်အဖွဲ့ကရော လူထုကိုမျက်နှာ မူတဲ့အဖွဲ့အစည်းတွေဆိုတာ ကျွန်တော်တို့အလေးအနက်ကို ယုံကြည် ပါတယ်။ အကယ်၍များ ဒီလိုမျိုးဖွဲ့စည်းတဲ့ အချိန်မှာလည်း ကျွန်တော်တို့ လွှတ်တော်တွေရော၊ မြို့ကရပ်မိ၊ ရပ်ဖတွေရော အကုန်လုံးလက်ခံနိုင်တဲ့ ပုဂ္ဂိုလ်ကို သေချာစနစ်တကျရွေးချယ်ပြီး Cabinet ကနေဆုံးဖြတ်မယ် ဆိုလို့ရှိရင်ပိုပြီးတော့ လျော်ကန်သင့်မြတ်မယ်ဆိုတဲ့အမြင်နဲ့သူတင်ပြပါတယ်။ ဘယ်သူ့ကိုမှ ချစ်ခြင်း၊ မုန်းခြင်း၊ အာဃာတတွေနဲ့တင်ပြဆွေးနွေးတဲ့ သဘောမျိုးမဟုတ်ပါဘူး။ တကယ်ကို ကျွန်တော်တို့ ပြည်နယ်အတွက်၊ အားလုံးအတွက်၊ အစိုးရအဖွဲ့အတွက်လျော်ကန်သင့်မြတ်တဲ့လမ်းကြောင်းကို ရောက်ရှိရေးအတွက် ဦးအောင်ကျော်သူဆွေးနွေးခြင်း ဖြစ်ပါတယ်။ အဲ့ဒီလို ကျွန်တော်အနေနဲ့လည်း ဒီလိုမျိုးဆွေးနွေးမှုအပေါ် ကျွန်တော်တို့လွှတ်တော် ကလည်း လက်ခံဆွေးနွေးသင့်ပါတယ်လို့ ကျွန်တော် တင်ပြထောက်ခံ ဆွေးနွေးအပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင့်၊ဦးအောင်ကျော်သူ တင်သွင်းသွားသော အရေးကြီးအဆိုနဲ့ပတ်သက်၍ လွှတ်တော်မှာ ဆွေးနွေးဖို့ ယခုတက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်အားလုံး သဘောတူပါသလားရှင်ဟု ၃ကြိမ်မေးမြန်းရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံးက သဘောတူတယ်ဆိုတဲ့အတွက်ကြောင့် ကျွန်မတို့က ဆွေးနွေးမှာဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်မတို့မှာ မွန်ပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၂၈(က)မှာ ကျွန်မတို့ကတစ်နေ့မှာ သာမန်အားဖြင့် လွှတ်တော်အစည်းအဝေးမှာ အဆို(၄)ခုထက် ပိုပြီးတော့ ထည့်သွင်းခြင်းမပြုရပါဘူး။ ဒီနေ့ ကျွန်မတို့က အဆိုလည်း (၅)ခုဖြစ်ပါတယ်။ အခုအရေးကြီးအဆိုလည်း ပေါ်လာပါတယ်။ ဒီတော့ ကျွန်မကဒီအရေးကြီး အဆိုကို ထပ်မံကျင်းပမဲ့အနီးစပ်ဆုံး လွှတ်တော်အစည်းအဝေးမှာဘဲထပ်မံ ဆွေးနွေးသွားပါမယ်။

## ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၆) အောင်မြင်စွာ ပြီးမြောက်ကြောင်း ကြေညာခြင်း

**အခမ်းအနားမှူး။** အစီအစဉ်အရ ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၆)အောင်မြင်စွာ ပြီးမြောက်ကြောင်း ကြေညာခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင့်၊ ဒုတိယ အကြိမ် မွန်ပြည်နယ်လွှတ်တော်အထူးအစည်းအဝေး(၁/၂၀၁၆) ပြီးမြောက်ကြောင်း ကြေညာအပ်ပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာမှာ ဖြစ်ပါတယ်။(ကိုယ်စားလှယ်များအားလုံးမတ်တပ်ရပ်ပေးကြပါရန် ပန်ကြားအပ်ပါတယ်။)

အားလုံးပဲထွက်ခွာနိုင်ပါပြီ။

(ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်အထူးအစည်းအဝေး (၁/၂၀၁၆) (ဒုတိယနေ့)ကို (၁၄း၁၀)နာရီအချိန်တွင် ရပ်နားပါသည်။)

## ဆုံးဖြတ်ချက်များ

**မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ်၊ ကဆုန်လဆုတ် ၁၂ရက်နေ့မှ ၁၃၇၈ခုနှစ်၊ ကဆုန်လဆုတ် ၁၃ ရက်နေ့ထိ (ခရစ်သက္ကရာဇ် ၂၀၁၆ခုနှစ်၊ ဇွန်လ ၂ ရက်နေ့မှ ၂၀၁၆ခုနှစ်၊ ဇွန်လ ၃ ရက်နေ့ထိ) မွန်ပြည်နယ်လွှတ်တော် အစည်းအဝေး ခန်းမ၌ကျင်းပသည့် ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၆)တွင် အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ပါသည် –**

## အတည်ပြုခြင်း

အတည်ပြုခြင်းအမှတ်(၁/၂၀၁၆) မွန်ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် တင်သွင်းသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ၊ အတွင်းရေးမှူးအစားထိုးလဲလှယ်ရေးကိစ္စတင်ပြခြင်းကို သဘောတူအတည်ပြုခြင်း။

**မြန်မာသက္ကရာဇ် ၁၃၇၈ခုနှစ်၊ ကဆုန်လဆုတ်၁၂ ရက်နေ့ (၂၀၁၆ ခုနှစ်၊ ဇွန်လ ၂ရက်နေ့)တွင် ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်အထူးအစည်းအဝေး(၁/၂၀၁၆)(ပထမနေ့)၌ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ ဒေါ်တင်အိတင်သွင်းသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ၊အတွင်းရေးမှူးအစားထိုးလဲလှယ်ရေးကိစ္စတင်ပြခြင်းအား ပြည်နယ်လွှတ်တော်မှ သဘောတူအတည်ပြုသည်။**

အတည်ပြုခြင်းအမှတ်(၂/၂၀၁၆) မွန်ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် တင်သွင်းသော ပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ၊အတွင်းရေးမှူး အစားထိုး လဲလှယ်ရေးကိစ္စတင်ပြခြင်းကို သဘောတူအတည်ပြုခြင်း။

**မြန်မာသက္ကရာဇ် ၁၃၇၈ခုနှစ်၊ ကဆုန်လဆုတ် ၁၂ ရက်နေ့ (၂၀၁၆ ခုနှစ်၊ ဇွန်လ ၂ရက်နေ့)တွင် ကျင်းပပြုလုပ်သည့် ဒုတိယ အကြိမ်မွန်ပြည်နယ်လွှတ်တော်အထူးအစည်းအဝေး(၁/၂၀၁၆)(ပထမနေ့)၌ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဒေါ် တင်အိတင်သွင်းသော ပြည်နယ် လွှတ်တော်ဥပဒေပြုရေးဆိုင်ရာကော်မတီ၊အတွင်းရေးမှူးအစားထိုး လဲလှယ်ရေးကိစ္စတင်ပြခြင်းအား ပြည်နယ်လွှတ်တော်မှ သဘောတူ အတည်ပြုသည်။**

အတည်ပြုခြင်းအမှတ်(၃/၂၀၁၆) မွန်ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် တင်သွင်းသော သထုံမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဒေါ်ခိုင်ခိုင်လွဲ၏“ ပြည်သူ လူထု၏ အခက်အခဲများကိုဆောင်ရွက်သည့် နေရာတွင် ပူးပေါင်းဆောင်ရွက်မှုရှိလာ စေရန်နှင့် လွှတ်တော်၏အခန်းကဏ္ဍ အရေးပါပုံကို သိရှိလာစေရန်အတွက် လွှတ်တော်မှ ညွှန်ကြားဆောင်ရွက် ပေးပါရန် တိုက်တွန်းကြောင်းအဆို ”ကို အတည်ပြုခြင်း။

**မြန်မာသက္ကရာဇ် ၁၃၇၈ခုနှစ်၊ ကဆုန်လဆုတ်၁၃ ရက်နေ့ (၂၀၁၆ ခုနှစ်၊ ဇွန်လ ၃ရက်နေ့)တွင် ကျင်းပပြုလုပ်သည့် ဒုတိယ အကြိမ်မွန်ပြည်နယ်လွှတ်တော်အထူးအစည်းအဝေး(၁/၂၀၁၆)(ဒုတိယနေ့)၌ သထုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်လဲ့တင်သွင်းသော“ ပြည်သူလူထု၏ အခက်အခဲများကို ဆောင်ရွက်သည့် နေရာတွင် ပူးပေါင်းဆောင်ရွက်မှုရှိလာစေရန်နှင့် လွှတ်တော်၏အခန်းကဏ္ဍအရေးပါပုံကို သိရှိလာစေရန်အတွက် လွှတ်တော်မှ ညွှန်ကြား ဆောင်ရွက်ပေးပါရန် တိုက်တွန်းကြောင်း အဆို ”အား ပြည်နယ်လွှတ်တော်မှ အတည်ပြုသည်။**

အတည်ပြုခြင်းအမှတ်(၄/၂၀၁၆)မွန်ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် တင်သွင်းသော ပေါင်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးဇော်ဇော်ထူး၏ “ပေါင်မြို့နယ်အတွင်းရှိ Long Life Aggregate Co.Ltd ၏ ကျောက်ထုတ် လုပ်ခြင်းနှင့်ပတ်သက်သည့်အဆို”ကို အတည်ပြုခြင်း။

**မြန်မာသက္ကရာဇ် ၁၃၇၈ခုနှစ်၊ ကဆုန်လဆုတ်၁၃ ရက်နေ့ (၂၀၁၆ ခုနှစ်၊ ဇွန်လ ၃ရက်နေ့)တွင် ကျင်းပပြုလုပ်သည့် ဒုတိယ အကြိမ်မွန်ပြည်နယ်လွှတ်တော်အထူးအစည်းအဝေး(၁/၂၀၁၆)(ဒုတိယနေ့)၌ ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဇော်ထူးတင်သွင်းသော "ပေါင်မြို့နယ်အတွင်းရှိ Long Life Aggregate Co.Ltd ၏ ကျောက်ထုတ် လုပ်ခြင်းနှင့်ပတ်သက်သည့် အဆို"အား ပြည်နယ်လွှတ်တော်မှ အတည်ပြုသည်။**

အတည်ပြုခြင်းအမှတ်(၅/၂၀၁၆) မွန်ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် တင်သွင်းသော ကျိုက်မရောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဒေါ်ခင်မျိုးမြင့်၏ "ကျိုက်မရောမြို့နယ်ရန်မျိုးအောင် ရပ်ကွက်အတွင်းရှိအာဇာနည်ကျောက်တိုင် နှင့် ရာဇာမင်းပိုင်ဓါတ်ဆီဆိုင်ကိစ္စနှင့် ပတ်သက်သည့်အဆို"ကိုအတည်ပြုခြင်း။

**မြန်မာသက္ကရာဇ် ၁၃၇၈ခုနှစ်၊ ကဆုန်လဆုတ်၁၃ ရက်နေ့ (၂၀၁၆ ခုနှစ်၊ ဇွန်လ ၃ရက်နေ့)တွင် ကျင်းပပြုလုပ်သည့် ဒုတိယ အကြိမ်မွန်ပြည်နယ်လွှတ်တော်အထူးအစည်းအဝေး(၁/၂၀၁၆)(ဒုတိယနေ့)၌ ကျိုက်မရောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဒေါ်ခင်မျိုးမြင့်၏"ကျိုက်မရောမြို့နယ် ရန်မျိုးအောင် ရပ်ကွက်အတွင်းရှိအာဇာနည်ကျောက်တိုင်နှင့် ရာဇာမင်းပိုင်ဓါတ်ဆီဆိုင် ကိစ္စနှင့်ပတ်သက်သည့်အဆို"အား ပြည်နယ်လွှတ်တော်မှအတည်ပြုသည်။**

အတည်ပြုခြင်းအမှတ်(၆/၂၀၁၆) မွန်ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် တင်သွင်းသော ရေးမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမင်းစိုးလင်း ၏ "ရေးမြို့နယ်၌အရေးတကြီးလိုအပ် နေသော လျှပ်စစ်ဓါတ်အားရရှိရေး အတွက် အမြန်ဆုံးကူညီဆောင်ရွက်ရန် တိုက်တွန်းကြောင်းအဆို"ကို အတည်ပြုခြင်း။

မြန်မာသက္ကရာဇ် ၁၃၇၈ခုနှစ်၊ ကဆုန်လဆုတ်၁၃ ရက်နေ့ (၂၀၁၆ ခုနှစ်၊ ဇွန်လ ၃ရက်နေ့)တွင် ကျင်းပပြုလုပ်သည့် ဒုတိယ အကြိမ်မွန်ပြည်နယ်လွှတ်တော်အထူးအစည်းအဝေး(၁/၂၀၁၆)(ဒုတိယနေ့)၌ ရေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမင်းစိုးလင်းတင်သွင်းသော "ရေးမြို့နယ်၌အရေးတကြီး လိုအပ်နေသော လျှပ်စစ်ဓါတ်အားရရှိရေးအတွက် အမြန်ဆုံးကူညီ ဆောင်ရွက်ရန်တိုက်တွန်းကြောင်းအဆို"အား ပြည်နယ်လွှတ်တော်မှ အတည်ပြုသည်။

အတည်ပြုခြင်းအမှတ်(၇/၂၀၁၆) မွန်ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် တင်သွင်းသော ပေါင်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းမင်းအောင်၏ "တိုင်းရင်းသားစာပေသင်ကြားရေး ကိစ္စရပ်များထိရောက်အောင်မြင်ရေး အတွက်ဆောင်ရွက်ပေးရန်တိုက်တွန်းကြောင်း အဆို" ကို အတည်ပြုခြင်း။

**မြန်မာသက္ကရာဇ် ၁၃၇၈ခုနှစ်၊ ကဆုန်လဆုတ်၁၃ ရက်နေ့ (၂၀၁၆ ခုနှစ်၊ ဇွန်လ ၃ရက်နေ့)တွင် ကျင်းပပြုလုပ်သည့် ဒုတိယ အကြိမ်မွန်ပြည်နယ်လွှတ်တော်အထူးအစည်းအဝေး(၁/၂၀၁၆)(ဒုတိယနေ့)၌ ပေါင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမင်းအောင်တင်သွင်းသော"တိုင်းရင်းသားစာပေသင်ကြားရေး ကိစ္စရပ်များထိရောက် အောင်မြင်ရေးအတွက်ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း အဆို" အား ပြည်နယ်လွှတ်တော်မှ အတည်ပြုသည်။**

## မှတ်တမ်းတင်ခြင်း

မှတ်တမ်းတင်ခြင်းအမှတ်(၁/၂၀၁၆) ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၆) (ပထမနေ့)တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။

မြန်မာသက္ကရာဇ် ၁၃၇၈ခုနှစ်၊ ကဆုန်လဆုတ်၁၂ ရက်နေ့ (၂၀၁၆ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့)တွင် ကျင်းပပြုလုပ်သည့် ဒုတိယ အကြိမ်မွန်ပြည်နယ်လွှတ်တော်အထူးအစည်းအဝေး(၁/၂၀၁၆)(ပထမနေ့) တက်ရောက်မှုအခြေအနေအားပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ်(၂/၂၀၁၆) မွန်ပြည်နယ်လွှတ်တော် အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်မွှက်ကြားသော မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း။

မြန်မာသက္ကရာဇ် ၁၃၇၈ခုနှစ်၊ ကဆုန်လဆုတ်၁၂ ရက်နေ့ (၂၀၁၆ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့)တွင် ကျင်းပပြုလုပ်သည့် ဒုတိယ အကြိမ်မွန်ပြည်နယ်လွှတ်တော်အထူးအစည်းအဝေး(၁/၂၀၁၆)(ပထမနေ့) တွင် ပြည်နယ်ဝန်ကြီးချုပ်မွှက်ကြားသောမိန့်ခွန်းအား ပြည်နယ် လွှတ်တော်မှ မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ်(၃/၂၀၁၆) ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၆) (ဒုတိယနေ့)တက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း။

မြန်မာသက္ကရာဇ် ၁၃၇၈ခုနှစ်၊ ကဆုန်လဆုတ်၁၃ရက်နေ့ (၂၀၁၆ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့)တွင် ကျင်းပပြုလုပ်သည့် ဒုတိယ အကြိမ်မွန်ပြည်နယ်လွှတ်တော်အထူးအစည်းအဝေး(၁/၂၀၁၆)(ဒုတိယနေ့) တက်ရောက်မှုအခြေအနေအားပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်သည်။